www.burmeseclassic.com

# လရောင်ကျူးရှင်

## သူအတွက်ဘာမဆို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရွှေသမင်

*စာပေမှ စီစဉ်တင်ဆက်သည်။*

# လရောင်ကျူးရင့်

# သူ့အတွက်ဘာမဆို

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်** – ၅၀၁၀၆၂၀၇၀၉

**မျက်နှာဖုံးခွင့်ပြုချက်** – ၅၀၁၁၂၁၀၈၀၉

အကြိမ် – ပထမအကြိမ်၊
၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/-

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ – ဦးဝင်းဖေ (မြ-၀၇၆၅၀)
စိုးထက်ကျော်ပုံနှိပ်တိုက်
တိုက် (၂၀၆)၊ အခန်း (အေ)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်
သူ့အတွက်ဘာမဆို/ လရောင်ကျူးရင့်၊ – ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၀၉။
၂၄၅ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) သူ့အတွက်ဘာမဆို




## အခန်း(၁)

"ကိုလေး မသွားနဲ့၊ အဲဒီကိစ္စ ညီ ရှင်းမယ်"

လူကြီးတွေမရှိခိုက်မှာ ကိုလေးလက်ထဲက ကားသော့ကိုပြောင်းယူပြီး ထွက်လာခဲ့လိုက်တာ ဟန်ကျပန်ကျ။

ဂျူလီ စားတော်ဆက်၏ မျက်နှာစာမှန်ချပ်တွေနှင့်ကပ်လျက် စားပွဲခုံတစ်လုံးကို ရှာရတာလည်း မခက်ခဲပါ။ ချိန်းသည့်အချိန်ထက် နာရီဝက်လောက် နောက်ကျနေပြီဖြစ်သည့် မိန်းမတစ်ယောက်ကို နောက်ထပ် ဆက်စောင့်ဖို့ကျမှ ခက်တာဖြစ်၏။

ထို့နောက် နာရီကိုတစ်ချက်ကြည့်ပြီး နေရာမှ ထ,ရပ်လိုက်သည်။ စားပွဲပေါ်က ဟန်းဖုန်းကို ပြန်ကောက်လိုက်ကာမှ အနားမှာ ပန်းရနံ့တစ်ချက်ဝေ့သွားပြီး အရိပ်လေးတစ်ရိပ်က နီးကပ်စွာ ...

"ဒီမှာ ..."

ခေါ်လိုက်သည့် မိန်းကလေးကိုကြည့်လိုက်တော့ ဆံပင်က ခုခေတ်မှာ နားရွက်အောက်မှာ ခပ်အုပ်အုပ်၊ ဘေးခွဲလေးဖြစ်သည်။ ဘောင်းဘီအိတ်ရောင်ကွာတားနှင့် စပို့ရှပ်လည်ပတ်ကိုက် အဝါရောင်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ကိုယ်ခန္ဓာထက်မှာ ဝေ့ခနဲ့တစ်ချက်ပဲ မျက်လုံးကစားမိ မယ့် အာရုံထဲမှာ စေ့စေ့စပ်စပ်ကျန်ရစ်ခဲ့သည့် မျက်ခုံးထူထူလေး ရော၊ မျက်တောင်ကော့ကော့လေးတွေမှာ ခရမ်းရင့်ရောင်ကာလ တောက်တောက်လေးတွေရှိနေတာကိုပါ အားလုံးပါ၏။

ကြည့်လိုက်တာကို မကြိုက်သလို သူမမျက်ခုံးလေးတွေက ခပ်တွ တွန့်အနေအထားဖြစ်သွားလျက် ...

"ရှင်က ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ် မင်းမေးတိုင်းဖြေစရာလား၊ ရှေ့ကဖယ်"

စားပွဲနှံခုံကြားမှာရပ်နေသည့်သူက သူမကို ရှောင်ထွက်သွား လမ်းမရှိပေ။ သူမက ဖယ်မပေးဘဲ လက်နှစ်ဖက်နောက်ပစ်ဆုပ် ခေါင်းလေးငဲ့စောင်းသွားသည်အထိ သူ့ကိုကြည့်၏။

"ရှင်က နွေမော်ကွန်းနဲ့ ဘယ်လိုပတ်သက်တာလဲ"

ကိုလေးကိုထည့်မေးလာမှ သူ သတိထားမိ၏။ သူမက ဆောင်း လား၊ စိတ်ထဲကမေးခွန်း အပြင်ကိုမရောက်လိုက်သေးပါ။

"မြန်မြန်ဖြေစမ်းပါ၊ ကျွန်မက နှေရီ့သူငယ်ချင်း၊ ရှင်က နွေမော်ကွ နဲ့ ဘာလဲ"

"ငါက သူ့ညီ၊ နေပါဦး ဆောင်းနှေရီ မဟုတ်ဘဲ မင်းက ဘာလာ တာလဲ၊ ဒီကိစ္စမျိုးမှာ ကြားဝင်ဖြေရှင်းလို့မရဘူး၊ ကိုလေးနဲ့တွေ့တော့ မင်း ဘာတွေပြောနိုင်မှာလဲ"

"ရှင်ကရော ဆောင်းနှေရီ ပြောချင်တဲ့စကားတွေကို နွေမော်ကွ အစား နားထောင်ပေးမလို့ဘဲမဟုတ်လား"

ရဲခနဲ့ဖြစ်သွားသည့်မျက်နှာကို စိုက်ကြည့်ပြီး သူမက ပြုံးလိုက် သည်။ ဘယ်လိုဟာလေးလဲ။





"ကျွန်မက သူပေးခိုင်းတဲ့ စီဒီချပ်လေးတစ်ချပ် ပေးမလို့ လာတာ သိ၊ ရှင်က သူ့ကိုယ်စား ဘာယူလာသလဲ"

ဖြေသံ ထွက်မလာပါ။ သူ့မှာ ရုတ်တရက် ဖြေစရာမရှိတာဂ ဆီး ပြီး ကိုလေး က သွားပါ၊ တွေ့ပေးပါလို့ သူ့ကိုခိုင်းတာမဟုတ်၊ 'ကျွန်တော် သွားမယ်' ဘာပြောရမလဲလို့လည်း သူ မေးခဲ့တာမရှိ။

တစ်ညလုံး ငုတ်တုတ်မေ့လောက်အောင် ကိုလေး စိတ်ဆင်းရဲနေ တာကိုမြင်လို့ ဒီမနက် ထပ်ပြီး အခန်းအောင်းနေတာကို စိတ်မချမ်းသာ တော့သည့်နောက်ပိုင်းမှာ ...

"ဘာပဲဖြစ်ဖြစ် နှေရီ့ကိုတွေ့ရင် ပြောလိုက်ဖို့ အမှာစကားတစ်ခုခု ရှင့်မှာပါလာမှာပေါ့၊ အဲဒါ ပြောလေ"

သူမ ထပ်မေးတော့လည်း သူ မပြောနိုင်။ ကိုလေးရဲ့အမှာစကား မဟုတ်ပေမယ့် သူပြောချင်လိုက်ဖို့စကားတွေတော့ ရင်ထဲမှာရှိနေသည်။ ပေမယ့် ဆောင်းနှေရီမဟုတ်သော တခြားမိန်းကလေးတစ်ယောက်ကို ပြောသင့်ပါ့မလား။

"ပြောပါ၊ ကျွန်မက ခနွေမော်ကွန်း ဆိုတဲ့ ပန်းစားဘီလူးနဲ့ ဆောင်းနှေရီ ဆိုတဲ့ အလွန်ဖြူစင်သန့်ရှင်းတဲ့ မိန်းကလေးအကြောင်း အစူသေးကနေ မှ အထိ အားလုံးသိတယ်"

"ဘာပြောတယ်၊ မင်း ..."

သူ့ညီလို့ပြောတာတောင်မှ ကိုလေးကိုပြောချလိုက်တာ ရစရာမရှိ။ တောင် သူမက မှဲ့ပစ်လိုက်သေးသည်။ သီးသန့်ခန်းမဟုတ်ပေမယ့် ပွဲက တစ်လုံးနဲ့တစ်လုံး အလှမ်းကွာသည်။

သာမန်ပြောဆိုနေကြတာလောက်ကို ဘေးစားပွဲက မကြားနိုင်ပါ။ မကတော့ ဘေးဘီကို နှစ်ပတ်၊ သုံးပတ်လောက်ဝေ့ကြည့်နေသေး



www.burmeseclassic.com

www.burmeseclassic.com



ချည်။ ပြီးမှ ပြန်လှည့်၍ ...

"ဒီမှာ ရှင် မပြောနိုင်ဘူးဆိုရင် မပြောနဲ့၊ သူ ဒီကိုလာမတွေ့နိုင်ဘူး ဆိုကတည်းက ဒီကိစ္စက 'အရှင်းကြီး၊ အဲဒီ နွေမော်ကွန်းကို ပြောလိုက်စမ်း ပါ"

"နေဦး မင်းပြောနေတာ ငါ့ရဲ့အစ်ကို၊ အဲဒီလောက်ရင့်သီးတဲ့စကား တွေကို ငါက တစ်ဆင့်ထပ်သယ်မသွားနိုင်ဘူး၊ မင်းရဲ့ ဆောင်းနေရီကို ကိုလေးက မဟုတ်ဘဲ ငါ့အနေနဲ့ ပြောစရာရှိတယ်"

"မလိုဘူး၊ သူကြားချင်တာ ရှင့်ဆီကစကားမဟုတ်ဘူး၊ အဲဒီဘက်က အမှာစကားပါမလာဘူးဆိုရင် ရှင့်အစ်ကိုကို ဟောဒီစီဒီပြားလေး ပေး လိုက်ပါ"

အစကတည်းကထုတ်ကိုင်ထားပြီးဖြစ်ပုံရသည့် စီဒီချပ်လေးကို သူမ က လှမ်းပေးသည်။ သူက မယူတော့ စားပွဲပေါ်မှာ ဆောင့်ချပစ်လိုက် ကာ ...

"ယူမသွားချင်ရင် ထားခဲ့လေ၊ ဒီထဲမှာ အရှုပ်ထုပ်တွေအားလုံး ပါ ရတယ်၊ ပြီးတော့ ကာယကံရှင်က သူ့ကိုယ်သူ ကာကွယ်တဲ့အနေနဲ့ သူ နာမည်ကို ထည့်ပြောထားတာမဟုတ်ဘူး၊ နွေမော်ကွန်း ဆိုတဲ့ ပုဂ္ဂိုလ်ထု ရဲ့သမိုင်းကြောင်းနဲ့ နာမည်တော့ ပါတယ်လေ"

သူ့မျက်လုံးတွေ စီဒီချပ်လေးဆီ ဝေ့ခနဲရောက်သွားသည်။ သူမက နောက်ပစ်ထားသည့်လက်နှစ်ဖက်ကို ပွတ်သပ်ခါချနေရင်း တာဝန်တစ်ခု ပေါ့ပါးသွားသလို အသည်းယားဖွယ် လုပ်နေသေးသည်။

"နေပါဦးကွ၊ မင်းက သူ့သူငယ်ချင်းလား"

"သူငယ်ချင်းပေမယ့် ညီအစ်ကိုဖြစ်ကြတဲ့ ရှင်တို့ထက် ပိုရင်းနှီး တယ်။ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ် ဆိုတဲ့ မိဘဝတ္တရားပြ





ပေမယ့် ကျွန်မက ကိုယ့်သူငယ်ချင်းကို မိဘလိုလဲစောင့်ရှောက်တယ်၊ သူငယ်ချင်းလိုလဲ ရင်းနှီးတယ်၊ မတော်တာတွေ့ရင် အမှန်းခံပြီး တားဆီး တာမျိုးပေါ့။ ဒီလမ်းသွားရင် ဘေးတွေ့မယ်မှန်းသိနေရင် ရင်ဝအကန်ခံပြီး တားဆီးမယ်၊ သင့်တော်ကောင်းစားမှာမျိုးကျတော့ မနာလိုဝန်တိုစိတ် ကင်းစွာ ပီတိဖြစ်မယ်။ ရှင် မမှဲ့ပါနဲ့၊ ရှင့်ကို ယုံစေချင်လွန်းလို့ပြောပြနေ တာမဟုတ်ဘူး၊ ကိုယ့်အစ်ကို ဘယ်လမ်းကိုလျှောက်ပြီး ဘာအလုပ် တွေလုပ်နေသလဲဆိုတာ ဘာမှမသိဘဲ အားပေးအားမြှောက်လုပ်နေတာ လား၊ ဒါမှမဟုတ် ဝါသနာပါနေကြတာလား"

"ဟိတ် မင်း ..."

"ဖြစ်နိုင်တာတွေလေ၊ ဟွန်း ... သူများသားသမီးကို ဖြားယောင်း ချက်ဆီးခဲ့ပြီးမှ အတွေ့မခံရဲလို့ ကိုယ်စားလွှတ်တာက သူ့ရဲ့ညီ"

"ဘာပြောတယ်"

"မရှင်းသေးရင် သွားပြန်မေးလိုက်၊ တစ်ခါထည့်ပြောလိုက်ရတာ တောင် ရှုံလွန်းလို့၊ တောက် ..."

ဒေါသတွေ မချိမဆံ့ ထုပ်ပိုးသိမ်းဆည်းနေရသလို သူမမျက်နှာ ဝင်းဝင်းလေးက ချက်ချင်းပဲကြေးနီရောင်တက်လာ၏။ သူမကလည်း ပြောနေလျက်နှင့် တက်ခေါက်ပြန်သည်။

"ကျွန်မသူငယ်ချင်းက နယ်ကနေ ကျောင်းလာတက်တာ၊ အခု နောက်ဆုံးနှစ်ပြီးသွားတဲ့အထိ ချစ်သူဆိုလို့ သူ့တစ်ယောက်ပဲ ရှိခဲ့တယ်။ မှာ အဲဒီ ပန်းစားဘီလူးကို ပြောလိုက်စမ်းပါ၊ လူမတတ်ပေမယ့် လက် တ်ထုပ်တော့တတ်သေးတယ်၊ ဆောင်းနေရီက ခပ်ညှံ့ညှံ့လေးဆိုပြီး ွယ်လွယ်လေးကြောသွားလို့ရမယ်မထင်နဲ့ 'တစ်ခေတ်ဦး' ဆိုတာ ဘယ် တော့မှ နောက်ကျကျန်ခဲ့တာ ထုံးစံမရှိသေးဘူးလို့"

www.burmeseclassic.com



စကားမဆုံးခင် ချာခနဲလှည့်ထွက်သွားတော့ ဒေါသလေလှိုင်းများနှင့် သူမ၏ဆံပင်တိုလေးတွေ ဝဲခနဲခါထွက်သွား၏။

ဘာလိုင်းကြီးပါလား...။

"ဟိတ်"

ပြောလာသမျှကို ဒီတိုင်းကြီး နားသောတဆင့်ပေးလိုက်ရပြီးမှ အနိုင်နဲ့ပိုင်း ကျောခိုင်းထွက်သွားတာကို ဘယ်လိုမှ လက်မခံနိုင်။ သူမ ကျောခိုင်းလိုက်သည်နှင့် လက်ကို ဖမ်းဆွဲလိုက်ပြီးသား ဖြစ်သွားသည်။

ရှေ့တိုးခြင်း၊ နောက်ဆုတ်စေခြင်း အားနှစ်ရပ်၏ ဆွဲအားများကြောင့် သူမကိုယ်လေး တစ်ပတ်လည်ပြန်လှည့်လာ၏။

သို့သော် မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံနှင့်အတူ သူ့ပါး တစ်ဖက် ကွဲထွက်သွားပြီလား ထင်ရလောက်အောင် ကျယ်လောင်စွာ ထိခတ်သွားသောရိုက်ချက်က ပြင်းထန်၏။

ရုတ်တရက် မျက်လုံးထဲမှာ မီးပွင့်သွားသည်။ ဘေးဘီကို မမြင်မစမ်း ဖြစ်သွားပေမယ့် လူတွေအားလုံး ဝိုင်းကြည့်နေကြပြီကိုလည်း တွက်မိလိုက်၏။

အမြဲတမ်း အနိုင်ရခဲ့သော 'ပန်းတို့၏သခင်'ဟုလည်း ရာဇဝင်ရှိခဲ့ဖူးသော 'သင့်ချစ်သူ'ဆိုသည့် ယောကျ်ားတစ်ယောက်သည် ...,။





အခန်း(၂)

"ညီ... ညီ တံခါးခေဏာဖွင့်ကွာ"

တံခါးကိုလည်းခေါက်သည်၊ ခေါ်လည်းခေါ်ကြည့်သည်။ အထဲက တုတ်တုတ်လှုပ်သံမျှ မကြားရပေ။ မော်ကွန်း ပင့်သက်ရှိုက်လျက် နောက်ထပ်ခေါ်ဖို့ လက်မြှောက် ပါးစပ်ပြင်မိသေး၏။

ဒါပေမယ့် မထူးဘူးဆိုတာကို တွက်မိလိုက်ကာ ခေါင်းငိုက်စိုက်ချရင်း တံခါးခေါက်မည့်လက်ကိုလည်း ပြန်ချလိုက်မိသည်။

"ညီ မင်း တစ်ခုခုထွက်ပြောကွာ၊ အခုမဟုတ်ရင်လဲ ဒီည တစ်ချိန်ချိန်ပေါ့၊ ကိုလေး အပြင်ကစောင့်မယ်"

ပြောပြီး သူ ဒီဘက်လှည့်လိုက်လျှင် ...

"ညီ"

ချစ်သူ က သူ့ရှေ့မှာ တောင့်မတ်စွာရပ်လျက် တင်းတင်းစေ့နေသည့်နှုတ်ခမ်းများနှင့် စိုက်ကြည့်နေခဲ့သည်။

"ညီကွာ ... မင်း တစ်ညလုံး အခန်းအောင်းနေတာ ခုချိန်ထိ အထဲမှာ ဝဲမှတ်လို့ ကိုလေး စိတ်ပူသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေပြီထင်လို့လဲ"

အေးစက်စက်မေးသံကြောင့် မော်ကွန်း ခပ်အမ်းအမ်းဖြစ်သွားသည်။ ညီအစ်ကိုနှစ်ယောက်မှာ စရိုက်နှစ်မျိုး၊ ဒါက လူအများ၏သတ်မှတ်ချက်တွေဖြစ်၏။

"အကြီးလေးက ကြီးတဲ့သူမှန်း သိသာတယ်နော်၊ ဝတ်စားပြောဆိုပုံလေးလဲ့ရည်မွန်တယ်။ လူကြီးမိဘကို ရိုသေတာရော၊ သူ့ညီလေးအပေါ်မှာ ညှာတာတာရော" တဲ့။

ညီကိုကျတော့ ရိုင်းစိုင်းတယ်ဟု ပြောတာမဟုတ်ပါ။

ဒါပေမယ့်...

"အငယ်လေးကျတော့ ပိုချောသလိုပဲ၊ ပြီးတော့ သူ့ကိုမြင်လိုက်ရရင် သွက်လက်တက်ကြွနေတာပဲ၊ အသက် ဘယ်လောက်ကွာသလဲ" ဆိုတာမျိုး။

လူကြီးတွေ ဝေဖန်သွားတာတွေက တစ်ယောက်တစ်မျိုးဆိုပေမယ့် သာယာနာပျော်ဖွယ်ဖြစ်သည်။ လူငယ်ပိုင်းမှာကျတော့ သူက ခပ်တုံးတုံးဟုဆိုသည်။

"မွှေမော်ကွန်း ဆိုတာ မော်ကွန်းတင်ထိုက်အောင်ကို တုံးတာပါဟယ်၊ အမြဲတမ်း လည်ကတုံးနဲ့ ပုဆိုးနွမ်း ဟိုတုန်းက မင်းသားကြီးတွေလိုဘာလဲ ဟိုဥစ္စာ...၊ ဘိုကေဖြီးထားတာမှ ပြောင်နေတာပဲ" ဟုပြောပြီး မျက်နှာတည့်တည့်ကြည့်ရယ်တဲ့ကောင်မလေးတွေ အများကြီးပါ။ ညီကိုဆို ချောမှချော၊ မိမ့်မိဟု လက်ဖျားခါလို့မဆုံး။

"သင့်ချစ်သူ တဲ့ဟယ်၊ ငါ့ချစ်သူ ဖြစ်လိုက်ပါတော့လား" တဲ့။

ညီမျက်နှာ မှုန်ကုပ်ကုပ်ကြီးဖြစ်နေတာကို စိုက်ကြည့်ပြီး မော်ကွန်းစိတ်တွေပျံ့လွင့်သွား၏။ ညမီးရောင်အောက်မှာ ညဝတ်အင်္ကျီတွေ ဝတ်





ထားကြတာတောင် အရောင်က ဆန့်ကျင်ဘက်။

သူ့ကိုယ်ပေါ်မှာ ပန်းနုရောင်ဝတ်စုံဖြစ်ကာ ညီက အနီရဲရဲ ဖဲသားနှင့်။ ထိုကွာဟချက်တွေအတိုင်း ညီက ပွင့်လင်းခဲ့ပြီး သူကတော့ အုံ့မှိုင်းခံစားသည့်သဘောတွေ သက်ရောက်ခဲ့သည်ထင်၏။

အမှန်တကယ် သူ မပွင့်လင်းခဲ့ပါ။ ကိုယ့်ကိုယ်ကိုလည်း ညှာခဲ့သည်။ ညီကိုလည်း ဝန်မခံခဲ့။ ဒီနေ့အဖြစ်တွေကို ညီကို အမှန်အတိုင်း သူ မပြောခဲ့တာက ပြောလို့မဖြစ်၍ပါဟုလည်း ကိုယ့်စိတ်ထဲမှာပဲ ဖြေသိမ့်ပြောမိရင်း ...

"ကိုလေး ညီမေးနေတာ ကြားလား" ဟဲ

ညီ နောက်ထပ်မေးလိုက်မှ ပျံ့လွင့်နေသည့်စိတ်တို့ကို စုစည်း၍ ခေါင်းညိတ်လိုက်သည်။

"ကြားပါတယ်၊ မင်းကို ဆောင်းနေရီက ..."

"ဆောင်းနေရီနဲ့ ကိုလေး ဘယ်အဆင့်ထိ ဖြစ်ခဲ့ကြသလဲ"

တည့်တည့်မေးလိုက်မည်ဟုမထင်သဖြင့် ဟန်ဆောင်ဖို့ သတိမချပ်နိုင်။ မျက်နှာကို ဖျတ်ခနဲငုံ့ပစ်လိုက်မိ၏။ ချစ်သူ က အမိအရ လိုက်ဖမ်းကြည့်နေသည်။

"ကိုလေးက ..."

"ဒီမှာ ..."

အနိုင်နိုင်အားယူ၍ မော့လာသည့်မျက်နှာရှေ့မှာ ချစ်သူ က စီဒီတစ်ချပ် ပေး၏။

"ဒါကို ဖွင့်နားထောင်မလို့ အကြိမ်ကြိမ်ကြိုးစားခဲ့တာ၊ ဒါပေမယ့် ခွေပါတ်တစ်ခုက သူများကိုယ်ရေးကိုယ်တာဖြစ်နေတယ်။ နှစ်အချက်က ဒါဟာ သူများ တစ်ဖက်သတ်ပြောဆိုထားတဲ့အကြောင်းတွေဖြစ်နေလို့။



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်သုံးက အဲဒါတွေကိုနှားထောင်ပြီး ကိုလေး တရားခံဖြစ်နိုင်လောက်တဲ့ နိုင်လုံမှုတွေဖြစ်နေရင် ညီ ခွင့်လွှတ်မှာမဟုတ်ဘူး”

“ဘာလဲ ညီ၊ မင်းက သူ ဗိုပြလိုက်တာနဲ့ပဲ ကိုယ့်အစ်ကိုတစ်ယောက်လုံးကို လူယုတ်မာဖြစ်နိုင်တယ်လို့ တွက်လိုက်တာလား”

“ဘယ်သူလဲ၊ ကိုလေး ဘာတွေပြောနေတာလဲ၊ ဒါကို ဆောင်းနေရီကိုယ်တိုင် လာပေးတယ်လို့ ကိုလေး ထင်နေတယ်ပေါ့”

“ဟင် ...”

မော်ကွန်း မျက်နှာမှာ စိတ်လှုပ်ရှားခြင်းတွေ သိသာစွာဖြစ်ထွန်းသွား၏။

“ဘယ်သူရောက်လာတာလဲ”

“ကိုလေး သိတယ်မဟုတ်လား၊ သူက ကိုလေးကို ကောင်းကောင်းသိတယ်”

မော်ကွန်း တံတွေးတစ်ချက်မျိုကာ မျက်ဝန်းတွေကို တစ်နေရာလွှဲပစ်လိုက်သည်။

“တစ်ခေတ်ဦး တဲ့”

တစ်ခွန်းချင်းပြောပြီး ချစ်သူ က အံကြိတ်၏။ ပါးပြင်ကဒဏ်ရာပျောက်ချင်ပျောက်သွားလိမ့်မည်၊ ရင်ထဲက ရှက်ကြောက်တတ်သည့်မာနတရားကတော့ သူမ၏ရုပ်ပုံလွှာကို ဘယ်တော့မှ မေ့လို့ရမည်မထင်။

“ကျွန်တော် ရည်းစားတွေအများကြီးထားခဲ့ဖူးတယ်၊ ဘယ် မိန်းကလေးမှ စက်ဆုပ်ရွံရှာတဲ့မျက်လုံးနဲ့ အကြည့်မခံခဲ့ရဘူး၊ လူကြားထဲမှာ လူယုတ်မာတစ်ယောက်လို လက်ညှိုးထိုးခံခဲ့ရတာလဲ မရှိခဲ့ဘူး”

“ညီရာ အဲဒါတွေကို ...”

“ဘာနဲ့မှ ဖာထေးလို့မရဘူး၊ ဘာမှမရတော့ဘူး ကိုလေး၊ အားလုံး





သွားပြီ။ ကိုလေး မင်္ဂလာဆောင်တော့မယ်ဆိုပြီး စင်ကာပူကနေ ကျွန်တော် ပြန်ချလာခဲ့တာ ကိုလေးနဲ့ သဒ္ဒါချို့တို့ ပြုံးရွှင်မြူးနေကြတာကို ကြည့်ပြီး ဝမ်းသာခဲ့တယ်၊ ကျေနပ်တယ်။ ကိုလေး ပြောတဲ့ မဟုတ် တစ်ချက်လေးမှားယွင်းခဲ့တဲ့ အနေအထိုင်ပေါ် မှာ အခွင့်အရေးယူပြီး ဒုက္ခပေးနေပါတယ်ဆိုတဲ့ ဆောင်းနေရီကိုလဲ ဒေါသဖြစ်ခဲ့သေးတယ်”

“ညီ ... ညီ အဲဒါကိုယုံပါ၊ တကယ်က ကိုလေး ဘာမှမငြိစွန်းခဲ့ဘူး၊ ဒီကောင်မလေးက တော်တော်ကိုဆင်းရဲရှာတာမှန်တယ်၊ ကျောင်းပြီးတဲ့အထိ မပြန်ဘဲ ကုမ္ပဏီမှာ အလုပ်ဝင်လုပ်နေခဲ့တာကိုကြည့်ပါ။ ရုပ်လဲချောတယ်၊ ပညာလဲတတ်တယ်ကွာ၊ သူ့ကို ကိုလေး နေရာကောင်းပေးခဲ့တယ်လေ၊ ဒါပေမယ့် သူ့မှာ စပွန်ဆာရှိတယ်ကွ”

ချစ်သူ မျက်ဝန်းတွေ သူ့မျက်နှာမှာ စူးစူးရဲရဲဖြစ်နေ၏။

“အလုပ်သမားနဲ့သူဌေးဆိုတာ ဆက်ဆံရေးက ရောထွေးနေရတာပဲ၊ အထူးသဖြင့် စာရင်းကိုင်ဆိုတာ ကိုယ့်ရုံးခန်းကို ဝင်ထွက်ခွင့်အရှိဆုံးလူ၊ ကိုယ်က အတွင်းရေးမှူးတောင်မှ မိန်းကလေး မထားခဲ့တော့ ဒါကို လူသတိထားမိတာပေါ့။ ယုံပါ ညီရာ၊ အဲဒီကောင်မလေးကို ကိုလေး ကူညီခဲ့တာတွေ ရှိပါတယ်၊ ဒါပေမယ့် အားလုံး သန့်ရှင်းတယ်”

မျက်ခုံး ခပ်သွယ်သွယ်၊ နှုတ်ခမ်းထူထူအမ်းအမ်းနှင့် နှာတံစင်းစင်း၊ အသားလတ်လတ်မျက်နှာကို စိုက်ကြည့်ရင်း ချစ်သူ၏တွန့်ကုပ်ထားသည့်မျက်ခုံးတွေ အနည်းငယ် ပြေကျသွား၏။

ကိုလေးက ဘယ်တုန်းကမှ ချစ်သူမထားခဲ့ဖူးပေ။ ကျောင်းသားဘဝတုန်းကလည်း ကျောင်းသားမို့ စာကြိုးစားသည်။ စီးပွားရေးလောကထဲကို ဝင်တော့လည်း ဖွဲလုံ့လစိုက်ထုတ်၍ သေချာကြိုးစားခဲ့၏။

ကုမ္ပဏီမှာ မိန်းကလေးဝန်ထမ်းကို တတ်နိုင်သမျှ ရှောင်ရှားခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အထိ။ ဒီလိုကိစ္စတွေမှာ ကင်းရှင်းခဲ့သည်။ သူ့ကိုလည်း အမြဲလိုလို ဆုံးမစကားတွေ ဆိုခဲ့ဖူး၏။

"ညီနော် မိန်းကလေးတွေနဲ့ မင်း တော်တော်တွဲနေတယ်လို့ကြားတယ်၊ အဲဒီဇာတ်လမ်းတွေရှုပ်လာရင် ရှင်းရခက်တယ်၊ ယောကျ်ားလေးပဲဆိုပြီး ထင်သလိုမနေရဘူး" ဆိုတဲ့စကားမျိုးတွေ။

ကိုလေးကို ဘယ်တုန်းကမှ ဒီလိုကိစ္စမျိုးတွေရှိမည်လို့ မထင်ခဲ့တာအမှန်ပင်။ သဒ္ဒါချို က ကိုလေးနဲ့ ကျောင်းနေဖက်သူငယ်ချင်း၊ လူကြီးချင်းသဘောတူစေ့စပ်ကြတော့ သဒ္ဒါချို ဖြစ်နေသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေတာကို နိုင်ငံခြားထိ ဖုန်းဆက်ပြော၏။ ထို့ကြောင့် ဖေဖေ့ကုမ္ပဏီမှာလေ့လာရင်း အလည်အပတ်သွားနေခဲ့သော သူ့ရဲ့ခရီးစဉ်ကို နောက်ပြန်လှည့်ခဲ့သည်။

ကိုလေးရဲ့ မင်္ဂလာပွဲမှာ [illegible]ရှိနေချင်လို့ပါ။ ဒီရောက်တော့ ကိုလေးပြုံးနေတာကို မတွေ့ရဘဲ မျ[illegible]ပျက် မျက်နှာပျက်နှင့် ...

"သွားပြီ ... သွားပြီ ညီရာ၊ ကိုလေး သနားလို့ ပေးကမ်းကူညီခဲ့တာတွေကို အခွင့်အရေးယူသွားပြီ ဒီကောင်မလေး တော်တော်ကောက်ကျစ်တယ်ကွာ"

ကိုလေး ရင်ဖွင့်လာတော့ သူ့မှာ မယုံနိုင်။ တစ်ခုတော့ မေးလိုက်မိပါသေးသည်။

"ကိုလေး နည်းနည်းပါးပါး တိမ်းခဲ့ယိမ်းခဲ့တာ မရှိဘူးလား၊ သူ့ဘက်က လက်ညှိုးထိုးစရာရှိလို့ ဒီလိုချိန်းတာပေါ့"

"သိပ်လှတဲ့မိန်းကလေးတစ်ယောက်ကို အရမ်းရင်းနှီးလာတော့လဲ မရိုးမသားစိတ်ဝင်စားမိတာမျိုး ရှိတာပေါ့ကွာ၊ တွဲသွားတွဲလာ ဆိုတာမျိုးကလဲ မကင်းဘူးလေ၊ ဒါတွေပြီးစွန်းရလောက်အောင် ကိုလေး ကျူးလွန်ခဲ့





လေား မင်း စဉ်းစားကြည့်ပါဦး။ မိန်းမကိစ္စ ဘာညာတွေမှာ အဲဒီလိုဖြစ်မှာစိုးလို့ မင်းကိုတောင် ကိုလေး တတွတ်တွတ်သတိပေးနေခဲ့တာပါ"

ကိုလေး မရှုနိုင်မကယ်နိုင်ဖြစ်နေတာကြောင့် ချိန်းသည့်နေရာကို သူ သွားခဲ့သည်။ ဆောင်းနေရီ ဆိုသည့် အရှုပ်ထုပ်ကလေးကို ဘယ်လိုခြောက်လှန့်လွှတ်လိုက်ရမလဲ၊ ဒါမှမဟုတ် ချော့မော့ဖျောင်းဖျရမည်လား

ငွေလိုချင်လို့ သက်သက်ကြံဖန်တာမျိုးဆိုလျှင်လည်း မင်္ဂလာပွဲ ကပ်နေကာမှ ဗယားဝင်မရှုပ်အောင် တစ်နည်းနည်းနဲ့တော့ ဖြေရှင်းရမှာပဲဖြစ်သည်။ ဒါပေမယ့် ...

"ညီ ..."

သူ့ရဲ့အတွေးကို မော်ကွန်းက ပခုံးကိုဆုပ်ကိုင်လိုက်ခြင်းဖြင့် ဖျက်ဆီး၏။

"အဲဒီကောင်မလေးက အရမ်းကိုစွာကျယ်ကျယ်နိုင်တာ၊ မင်းနဲ့တွေ့ခဲ့တဲ့ တစ်ခေတ်ဦးပေါ့။ မိဘက အရမ်းချမ်းသာပြီး ရွှေပေါ်မြတင်ထားလဲ သူက အဲဒီလို သူများရဲ့အကျိုးဆောင်လုပ်နေရတာကို ပျော်ပုံရတယ်၊ ဟုတ်တဲ့နေရာလဲပါ၊ မဟုတ်တဲ့နေရာလဲ သူပါတာပဲ၊ ပါလိုက်တိုင်း 'တစ်ခေတ်ဦး' နာမည်ကို ထားခဲ့တယ်၊ အဲဒါလေးကို မင်း ခေါင်းထဲမထည့်ထားနဲ့ သူ့သူငယ်ချင်းဘက်က သူ မှန်တယ်ထင်နေတာ ထားလိုက်ပါကွာ"

ထားလိုက်ပါပြီ၊ ဒါပေမယ့် တခြားမှာတော့ မဟုတ်၊ ရင်ထဲမှာ...

မျက်ဝန်းတစ်စုံနဲ့ လက်ဝါးတစ်ဖက်အကြောင်းကို သူ မပြောတော့ဖို့ ဆုံးဖြတ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"မပြောတော့ဘူးလို့ဆိုးဖြတ်ခဲ့တာ၊ ရိုက်ပစ်ခဲ့ပို့ စိတ်ကူးသွားတာ မဟုတ်ဘူး၊ ဒါပေမယ့် ..."

"ခေတ်ရယ် ဘာပဲဖြစ်ဖြစ် နင် အဲဒီလိုကြီးလုပ်ပစ်ခဲ့တော့ သူ.. သူ က ဆရာ့ရဲ့ညီ ..."

"သေလိုက်ပေါ့၊ သူ့ညီဖြစ်ဖြစ်၊ သူ့အဘဖြစ်ဖြစ် အဲဒီအချိန်မှာ ခေါ်သ က အရေပြားကိုထွင်းဖောက်ပြီး မီးတောင်ပွင့်ထွက်သလို ထွက်ချင်နေ တာ၊ ယင်နားရင်တောင် အဲဒီယင်ကို မိအောင်ဖမ်းပြီး ဖနောင့်နဲ့ပေါက် သတ်မှာပဲ"

ခေတ် တာပြောပြော မျက်ရည်ဝဲနေသည့် မျက်လုံးလေးအဝိုင်းသား နှင့် နေရီ ဘာမှလည်း စောဒကမတက်နိုင်။ ခေတ် က လက်သီးလက် မောင်းတန်းနေတုန်း။





ဆံပင်တွေဖွာထွက်လာတိုင်း မျက်နှာဆတ်ရှုံ့ပစ်သည်။ ပါးတစ် က်မှာ ပြုံးဆင်းလာတိုင်း နားရွက်နောက်ကို ထိုးသိပ်ထည့်၏။

ထိုင်မလို့ အနားမှာလာပြီး ကုန်းကွစကားပြောပေမယ့် မထိုင်ပေ။ ဘက်ကိုလျှောက်ထွက်သွားတော့မလိုလိုနှင့် ချာခနဲပြန်လှည့်လာ တော်၏။

"နင် စဉ်းစားကြည့်ဦး၊ ယောကျ်ားကြီးတွေတန်မဲ့နဲ့ မိန်းကလေး စ်ယောက်အပေါ်မှာ ဖျက်လိုဖျက်ဆီးပြုပြီး ဖုံးဖိဖျောက်ဖျက်ဖို့ကြိုးစား ကြတာ"

"ဒါ.. ဒါကတော့ သူ့အစ်ကိုဘက်က သူလိုက် ..."

"မလိုက်ရဘူး၊ ဒါ ဘက်လိုက်သင့်တဲ့ကိစ္စမှမဟုတ်တာ၊ လူတွေကိုက လိမ်ကကျစ် ယုတ်ယုတ်မာမာတွေလဲလုပ်သေးတယ်၊ ပြောတော့ ရေကျောရေနဲ့၊ မျက်နှာက မတူတန်သလိုလို... တောက် ..."

"ငါက သူ နင့်ကို တစ်ခုခုတုံ့ပြန်လိုက်မှာစိုးလို့ပါ၊ လူဘုံအလယ်မှာ တော့ ဘယ်လိုလူဖြစ်ဖြစ် ရှက်ရမ်းရမ်းမှာပဲလေ"

"အမလေး ငါ့အတွက် ဟန်ဆောင်ပန်ဆောင်ပူပေးမနေနဲ့ သူ့ညီကို ထည့်လိုက်လို့ သူ့အစ်ကို အမုန်းပွားပါပြီဆိုပြီး ခုပဲ ရင်ဘတ်ထုငိုနေ တော့ ..."

ခါးနှစ်ဖက် ဆတ်ခနဲထောက်ပြီး ရန်တွေ့တော့ နေရီ က မျက်ရည် ကို ကမန်းကတန်းသုတ်ပစ်လိုက်ရသည်။

"မဟုတ်ရပါဘူး ခေတ်ရယ်၊ ဆရာနဲ့ငါ မုန်းရမှာစိုးတာ တစ်ခုတည်း တ်ပါဘူး"

"သြော်.. သြော်.. စိုးတော့စိုးရိမ်သေးတယ်ပေါ့ နင် သေလိုက်တော့ နင်ပဲ သေဖို့ကောင်းတာ၊ တကယ် မပြောချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခေတ် လက်ဖျားခါသွားသည်။ ဒေါသဖြစ်လွန်းလို့ မဆီမဆိုင်ဖြစ် သည့် သူမဘက်က မခံရမ်နိုင်ခြင်းတွေကို ဘယ်မှာသွားအန်ထုတ်ပ မှန်း မသိ။

"နေရီရယ် ... နင်ဟာလေ ကိုယ့်ကို ကျောရရုံဟန်ဆောင်ပြီး ထ သွားခဲ့တဲ့ယောကျ်ားကိုမှ ..."

"ငါ... ငါကလေ ..."

"တော်ပြီ တော်ပြီ၊ နင် အခု လိုက်မှာလား၊ မလိုက်ဘူးလား အဲ ပြော"

"ဘယ်ကိုလဲ"

"အဲဒီလူလိမ်နဲ့ သူ့ရဲ့မိသားစုကွဲစိကွစတွေ ရွှေတိဂုံဘုရားပေါ် တ သွားကြတယ်၊ အဲဒီကိုလိုက်မယ်၊ ထ..."

"ဘယ်... ဘယ်လို"

နေရီ မျက်နှာနှစ်ဖက်ပေါ်မှာ ဖရိုဖရဲဆင်းကျနေသည့်ဆံပင်ရှည် ကို အသည်းအသန်ဖယ်ရှားကာ မျက်နှာလေးမော့၍ ခေတ် ကိုပြ ကြည့်၏။

"ငါ ... ငါက လိုက်သွားပြီး ဘာလုပ်ရမှာလဲ"

"အဲဒါ ငါ ဆက်ပြောမယ်၊ ထပါဆိုမှ ..."

"မလုပ်ပါနဲ့ဦး ခေတ်ရယ်၊ ငါ ရှိုးပါတယ်နော်၊ ကိုယ့်ပြဿနာ လူအုံအလယ်မှာ ထုတ်ပြဖို့စရာကောင်းတဲ့ပြဿနာလဲမဟုတ်ဘူး"

"ဟဲ့ ငါက နင့်ကို အဲဒါတွေသွားပြောခိုင်းမှာမှမဟုတ်တာ၊ မ သူ့ညီနဲ့ ငါ ဖြစ်ခဲ့တဲ့ပြဿနာနဲ့လဲမဆိုင်ဘူး။ ဘာပဲဖြစ်ဖြစ် နင်ပြော စီဒီချပ်ကို သူ့လက်ထဲကိုတော့ ထည့်လိုက်မှာပဲ၊ သူ့စိတ် ဘယ်လို လဲမလဲဆိုတာ သိရမှဖြစ်မယ်၊ တော်ကြာဆို သဒ္ဓါချို ဆိုတဲ့မိန် မနဲ့





တက်ထပ်တော့မှာ၊ ဒီကိုယ်ဝန်နဲ့ နင် ဘယ်လိုရပ်တည်မှာလဲ၊ ရန်ကုန်မှာ နေသွားတော့မှာဆိုရင်တောင်မှ ဒီဗိုက်ပူလာရင် အဖေ မဖော်နိုင်တာနဲ့ ရက်ကွဲမှာပဲ၊ နင့်မိဘတွေဆီ ပြန်မယ်ဆိုရင်ရော ဖြစ်မလား"

ဘာမှမပြောဘဲ နေရီက မျက်ရည်ပေါက်ကြီးတွေကို တလိမ့်လိမ့် ညှစ် ထုတ်နေ၏။ သူများလို ရှိုက်ကြီးတငင်ငိုတာလည်းမဟုတ်၊ ငိုပြီဆို မျက် ရည်ပေါက်တွေက ဆိုက်ကြီးဆိုက်ငယ်မရှိ၊ အနေးအမြန် မှန်မှန် အရွယ် ဆိုက်တူတွေဖြင့် မကုန်နိုင်မခန်းနိုင်။

သူ့ကိုမြင်လိုက်တာနင့် ရင်ထဲမှာ ဘယ်လောက်ထိကြိတ်မှိတ် မျို ပြီးခံစားနေမှန်း သိသာလွန်းသည်မို့ သူမအတွက်ကို ခေတ် ပူပင်နေရ သည်။

မတော်တဆ ကိုယ့်ကိုယ်ကိုများ စီရင်ချက်ချပစ်လိုက်လျှင် ဒုက္ခ တွေးပြီး ညညအိပ်ရတာလည်းမဖြောင့်။ လက်ကိုင်ဖုန်းတစ်လုံး လက် ထည့်ပေးထားပေမယ့် သူက ဆက်တယ်လို့မရှိ။

နေ့နေ့ညည ခေတ်ကချည်းပဲ ဆက်နေရသည်။ တက္ကသိုလ်ကျမှ ခဲ့တာမှန်သော်လည်း နေရီ့ကိုတော့ ခေတ် သတိထားမိတဲ့အချိန်က အများတကာထက် သူမကို ပို၍ဦးစားပေးခဲ့သည်။ ကရုဏာလည်း ခဲ့မိသည်။

ဘာရယ်လို့လည်းမဟုတ်ဘဲ နေရီနဲ့သူမ လိုက်လွဲရင်းနှီးခဲ့ကြ၏။ နဲ့ နှစ်ယောက်တည်းပဲ စွဲမြဲသွားတဲ့အထိ ကြားလူဝင်လို့မရအောင် ယ်တာသွားခဲ့သည်။

နေရီ့အဖေက ခြေတစ်ဖက်မသန်သည့် ဝန်ထမ်းဟောင်း တစ် ယောက် ဖြစ်သည်။ ထို့ပြင် ရင်ကျပ်ပန်းနာရှိနေသဖြင့် ဘာအလုပ်မှ ပ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



အမေကြီးတဲ့သူက နောက်ထပ်အိမ်ထောင်သစ်ထူလိုက်သဖြင့် ပြ
ပြင်ပိုင်သော်လည်း သူမမှာ ပထွေးကလည်း အသက်သိပ်မကြီးသေ
အပြင် စောင့်တယ်။ ဖခင်ကိုလည်း ပစ်မထားနိုင်၊ သွားပြုစုပေးတော
မထွေးက ပြုစု၏။

"ငါ့ဘာသာ ဆေးလိပ်ခုံမှာ အလုပ်တစ်ဖက်ဆင်းပြီး အဖေ့အတွ
လိုအပ်တာလေးဝယ်ခြမ်းပေးတာကို သူ့ယောကျ်ားလုပ်စာနဲ့ပေးရသလ
သူ့ယောကျ်ားက မကြိုက်ဘူးနဲ့ ခေတ်ရယ်၊ ကာယကံရှင်က သိပ်မပြေ
ဘူး၊ အမေကိုက အဖေ့ဆီကိုသွားရင် မကြိုက်တာ"

တစ်နှစ်ပြီးလို့ အိမ်ကပြန်လာတိုင်း အိမ်တွင်းရေး စိတ်ညစ်စ
သတင်းစာတွေ ပါလာတတ်သည်။

"အခု ငါ့ကို ဒီမှာကျောင်းတက်ခိုင်းတာလဲ အဖေနဲ့ အဆက်အသွ
အသွားအလာတွေမလုပ်နိုင်အောင်လို့ဘဲ၊ ငါ ကျောင်းပြီးရင် ပြန်မ
သေးဘူး။ အလုပ်ဝင်လုပ်မယ်ဆိုတော့လဲ အဆင်ပြေအောင်နေတဲ့၊
တတ်ရင် ပြီးတာပဲတဲ့…၊ ကဲ …"

နေရီ့ စိတ်ထဲမှာ မိခင်ကို ဘယ်လိုထင်သလဲတော့ မသိပါ။ ဘော
ကြည့်ပြောရလျှင်တော့ တစ်မျိုးဖြစ်နေတာ အမှန်ပါပဲ။

ဒါပေမယ့် ဘဝဟာ ဘယ်လိုအစခင်းခဲ့ပြီး ဘယ်လိုပုံစံမျိုးပဲ ဆ
သွားနေနေ မိမိဘဝကိုမိမိဘာသာရုန်းကန်ရမှာမဟုတ်လား။ အရွ
သင့်မှပေးမည်၊ တုံ့ပြန်ရမှာမျိုးကြုံလာတော့ တုံ့ပြန်ပေါ့။ ဘာပဲဖြစ်
ကံကိုပုံချပြီး ကံမျက်နှာသာပေးလာတာကို ငုတ်တုတ်ထိုင်စောင့်နေ
ပြည့်စုံသွားမှာလား။

ခေတ် ကိုယ့်ဘာသာမေးပြီး မဖြေနိုင်သည့် နေရီ့ မျက်ရည်တွေ
ဒီတိုင်း လက်ပိုက်ကြည့်နေမိတော့သည်။





"ငို… ငို အဲဒီမျက်ရည်တွေက နင့်အတွက် နဂုတ်တွေဖန်ဆင်းပေးထား
တာဆိုတော့ ကုန်မှာလဲမဟုတ်တော့ဘူး၊ အားရအောင်သာငို တစ်ခန်းရပ်
သွားရင် ပြန်ဆက်မယ်၊ အကြောင်းအရာကတော့ မပြောင်းဘူးနော်၊
ခေါင်းစဉ်ပဲပြောင်းမှာ၊ ဘယ်အခြေအနေဖြစ်ဖြစ် နွေမော်ကွန်း ဆိုတဲ့လူ
ဘခြားမိန်းမနဲ့ လက်မထပ်ရဘူး၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"ကျွတ်"

ဖုန်းနံပါတ်ကိုကြည့်လိုက်ပြီး နားထောင်ချင်စိတ် ကုန်သွား၏။ ဒီအချိန်ထိစောင့်နေပြီးမှ ခုမှဖုန်းဝင်လာတာ ကောင်းဖို့မရှိနိုင်တာကို သိလိုက်သည်။ လူကိုမတွေ့ရလို့မဟုတ်ဘဲ တမင်တကာခေါ်ပြီး ဒေါက်ဖြုတ်ခံလိုက်ရသလို ရင်ဘတ်ထဲမှာ တင်းကျပ်သွားတာမျိုး။

"ပြော"

"ချစ်လားဟင်"

မေးလိုက်ပြီးမှ ဒီက စကားမပြန်တော့ သူမပဲ ဆက်ပြော၏။

"ယဥ် မလာဖြစ်တော့ဘူး ချစ်ရယ်၊ တောင်ကြီးကစည့်သည်တွေ ရောက်လာလို့ အိမ်မှာ ဘယ်သူမှမရှိတာနဲ့ ..."

သူ ဖုန်းပိတ်ပစ်လိုက်သည်။ ပြီးတော့ ဘောင်းဘီအိတ်ထဲထည့်ပြီး ကားဆီပြန်လှည့်လာခဲ့စဥ် ...

"ဟာ ဒီနားမှာ ပုပ်စော်နံပါတယ်အောက်မေ့နေတာ၊ ခုမှပဲ အပုပ်ကောင်တွေ့တော့တယ်၊ လာ လာ... မမအေးတို့ ဒီမှာမစားနဲ့တော့၊ ဟိုဘက်ပြောင်းမယ်"





စကားသံက ကိုယ့်ကိုပဲ နှုတ်ဆက်သလိုလို၊ မျက်နှာရှေ့လာကြည့်ပြီး ပြောလိုက်သလိုလို။

ချစ်သူ နောက်ကို ဖျတ်ခနဲပြန်လှည့်ကြည့်၏။ တွေ့လိုက်ရပါသည် ချစ်ခေတ်ဦး ဆိုသည့် ကောင်မလေး။

အဖြူရောင်ကွာတားအဖြူကပ်ကပ်၊ တီရှပ်အဖြူလေးနှင့် နှင်းပွင့်လေးလို ဖြူအုနေသည့်အရုပ်လေးနှင့်တူအောင် လှသည်။ သူ့အတွက်ကတော့ အလွန်မုန်းတီးဖွယ်ကောင်းသည့် ကဝေမျိုးရုပ်တုတစ်ခုပင်။

"ဟဲ့ ဟဲ့ ဘာဖြစ်လို့လဲ၊ ဖြည်းဖြည်းဆွဲလေ မီးလေးရယ်၊ ဒီနေရာလေးက ကောင်းတယ်လို့ မီးပဲပြောပြီးတော့"

"ဟုတ်တယ်၊ ခုနကကောင်းတာ၊ ခု မကောင်းတော့ဘူး၊ ဖယ်ပါ။ ခေတ် ဘာသာသိမ်းမယ်၊ အမလေး နံစော်လိုက်တာ အပုပ်နံ့တထောင်းထောင်းနဲ့"

ပုပ်စော်နံတာကိုပြောတိုင်း သူ့မျက်နှာကို အော်ဂလီဆန်သလို ကြည့်တည့်ကြည့်သည်။ စားသောက်ဖွယ်တချို့ ထုတ်ခင်းပြီးသား ကော်ဇောကို မြက်ခင်းထက်ကနေ အသည်းအသန်ကောက်ထည့်သိမ်း၏။

သူမပုံစံ သိသာလွန်းသည်မို့ ကုန်းမြင့်ထက်မှာ အနီးဆုံးရှိနေသည့် ချစ်သူထံသို့ မမအေး၏ မျက်လုံးတွေ ရောက်လာသည်။ ဘေးက အကျအနထိုင်နေသည့် ကလေးငယ်လေးကလည်း ဘာမှန်းညာမှန်းမသိ ထရပ်လိုက်ရသဖြင့် စူပွပွ။

"လာ သဲသဲ၊ တီလေးတို့ ဟိုးဘက်က ဆင်ကြီးတွေနားကို သွားရအောင်၊ ဒီနေရာ မသန့်ဘူး သိလား"

ဆိုပြီး မျက်လုံးက သူ့ဆီ လက်ခနဲဝင့်တက်လာသည်။ မကြည့်ပင်သည့်စိတ်က အနည်ရှိနေသည့်ရေကို မွှေနှောက်ပစ်လိုက်သလို နောက်

www.burmeseclassic.com



[illegible]

[illegible]ဖြစ်ဖြစ်နှင့် ပြေးကိုင်ပေါက်ပစ်လိုက်ရလျှင် ကန့်ထဲကို အမိုက်[illegible]လို လွင့်ပျံကျသွားနိုင်၏။ သူမက ဘာလဲ၊ ဆောင်းနေရိုက လူမိုက်[illegible]ထားတာလား။

မပိုက်ရ၊ မတိုက်ရမချင်း ဒီလိုပဲ ဘလိုင်းကြီးခလုတ်တိုက်ရန်စနေမှာလား။ မိန်းမနဲ့ယောကျ်ားဆိုသည့် ကွဲပြားချက်ကြောင့် သူ့မှာ အံကြိတ်နေရုံအပြင် မတတ်နိုင်။

မျက်ဝန်းတို့သည် မကျေလည်စွာဆုံစည်းကာ အသံတိတ်စစ်ခင်းလိုက်ကြပြီး သူ ကားထဲဝင်ထိုင်လိုက်သည်အထိ ဟိုဘက် ဒီဘက်ကို ပြေးလွှားသယ်ပိုးနေတာ မပြီးနိုင်။

“တောက်”

ခပ်ကြိတ်ကြိတ်တက်ခေါက်၍ စတီယာရင်ကိုထုပစ်လိုက်မိသည်။ ဒီကောင်မလေး လုပ်နေပုံကြောင့် သူ ဘယ်သွားသွား လူတွေက ဘာလိုလိုထင်ကုန်ကြတော့မည်။ ကိုလေးနဲ့ ဆောင်းနေရီ ဘယ်လောက်ထိရင်းနှီးခဲ့သလဲ၊ ဘာတွေမပတ်သက်ဘူး၊ ဘယ်သူနဲ့ပတ်သက်တာ ဒါတွေသင်းကလေးက သိလို့လား။

ငါ့အိတ်ထဲကဟာ ငါ့ပစ္စည်း၊ ငါ့အဘိုးပြောတာက အမှန်၊ ဘယ်လူကြီးပြောတာမှ မယုံဘူးဆိုတာမျိုးကျတော့ ဒီလိုလူကို ဆက်လက်ပြီး တစ်ယူသန်ခွင့်ပေးထားခဲ့လျှင် ...

သိပ်မဟုတ်တော့ဘူး တစ်ခေတ်ဦး၊ မင်းနဲ့ငါ ...





## အခန်း(၅)

“ဝယ်တာခြမ်းတာတွေ ချို သဘောကျရဲ့လားဟင်”

“အင်း... ကိုမော် က အားလုံး ချို့သဘောကျချည်းပဲ ဝယ်ခိုင်းနေတဲ့ဟာ ဘာကို သဘောမကျရမှာလဲ”

မော်ကွန်းက ရှေ့ရောက်လာသည့် သီးစုံရေခဲမုန့်လေးကို ချို့ လက်နားထိ တွန်းပို့ပေးလိုက်ပြီး ပြုံးနေသည်။ ချို ကလည်း ပြုံးပြုံးလေးနှင့် ပြန်ကြည့်နေ၏။

နှစ်ဖက်မိဘတွေက တခမ်းတနား စီစဉ်ပေးနေကြသည်။ သူတို့နှစ်ဦးကလည်း ဟိုတုန်းကတည်းက သံယောဇဉ်တွေ မသိမသာရစ်ဖွဲ့ခဲ့ကြသည်။

ထို့ကြောင့် စေ့စပ်ဖို့ကနေ လက်ထပ်ဖို့တွေဖြစ်သွားခဲ့၏။ အားလုံးအဆင်ပြေချောမွေ့နေသည်ပါ။ ထိုစဉ် အိတ်ထဲက လက်ကိုင်ဖုန်းလေးမြည်သံက နှောင့်ယှက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်မှာထားသည့် စတော်ဘယ်ရီမစ်ရှိတ်ကို ကိုင်ပြီးမှ ပြန်လွှတ်ပြီး ဖုန်းကိုင်လိုက်ရ၏။

"ဟလို"

"ဆရာ"

ခေါ်သံတိုးတိုးလေးကြောင့် ရင်ထဲမှာ ဒိန်းခနဲပစ်ဆောင့်၏။ ခေါင်းနားပမ်းကြီးသွားလိုက်တာလည်း နားရွက်နှစ်ဖက်က သွေးကို တစ်ပေစီကားထွက်သွားသလားထင်သည်။

မလုံ့လဲသောမျက်လုံးတွေက သူ ဖုန်းပြောနေတာပဲဆိုပြီး ပေါ့ပါးလွတ်လပ်စွာပြောခွင့်ပေးထားသည့် ချို့မျက်နှာလေးဆီ တန်းရောက်သွားသည်။

မစင်ကြယ်သော လျှို့ဝှက်ချက်တစ်ရပ်ကို ဖုံးကွယ်ဖို့ကြိုးစားနေရတာ မဟုတ်ပါလား။

"ဆရာ ဖုန်းမချလိုက်ပါနဲ့နော်၊ နေရီ လေ ဆရာ့ကိုမြင်နေလျက်နဲ့ တော်ရာကနေ စကားပြောခွင့်ရရုံလေးပဲ ကြိုးစားနေတာပါ"

"ဟင် ..."

မော်ကွန်း မျက်လုံးတွေ ဟိုရောက်ဒီရောက် ဖြစ်သွား၏။ ပြီးတော့ အားမရဘဲ ခါးက မသိမသာမတ်သွားကာ မျက်နှာက မျက်လုံးနောက်ပါသွားပြန်သည်။

"ကိုမော် ဘာဖြစ်လို့လဲဟင်"

"ဟင် ... မဖြစ်ပါဘူး၊ ဟို သိပ်မကြားရလို့ အဟွန်း"

"အပြင်ထွက်လိုက်ပါလား၊ ဒီထဲမှာ မှန်လုံနေတာကိုး"

"ရပါတယ်၊ ရတယ်၊ အင်း ပြော ပြော"

စိတ်ကိုတည်ငြိမ်အောင်ထိန်းလို့ရလိုက်ပေမယ့် မော်ကွန်း မျက်လုံး





တွေက မငြိမ်သက်ပေ။ ဘယ်မှာလိုက်ကြည့်ကြည့် နေရီနဲ့တူတာလေးကိုတောင် မတွေ့ပါ။

ပြီးတော့မှ သတိရသည်။ မျက်လုံးက အလှမ်းသိပ်မကွာသည့် ကားပါကင်ဆီ ရောက်သွား၏။ နေရီက ကားမစီးနိုင်ပေမယ့် ဟိုကောင်မလေးတစ်ခေတ်ဦးမှာ ကားတွေ ပေါမှပေါ။

ထို့ပြင် နေရီ ဒီလို တကောက်ကောက်လိုက်ကြည့်နေလောက်အောင် အသည်းမခိုင်တာ သူသိသည်။ ဒီနေရာထိရောက်နေတယ်ဆိုတာ ဘယ်သူ့လက်ချက်မှန်း တပ်အပ်သိလိုက်၏။

စိတ်က ဘယ်လိုမှမလုံခြုံတော့ပါ။ ထုံးစံအတိုင်း နေရစ်ပါမည်၊ ထားရစ်ခဲ့ပါ ဟူသော အရှုံးပေးစကားလေးတွေနဲ့ပဲ နေရီ က နှုတ်ဆက်သွား၏။

ဒါ ဘာလဲ၊ အရှုံးပေးတယ်ဆိုရင်လဲ နေခဲ့လိုက်ပေါ့၊ မကျန်ခဲ့နိုင်ဘူးဆိုရင်တော့ ရင်ဆိုင်ဖြေရှင်းကြရုံပဲရှိသည်။ ဘာမှမဟုတ်ဘဲ ဘာဖြစ်လို့နောက်က တကောက်ကောက်ပါနေရတာလဲ၊ ဟိုနေ့ကလည်း ဘုရားပေါ်မှာ တစ်ခါရှခါ သည်။

ကိုယ့်ကို ဘုမက မြင်နေရသည်တဲ့။

"ရှုံးခဲ့ပြီဆိုတာကိုသိပေမယ့် နေရီ က အရှုံးကိုပဲ ပီတိလိုစားသုံးဖို့ ကြိုးစားမှာပါ၊ ခဲဒါကြောင့် ဆရာ့ကို နာကြည်းဖို့လဲ မေ့တတ်အောင် ကြိုးစားခဲ့တယ်၊ ယုံပါ ဆရာ၊ ဆရာ့အတွက်က ခရီးတစ်ထောက်နားခဲ့တဲ့ ပင်ပျိုချုံ [illegible]လေးဖြစ်ချင်ဖြစ်မယ်၊ နေရီ့အတွက်ကတော့ အကိုင်းကိုပဲချိုးချိုး၊ အ[illegible]ကနေပဲလှဲလှဲ တွန်းလှန်ငြင်းဆန်နိုင်မှာမဟုတ်တဲ့ ပင်ပျိုပါ" တဲ့။

နေရီ့ကို ကရုဏာစိတ်တွေ ထားခဲ့ဖူးသည်။ ချစ်လည်းချစ်ခဲ့ပါသည်။ ဒါပေမယ့် ကိုယ်ဘဝထဲကို တစ်ထီးတစ်နန်းဆွဲခေါ်ပြီး ပွဲတော်ပန်းဝင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မဖြစ်နိုင်ပေ။

တစ်သက်လုံးဖုံးသမျှ ကုန်းကာမှပေါ် ဆိုတာမျိုးလည်း အဖြစ်မခံနိုင်။ 'မွှေးဖော်ကွန်း' ဆိုသည့် တည်ကြည်သန့်စင်ခဲ့သောဂုဏ်ပုဒ်ကို အစကနေ ခုချိန်ထိ တခမ်းတနားထားချင်သည်။ နောက် ဘယ်သောအခါမှလည်း ညှိုးဖျော့မှိန်ကျသွားမှာကို အဖြစ်မခံနိုင်။

အဓိကသည် နေရီ ဟာ သူ့အတွက် မပေဟသီတစ်ပါးတော့ မဖြစ်နိုင်တာ သေချာနေခဲ့သည့် မိန်းကလေး။

"သောက်လေ ကိုမော်၊ ဖုန်းဆက်တဲ့သူက ဘာပြောလိုက်လို့လဲ"

"ဟင်... ဟို ..."

ချို့ကလည်း သူ့မျက်နှာ အမူအရာတွေ ပျက်ယွင်းကုန်တာကို ရိပ်မိသွားပုံပေါ်ကာ ...

"ဖေဖေဆိုရင် အိမ်မှာ မိသားစုနဲ့နေတဲ့အချိန် ဒါမှမဟုတ် သူ့အတွက် အားလုံးထက် အရေးကြီးတယ်လို့ သတ်မှတ်တဲ့အချိန်တွေမှာ အနားမှာ ဟန်းဖုန်းမထားဘူး။ ဖေဖေ အိမ်မှာရှိနေတဲ့အချိန်ဆိုရင် ကြိုးဖုန်းကလာလဲ ကျန်တဲ့အိမ်သားတွေပဲ ကိုင်လိုက်ကြ[illegible]ယ်၊ ဘာပဲဖြစ်ဖြစ် နားနေတဲ့အခါ နားတဲ့စိတ်ပဲရှိတာကောင်းတာပေါ့"

မရိပ်မိရှာပါလား။ သူ ချို့ကို အားနာစွာကြည့်[illegible] မချိသွားဖြစ်မိသည်။ ပြီးတော့ ညီ ပြောသည့်စကားကို သတိရ[illegible]ည်။

"ညီကို ကိုလေး ပူနေဖို့မလိုဘူး၊ အခု ကိုဘေး[illegible]သမျှ ဘယ်ဘက်ကို သာသာထိုးထိုးဖြစ်နေသလဲဆိုတာလဲ ကိုလေး[illegible]သိမှာ၊ ညီကတော့ နောက်ထပ် ကိုလေးကိစ္စတွေနဲ့မငြိမိအောင်နေဖို့ပဲ ရုံးဖြတ်တယ်။ ကိုလေးလဲ မိန်းကလေးနှစ်ယောက်ကြားမှာ ယောကျ်ားတန်မဲ့ ပြေးပေါက်မှားရတဲ့အဖြစ်မျိုးမကြုံမိအောင်ရှောင်ပါ" တဲ့။





ပြောကြကြေးဆို ရည်းစားထားတတ်နေတာက ညီ ပဲဖြစ်သည်။ [illegible]ပေမယ့် ညီ ဆီက ဒီလိုပြဿနာမျိုးဖြစ်တယ်လို့ သူ တစ်ခါမှ မကြားခဲ့[illegible]ပါ။ သူ့ကျမှ ...

ပင့်သက်တစ်ရှိုက်ကို အင်အားတစ်ရပ်လို အားရပါးရရှိုက်သွင်းပြီးမှ အအေးတစ်ကျိုက်ကို ပါးစပ်ထဲထည့်လိုက်နိုင်၏။ ထိုစဉ် ...

"အမလေး အုံ့ပုန်းထမှ ပြည်ကြွတာ၊ ကြောင်သူတော်ကြွက်သူခိုး[illegible]တော့ ကြွက်စုတ်တောင် မချန်ဘူးတဲ့လေ"

"အဟွတ် ... အဟွတ် ... အဟွတ်"

"ကိုမော်"

ကျောနောက်က ကပ်ကြားလိုက်ရသည့်စကားသံကြောင့် ချညို[illegible]ည်နဲ့ မျိုချဖို့ပြင်ဆင်နေရသည့် အအေးတွေ လမ်းကြောင်းလွဲကာ [illegible] သူမနေရာကနေ သူ့ဆီကို ထလာတော့မတတ် ပျာပျာသလဲဖြစ်ရ[illegible]တော်လည်း ...

"ဟား ဟား ဟား၊ ထိချက်ပြင်းသွားတာလေ၊ အရှိုက်ကိုမှတ်ဘူး၊ [illegible]ည်မျိုကို ..."

" ခစ် ခစ် ခစ်"

မိန်းကလေးတစ်သိုက်က ခုမှ ဝင်ထိုင်ကြတာပါ၊ ကိုယ့်ကိုများ ပြော[illegible]နေတာလားဆိုပြီး မော်ကွန်း စိုးရိမ်တကြီးဖြစ်နေရတဲ့ကြားကပဲ ကောင်မ[illegible]လေးတွေဆီ ချို့ လှမ်းကြည့်မိ၏။

ဘယ်သူကမှ ဒီဘက်ကိုလှမ်းကြည့်တာမဟုတ်ဘဲ အသံအကျယ်ဆုံး[illegible]သည့်မိန်းကလေးက နက်ပျော့သောဆံနွယ်ကုပ်ကုပ်လေးနှင့်ဖြစ်[illegible] မော်ကွန်း နောက်တည့်တည့် ကျောချင်းကပ်လျက်မှာ ထိုင်သို[illegible]၏။

လွယ်အိတ်လေးတွေနဲ့မို့ တက္ကသိုလ်ကျောင်းသူတွေလား အပြင်



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းတစ်ခုခုကလား။ ကိုယ်မော်နဲ့တော့မသက်ဆိုင်နိုင်ပေမယ့် တို တိုက်ဆိုင်ဆိုင် ဒီမှာ ချောင်းဆိုးနေတုန်း ဟားတိုက်ရယ်နေကြသဖြင့် စိတ်ထဲမှာ ခိုးလိုးခုလုနှင့်။

"ကဲ နောက်မှရယ်၊ အခု စားသောက်တော့မှာ၊ ရှင့်မျက်မှန်ကြီး ချွတ်လိုက်တော့၊ သူများက နှစ်လုံးတည်းနဲ့ မှန်မှန်ကန်ကန်မြင်တ ရှင့်မှာ လေးလုံးတပ်ပြီး အမှောင်ဖုံးနေတာ၊ မျက်မှန်မြင်တိုင်း ဒေါသ ရတယ်"

မော်ကွန်း ကိုယ့်မျက်မှန်ကို ယောင်ယမ်းကိုင်မိတော့မတတ်ပ

တစ်ခေတ်ဦး ...။

ဒီအသံကို သူ မသိဘဲနေမလား။ ဒီကောင်မလေး နေရီ့ကို ဒီထိ သွားပုံခဲ့သည်။ သူက ကိုယ့်နားမှာ လာကပ်ပြီး အပြတ်အသတ်ဖွဲ့တော့

"ငေါ်။

အဝ ဒီအုပ်စုထဲမှာ နေရီ မပါဘူးဆိုတာ သူ ခန့်မှန်းမိသည်။ ဘယ်လို ရမလဲ။

"ကိုလေး ပြေးပေါက်မှားပြီ ညီရေ"လို့သာ အော်ပစ်လိုက်ချင် နောက်ကရယ်သံတွေကို ကြားနေရတုန်း ...

"သူ့ဟာသူ ရည်းစားလေးတစ်ယောက်ပဲပြတ်ပါတယ်၊ လွ လွတ်လပ်လပ် အသည်းကွဲပါစေဟယ်၊ နင်ကလဲ မျက်မှန်တပ်တာ ရည်းစားမကွဲအောင်ထိန်းနိုင်ရမယ်လို့ ..."

"အေးလေ"

"ကိုယ်ကချစ်နေတာပဲ၊ သူက သစ္စာဖောက်သွားတာ ဘာတတ် မှာလဲ"

"ဟုတ်တယ်ဟ၊ သူခိုးက ချို့မပါသလို မြာပွေချင်တဲ့လူတွေမှာ





မပါဘူးလို့ပဲ ပြောရမလား၊ သူတို့ပြောသမျှယုံပြီး အသည်းနှလုံး သိစာတွေ ပုံအပ်လိုက်တာနဲ့ သွားပြီ"

တစ်ယောက်တစ်ခွန်း ရိုက်ဆက်တွေညီနေကြပြီးမှ ခေတ်၏ မဲ့ရွဲ့ လေး ဟွန့်ခနဲထွက်လာကာ ...

"အဲဒါပြောတာပေါ့၊ အဲဒါ ရှိခဲ့ဖူးတဲ့ ဇာတ်လမ်းလေးကတော့ 'ခေါင်း ည့်ပုံဘုံနံဘေးမှာ စာရေးလို့ထားချင်တယ်'တဲ့၊ ငါသူငယ်ချင်းအတွက် စာရေးစရာနေရာလွတ် မရှိတော့ဘူးဆိုတော့ ငါ့ကိုကြည့်ကြပါ၊ ငါ ဖြစ်ကို အတုယူကြပါဟဲ့ ဆိုပြီး သူ့နဖူးမှာပဲ မော်ကွန်းတင်ပေးရတော့

မော်ကွန်း သတိလက်လွတ် ဆတ်ခနဲ ထ,ရပ်လိုက်မိ၏။

"ကိုမော်"

ချိုက စိုးရိမ်ကြီးသည့်မျက်နှာလေးနှင့် ဘေးကိုရောက်လာပြီး သူ့ က်ကို ဆွဲထားလိုက်၏။ သူမအထင်က နာမည်ကိုထည့်ပြီး စောင်းရိုက် နေတဲ့အထိ သည်းမခံနိုင်တော့သည်မို့ မော်ကွန်း ပေါက်ကွဲတော့ ည်ဟု ...

တကယ်က သူ ကယောင်ကတမ်းထ,ရပ်မိခြင်းပင်။ ချောက်ချား သည့်စိတ်က ဒီတိုင်း ဆက်ထိုင်နေလျှင် တစ်ခေတ်ဦး ဒီထက် ပို၍ ည့်တည့်ပစ်နိုင်းတော့မည်ဟု သေချာသိလိုက်သောကြောင့်ဖြစ်၏။ သူ ကားနားကို ပြန်ရောက်လာတဲ့အထိ ဒေါသလား၊ ချောက်ချား လား မသေချာသောလှုပ်ရှားမှုက မငြိမ်သက်ခဲ့သေး။

"အဲဒီကောင်မလေးတွေနဲ့ ကိုမော် က သိနေလို့လားဟင်"

"ဘယ်ကလာ ချိုရယ်"

ခါနဲ့များဆိုသည့် အပြုံးလေးနှင့် ချိုက သက်ပြင်းချ၏။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဘာသာ ပြောဆိုနေကြတာကို ဒေါသဖြစ်လိုက်ရင် ချီတို့ ပေါတောတောဖြစ်သွားမှာပေါ့။ ကဲ ဖယ်ပါ၊ ချို ပဲမောင်းပါမယ်၊ ရှင် လောက်ဒေါသတွေဖြစ်နေတာ ကားမောင်းလို့မဖြစ်ပါဘူး"

တကယ်ဆို ဒေါသမဟုတ်ဘူး၊ အဲဒါ ပရိဒေဝမီးတွေ ...။





## အခန်း(၆)

"မပြောချင်တော့ဘူး ခေတ်ရယ်၊ ငါ တောင်းပန်ပါတယ်"

"ရှိုးပါရဲ့လို့ ပြောရင်တော့ လက်မောင်းကို ပိတ်ထုပစ်မှာနော်၊ ပြော ပြောကြည့်"

ပြောမိတော့မည့်ပါးစပ်ကို အချိန်မီ ပြန်ပိတ်လိုက်ရ၏။ လက်ထဲ ည့်ပေးနေသည့် ဖုန်းကိုလည်း သူမလက်ထဲကို အမြန်လွှဲပြောင်းပေး သည်။

သို့သော် ဇခေတ် က မယူဘဲ နေရီလက်ဖဝါးကိုဆွဲဖြန့်ပြီး ပြန်ထည့် ကာ ...

"ငါတို့မိန်းကလေးတွေရဲ့ဘဝက ကိုယ့်ဘက်က ခြေတစ်လှမ်းမှား ပြီးပြီဆိုရင် တောင်းဆိုခွင့် မရှိတော့ဘူး၊ တုံ့ပြန်ဖို့လဲ မလွယ်တော့ အသွားမတော်တစ်လှမ်းဆိုတာ အသက်ကိုရော ဘဝကိုပါ ပြော



www.burmeseclassic.com

www.burmeseclassic.com



တာပဲဟာ၊ လူချင်းတူပေမယ့် အသက်ရှုချင်းကွာတယ်ဆိုတာ နင် ကြားဖူး မှာပေါ့၊ မိန်းကလေးတိုင်း အညာမလွယ်ကြပါဘူး။ ငါ နင့်ကို စော်ကား ချင်တာမဟုတ်ပေမယ့် ဒီအမှားမျိုးကိုမှားခဲ့တဲ့သူအဖြစ် ခွင့်မလွှတ်ချင် တာ အမှန်ပဲ နေရီ၊ အဲဒီထဲမှာ ကရုဏာစိတ်လေးဖြစ်နေမိတာကသပ်သပ်"

ဒီလိုစပြီဆို နေရီတို့ မျက်ရည်ဝဲပါပြီ။

"ပြောချင်တဲ့ အဓိကကို မရောက်သေးဘူး"

ငိုတော့မှာကို ကြိုသိလိုက်သဖြင့် ခေတ် က ချောက်ချောက်ချားချား ဆုပ်ကိုင်ထားရာသည့် နေရီ့ လက်ကလေးနဲ့ ဖုန်းကို ထပ်ဆုပ်ကိုင်ပြီး ခေါ်ဗို့ သတိပေးသလို လှုပ်ပေးလိုက်၏။

"ဖုန်းဆက်တာလောက်တော့ နင့်မှာ လုပ်ခွင့်ရှိတယ်၊ ပြီးတော့ ဖုန်း နဲ့ပဲဆက်ရတာဆိုပေမယ့် ဒါ ပေါ့သေးသေးလက်နက်လို့ မထင်နဲ့နော် ညင်သာစွာဖောက်ခွဲခြင်းလို့ပဲ မှတ်၊ ပေါက်ကွဲတာထက် ဖောက်ခွဲတာက ပိုပြီးပြင်းထန်တယ်၊ ပြင်းထန်တာထက် ညင်သာတာက ပိုထိရောက် တယ်၊ ရွှေမော်ကွန်းဆိုတဲ့လူဟာ နင့်ရဲ့ဖုန်းဝင်လာတိုင်း ကမ္ဘာပြိုမတတ် ချောက်ချားနေရမယ်၊ ဖုန်းသံလာမှာကို ရင်တထိတ်ထိတ်နဲ့ စိတ်ဒုက္ခ ရောက်နေတာမျိုးဖြစ်ရမယ်"

"ဖြစ်နိုင်ရင်တောင်မှ စိတ်အနှောင့်အယှက်ဖြစ်တာမျိုးပဲ နေမှာပေါ့ ခေတ်ရယ်၊ ငါ့ဖုန်းမှန်းသိတာနဲ့ တက်ခေါက်အံကြိတ်နေတာမျိုးတော့..."

"ဖနှောင့်နဲ့ထပေါက်ပေါက်ပေါ့ မယ်မင်းကြီးရယ်၊ ကိုယ့်ကို မကြင်နာ လို့ထားခဲ့တဲ့ယောက်ျားပဲ၊ သူ့ဆီက အကြင်နာတွေကို ရှင်က ဒီအချိန်မှာ မျှော်လင့်နေသေးလို့လား"

"ခေတ်ရယ် ငါက ချစ်ရတဲ့သူပဲဟာ၊ ကိုယ့်ကို မကြင်နာဘဲနဲ့..."

"တော်တော့ နေရီ၊ ငါပြောလိုက်ရင် နင့်မျက်ရည် ရာဝင်အိုးလောက်





မြှတ်ကျလာလိမ့်မယ်၊ အစကတည်းက ကိုယ့်ဘက်က တစ်ဖက်သတ် ချစ်နေရမှန်းသိရင် ဒီလိုကျူးလွန်မိတဲ့အထိ နင် မမိုက်မဲနဲ့ပေါ့"

"ပြောတော့ ခေတ်ရယ်"

မျက်ရည်ရာဝင်အိုးလောက်မကျပေမယ့် ပိုးပိုးပေါက်ပေါက်ကျလာ ကြသည့်မျက်ရည်တွေက ထိုင်နေသည့် သူမ၏ဒူးနှစ်ဖက်ပေါ်မှာ ချက် ချင်း စိုစွတ်သွားခဲ့၏။

အဆောင်မှာနေရင်း အလုပ်ပုပ်ရသည်။ အလုပ်လုပ်နေရင်း အဆင် မပြေလာသမျှကို ခေတ် ကပဲ ဒိုင်ခံဖြေရှင်းပေး၏။

ဟိုတုန်းက ပြောခဲ့ပါသေးသည်။

"မပြန်ချင်ပေမယ့် နင် ခဏတော့ပြန်သင့်တယ် နေရီ၊ ဟိုမှာ နင့် အမေက ပွဲရုံနဲ့ ကားနဲ့ ဟန်ဟန်ပန်ပန်မဟုတ်လား။ နောက်ဆုံး ကိုယ့်မိဘ ဆွေဝင်နေရင်း လစာပြန်ယူရင်တောင် ကျေနပ်ရသေးတယ်။ ပြီး တော့ နင့်အမေကိုလဲ အနီးကပ် ထောက်ပံ့ကြည့်ရှုနိုင်တယ်။ ဒီမှာဆိုရင် နင် တစ်ယောက်တည်းရယ်၊ မေမေတို့ဆုလဲ ငါနဲ့မလတ်ကို အိမ်ထောင်ချ ပေးလို့ချည်းပဲ တကဲကဲနဲ့ အခု မလတ်က ရွတ်ငြင်းနေတော့ ငါ့ဘက်လှည့် နေတာ သိလား၊ တကယ်လို့များ ငါ အိမ်ထောင်တွေဘာတွေပြုမိရင် နင့်ကို ခုလိုကြီး အချိန်ပြည့် အနားမှာ တိုးတိုးဖော်လုပ်ပေးလို့မရတော့ ဘူးလေ"

ပြောတာမှန်ပေမယ့် နေရီ ကလည်း ကိုယ့်ဝမ်းနာကိုယ်သာသိ ဆို သလိုပါပဲ။ အမေနှင့်လုံးဝ ဆက်သွယ်တာမကြိုက်ခဲ့သည့် အမေက သူ့ အလုပ်ကိုလုပ်နေပြီး အဖေ့ကိုထောက်ပံ့တာကို ဘယ်လိုကြည့်ဖြူမှာတဲ့ လဲ။

"နေရီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"တော်ပြီ မပြောတော့ဘူး၊ မျက်ရည်တွေသုတ်လိုက်၊ ဖုန်းခေါ်"

"ခေတ်"

"ခေါ်ဆိုခေါ်လိုက်ပါဟာ၊ ဒီမှာ ငါးပါးသီလဆိုတာ ဘာမှန်းမသိတဲ့ လူက မဟုတ်တာတွေ ဘယ်လောက်ပြောပြော၊ ဘယ်လိုလိမ်လိမ် တစ် နေ့ ကြက်တစ်ကောင်ကျ ရိုက်သတ်စားမယ်၊ ဒေါသဖြစ်ရင် လူသတ် တယ်၊ ဘာလုပ်လုပ် သူ လွတ်လွတ်လပ်လပ်ပျော်ပျော်ကြီး ကျူးလွန်နေ မှာပဲ၊ ဘာကိုကျူးလွန်ရင် ဘယ်အဖြစ်ခံရမယ်ဆိုတာမှ သူ မသိတာ အေး... သိတဲ့လူက ကြောက်တတ်တယ်၊ သိသိနဲ့ကျူးလွန်ပြီးရင် အဲ စိတ်က မိမိကိုယ်မိမိ ခြောက်လှန့်ပြီး နာရီစက္ကန့်နဲ့အမျှ ဒုက္ခပေးနေမှာပဲ ငါတမင်တကာ ဖုံရှဲ့ဝေဖန်နေပေမယ့် နွှေမော်ကွန်း ဆိုတဲ့လူက သိ ယုတ်မာတတ်တဲ့လူတော့ မဟုတ်သေးဘူး။ သူ မိကောင်းဖခင်သားသမီ ဝိသချင်လျက်နဲ့ အထင်မကြီးနိုင်တဲ့နင့်ကို ပယ်ချပစ်ခဲ့တာ"

ဟင်ခနဲ မော့လာသည့် နေရီ့ မျက်ဝန်းတွေမှာ မျက်ရည်လက်စတွေ နှင့် ဖြူဖြူနုနုသွယ်သွယ်နွဲ့နွဲ့လေးနှင့် ရွှေအဆင်းသဏ္ဌာန်ဟု တင်စား လောက်အောင်လှသော သူငယ်ချင်းလေးကို ခေတ် သနားသွားမိ၏။

ထို့ကြောင့် ပခုံးလေးကို သိုင်းဖက်ထားလိုက်ကာ ...

"ဆောရီးဟာ၊ ငါက နင့်ကို ကရုဏာဒေါသတွေဖြစ်လွန်းလို့ ဒါကို ခဏခဏထည့်ပြောမိနေတာ၊ နင့်ဘက်က မခံရပ်နိုင်တဲ့စိတ်နဲ့ပါဟာ"

"ငါ... ငါ သိတယ် ခေတ်ရယ်၊ ငါ အညာလွယ်ခဲ့မိတာပါ၊ ငါကိုယ် တိုင် မှားခဲ့တာ ငါ နားလည်တယ်၊ ယောက်ျားလေးတွေဟာ 'ရရင် ယူ ပဲ'ဆိုတဲ့ ကျောတဲ့စကားတွေနဲ့ မိန်းကလေးတစ်ယောက်ဆီက လ ကလေးဖြစ်ဖြစ်၊ ပါးကလေးဖြစ်ဖြစ် ယူမယ်၊ ဒီထက်ရရင် ဒီထက်ယူမှာ





ဒါပေမယ့် လိုချင်တာကို ရသွားတဲ့အခါကျတော့ အထင်ကြီးစရာမရှိတာ ဆိုတဲ့ မျက်လုံးစိမ်းတွေနဲ့ ထားရစ်ခဲ့ပြန်တယ်"

ပြောနေရင်း မျက်ရည်နှစ်စက် ဖြိုင်တူခုန်ဆင်း၏။ ၎င်းတာ မကြိုက် သည့်ခေတ်က ထိုမျက်ရည်တွေကို ပေစောင်းစောင်းကြည့်ပြီး တစ်ဖက် လှည့်ပစ်သည်။

"မရတာကိုမှ တန်ဖိုးထားတာ၊ ခက်ခဲတာကိုမှ မြတ်နိုးထိုက်တယ်လို့ သတ်မှတ်ကြတာ၊ မိန်းကလေးတစ်ယောက်ရဲ့ တန်ဖိုးဟာ ဒီမှာ ကွာသွား ကြတာပဲ"

"တော်ပြီလား နေရီ၊ တန်ဖိုးတွေယှဉ်ပြီး ချိန်ခွင်လျှာထွက်တဲ့အပေါ် မှာ အမှတ်ပေးဦးမလို့လား၊ သူ အထင်ကြီးအောင် ပြန်လုပ်ဖို့လဲ မလွယ် ဘူး၊ အထင်သေးနေတာကို ပြန်ဆွဲယူပြီး ပြင်ဆင်ချင်ပါတယ်ဆိုလဲ မရ တော့ဘူး။ ကိုယ်တိုင်လုပ်ခဲ့ပြီးတာကို နောက်ပြန်ကြည့်ပြီး ငိုချည်းပဲနေလို့ ဘာထူးမှာလဲ။ မှားတာ မှန်တာကို သုံးသပ်တာ ဒီလောက်ဆို တော်ပြီ၊ ရှေ့ဆက်ဖို့ကိုပဲ စဉ်းစားစမ်းပါ"

"ဒီကိုယ်ဝန်ကို ငါ မွေးမှာပဲ ခေတ်"

"မွေးရမယ်လေ၊ မွေးဖို့အတွက် အဖေရှာမှဖြစ်မှာ မဟုတ်ဘူးလား၊ ဒါ သေးနုပ်တဲ့ကိစ္စမဟုတ်ဘူး နေရီ၊ လိုအပ်ရင် လူကြီးတွေကိုအသိပေး ရမှာပဲ"

"အမလေး မလုပ်လိုက်ပါနဲ့"

"ဘာမလုပ်ပါနဲ့လဲ၊ နင့်အမေကို မပြောရရင်လဲ ငါအမေ့ကို ပြောပြ လိုက်မယ်၊ လူကြီးတွေက ဘာဖြစ်ဖြစ် ငါတို့ထက် ပြောရေးဆိုခွင့်ရှိတာပေါ့ လေ၊ ငါတို့ ဒီတိုင်းကြည့်နေလို့ကတော့ နွှေမော်ကွန်းက လက်လွှတ်သွား မယ်၊ နင် ဗိုက်တစ်လုံးနဲ့ကျန်ခဲ့မယ်၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်ရယ် ..."

"ဒါက ရိုင်းတာမဟုတ်ဘူး၊ အဖြစ်က ဒါပဲ၊ နင်က ရှေ့ကလဲမသွားဘူး နောက်ကလဲမလိုက်ဘူး၊ တွဲခေါ်တော့ ရုန်းနေတယ်၊ ငါ ဘယ်လိုလုပ်ရမလဲ"

"နင် ငါ့ကို စိတ်ကုန်နေပြီလားဟင်"

ဒီလိုမေးလိုက်ရာတော့လည်း သနားစဖွယ်၊ ဒါပေမယ့် ဒေါသလည်း ဖြစ်မိပြန်သည်။ ဒါ မေးစရာလား၊ ဒီလောက်ထိ စိတ်ကပျော့ဖတ်ခွေကျနေချင်တာ၊ တစ်ဖက်ကအင်အားထုကို ဘယ်လိုတုံ့ပြန်ထိုးဖောက်မလဲ ခက်ပါလား။

ထိုနေ့က မနည်းတိုက်တွန်းမှ နေရီ ဖုန်းဆက်ခြင်းသို့ရောက်လေသည်။ ရှိုက်သံတွေ၊ ငိုသံတွေနှင့်ရောထွေးနေသော အရှုံးပေးချစ်ခြင်းတွေကို နွေမော်ကွန်း ဘယ်လိုနားထောင်နေမည်တော့မသိ၊ ခေတ် ကတော့ နေရီ့ပခုံးလေးကိုထွေးဖက်ကာ မျက်ရည်တွေကို မချစ်ပေမယ့် တယုတယ သုတ်ပေးနေခဲ့မိသည်။ ပါးစပ်ကလည်း ...

"နင့်ကို ဘာခိုင်းလို့မှမရလို့ ဒီနည်းပဲသုံးရတာ နေရီရဲ့၊ နင်က အဲဒါ ပြောတတ်တာကိုး။ အရှုံးပေးပြီးသားလူကို ဘယ်လိုမှ အနိုင်တိုက်ခိုင်းလို့ မလွယ်ဘူး။ ရှုံးတာကို ရှုံးတဲ့အကြောင်းတွေပဲ ပြောနေပြီး အနိုင်ယူဖို့ကြိုးစားရုံပဲ၊ နင် အောင်မြင်မှာပါဟာ"





## အခန်း(၇)

"သားရေ ..."

မထူးပေမယ့် ဖြိုင်တူလှည့်ကြည့်လိုက်၏။ ဒီလို ဖြုန်းခနဲခေါ် လိုက်တိုင်း ဤသို့ဖြစ်ခဲ့၏။ ပြီးတော့ ချစ်သူ နှင့် မော်ကွန်း တစ်ယောက် တစ်နေရာဆီကနေ လှမ်းကြည့်မိကြသည်။

ချစ်သူ က ကွန်ပျူတာဂိမ်းဆော့နေတာဖြစ်ကာ မော်ကွန်း က ဖုန်းတစ်လုံးကိုင်လျက် ဝရန်တာဘက်ကနေ ပြန်ဝင်လာတာဖြစ်၏။

ဒေါ်သင်းမြတ်ကြူ က ဧည့်ခန်းထိပ်အဝင်ဝကနေ သားနှစ်ယောက်လုံးကိုမြင်လိုက်ပြီးမှ ရယ်ကာ ...

"သားကြီးကိုခေါ်တာ၊ သားကြီးကို ..."

ဟု ပြောရင်း အသံထွက်အောင်ရယ်၏။ ထိုအခါ မကြည်မလင် မျက်နှာနှင့် မော်ကွန်း က ဧည့်ခန်းရှိရာကို လှုပ်လီလှုပ်လဲ့လျှောက်လာ၏။ ဒေါ်သင်းမြတ်ကြူ က မော်ကွန်း လက်မောင်းကိုဆုပ်ကိုင်လိုက်ပြီး ဆိုဖာမှာအတူထိုင်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖိတ်စာတွေသွားအပ်ကြမယ်ဆိုပြီး သားကြီး ရောက်မလာလို့တဲ့ ဟန်းဖုန်းကလဲ မအားဘူး၊ သားက ဘာမှလဲအကြောင်းမကြားဘူး ဆို တော့ ချို စိတ်ပူနေတယ်"

ပြောပြီး ဒေါ်သင်းမြတ်ကြူ က မော်ကွန်း ကိုင်ထားသည့်ဖုန်းကို ငုံ့ကြည့်၏။

"သားက ဖုန်းပြောနေတာကို၊ အဲဒါကြောင့် ချို ခေါ်တာ မရတာ မျက်နှာလဲမကောင်းပါလား သားရယ်၊ ဘာဖြစ်နေတာလဲဟင်၊ နေမကောင်း ဘူးလား"

သားဖြစ်သူ အသက်သုံးဆယ်ရှိနေပေမယ့် ဒေါ်သင်းမြတ်ကြူ က ခုချိန်ထိ နဖူးစမ်း၊ လည်ပင်းစမ်းဖြစ်နေတုန်း။ မော်ကွန်း က မသိမသာ ဟိုဘက်လှည့်ပစ်ကာ ...

"ကျွန်တော် ဘာမှမဖြစ်ပါဘူး။ အလုပ်ကိစ္စတွေက မပြတ်တော့ မင်္ဂလာပွဲရက်မှာ စိတ်ညစ်စရာတွေဖြစ်မှာစိုးလို့ ရှင်းနေရတယ်၊ အဲဒါတွေ သူ့ကိုလဲ ပြောပြီးသားပါ"

"သြော်... သားရယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ရဲ့တစ်သက်မှာ တစ်ခါလာ ပဲရှိတဲ့အချိန်မှာတော့ အလုပ်တွေမအားလဲ အားလိုက်ရမှာပဲ၊ ရှုပ်နေတာ တွေရှိနေရင်လဲ ဖယ်ထားသင့်ရင် ဖယ်ထားရဦးမှာပဲလေ"

ရလို့ပေါ့ မေမေ။ ဒီမှာရှုပ်နေတာကို ဘယ်လိုရှင်းရမလဲ၊ တစ်နေ့ အခါနှစ်ဆယ်လောက်ဖုန်းဆက်ပြီး ဒုက္ခပေးနေတာကို ဘယ်လိုရှင်းရှင်း ရမှာမှမဟုတ်တာ။

"နွှေမော်ကွန်း ... ရှင် ဖုန်းနားမထောင်လို့ ချပစ်လိုက်ရင် အိမ် ဖုန်းတွေကိုခေါ်ပြီး တွေ့တဲ့လူကို ပြောခိုင်းမှာနော်၊ ဒါက မဖြစ်သာ လုပ်ရမယ့်အဆင့်ပဲ၊ အခုဟာက ရှင့်ကို ချစ်တဲ့အကြောင်းတွေပြော





ရင် ကျေနပ်ပါပြီဆိုပြီး မျက်ရည်ချောင်းပေါက်အောင်၊ မြစ်ဖြစ်အောင် ငင်လယ်ရှုံးအောင် ငိုနိုင်လွန်းလို့ ပြောလို့ရတဲ့နည်းကို လမ်းပြပေးလိုက် ရတာ၊ ရှင့် ဒီလောက်တော့နားထောင်ပေးလိုက်စမ်းပါ၊ ရှင် ယူသွားသမျှ ဒီလောက်လေးပြန်ပေးရတာ တန်ပါတယ်၊ ဟုတ်တယ်နော်"

တစ်ခေတ်ဦး၏စကားတွေက ဓားသွားတွေထက် ပိုထက်၏။ နေရီ ကြိတ်သံတွေကြောင့် စိတ်ဒုက္ခဖြစ်ရတာထက် သူမအသံကြားလိုက်ရတိုင်း ခိုကြီးပစ်ခွင်းခါနီးလာတဲ့ လျှပ်ရောင်ကို ကြောက်ရွံ့ မိသလိုမျိုးဖြစ်ရတာ အဆိုးဆုံးပင်။

"သားကြီး ဘာကိုပူနေတာလဲ"

ပြောနေရပေမယ့် စီးပွားဥစ္စာကို အမိကထားပူပန်နေသည့် သားဖြစ်သူအတွက် ဂုဏ်ယူကျေနပ်နေသည့်အပြုံးတို့က ဒေါ်သင်းမြတ်ကြူ မျက်နှာထက်မှာ အထင်းသားရှိ၏။

"သားတို့အဖေကြီးလဲရှိတယ်လေ၊ ညီလေးလဲရှိတယ်၊ မင်းညီက အခု နိုင်ငံခြားဈေးကွက်တွေ ဘာတွေတောင် နှံ့စပ်နေပြီနော်၊ ကလေး ထင်မနေနဲ့။ စင်ကာပူမှာ သူ့သား ဘယ်လိုအကွက်မြင်ကြောင်း၊ ဖအေ ဖြစ်သူက ပြောလိုက်တာမှ စုံနေတာပဲ၊ ပြီးတော့ ဖေကြီးက အားထား နေတာ၊ သားတို့ညီအစ်ကိုကို ဟိုမှာတစ်ယောက်၊ ဒီမှာတစ်ယောက် ချကျနန ဦးစီးဦးဆောင်ခိုင်းလို့ရပြီဆိုရင် သူ ရည်မှန်းခဲ့သမျှ ပြည့်စုံပြီ တဲ့၊ သားတို့အဖေကြီးက သူ့သားတွေကို သိပ်ကိုအားထားရှာတာ"

"မေမေ"

"ဟင် ပြောလေ"

မော်ကွန်းက ဒေါ်သင်းမြတ်ကြူမျက်နှာထက်က အပြုံးတွေကို အရဲ စိုက်ကြည့်ကာ ...



www.burmeseclassic.com

"တကယ်လို့ ကျွန်တော်က သိပ်ကိုဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးတစ်ယောက်ကိုပဲ ချစ်နေမိပါတယ်ဆိုရင် မေမေ သဘောတူနိုင်မလား"

ပြုံးနေသည့် ဒေါ်သင်းမြတ်ကြူမျက်နှာ ချက်ချင်း ပြောင်းလဲသွား၏။ တင်းမာသွားတာမျိုးတော့ မဟုတ်ပါ။ မထင်မှတ်သည့်စကားမို့ ဘာပြန်ပြောရမှန်းမသိလောက်အောင် အံ့သြသွားတာဖြစ်၏။

ဂိမ်းရှေ့မှာထိုင်နေသည့်ချစ်သူက ဖျတ်ခနဲနောက်လှည့်ကြည့်သည်။ ထိုမျက်နှာလှည့်လိုက်တာကို သိပေမယ့် မော်ကွန်း က လှည့်မကြည့်ပါ။ သူ သိချင်နေတာ မေမေ့ဆီက အဖြေ။

"ပြောလေ မေမေ"

"သားရယ်၊ သားမှာ ချစ်သူမရှိတာကို မေမေ သိနေသားနဲ့ ဘာတွေမေးနေတာလဲ။ ချို့ကို သားကိုယ်တိုင်လက်ခံပြီး သားတို့ ပျော်ပျော်ရွှင်ရွှင် သွားလာတိုင်ပင်နေကြတာလဲ အမြင်ပဲဥစ္စာ"

"တကယ်လို့ဆိုတာ ကျွန်တော်ပြောတာပဲ မေမေ၊ မေမေလဲ တကယ်လို့လို့ ထပ်ဖြည့်ပြီးဖြေပေးပါ။ ကျွန်တော် သိချင်လို့"

ဒေါ်သင်းမြတ်ကြူ မျက်နှာ အနည်းငယ်တည်တံ့သွားခဲ့ပြီး...

"ဒါဆို မေမေက မရေမရာမဖြေချင်ဘူး၊ သားကို အရင်မေးမယ်၊ သား က အဲဒီလိုအဆင့်အတန်းမျိုးထဲက မိန်းကလေး တစ်ယောက်၊ ႆ မှန်းခဲ့ဖူးလို့လား၊ ခုချိန်ထိပေါ့။ ချို့လို အားလုံးပြည့်စုံနေတဲ့ မိန်းကလေး ရှိနေတာတောင် စိတ်မဝင်စားနိုင်လောက်အောင် အဲဒီ တစ်ယောက်ကိုပဲ တမ်းတနေတာမျိုးရှိလို့လား၊ ဖြေပါဦး။ မေမေက သားကြီးမှာ ဒီလိုကိစ္စမျိုးတွေရှိနေလိမ့်မယ်လို့ မထင်တော့ လုံးဝကို ထည့်မတွေးခဲ့ဖူးဘူး၊ ရှိနေပြီဆိုရင်တော့ တစ်မျိုးပေါ့ကွယ်"

မပြောလိုတော့ပါ။ မေမေ့စကားတွေထဲမှာ ချောင်ပိတ်မိပြီး သူ ဘယ်





လိုမှအဆင်ပြေအောင် ထွက်ပေါက်ရှာနိုင်မှာမဟုတ်တော့ပေ။

'မင်းက ဒီလိုမိန်းကလေးမျိုးကို မှန်းနေသလား'လို့ မေးလိုက်ပါတော့ အမေ။

'မင်းကို အထင်ကြီးထားခဲ့တော့ ဒီလို ဘယ်ထင်မလဲလို့' ပြည့်စုံအောင်ပဲပြောလိုက်ပါ။ ခေါင်းတစ်ချက်ခါ၍ မျက်လွှာချလိုက်တော့ မြင်လွှာထဲမှာ သူ ဆုပ်ကိုင်ထားဆဲဖြစ်သည့်ဟန်းဖုန်းကို မြင်ရသည်။ တကယ်မြင်လိုက်တာက ဟန်းဖုန်းမဟုတ်ဘဲ ဆောင်းနေ့ရီ ဖြစ်နေ၏။

"အကြွေပန်းပေမယ့် သူများနင်းပြီးရင် နင်းသွားခံနေရမယ့်မြေမှာ နေချင်ဘူး ဆရာ၊ စမ်းရေထဲမှာ မျောချင်တယ်၊ မျောခွင့်ပေးပါ။ ဆရာ့လက်ခုပ်ထဲကရေပဲမို့ သာသာလေးသွန်ချပေးမယ်ဆိုရင်လဲ ကျေနပ်ပါတယ်၊ ခါထုတ်မပစ်လိုက်ပါနဲ့။ နေ့ရီ ဆရာ့ကို သိပ်ချစ်တယ်"

"ကျွတ်"

သူ သတိလက်လွှတ်ခေါင်းခါထုတ်မိတော့ မေမေက ပန်းကိုဆုပ်ကိုင်လိုက်၏။

"သား အဲဒီလို တကယ်ဖြစ်နေပြီလားဟင်၊ မေမေ့ကို ပွင့်ပွင့်လင်းလင်း ပြောပြစမ်းပါ"

နောက်ထပ် ချစ်သူ မျက်နှာ ဒီဘက်လှည့်လာတာကို မျက်ဝန်းထောင့်မှာမြင်ရပြန်သည်။ ပြောပြလိုက်လို့ တိုက်တွန်းချင်တာလား၊ မော်ကွန်း ခေါင်းခါပစ်လိုက်သည်။

"မေးကြည့်တာပါ"

www.burmeseclassic.com



## အခန်း(၈)

မိတ်ဆွေတစ်ယောက်နှင့်အတူ ဟိုတယ်၏ရှစ်ထပ်ကနေ ဆင်းလာခဲ့စဉ် ဟိုတက်ဓာတ်လှေကားကနေထွက်လာသည့်လူတွေဆီ မျက်လုံး ကရောက်သွား၏။

နိုင်ငံခြားသားနှစ်ယောက်နှင့် မိန်းကလေးတစ်ယောက်၊ သူမက တစ်ခေတ်ဦးပါ။

ဒါပေမယ့် သူ့ကိုမမြင်ပေ။ မော်ဒန်စိမ်းရောင် ကုတ်အကျီ ဘောင်းဘီနက်ပြာအရှည်နှင့်ဖြစ်ကာ ဆံပင်တစ်ခြမ်းကို နားရွက်နောက်မှာညှပ်ထားသဖြင့် တစောင်းဖြစ်သွားစဉ်မှာ နားသယ်စပ် ဆံယဉ်စလေးတွေ ရှိန်းမြနေတာကို လှစ်ခနဲမြင်လိုက်ရ၏။

ဆက်လျှောက်လာခဲ့ကြတော့ သူမတို့က ရှေ့မှဖြစ်လျက် သူနဲ့ ဂျေညီ က နောက်မှာ။





"ကြည့်လှချေလားဟာ၊ ရှေ့မှာ တစ်စုံတစ်ရာရှိနေရင် ခလုတ်တိုက်နိုင်တယ်"

ဂျေညီက သူ့မျက်လုံးတွေကို အမိဖမ်းပြီး ရသည်။ ချစ်သူကတော့ ရှက်နှာမလွှဲပါ။ သူမ၏မျက်နှာလေး သုံးချိုးတစ်ချိုး လှည့်လာလိုက်၊ ဆံနွယ်တွေ နွဲ့ခနဲလှုပ်ယမ်းပြီး ကွယ်ကျသွားလိုက်ဖြစ်နေသမျှ အားလုံးမှာ ကပ်ငြိနေခဲ့၏။

ဂျေညီ က သူ့မျက်လုံးတွေကို ဘယ်လိုအမိပွာယ်ကောက်သွားသည်မသိဘဲ သူ့ဘာသာ ဆက်ပြောနေသည်။

"ကောင်မလေးနာမည်က တစ်ခေတ်ဦး တဲ့၊ ဒီဟိုတယ်ပိုင်ရှင် ဦးတက်ခေတ်ရဲ့ တစ်ဦးတည်းသောသမီး"

"ဒါနဲ့ ဒီဟိုတယ်က နိုင်ငံခြားနဲ့ ဖက်စပ်ဆို"

"အေးလေ၊ ဦးတက်ခေတ် က မောင်နှမသုံးယောက် ရှိတာ၊ မြန်မာပြည်မှာ သူတစ်ယောက်ပဲ အမာခံရှိတာလေ၊ ကျန်တဲ့နှစ်ယောက်က တစ်နေရာစီမှာ။ နိုင်ငံခြားဖက်စပ်လုပ်ငန်းဆိုတာလဲ သူတို့ မောင်နှမတွေပဲပေါ့။ ပြီးတော့ နိုင်ငံခြားမှာ ရောက်နေကြပေမယ့် ဟိုလူတွေက သူတို့သားသမီးတွေကို မြန်မာပြည်မှာပဲထားတာ၊ အားလုံးကို ဦးတက်ခေတ်ကပဲ ထိန်းကျောင်းထားတာလေ၊ လုပ်ငန်းထဲမှာ မောင်နှမတွေပိုင်ကြပေမယ့် တခြားမောင်နှမတွေလို ငွေမှငွေ၊ စီးပွားခွဲခြားပြီး တွက်ချက်နေကြတာမျိုးမဟုတ်ဘူး။ ဦးတက်ခေတ်တို့မောင်နှမတွေကစပြီး ဒီ သားသမီးတွေအထိ မောင်နှမချင်း သိပ်ချစ်ကြတာ၊ မောင်နှမဝမ်းကွဲ၊ ညီအစ်မဝမ်းကွဲ ပြောတာတောင် မကြိုက်ကြဘူး၊ အဲဒီလို စည်းလုံးမှုရှိကြလို့လဲ သူတို့လုပ်ငန်းက ဒီလိုအောင်မြင်လာတာပေါ့"

"မင်းက သိလှချေလား"



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ကွ၊ ငါက ဝန်ထမ်းပဲ၊ ကိုယ့်သူဌေးအကြောင်းမှမသိရင် အလကားဖြစ်သွားမှာပေါ့"

သူတို့ လက်ဝဲဘက်အထပ်ချိုးတစ်ခုမှ ကွေ့လိုက်တော့ ခေတ် က မှန်ချပ်တွေကနေ လှမ်းမြင်နေရသည့် ရန်ကုန်မြို့၏ သမိုင်းဝင်လှသော မြင်ကွင်းများကို လက်ညှိုးထိုးညွှန်ပြရင်း ပါးစပ်ရော လက်ရော ရှင်းလင်းပြောပြနေတာ တကယ်စိတ်ပါလက်ပါ။

လက်ခုပ်တီးတာမဟုတ်ဘဲ လက်ဝါးနှစ်ဖက်ထိထပ်ကာ ခိုးခိုးခစ်ခစ် ရယ်လိုက်တော့ ပါးမို့လေးတွေပေါ် သွားပြီး သွားတန်းလေးတွေကလည်း ရယ်နေတာကြောင့် ပို၍ချစ်ဖို့ကောင်းသွား၏။

"မထင်ရဘူး တကယ်"

"ဟင်... ဘာလဲ"

ချစ်သူ က လွှတ်ခနဲပြောပြီး ပခုံးနှစ်ဖက် တွန့်၏။ မြင်နေရတဲ့ပုံက အလွန်ဖော်ရွေပြီး ချစ်ခင်ဖွယ်ကောင်းသည့် မိန်းမငယ်လေးတစ်ယောက် လို...။

ဘယ်လောက်စွာတေးလန်လိုတ်လဲ၊ ဘယ်လိုဇတ်ဇတ်ကြသလဲ၊ ဒါတွေကျတော့ ဘယ်သူမှမသိ။ ပြီးတော့ ကိုယ်နဲ့ပတ်သက်တာလည်း မဟုတ်ဘဲ ရွာစော်ပွဲကြီးဝင်လုပ်နေတာမျိုး။

ပြုံးနေသည့်နှုတ်ခမ်းက မဲ့ခြင်းသို့ရောက်သည်။ စူးစိုက်ကြည့်နေပြီး မှ မျက်နှာခပ်လွှဲလွှဲဖြစ်ကာ ...

"အဲဒီကောင်မလေးအကြောင်း မင်း ဘာသိသေးလဲ"

"သိတာပေါ့၊ အရမ်းသဘောကောင်းတယ်"

"ဪ ..."

"အခု ကြည့်ပါလား၊ ဟိုတယ်ဝန်ထမ်းလိုပဲ ဝတ်စုံဝတ်မထားပေ





ဆို့ သူဌေးဝိုက်ဆိုက်နဲ့မလာဘူး၊ အလုပ်သမားတွေအပေါ် နူးညံ့တယ်၊ ရစိုက်တယ်၊ အခု သူ ခဏတစ်ဖြုတ်ပဲလာပေမယ့် သူ့ကို ဒီမှာ ဦးစီး ဆောင်ပြုစေချင်ကြတဲ့ ဝန်ထမ်းတွေ အများကြီးပဲ၊ အရွယ်ငယ်ပေမယ့် ညာထည်တယ်ကွ၊ နိုင်ငံခြားဘာသာစကားတွေလဲ ကျွမ်းကျင်တယ်"

ဒီလောက် နိုင်ငံခြားအသိုင်းအဝိုင်းတောင့်တင်းရှာတော့ ကျွမ်းကျင်မှာ ပေါ့ ဆန်းလို့လား။

"သူဌေးက သူ့ကို အငယ်ဆုံးလေးဆိုပြီး မခိုင်းပေမယ့် ဆရာအောင် ဆိုပဲ သူ လုပ်နိုင်တယ်၊ ဟိုကွာ ဒီလုပ်ငန်းကို ဝါသနာပါတယ်ဆိုတာ ရောက်လာတဲ့အခါတိုင်း သူ ဝင်ဝင်လုပ်သွားတဲ့ပုံတွေကိုကြည့်တာနဲ့ သိတယ်"

"ဆရာအောင် ဆိုတာကရော ..."

"သူ့အစ်ကိုဝမ်းကွဲလေ၊ ဘယ်သူက ဘယ်လိုမွေးထားလဲတော့ မသိ ဘူးကွ၊ သူက တစ်ဦးတည်းသောသမီးပါ။ အဲဒီမှာ အတူတူနေကြတာက ဆရာအောင် အဲ... ကိုအောင်ကောင်းသွင်၊ ပြီးတော့ မသီတာခြိမ့်၊ ပြီးမှ သူ အားလုံး အတူတူနေကြတာ။ ဆရာအောင်ရဲ့ ဖနိုးနဲ့သားတောင်မှ ထွက်သွားတာမဟုတ်ဘူး။ ခုထိ အတူတူပဲ၊ အရမ်းကို အေးချမ်းစည်းလုံး ကြတဲ့ မိသားစုပေါ့ကွာ။ သူ့ကို အစ်ကို့အစ်မတွေတင်မကဘူး အဲဒီ ဆောင်းမကလဲ ချစ်တာပဲ"

"မင်းလဲ တော်တော်သဘောကျပုံရတယ်၊ သူ့အကြောင်း တော် တော်ကြီးကို စိတ်ဝင်တစားရှိတယ်"

"ဟိတ်ကောင်"

ရှေ့မှာနိုးနေပြီမို့ ကျော်ညီ က တံတောင်နဲ့တိုက်ပစ်လိုက်ပြီး ထိတ် ထိတ်ပျာပျာ တားဆီး၏။



www.burmeseclassic.com

www.burmeseclassic.com



“မင်း စိတ်ဝင်စားနေမှန်းသိလို့ ပြောပြတာ ခွေးကောင်၊ အဲဒီ တ
ယောက်က သဘောကောင်းပေမယ့် ပြောစရာရှိရင် အားနာတတ်တ
မဟုတ်ဘူး၊ ငါ့ထမင်းအိုးကို မခွဲနဲ့”

“ဟား ဟား”

ချစ်သူ က ခပ်အုပ်အုပ်ရယ်ပြီး သူမတို့ဘေးကနေဖြတ်လျှောက်သ
ခဲ့၏။ ဂျေညီ က ခေါင်းငုံ့ထားပြီး ခပ်သွက်သွက်။

သူကတော့ ခြေလှမ်းကိုနှေးချလိုက်ပြီး သူမရှေ့ကျမှ အနီးကပ်
တည့်တည့်ငဲ့ကြည့်ပေးလိုက်သည်။

“ဟင် ...”

အင်္ဂလိပ်ဘာသာစကားနှင့် ဟန်ကျပန်ကျရှေ့ဆက်နေသော စကာ
သံလေး တိခနဲတိတ်ကျသွား၏။ ခဏလေးပဲဖြစ်ကာ ဟန်မပျက် ဆ
ပြောနေတော့ ချစ်သူ ပြုံးလိုက်မိ၏။ သိတာပေါ့၊ ချာတိတ်မ ခေါ
လေပွေ မွှေနေပြီဆိုတာ ...

ဒါက သူမပိုင်သည့်မြေ၊ သူမရဲ့နေရာ။ ကန်တော်ကြီးဥယျာဉ်ထဲ
ပုပ်စော်နံလို့ ရွှေပါမပြောင်းပါ ချက်ချင်းကြီးထဖြစ်သည့် ပုံရိပ်တွေကို သ
ရကာ ခုလောက်ဆို သူ့ကို ကိုင်မြှောက်လွှင့်ပစ်ချင်စိတ်တွေဖြစ်နေ
တာ တွေးမိတော့ ရွှ့ချင်သွားမိသည်။ ထို့ကြောင့် လှေကားအဆင်းလေ
ကို ရောက်ပေမယ့် မဆင်းဖြစ်ဘဲ နောက်ပြန်ငဲ့ကြည့်လိုက်သေးသည်

ခေတ် က သူ့ကိုမကြည့်ပါ။ စောစောက သူနဲ့ မျက်လုံးချင်းဆုံ
သတ်ချင်ဖြတ်ချင်သည့်အရိပ်တွေ ဖြစ်ခဲ့သည့်မျက်နှာမျိုးနဲ့လည်းမဆို
ပေါ့ပါးစွာရယ်မောနေ၏။

ထိုနှစ်ယောက်နှင့်အတူ ဆက်လျှောက်လာပြီး သူ့နားကနေ တစ်
ကပ်ကျော်ထွက်သွားတဲ့အထိ တစ်စက်လေးမှ ငဲ့မကြည့်။





“ချစ်သူ”

“ဘာလဲ”

“မင်းမျက်လုံးကြီးက စကားတွေပြောနေသလိုပဲ၊ သူ့ကို သိနေလို့
လား”

ဂျေညီ က ကပ်မေး၏။ ချစ်သူ နှုတ်ခမ်းစေ့၍ မဲ့သည်။

“မင်း ငါ့ဆီလာတာ သူ့ကြောင့်လား”

ထပ်မေးတော့မှ ခေါင်းညိတ်၏။

“ဟုတ်တယ်၊ ဒါပေမယ့် လမ်းကြုံလို့ဝင်တာလဲပါတယ်၊ သူ ဒီထဲကို
ဝင်ဝင်သွားတာ နှစ်ခါမြင်ထားလို့ ပိုပြီးဝင်ဖြစ်သွားတာပေါ့”

“ဒါများကွာ ...”

“မဟုတ်ဘူး”

“ဘာမဟုတ်တာလဲ”

“မင်းရဲ့ ဒါများကွာဆိုတာကြီး ...”

လှေကားလေးရဲ့အဆုံးကိုဆင်းလိုက်ပြီး အောက်ခန်း၏ဆလင်ဒါပုံ
ကွက်ထဲကို ငုံ့ချောင်းကြည့်လိုက်တော့၏။ ခေတ် တို့ကို မမြင်တော့ပါ။

“ဒါ ဘယ်နှစ်ထပ်လဲ”

“ခုနစ်ထပ်ပဲရှိသေးတယ်၊ ဒီလှေကားက ဟိုတယ်တစ်ထပ်မှာ
ချိုးစီပါပေမယ့် ပုံမှော်စင်လိုပေါ့ကွာ၊ အဆုံးထိဆင်းသွားလဲ ဆလင်
ဒါပုံအတိုင်း အောက်ကိုရောက်သွားမှာပဲရှိတယ်၊ အထဲကို မရောက်ဘူး”

“တော်တော်သေသပ်တာပဲနော်၊ အပြင်ကြည့်တော့ ဟိုတယ်က
ဆလင်ဒါပုံမှမဟုတ်ဘဲ၊ အထဲမှာကျတော့ မှန်ခုံးတွေချည်းပဲ”

“စိတ်ဝင်စားသွားလား”

“မဝင်စားခဲ့ဖူးဘူး၊ ငါက လူအများရဲ့စိတ်အလိုလိုက်ပြီး ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပေးဖို့မပြောနဲ့ ရည်းစားထားတာတောင်မှ ကွိစိကွစတွေ သိပ်လု[…]
လာရင် စိတ်က သိပ်ရှုပ်တာမဟုတ်ဘူး”

“သိပါတယ်”

“ဒါပေမယ့် ဒီအဆောက်အအုံ တည်ဆောက်ပုံကိုတော့ စိတ်ဝင်စာ[…]
တယ်။ သိုသိုသိပ်သိပ်နဲ့ ကျစ်လျစ်တယ်။ ဖေဖေ ဘဏ်ခွဲအတွက် က[…]
ထရိုက်အပ်လိုက်တဲ့ ဖောင်ဒေးရှင်းနဲ့ လုံးဝကွာနေလို့”

“ဟုတ်လား။ ငါက အဆောက်အအုံပိုင်ရှင်လေးကိုများ ဝင်စားတာ[…]
လားလို့”

ပြောပြီး ရယ်နေသည့်မျက်နှာ ချက်ချင်းတည်သွားသည်။ ပြီးတော့[…]
လျှောက်လက်စခြေထောက်တွေ ရပ်သွားကာ ...

“ဟာ ... ခဏ... ခဏလေး ချစ်သူ”

လက်ကာ ခေါင်းခါဖြစ်သွားပြီး သူ့အင်္ကျီအိတ်၊ ဘောင်းဘီအိတ်တွေ[…]
မှာ ဟိုစမ်းဒီစမ်းနှင့် အလုပ်ရှုပ်သွားသည်။ ထွက်လာတော့ သော့တွဲ[…]
တစ်တွဲ။ သော့တွဲကိုမြှောက်ကြည့်ကာ မိုးကြိုးပစ်ခံရတော့မည့်နှယ်[…]
မျက်လုံးကြီးပြူးသွားကာ ...

“ဒါ...ဒါ ပေးခဲ့ဖို့ မေ့နေတယ် ကြည့်စမ်း၊ ပြန်များတက်သွားကြ[…]
လားမသိဘူး။ ခဏကွာ... ခဏလေးစောင့်၊ ဒါမှမဟုတ်ရင် မင်း အရ[…]
ဆင်းနှင့်၊ ငါ ဓာတ်လှေကားနဲ့လိုက်ခဲ့မယ်”

ဟု ပြောနေရင်း လှစ်ခနဲပြန်လှည့်ပြေးလေသည်။ သူ ခဏရပ်နေပြ[…]
မှ သဘောကျသလိုပြုံးကာ လှေကားထစ်လေးတွေကို တစ်ချိုးပြီးတစ်ချိုး[…]
ကွေ့ချိုးဆင်းလာခဲ့၏။ ထိုစဉ် ...

“ပြောတဲ့အတိုင်းလုပ်နော်၊ ခုနစ်ထပ်တစ်ထပ်လုံး စက်နဲ့ဖြစ်ဖြစ်[…]
လက်နဲ့ဖြစ်ဖြစ် အားလုံး ပိုက်စိပ်တိုက်ပြီး ဆေးကြောသန့်ရှင်း၊ အမှေ့[…]





[…]သာဖျန်း၊ ရွံစရာကောင်းတဲ့အနံ့အသက် ဘာမှမကျန်စေနဲ့”

ချစ်သူ ခြေလှမ်းတုံ့သွား၏။ ပြောနေသံက ကိုယ့်ရှေ့နားက ကပ်ကပ်
[…]သားဖြစ်ကာ လိုက်ကြည့်တော့ လူရိပ်ပင်မမြင်။ သူ အကြာကြီးနားစွင့်
[…]ပြီးမှ တစ်လှမ်းချင်းဆက်လှမ်းခဲ့စဉ် နောက်နေလှေကားတစ်ချိုးမှာ
[…]ထမ်းမိန်းကလေးသုံးယောက် ဘယ်တုံခါ၊ ဘယ်နေရာကနေ ထွက်
[…]ကြမှန်းမသိ။

တကယ်တော့ ဒီပတ်လမ်းက တည်းခိုသည့်ဧည့်သည်တွေ အနှောင့်
[…]ယှက်မဖြစ်ရအောင် ဝန်ထမ်းတွေ သွားလာဖို့ သီးသန့်ထုတ်ထားပေး
[…]ဖြစ်နိုင်သည်။

ခုချိန်ထိ ဧည့်သည် တစ်ဦးစ၊ နှစ်ဦးစလောက်သာမြင်ရပြီး လူသွား
[…]လာ ကင်းရှင်းနေ၏။

တစ်ခေတ်ဦး ...။

ဒါ ကိုယ့်ကို သူမက လှမ်းမြင်ပြီး တမင်ပြောချလိုက်တာမှန်း အသိ
[…]ကြီးပါ။ ဒါပေမယ့် လူကိုဖမ်းလို့မမိတာက ခံရခက်နေမိသည်။

သူ ဆက်၍လှမ်းနေပေမယ့် ခြေလှမ်းတွေက လေးလံနှေးကွေးနေခဲ့
[…] ထိုစဉ် သူ့နောက်ကျောဘက်က ရေမွှေးနံ့တစ်ချက်နှင့် လှုပ်ရှားမှုကို
[…]ကိုထားမိကာ လှည့်ကြည့်လိုက်မိလျှင် ...

“ဟိတ်”

တစ်ခေတ်ဦး ကိုလှမ်းမြင်လိုက်သဖြင့် ချာခနဲ နောက်ပြန်လှည့်ရင်း
[…]ပ်ကလည်း လှမ်းခေါ်လိုက်မိ၏။ ခေတ် က စောစောက မိန်းကလေး
[…]ထွက်လာသည့်ထောင့်ကွယ်ကနေပဲ ထွက်လာတာဖြစ်ကာ အပေါ်
[…]တက်ဖို့သွားနေပြီဖြစ်သည်။

သူမကလည်း သူရှိနေသေးတာကို သိပုံမပေါ်ဘဲ နောက်လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မျက်နှာလေးတင်းသွား၏။ ထို့နောက် အေးစက်စက်လှည့်ကြည့်ပြီး လက်ပိုက်ကာ ...

"ရှင် တော်တော်ခြေရှည်တဲ့လူပဲ၊ ညှိသည်က ညှိသည်ဝင်ထွက်တဲ့လမ်းက ဝင်ပါလား၊ ဒီထိ နိုက်နိုက်ချွတ်ချွတ် ဘာလာလုပ်တာလဲ"

'ဘာလာလုပ်တာလဲ'ဟု မေးလိုက်တော့ မေးဆတ်၍ မျက်ခုံးကိုလည်းပင့်လိုက်သေးသည်။ ခံစက်စေခြင်းဝေဒနာကို ရိုက်ပုတ်နှိုးဆွ သည့်ဟန်ပန်တွေပင်။

သူမက လက်ပိုက်ရပ်နေတာမို့ ချစ်သူ လျှောက်သွားတော့ မျက်နှာချင်းဆိုင် လက်တစ်ကမ်းအကွာလောက်မှာ နေရာယူပြီးဖြစ်ကာ ...

"မင်း စောင်းမြောင်းနှိမ့်ချတာကို နားဝင်ချိုလွန်းလို့ မင်းရှိတဲ့နေရာကို ရောက်အောင်လာတယ်လို့များ ထင်နေလား"

"ဘာစောင်းမြောင်းတာလဲ၊ ကျွန်မ ရှင့်ကို တည့်တည့်ပြောနေတာ စောင်းမြောင်းတာ တစ်ခုမှမပါဘူး။ ရှင်တို့ ဘာလဲဆိုတာ ကိုယ့်ကိုယ်ကို သိနေတာပဲ၊ ကျွန်မ ဘယ်သူ့ကိုပြောတယ်ဆိုတာလဲ သူများ သိသိ မသိသိ ရှင်တို့သိရင် ပြီးတယ်"

"မသိဘူး၊ မင်း ဒီလောက်ထိ စက်ဆုပ်ရွံရှာနေတာ ဘာကြောင့် ဘာကြောင့်ပါဆိုတဲ့ အကြောင်းပြချက် မခိုင်လုံရင်တော့ မိန်းကလေး တစ်ယောက်က ဒီယောက်ျားကိုမြင်တိုင်း အကြောင်းမဲ့ ပြုစုရန်ရှာ တာမျိုးဟာ ..."

"ရှင့်ပါးစပ်ကြီးကို မြန်မြန်ပိတ်လိုက်စမ်းပါ"

ခေတ် က တကယ်ကိုအရေးတကြီးတားမြစ်နေသည်။ ပြီးတော့ သူမကိုယ်ကို ပွတ်သပ်ခါချပစ်နေလျက် ...

"ဒီမှာ အိပ်မက်ထဲမှာပါလာရင်တောင် လှော်ပစ်လိုက်ဦးမယ်၊ ရှင်





ပေါ်ရင်နေ"

ခေတ် က နောက်ကို ခြေတစ်လှမ်းဆုတ်ကာ လှေကားအောက်ဆုံးထစ်ပေါ် နောက်ပြန်လှမ်းတက်လိုက်ပြီးမှ ...

"ရှင်တို့ညီအစ်ကိုနဲ့ ပတ်သက်ပြီး ..."

"နေဦးလေ၊ မင်း စ,ပြောခဲ့တာ ကိုလေးနဲ့ပဲပတ်သက်တာမဟုတ်ဘူးလား၊ ဘာလို့ ကိုယ့်ကိုဆွဲထည့်တာလဲ"

"ရှင့်အစ်ကို ပွဲတက်မယားရရှိရေးအတွက် လုံးပမ်းနေရတော့ သူ့လိုအပ်ဘူးထင်တာတွေကို ရှောင်စေရှားစေလုပ်နေတယ်လေ။ နေဝင်သရော နွားရိုင်းသွင်းချိန်မှာ သံပုံးတီးပြီး သရဲနှင်သလိုပေါ့။ ဒါပေမယ့် ဆောင်းနေရီက အစိမ်းသရဲမဟုတ်ဘူး။ ယောက်ျားနဲ့မိန်းမ ငြိစွန်းသွားခဲ့ ပြီဆိုရင်လဲ သချိုင်းအတွက်မှားသလို ဖျက်လို့ပြင်လို့မရဘူး။ ပြင်လို့မရတား နိုင်လို့မရတာတွေကို သူက မသိချင်ယောင်ဆောင်နေတော့ သတိပေးရ တာပဲ၊ ချောင်းဟန့်လို့မှမသိရင် လက်တို့မယ်၊ လက်တို့တာကို ဂရုမစိုက်ရင် ဆွဲလိမ်ရမှာပဲ၊ အဲဒါလို မသိသေးဘူးဆိုရင်တော့ ..."

"တစ်ယောက်က တာဝန်မသိတာ၊ မသိဟန်ဆောင်တာ ဘာဖြစ်ဖြစ် တစ်ခုခုတော့ သူဖြစ်နေမယ်။ တစ်ယောက်က သိစေချင်လို့ ကြိုးစားမယ်၊ တစ်ဖက်က သဘာဝကျပါတယ်၊ ဒါပေမယ့် အဲဒီတစ်ယောက်က ကာယကံ ရှင်ပဲ ဖြစ်သင့်တယ်လေ"

ချစ်သူက ခေတ် ကို စေ့စေ့ကြည့်ပြီး အပိုင်တွယ်သည်။ ခေတ် က အမှုမစိုက်စွာမဲ့၏။

"သူယောင်မယ်ကိုမြင်ဖူးပေမယ့် သူက သူယောင်မယ်လေးလိုပဲ။ သူ့ဘဝ၊ သူ့ကမ္ဘာထဲမှာ အေးအေးချမ်းချမ်း ရှိသားစွာနေတာ၊ ယောက်ျား တစ်ယောက်ရဲ့ တစ်ခဏတာသာယာမှုအတွက် သူ့ဘဝကိုပုံချပေးဆပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာတောင် ကျေနပ်နေတုန်း"

ချစ်သူ က မရယ်ချင်ဘဲ အသံထွက်အောင်ရယ်သည်။ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲထည့်လိုက်ပြီး ပခုံးတွန့်၍ ...

"ပေးတယ်၊ ယူတယ် ဆိုတာတွေက ကာယကံရှင်တွေ ကျေနပ် ကြည်ဖြူကြတဲ့အပိုင်းပဲကွ။ ဒီထိ မင်းနဲ့ဆိုင်တာ ဘာမှမပါသေးပါလား"

ဒီတစ်ခါ မျက်နှာလေးနီမြန်းသွားသည့်သူက ခေတ် ပဲဖြစ်သည်။ ကလေးပေါက်စလေးတွေ အာခေါင်ခြစ်ငိုတဲ့အခါ မျက်ခုံးတန်းလေးတွေ နီရဲလာတတ်သလို ခေတ်၏မျက်ခုံးတန်းတို့ဝန်းကျင်မှာ နီညိုညိုလေး ဖြစ်ခဲ့လျက် ...

"ကျွန်မသူငယ်ချင်းဖြစ်နေတာက ကျွန်မနဲ့ လုံးဝသက်ဆိုင်တယ်၊ ယူဆတဲ့အတွက် သူ့ရဲ့ညီဖြစ်နေတဲ့ ရှင့်ကို ကျွန်မက တိုက်ရိုက်စွပ် တယ်၊ အဲဒါ ဘာဖြစ်လဲ၊ အစ်ကိုက အုံ့ပုန်း၊ ညီက ပုလင်းတူဘူးဆို"

"ဟေ့ ..."

"ဆက်နားထောင်ဦး၊ ရှင့်အစ်ကို လူမဆန်တာကိုသိရက်နဲ့ ရှင်က ကာကွယ်နေတာ သေချာတဲ့အတွက် ရှင့်ကိုပဲပြောရဦးမယ်၊ ကိုယ် မသက်ဆိုင်သလိုပုံနဲ့ ဒီလိုဖြတ်တောက်ရှောင်တိမ်းနေမယ့်အစား နေ ကို လာတွေ့ပါ။ သူ ကျေနပ်အောင် ရှင်းလင်းဆွေးနွေးပြီးမှ ကိုယ့်ရှေ့ရေး ကို စဉ်းစားပါလို့၊ မဟုတ်ရင်တော့ ရှင်တို့ရဲ့ လက်ထပ်ပွဲကို မစ,ရသေးဘဲ ဆုံးသွားစေရမယ်၊ ကြည့်နေလိုက်"

"တစ်ခေတ်ဦး"

သူမက လှေကားတွေကို နင်းဖြတ်တက်သွား၏။ ချစ်သူ လှမ်းခေါ် ပေမယ့် လုံးဝ လှည့်မကြည့်ပါ။ ထို့ကြောင့် သူပဲ လွှားခနဲခုန်လိုက်ကာ လှေကားထိပ်ကနေ ပိတ်ရပ်နေလိုက်ပြီး ...





"ဆောင်းနေရီက အခု ..."

"မေးလေ ဘာလဲ၊ အခု ဘယ်မှာလဲလို့ မေးချင်တာလား၊ ဘာဖြစ် နေသလဲလို့ သိချင်လို့လား"

အထက်စီးကနေ ငုံ့မိုးကြည့်ရင်း ချစ်သူက မေးခွန်းရွေးနေတုန်း ...

"သူ ရှိတယ်၊ ဒါပေမယ့် သူ့ကြောင့် နန်းမထိုက်တော့တဲ့ အကြွေပန်း ကလေးအဖြစ်နဲ့ပဲ"

"ဟင် ..."

ချစ်သူ မျက်နှာထက်က မချိမချဉ်ပြုံးချင်တာတွေ ပျောက်ကွယ် သွား၏။ ခေတ် ရှက်ရွံ့ရှုံးနိမ့်သွားလောက်သည့်မေးခွန်းတွေ ဆက်တိုက် မေးဖို့ လျှာပေါ်တင်ထားခဲ့တာတွေလည်း ဘယ်ရောက်ကုန်မှန်း မသိ တော့ပါ။ ကိုလေး သူ့ကို ဒီထိ ဘာမှမပြောခဲ့ပေ။

အချစ်နယ်ကျွံခဲ့တာမျိုးရှိနေပြီလားဆိုတာကိုတောင် သူ့ဘက်က အဆိုးရွားဆုံးထိ တွေးကြည့်ခဲ့မိတာဖြစ်ကာ ကိုလေးက ခုချိန်ထိ ဘာမှ မဟုတ်ဘူးလို့ ငြင်းနေတုန်း။

"အဟွန်း၊ အက်တင်တွေသိပ်ပေးမနေနဲ့၊ ကျွန်မပြောတာကို လိပ် ပတ်မလည်သေးရင် ရှေ့ကိုယ်တော်ကြီးကို ပြန်မေးလိုက်၊ ဒါပေမယ့် ကျွန်မ က တစ်ခါတည်းမေတ္တာပို့ပေးလိုက်မယ်၊ သူက 'ဟင့်အင်း'လို့ ငြင်းနေ သေးရင် နောက်ဘဝဆက်တိုင်း ဦးခေါင်းရှိတဲ့ကိုယ်နဲ့ ရှင်သန်လာခဲ့သမျှ ဘဝတစ်လျှောက်လုံး မရပ်မနား ခေါင်းခါနေရပါစေ"

"ဟာကွာ"

"တကယ်နော် တကယ်ပြောနေတာ၊ ဘယ်တော့မှ ခေါင်းမညိတ် တတ်တဲ့ကိုယ်ဖြစ်နေပါစေ"

"မင်း ... ဟ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ စကားပြောဖို့ပြင်နေဆဲ ခေတ် က အတင်းရှေ့တက်ကာ သူ့ပခုံးတစ်ခြမ်းလုံးကို ပစ်တိုက်တိုးထွက်သွား၏။ တစ်ယောက်တည်း လှေကားထိပ်မှာ ဒယိမ်းဒယိုင်ကျန်ခဲ့ရင်း မရှိတော့သည့် သူထွက်သွားရာသို့ လိုက်ကြည့်မိပြန်သည်။

ကျိန်တွယ်သွားလိုက်တာ ကြောက်စရာပါလား။ တော်သေးတာပေါ့ မေတ္တာပို့တာမို့လို့ .....။





<u>အခန်း(၄)</u>

"ကိုလေး"

"ဟင်"

ထူးလိုက်တာက ရှေ့မှာအလုပ်လုပ်ရင်း မော့မကြည့်ဘဲဖြစ်ကာ လက်မောင်းကို အတင်းဆွဲထူလိုက်မှ လူက ကုန်းကွထရပ်လိုက်ရကာ လုပ်လက်စတွေကို ကမန်းကတန်းဆော့ဖ်လုပ်လိုက်ရသည်။

"ဘာလဲ ညီ၊ ဘာဖြစ်လာတာလဲ"

နှစ်ယောက်စလုံး ဝရန်တာကိုရောက်လာမှ လက်ကိုလွှတ်ပြီး ချစ်သုက မျက်နှာချင်းဆိုင်ရပ်၏။

"ကိုလေး မချိုနဲ့လက်ထပ်ဖို့ကို သိပ်ပျော်နေလား"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်တယ်လို့ကိုပြောရမှန်းမသိတော့ဘူး။ အဲဒါ ကိုလေး အရင်



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံမှုဖြစ်မယ်။ ကိုလေးက လက်ထပ်တာနဲ့ နှလုံးသားရေးရာကို တခြားစီထားခဲ့တာလား၊ ဒါမှမဟုတ် ခြက်ကိုနှင်းထားပြီး သဇင်ပန်းကို လှမ်းခူးခဲ့တာလား"

မော်ကွန်း မျက်နှာကွက်ခနဲပျက်သွားသည်။ မျက်ဝန်းတို့မှာ ထွက်ပေါက်ရှာနေသည့်စကားလုံးတွေကို လူမသိခင် တန်းစီရွေးထုတ်နေရင်း မသိမသာ မျက်နှာလွှဲထား၏။

"အဆင်ပြေတာတစ်ခုခုကို လိုးလွှဲပြောဖို့စဉ်းစားနေတာဆိုရင် ခု ဖျက်လိုက်ပါ ကိုလေး။ ကိုလေးအတွက် ဒီလိုပြဿနာမျိုးကြောင့် အကျပ်အတည်းဖြစ်နေတယ်ထင်ပြီး ညီကိုယ်တိုင်ဝင်ဖြေရှင်းပေးဖို့ကြိုးစားခဲ့ဖူးတယ်၊ အဲဒါ ကိုလေးရဲ့ ရိုးသားမှုကို ယုံခဲ့တာ၊ ညီကိုတော့ ညာနေဘာ မဖြစ်နိုင်ဘူးလို့ ယုံကြည်ခဲ့လို့၊ အဲဒီအတွက် ယုတ်မာအောက်တန်းကျတဲ့ ညီအစ်ကိုတွေဆိုတဲ့ပုဒ်မနဲ့ ညီပါးတစ်ဖက် ပေးခဲ့ရတယ်"

"ဘာ..."

"သွားလေရာမှာ အပုပ်ကောင်တစ်ကောင်လို စက်ဆုပ်ရွံရှာခံခဲ့ရတယ်၊ အခုမဟုတ်ခင်အချိန်ထိ ကိုလေးကို ဇဝေဇဝါ ယုံကြည်နေခဲ့တုန်းပဲ"

"အခု ညီ ဘာတွေဖြစ်လာတာလဲ၊ နေရီနဲ့တွေ့ခဲ့တာလား"

"နေရီ ဆိုရင် ကိုလေးရှေ့ကို ကျွန်တော် ချက်ချင်းဆွဲခေါ် လာမိမှာ"

"တစ်ခေတ်ဦး"

"သူ့ကိုကျတော့ ကိုလေး သိနေတာပဲ၊ ဘာလဲ။ ကြောက်နေတာလား။ ရင်းနှီးခဲ့လို့ မမေ့တာလား"

နီမြန်းနေသည့် ချစ်သူ မျက်နှာကို မော်ကွန်း က မျက်မှောင်ကြုတ်၍ မရဲတရဲစိုက်ကြည့်သည်။





"သိပ်ရိုင်းစိုင်းလို့ သိနေတာ၊ မင်းရဲ့အစ်ကိုကိုကျတော့ တရားခံလို စွပ်စွဲပြီး သူ့ကိုတော့ ယုံကြည်နေတယ်ပေါ့၊ ဟုတ်လား ညီ"

"ဟုတ်တယ်"

ချစ်သူ က ခေါင်းညိတ်လိုက်ပြီး ဘောင်းဘီခါးစပ်မှာ လက်မနှစ်ဖက် ချိတ်၍ ကျောခိုင်းလိုက်၏။

"နိုင်ငံခြားဇာတ်လမ်းတွေမှာ မြန်မာစာတန်းထိုးလာတဲ့ကာလ မရောက်ခင် ကိုယ် နားမလည်တဲ့ဘာသာစကားတွေကိုလဲ လူတွေ ကြည့်ခဲ့နိုင်တာပဲ၊ ရက်စ်အော်နီးတောင်မသိတဲ့လူတွေလဲ နားလည်တယ်"

မော်ကွန်း က တိတ်ဆိတ်စွာ ကြည့်နေခဲ့၏။

"ဇာတ်လမ်း စပြီဆိုတာနဲ့ ဒီပုဂ္ဂိုလ်နဲ့ ဒီမင်းသား သားအဖပါ၊ ဒီအမျိုးသမီးနဲ့ ဟိုအမျိုးသားကတော့ ချစ်သူပါ၊ လင်မယားပါ ဆိုပြီး မိတ်ဆက်ရင်းထွက်လာတဲ့ဇာတ်လမ်းမျိုးရော ကြားဖူးလား"

ပြောပြီး ချစ်သူက ဖျတ်ခနဲပြန်လှည့်ကြည့်ကာ ...

"တော်စပ်ပတ်သက်ခြင်းကို ကိုယ့်ရင်ဘတ်၊ သူ့ရင်ဘတ် ပုဏ်ပြီး မိတ်ဆက်ပြမှ သိတာမဟုတ်ဘူး၊ အထူးသဖြင့် မသိစေချင်တာက ပိုသိသာတယ်။ ဖိသိပ်အုပ်ဆိုင်းထားရင် ပိုပြီး ရှန်းကြွတယ်။ နေရီနဲ့ကိုလေး ဘယ်လောက်ထိပတ်သက်ခဲ့တယ်ဆိုတာ ကျွန်တော် မသိခဲ့ပေမယ့် ကိုလေး ပြောသလောက်မကဘူးဆိုတာ မလုံလဲတဲ့ ကိုလေးရဲ့မျက်လုံးတွေမှာ မြင်နေရတယ်"

"မဟုတ်ဘူး ညီ၊ ကိုလေး မလုံလဲဘူးဆိုတာ မှန်တယ်၊ သူနဲ့ ကိုလေးဆို ကုမ္ပဏီတစ်ခုလုံးက ဟိုလိုလို ဒီလိုလို ထင်ကြေးပေးခဲ့ကြတာတွေ ရှိတယ်။ ကိုယ့်အရှိန်အဝါကြောင့် သူ့ဘက်က လူမှုဆက်ဆံရေး တိုးတက် အဆင်ပြေနေတာတွေ့လို့ ဒီကိစ္စအတွက် ထိထိရောက်ရောက်ရှင်းဘဲ



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့မိတာ ကိုလေး မှားခဲ့တယ်ဆိုရင်တောင် မိန်းကလေးတစ်ယောက်အတွက် ငဲ့ညှာပေးလိုက်တဲ့ စေတနာအမှားပါ”

“ဒီထက်ရှင်းအောင်ပြော ကိုလေး၊ အဲဒီနေရာမှာ ညီဆိုရင် ကိုယ်သဘောကျခဲ့တာမဟုတ်ဘဲ ကိုယ်လဲ မတွဲခဲ့ဘဲနဲ့ ယုန်ထင်ကြောင်ထင်ပြောတာတွေကို ငြိမ်နေမှာမဟုတ်ဘူး”

မော်ကွန်း က ခေါင်းခါနေဆဲ။ သူ တစ်ခုခုပြောဖို့ ပါးစပ်ပြင်လိုက်တိုင်း ချစ်သူ က မျက်မှောင်ကြုတ်လိုက်၊ မျက်နှာလွှဲပစ်လိုက်နှင့် ‘ညာနေတာတွေ’ဟု အသံတိတ် တိုက်ခိုက်စွပ်စွဲနေသလိုပင်။

“ညီက ကိုလေး ဘာပြောပြော ယုံမှာမဟုတ်ဘူးဆိုတဲ့ နားနဲ့ ထောင်နေတာလား။ မသိလို့မေးတာလား၊ တရားခံလို စစ်နေတာလား”

“အဲဒီမေးခွန်းတွေကို တန်းစီဖြေဖို့ ညီခေါင်းထဲမှာ မရှိဘူး၊ ဒါပေမယ့် ကိုလေး ညာနေတယ်လို့တော့ တပ်အပ်ထင်တယ်။ မိန်းကလေး တစ်ယောက်ရဲ့ ဖွင့်ဟဝန်ခံခြင်းကို လက်ခံကြည့်လိုက်တဲ့အချိန်မှာ ကိုလေး တကယ်ညာနေတာမှန်ရင်တော့ လွန်လွန်းတယ်လို့ ပြောရမှာပဲ”

“ယောက်ျားချင်းပဲ ညီရာ၊ ကိုလေး ဒီလောက်တောင် မျိုသိပ်နေစရာလား။ တကယ်ပြောတာပါ၊ သူ တကယ်တွဲခဲ့တာက ကိုယ်မဟုတ်ဘူး”

မျက်လုံးချင်းဆုံတော့ လွှဲပစ်မိတော့မလို လှုပ်ရှားသွားသည့် ကိုယ့်မျက်လုံးကို ဒေါသဖြစ်မိ၏။ ညီ မယုံကြည်ဘူးဆိုတာကိုသိနေသဖြင့် သူလည်း ဘာဝင်မကျနိုင်ပါ။

လက်ထပ်ဖို့ရက်က နီးနေပြီဖြစ်သည်။ ချစ်သူ နဲ့ပေါင်းရခါနီးမှ ရင်ခုန်ပျော်ရွှင်ရမည့်အစား ဖုန်းသံလာတိုင်း ထိတ်လန့်ရ၊ ညီ မျက်နှာပျက်လာတိုင်း ဘာတွေဖြစ်လာသလဲလို့ စိုးရိမ်ရနှင့် ဘယ်မှာလဲ ပျော်ရွှင်ဖို့။

နေရှိ မျက်နှာကိုမြင်လာတိုင်း ရင်ထဲမှာ ပူလောင်ရသလို ချို့ကို မြင်





ယောင်ပြီး တူနှစ်ကိုယ်နီးရတော့မှာကို တွေးမိပေမယ့် ငြိမ်းချမ်းလာတာ မဖြစ်။

ဒါဆိုရင် ဘာကို ချစ်ခြင်းလို့ခေါ်သလဲ။ ချစ်၍ကြည်နူးချမ်းမြေ့ကြတယ်ဆိုတာ ဘယ်မှာလဲ။ သက်ပြင်းမောကြီးကို ချမိရင်း ညီ ကို နှုတ်ဆက်ဘဲ ကျောခိုင်းထားခဲ့မိ၏။

ဘာမှ ထပ်မမေးပါနဲ့တော့ ...



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၀)

ဦးတက်ခေတ်တို့လင်မယားနှစ်ယောက် လေဆိပ်အဆောက်အအုံ၏အပြင်ကိုရောက်လာခဲ့ပြီး ကားဆီကို လာခဲ့ကြစဉ် ...

"ဟော ... ကိုခေတ်တို့မဟုတ်လား"

တရင်းတနှီးနှုတ်ဆက်သံကြောင့် နှစ်ယောက်စလုံး နောက်လှည့်ကြည့်လိုက်မိကြ၏။ မြင့်မားသည့်အရပ်ကြီးနှင့် ဘောင်းဘီရှည်ပွပွ၊ ကုတ်အင်္ကျီရှည်ကြီးဖားဖားနှင့်လူက ရင်းနှီးပွင့်လင်းစွာ ပြုံးရယ်နှုတ်ဆက်နေရာ ...

"ကိုမော် ပါလား၊ ဟား... တွေ့ရတာ ဝမ်းသာလိုက်တာဗျာ၊ တစ်ယောက်တည်းလား"

"တစ်ယောက်တည်းပေါ့ဗျာ၊ ဟိုမှာ ကျုပ်တစ်ယောက်တည်းလိမ့်နေခဲ့တာ ဘယ်လောက်ကြာနေပြီလဲ၊ မသင်းစပယ် နေကောင်းတယ်နော်"





"ကောင်းပါတယ်ရှင်၊ သတိတရမေးလို့ ဝမ်းသာဂုဏ်ယူပါတယ်"

တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲနှုတ်ဆက်ကြရင်း ဟိုတုန်းကဆို ရင်းနှီးမှုတွေ ပြန်လည်ရရှိသွားကြ၏။

"ကိုခေတ်တို့ ညှိသည်လာကြိုတာထင်တယ်"

"မဟုတ်ပါဘူး၊ လေယာဉ်မှူးတစ်ယောက်နဲ့ ပြောဆိုစရာကိစ္စလေးရှိလို့လေ၊ ကိုမော် တစ်ယောက်တည်းဆိုတော့ လာကြိုဖို့ မှိုန်းမထားဘူးလား"

"မရှိန်းဘူးဗျာ၊ ဒီလိုပဲ ပြန်ချင်ပြန်၊ သွားချင်သွားနဲ့ နိုင်ငံရပ်ခြား ဆိုပေမယ့် အိမ်ဦးနဲ့ကြမ်းပြင်လိုဖြစ်နေပါပြီ၊ တခြားလူတွေကို ဘာလို့ အလုပ်ရှုပ်ခံတော့မှာလဲ"

"ဒါဆို တစ်နာရီလောက်နောက်ကျပြန့်ပါလား၊ ဟိုတယ်မှာ သေချာမြှုံချင်လို့၊ ဘယ့်နှယ်လဲ မငြင်းကြေးနော်"

"ငြင်းစရာလား၊ အဲဒီလိုလူမျိုးရှိနေတဲ့ဟာ"

တစ်ယောက်ပခုံးတစ်ယောက်ဖက်၍ ရင်းနှီးမှုတွေပိုသွားကြပြန်သည်။ ဦးတက်ခေတ် က ကားထဲမှာ ငုတ်တုတ်လေးထိုင်နေသည့် ခေတ်ကို လှမ်းကြည့်ကာ ...

"လူကြီးတွေကြားထဲမှာ သမီး ပျင်းနေမယ်၊ ပြန်ချင်ပြန်နှင့်လိုက်တော့နော်၊ ဖေဖေတို့ ဒီကနေ ဟိုတယ်ကို ကားငှားသွားလိုက်မယ်၊ ဟိုတယ်ရောက်မှ ကိုမော့်ကို ဟိုကကားနဲ့ ပြန်ပို့ပေးလို့ရတာပဲ"

"မဟုတ်တာ ဖေဖေကလဲ၊ ခေတ် ပဲပို့ပေးမှာပေါ့၊ လာပါ"

ခေတ် က ဦးမော်ထွန်း ကို နှစ်လိုဖွယ်ပြုံးပြရင်း သူမကိုယ်တိုင်ကားပေါ်ကဆင်း၍ တံခါးဖွင့်ပေးသည်။

"သမီးက ချစ်စရာလေးပဲ၊ ကိုခေတ် ရဲ့သမီးလေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ဗျာ၊ တစ်ခေတ်ဦး တဲ့၊ တစ်ဦးတည်းသောသမီးလေးပေါ့ ဒါပေမယ့် မိန်းမဆိုးလေးတော့မဟုတ်ဘူးနော်၊ ကျွန်တော့်သမီးက သိပ်လိမ္မာတာ"

"မပြောဘဲလဲ ခန့်မှန်းမိပါတယ်ဗျာ၊ ဒီမျက်နှာလေးက ဆိုးနိုင်ပါ့မလား"

ခေတ် က ရယ်နေသည်။ ဖေဖေက ဒီလိုပါပဲ။ သူ့မျက်နှာမှာ သုန်မှုန်ခေါသဖြစ်နေတာမျိုး သိပ်မရှိတတ်ဘဲ အထူးသဖြင့် ပြုံးနေတာပဲဖြစ်သည်။

ခေတ် အပါအဝင် မိသားစုမွေးချင်းတွေထဲမှာလည်း ဘယ်သူ့ကိုသဘောမကျလို့ ဘာကြောင့်စူပုပါတယ်ဆိုတာ မရှိသလောက်ပင်။ ကားမောင်းရင်း ခေတ် မသိမသာကြည့်လိုက်မိသည်။

ရယ်မောစကားပြောနေကြသည့် လူကြီးတွေက သတိမထားမိပေမယ့် ခေတ် ရင်ထဲက အစီအစဉ်တွေ ပျက်ကုန်သည့်အတွက် ဘယ်လိုပြန်ချိတ်ဆက်ရမှန်းမသိတော့ဘဲ မျက်နှာလေးပျက်နေခဲ့၏။

ဒီကအပြန်မှာ နေရီနဲ့တွေ့ပြီး လုပ်ရှားဖို့တွေရှိနေသည်။ သူမအတွက်ချည်းပဲ စောင်းပေးလှုပ်ရှားနေရပေမယ့် နေရီ ဆိုသည့် သူမကဖြင့် ဘယ်တုန်းကမှ လှုပ်ရှားတက်ကြွခဲ့တာမရှိ။

"အင်အားကြီးနဲ့ အင်အားသေးပါ ခေတ်ရယ်၊ ငါ့ဘဝပဲ လှုပ်လေမြုပ်လေဖြစ်မှာ ငါသိတယ်၊ သူတို့လူတန်းစားတွေကို ငါ မယှဉ်ရဲဘူး" တဲ့။

"မယှဉ်နိုင်မှန်းသိရင်လဲ ယှဉ်ပြိုင်ကြဖို့ဖြစ်မလာအောင် နင် ထိန်းသိမ်းခဲ့ပါလား နေရီ၊ နွံအိုင်ကြီးမှန်းသိသိနဲ့ တကယ်နစ်၊ မနစ် သိချင်တာကိုတစ်ဖက်မှာ တွယ်တာစရာမရှာဘဲ ဗွတ်ခနဲဆင်းချလိုက်ရင် နစ်မှာပေါ့။ ကိုယ့်ဟာကိုယ် အတွေးတိမ်ပြီး ဆင်းတုန်းကဆင်းတယ်၊ နစ်ပြီဆိုတော့





ဘိုက ကံဆိုးလွန်းတာပါဆိုပြီး သေအောင်ငိုနေလဲ ကံတရားက ကယ်မှာမဟုတ်ဘူး"

"အေးပါ။ ဘာမှမကယ်နိုင်တော့ဘူးလို့ပဲ ထားလိုက်ပါ။ ငါ ..."

"ငါ ကယ်မယ်လေ၊ နင်လဲ နွံအိုင်ထဲကိုဆင်းတာမဟုတ်ဘူး၊ မော်ကွန်းလဲ နွံအိုင်မှမဟုတ်တာ၊ နင် တကယ်နွံနစ်ပြီလို့ထင်နေရင်တောင်မှ ငါ့ရဲ့ကံတရားက ငါပဲ၊ ငါပြောတဲ့အတိုင်း ရဲရဲတင်းတင်း နောက်ကလိုက်ခဲ့ပါ"

သူမအတွက် ကိုယ်က မိန်းမကြမ်းကြီးလုပ်ပေးဖို့အရေးကို တစ်ညနေလုံး စဉ်းစားနေခဲ့ရသည်။ ဒီနေ့လယ်မှာ သူမနဲ့ဆုံဖို့ ဘယ်ကိုသွားဖို့ သေချာချိန်းပြီးကာမှ အခု ခေတ် က နောက်ကျနေတော့မှာ သေချာနေပြီဖြစ်၏။

မလာတော့ဘူးထင်လို့ နေရီ မစောင့်ဘဲများ ပြန်သွားမလား။ ဒီအစီအစဉ်ကို ပျက်လို့မဖြစ်တာတော့ အသေအချာပါ။

ဘာဖြစ်လို့လဲဆိုတော့ မော်ကွန်း က လာမယ့်ဆန်းဒေးမှာ လက်ထပ်ဖို့ သေချာသွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

"သူရက်စက်တာမဟုတ်ပါဘူး မေတ်ရယ်၊ ငါ မိုက်မဲတဲ့အပြစ်ပါ"

"တော်ပါပြီ၊ အဲဒီမျက်ရည်တွေ ခု သုတ်ပစ်လိုက်၊ တောက်"

မေတ် တံခါးဖွင့်ထားသည့်ကားကို ကျိမ်းမဲ့မြည်အောင် ပြန်ပိတ်ပစ်လိုက်ပြီး တက်ခေါက်သည်။ ဒါ အလွမ်းဇာတ်ရည်ကြီး ကပြီး ငိုချင်းချရမယ်အချိန်မှ မဟုတ်တော့ဘဲ။

အဆုံးအဖြတ်တစ်ခုမှာ ဘဝနှစ်ခု၊ အသက်နှစ်ချောင်း၏ ရှင်သန်ခြင်းကို စီရင်ချက်ချရတော့မှာဖြစ်သည်။

အားမလိုအားမရဖြစ်ရရင်း မေတ် က မျက်ရည်သုတ်နေသည့် နေရီ လက်ကလေးတစ်ဖက်ကို ဆွဲခါပစ်လိုက်သည်။

"သုတ်၊ ကုန်စင်အောင်သုတ်ပစ်လိုက်၊ နင့်ကိုလေ အဲဒီမျက်ရည်တွေကလွဲရင် ငါ အားလုံးကိုချစ်တယ်၊ ငိုတိုင်းရတတ်မှန်းသိလို့ ငိုနေရင်တောင်





ကလေးလေးတွေပဲ ချစ်စရာကောင်းတာ၊ အခု နင့်မျက်ရည်တွေ ဖြိုဆင်းနေတာ အထဲမှာ ရေလှောင်တမံကြီးလောက်ရှိနေရင်တောင် ကုန်ခန်းသင့်နေပြီ။ ဒီအချိန်က ငိုနေရဖို့မဟုတ်ဘူး၊ ဆုံးဖြတ်ရမှာ။ နင် ရသင့်တာရဖို့ သတ္တိမွေးရမှာ၊ အဲဒီ ရသင့်တဲ့အရာဟာ ရွှေငွေစည်းစိမ်ထက် အရေးကြီးတဲ့ နင့်ဗိုက်ထဲက ကလေးရဲ့ဖခင်"

နေရီ မျက်လုံးလေးဖြူးလျက် လိုက်မော့ကြည့်၏။

"မိန်းမတစ်ယောက်ဟာ အဝတ်လျှော်နေရပါစေ၊ ရေထမ်း၊ ကြမ်းတိုက်နေရပါစေ သူလုပ်နေတာဟာ မလုံမပနိမ့်ကျနေရင်နေမယ်၊ ဒါပေမယ့် သူ့ရင်သွေးအတွက်တော့ သူက သူ့ရဲ့ကောင်းပဲ၊ အဲဒါ မိခင်စိတ်ဓာတ်ပဲ နေရီ၊ နင် ဒီကလေးကို မွေးဖွားဖို့ကျတော့ ခွန်အားတွေမွေးမြူနေခဲ့ပြီး သူ့အတွက် ဘာတွေလုပ်ပေးဖို့ကြိုးစားထားလဲ"

နေရီ နောက်ထပ်ဝေလည်လာသည့် မျက်ရည်တွေကို မေတ် ရှေ့မှာပဲ ပုတ်ခတ်ဖယ်ရှားပစ်နေရင်း ခေါင်းလေးညိတ်ရှာ၏။

"ကလေးတစ်ယောက် လူ့လောကကြီးထဲကိုရောက်လာဖို့ အနီးဖြူလေးတစ်ထည်ကိုင်ပြီး စောင့်ကြိုနေရုံနဲ့ မပြီးဘူး၊ အဲဒါကို နင် နားလည်အားနဲ့ နေရီရယ်၊ ဒီကလေးအတွက် အဖေရှိမှဖြစ်မယ်၊ ကိုယ့်ဘဝ ဘာဖြစ်သွားသွား ခံနိုင်ပေမယ့် ကိုယ့်ရင်သွေးကို မြပုခက်နဲ့မဟုတ်ရင်တောင် ရွှေခေါင်ပုခက်လေးထဲမှာ ထည့်သိပ်နိုင်ဖို့မလိုဘူးလား"

"ငါ နားလည်ပါပြီ မေတ်ရယ်၊ အရှုံးပေးရတာကို ဝါသနာကြီးလွန်းလို့ပဲမဟုတ်ပါဘူး။ ငါ... ငါလေ ဆရာ့ကို ငါကပဲ တစ်ဖက်သတ်အထင်ကြီးပြီး မြတ်နိုးခဲ့ရတာ၊ ဆရာက ..."

"တစ်ဖက်သတ်အထင်ကြီးပြီးငေးနေရုံနဲ့ ဒီကိုယ်ဝန်ကို လွယ်လိုက်ရတာလား၊ ဘယ်လိုပဲမှားခဲ့မှားခဲ့ နှစ်ယောက်စလုံး ကျူးလွန်ခဲ့လို့ မှားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြတာ၊ ကဲ… ကားပေါ် တက်စမ်းပါ နေရီရယ်၊ သွားမယ်”

“ခေတ် ငါလေ ငါ့ဘာသာပဲ ဒီကိစ္စကို ပြော…”

“ကျွတ်”

ခေတ် ဆံပင်တွေငေ့ထွက်သွားတဲ့အထိ ခေါင်းခါပစ်လိုက်၏။ နောက် ဘာမှမပြောတော့ဘဲ အိတ်ထဲကဖုန်းကို ထုတ်ယူလိုက်သည်

“ခေတ် … ခေတ် ဘာလုပ်မလို့လဲဟင်”

“ဘာလုပ်လုပ် ဖယ်နေ”

နေရီ ဝင်ဆွဲတာကို လက်တစ်ဖက်နဲ့တွန်းပစ်လိုက်ပြီး ခေတ် ကားနောက်ပိုင်းကို လျှောက်ထွက်သွား၏။ သူမအကျင့်ကိုက တ တစ်ရာကို လုပ်တော့မည်ဆို မှန်မှန်မှားမှား ပြီးဆုံးတဲ့အထိ ဆက် တတ်တဲ့အကျင့်။

ခုလို ကိုယ်မှန်နေတယ်ထင်လို့ကတော့ ရေခဲတောင်ထိပ်တက် မီးမွှေးဖို့ဖြစ်လာရင်တောင် မရမက ကြိုးစားမှာပင်။

ဘာလို့မရရမှာလဲ …..။





အခန်း(၁၂)

အိမ်ကနေ ဖုန်းတဂွမ်ဂွမ်ဆက်နေတာကို ကိုင်မိလိုက်၊ မကိုင်မိလိုက်။ လုပ်ငန်းထဲမှာ မသမာမှုတွေ မကြာခဏဖြစ်နေခဲ့တာ ကြားခဲ့သည့်အဖြစ်ကို ဘယ်သူ့ကိုမှ မဖွင့်ဟခဲ့ဘဲ တစ်ယောက်တည်းကျိတ်ဖြေရှင်းနေခဲ့သမျှ ဒီနေ့အဖြစ်ကို ဘယ်လိုပြောပြရမလဲ။

ဖေဖေ လွှဲလိုက်သည့်ပစ္စည်းတွေရော၊ ဒီကပို့သည့်ငွေတွေရော ဟိုနဲ့ဒီ သုံးရက်အတွင်းမှာ အစအနပျောက်အောင် လှည့်ပတ်လိမ်ညာသွားခဲ့သော သူ့ရဲ့လူယုံတော် မျိုးမြင့်အောင်။

မျက်လုံးထဲမှာ ထိုမျက်နှာကို တရေးရေးမြင်ရင်း ပေါက်ကွဲ၍မရသည့် ဒေါသတွေကြောင့် အသားများပင် တုန်မိသည်။

ပစ္စည်းရှိကြောင်း ပြန်ကြားချက်မရောက်သဖြင့် ဖေဖေ ဖုန်းခေါ် နေ



www.burmeseclassic.com

www.burmeseclassic.com



တာ သုံးကြိမ်တိတိရှိပြီ။ ပြီးတော့ ည ရှစ်နာရီကျော်တဲ့အထိ ပြန်မရောက်သဖြင့် မေမေ စိတ်ပူပြီးခေါ်တဲ့ အိမ်ကဖုန်းက ခဏခဏ ထမြည်နေ၏။

နှစ်ခါလောက်ကိုကိုင်လိုက်ပြီး နောက်ပိုင်းကျတော့ ပလပ်ကိုပါ ဖြုတ်ပစ်လိုက်မိ၏။ ဒီညတော့ သူ အိမ်ပြန်ဖြစ်ဖို့ မလွယ်တော့ပါ။

ကုမ္ပဏီကနေ စားသောက်ဆိုင်တစ်ခုထဲကိုဝင်လိုက်မိတော့လည်း မှာမိတာက ဝီစကီနဲ့ စားသောက်ဖွယ်တချို့။

မူးအောင်မျိုချနေပြီး မူးလာတော့မှ သူ ပြန်ဖို့ခက်နေပြီကို သတိရသည်။ အစကတည်းက ရုံးခန်းထဲမှာပဲအိပ်ဖို့ ဆုံးဖြတ်ပြီးသားပါ။ အရက်ထွက်သောက်မိတာ တစ်ချက်ပဲ မှားသွားခဲ့တာဖြစ်၏။

"အား ... အေ့"

သူ စားပွဲကနေ ထ,ရပ်ပြီး ကားသော့ကိုလိုက်စမ်းတော့ သော့က လက်နဲ့တိုက်မိပြီး ကြမ်းပြင်ပေါ် ချွင်ခနဲပြုတ်ကျ၏။

"အစ်ကို... အစ်ကို ရလား"

"ဟင် ... ဩော် ..."

အနားကို ဝိတ်တာကောင်လေးရောက်လာပြီး တွဲတော့ သူ လက်ကာပြလိုက်သည်။

"သော့ ... ကားသော့"

"ဒီမှာ အစ်ကို"

"ရပြီ အိုခေ ... သင့်ခ်ယူ"

သေချာ လက်ပြနှုတ်ဆက်ခဲ့ပေမယ့် မျက်လုံးတွေက ဝေဝါးနေခဲ့၏။ ကိုယ့်ကား ဘယ်မှာလဲ မျက်ခွံတွေကို မရမက ပင့်လှန်ကြည့်ပြီးရှာတော့ မှောင်ရိပ်ကျနေတာက နှိပ်စက်နေသည်။

သူ ဖြတ်သန်းကျော်လွှားလာခဲ့သောလူတွေထဲမှာ ကိုယ်နဲ့သိတဲ့လူ





တွေ ပါနေမလားဟုလည်း စိုးရိမ်စိတ်တွေ ဝင်လာခဲ့သေးသည်။

မူးတော့မူးနေပေမယ့် သူ့မှာ အသိစိတ်တွေရှိနေသေး၏။ ခုလောက်ဆို သူ ဘယ်လောက်ထိယိမ်းထိုးနေပြီလဲ။

နွေမော်ကွန်း လမ်းပေါ်မှာ သိုင်းကွက်နင်းနေပြီဟု နာမည်ကြီးသွားခဲ့လျှင် ...

"ဟာ ... မဟုတ်ဘူး။ ကျွန်တော် မမူးပါဘူး၊ ဘာမှမဖြစ်ဘူး။ အေ့..."

"ဆရာ"

သူ့လက်တစ်ဖက်ကို နူးညံ့သည့်ထိကိုင်မှုလေး ကျရောက်လာ၏။ ပြီးတော့ ဆံပင်ရှည်ရှည်နှင့်ယှဉ်၍ နွဲ့နှောင်းလှပသော အရိပ်သဏ္ဌာန်လေး။

"ဆရာ ဘာဖြစ်တာလဲဟင်၊ ဆရာ့ကားက ဟိုမှာလေ"

"နေရီ... ဆောင်းနေရီ လား"

"ဟုတ်ပါတယ် ဆရာ၊ နေရီ ဟိုဘက်ကစတိုးဆိုင်မှာ ပစ္စည်းတစ်ခုဝယ်ရင်း ဆရာ့ကိုမြင်လို့ပြေးလာတာ၊ ဒီပုံစံနဲ့ ဆရာ ကားမောင်းနိုင်ပါ့မလား"

"ဘာလို့မမောင်းနိုင်ရမှာလဲ ရတယ်၊ ဒါ...ဒါပေမယ့် နေရီ နည်းနည်းတွဲပေး နော်၊ တွဲပေးမှာလားဟင်"

"ဟုတ်... ဟုတ်ကဲ့ပါ၊ ဒါပေမယ့် ဆရာ ကားမမောင်းပါနဲ့နော်၊ ဒီနားမှာ နေရီ့အသိတစ်ယောက်ရှိတယ်၊ ဆရာ့ကိုလဲ သူ သိပါတယ်၊ သူ့ကို မောင်းခိုင်းပါရစေ၊ ဆရာ့အိမ်က ဘယ်မှာလဲ"

"ဟာ ... အိမ်ကိုမပို့ ... အေ့ ... မပို့နဲ့ ကိုယ့်ရုံးခန်းကိုပဲ ပို့ပေး"

သူ့ကို နေရီ တွဲနေသည့်တစ်လျှောက်မှာ လမ်းလျှောက်နေရင်း အိပ်ပျော်သွားတာလား။ ကားစီးနေရင်း သတိလစ်သွားတာလား။ လူက



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမသိတော့သလို အတန်ကြာအောင်ဖြစ်သွားခဲ့ပြီး ကားပေါ်က ဆင်းခဲ့ကြသည်။ ရုံးခန်းထဲထိ နေရီ ပါလာခဲ့တာကိုလည်း သိနေခဲ့

ထို့နောက် ...

"နေရီ"

"ဆရာ ... အို.. လက်.. လက်ကိုလွှတ်ပါဦး"

"ခဏလေးပါ နေရီရယ်၊ ကိုယ်စိတ်ညစ်တိုင်း မင်းကိုဖွင့်ပြောနေ ကွာ၊ ပြောချင်လို့ပါ၊ ပြောပါရစေ ခဏတော့ နားထောင်ပေးပါ"

"ဆရာရယ်"

"ကိုယ်လေ ပစ္စည်းနဲ့ငွေတွေ အလိမ်ခံလိုက်ရတယ်"

"ဟင် ..."

"တစ်ခါတည်းမကတော့ဘူးကွာ၊ ဟိုအရင် ... အေ ... ဟိုအ ခဏခဏ ကိုယ်ဖုံးကွယ်ထားခဲ့နိုင်တယ် သိလား၊ ခု ... ခု မရတော့ သိန်း ထောင်ပေါင်းများစွာ သွားပြီ မေမေကလေ အလုပ်လုပ်နေတဲ့ကို ကို ညှိလောက် အစကတည်းက အထင်တကြီး မရှိခဲ့တာ၊ တစ်ခု...အေ တစ်ခုမှားလိုက်တိုင်း 'သားငယ်ဆိုရင် သိပ်ရေစပ်တာ'၊ 'သူ့အဖေက သားကို ... သူ့သားကို ဘယ်လိုယုံကြည်အားကိုးတာ'၊ အဲဒါတွေ အဲ စကားတွေပဲ ပြောပြောပြီး တုတ်နဲ့ရိုက်ပုတ်တာထက် ဆိုးတဲ့စကားတွေ ကိုယ့်ကိုနှိပ်စက်ခဲ့တယ်။ ခုတော့ အားလုံး မှောက်ကုန်ပြီ နေရီရယ်၊ ကိုယ် အကြီးဖြစ်ပြီးတော့ ..."

"ဆရာရယ် အလုပ်လုပ်နေတဲ့သူဆိုတာ အမှားရှိတတ်ကြတာ ထိုင်နေတဲ့သူကို ဘာမှမလုပ်ဘဲ ဘယ်လိုဝေဖန်မလဲ၊ မဟုတ်ဘူးလား ဆရာ့မေမေကို အကျိုးအကြောင်းပြောပြလိုက်ရင် နားလည်ပေးနိုင်မှာ နေရီ ဖုန်းဆက်ပေးမယ်နော်"





"ဟာ.. မလုပ်နဲ့ နေရီ"

"အို... ဆရာ"

"ဒုန်း"

လဲပြိုသံတချို့နှင့်အတူ နေရီ့ကိုယ်လေး သူ့ရင်ခွင်ထဲ ထွေးခနဲ ကျလာ၏။ ပြီးတော့ ရင်ခုန်သံတွေ ကြမ်းတမ်းစွာခုန်ပေါက်မွှေနှောက်လာခဲ့သည်။

ဘာနပ်ခါးနံ့သင်းသင်းလေးနှင့် နုအိသောပါးပြင်လေးတွေကို တပ်မက်စွာနမ်းနေခဲ့မိခြင်းမှာ ရင်ခုန်သံများနှင့် အမှတ်တရပါ။

မှုမှူးရူးရူးနှင့် ရမ္မက်ဆန်ခဲ့ဟာ မှန်ချင်မှန်မည်၊ သူ့မှာ အသိစိတ်တွေ တော့ရှိနေသေး၏။ ထို့နောက် အားလုံးပြီးဆုံးခဲ့သည့်နောက်မှာလည်း ရင်ခုန်သံတွေကို တမ်းတနေခဲ့သေးသည်။

နေရီ့မျက်နှာလေးကိုမြင်တိုင်း ရင်ခုန်ခဲ့၏။ မဖြစ်နိုင်သည့်အသိစိတ် ထဲမှာ တော်ဝင်မဟောသီအဖြစ် နန်းမထိုက်သည့်ပန်းတစ်ပွင့်လို့ သတ်မှတ် ခဲ့သော်လည်း ထိုရနံ့ကိုမှ နှစ်သက်ခဲ့သည်။ တမ်းတစွဲလမ်းခဲ့၏။

သောက်လေ ရသောက်လေ ဝေ်မပြေသော ဆားငံရည်လိုလား၊ ဒါမှ မဟုတ် မေ့မူးစေခဲ့သော အထိအတွေ့များကို ရူးသွပ်ခဲ့သည်လား။

ချို့ကို လက်ထပ်ဖို့ဆုံးဖြတ်လိုက်သည့်အချိန်မှာ အစက နှစ်သက်ခဲ့ ဖူးသည့် မိန်းကလေးမို့ ပျော်ပါးကျေနပ်စွာလက်ခံခဲ့မိတာ မှန်သည်၊ နေရီ့ ကိုတော့ မေ့မရခဲ့ပါ။

"ဆရာ လွှတ်လပ်စွာဆုံးဖြတ်ပါ၊ နေရီ့ကို ထည့်မတွက်ပါနဲ့"တဲ့

"အစကတည်းက မှားခဲ့တာက နေရီပါ ဆရာ၊ ထန်းပင် ခါးကျိုးသွား တာနဲ့ မိုးကြိုးပစ်တာ တစ်ပြိုင်တည်းဖြစ်ချင်ဖြစ်မယ်၊ မိုးကြိုးပစ်ချလိုက် လို့ ထန်းပင် ခါးကျိုးတာတော့ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



နေရီ့ရဲ့မျက်ဝန်းလေးတွေ၊ စကားဟန်ပန်တွေမှာ အမြဲတမ်း စွင့်လွှတ်နေခဲ့သည့်ရှုညီးသာ။ သူ မှားခဲ့ပါသည်၊ နေရီ့အပေါ် ကျူးလွန်ခော်ကားခဲ့မိပါလျက်နှင့် ယောက်ျားမပီသ၊ အောက်တန်းကျစွာ ဥပေက္ခာထားခဲ့သည်။

ပြီးတော့ နောက်တစ်ယောက်နှင့် ရွှေလက်ဆက်ဖို့ ဆုံးဖြတ်ခဲ့၏။ ဒီခရီးလမ်းမှာ နေရီ ကတော့ ကျေကျေနပ်နပ် နှုတ်ဆက်လက်ပြကျန်ခဲ့ပါသည်။ မကျန်ခဲ့နိုင်တာက တစ်ခေတ်ဦး။ ညီ့ကို သူမ ဘယ်လိုကြိုးစားစည်းရုံးနေသည်လဲ။

အစကတည်းက ဖျောက်ဖျက်နိုင်ဖို့ အနိုင်နိုင်ကြိုးစားနေခဲ့ရသည့် စိတ်မှာ နေရီနဲ့ပတ်သက်တာတွေကို ကြားလာရတိုင်း မလှုပ်ရှားမိအောင် ဘယ်လိုမှ စိတ်မထိန်းနိုင်။ ဘယ်ဝေဒနာပဲဖြစ်ဖြစ် ကြာရှည်ခံစားနိုင်စက်လာပြီဆိုလျှင် ဒါဟာ သောကပဲဖြစ်သည်။

ကိုယ့်ကို သောကတွေပဲပေးနေခဲ့သည့် တစ်ခေတ်ဦး ဆိုသည့် မိန်းကလေးကိုတော့ သူ ဒေါသဖြစ်နေမိသည်။ နေရီ့ကို စာနာစွာတွေးဖြစ်ပေမယ့် သူမမျက်နှာပေါ် လာတိုင်း မကျေနပ်နိုင်။

"ကရင် ... ကရင်"

စာကြည့်စားပွဲက ဆုံလည်ကုလားထိုင်မှာ ကြာမြင့်စွာ အတွေးနယ်ချဲ့နေမိ ဖုန်းသံက ရုတ်တရက်ထမြည်လာသဖြင့် ထိတ်လန့်မိတော့ မတတ် ဆတ်ခနဲဖြစ်သွား၏။

ထိုအခါကျမှ လက်ကို အပူလောင်တော့မလိုထိ တိုနေပြီဖြစ်သည့် စီးကရက်ကို ခွက်ထဲမှာ ဖိချေထိုးထည့်လိုက်ရင်း ...

"ဟလို ... နွေမော်ကွန်း ပါ"

"သိတယ်၊ ဖုန်းချမပစ်နဲ့နော်၊ ဟန်းဖုန်းပိတ်ထားလို့ ကြိုးဖုန်းလှည့်





ခေါ်ရတာ၊ ကျွန်မက တစ်ခေတ်ဦး"

"ရှင့်ပါးစပ်ကိုပိတ်ပြီး ဒီကပြောတာကိုပဲ နားထောင် နွေမော်ကွန်း။ မော်ကွန်း ဆိုတာ လူသိမ်လူဖျင်းတွေအတွက် မဟုတ်ဘူး၊ သူရဲကောင်းတွေကျမှ မော်ကွန်းတင်အပ်ကြတာ၊ ရှင် လူယုတ်မာတစ်ယောက် မဖြစ်ချင်ဘူးလို့ ကျွန်မ ထင်ပါတယ်၊ အဲဒီတော့ နေရီနဲ့ ရှင့်ရဲ့ရင်သွေးကို ရှင် တာဝန်ယူဖို့စဉ်းစားပါ၊ ဒါပဲ"

"ဘာ ... ဟာ ... ဟေ့... တစ်ခေတ်ဦး"

"....."

"တစ်ခေတ်ဦး"

ဖုန်းချသွားပြီမှန်းသိပေမယ့် တောစောင့်လိုက်၊ ခေါ်လိုက်နှင့် တစ်ယောက်တည်း အရူးဖြစ်သွားခဲ့၏။

"နေရီနဲ့ ရှင့်ရဲ့ရင်သွေး"ဆိုပါလား၊ ဒါ.. ဒါဆို... နေရီ့မှာ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

"ခေတ်"

"ဘာလဲ၊ ဘာလိုက်လုပ်တာလဲ နေရီ၊ ဟိုကို ဘာမှမလုပ်ရသေးခင် နင့်ကိုပဲ ရိုက်သတ်ချင်စိတ်ပေါက်လာပြီ သိလား"

ကားပေါ်ကနေ ခေါသတကြီးဆင်းပစ်လိုက်ရင်း တံခါးကို အားကုန် တွန်းပစ်လိုက်၏။ ကားဘော်ဒီတစ်ခုလုံး မြောက်ခနဲကြွခါသွားသလား ထင်ရသည်။

နေရီ ကတော့ ရှေ့မှာလွန်ပြီးမှရပ်ပစ်လိုက်တာဖြစ်သည့် တက္ကစီ ပေါ်ကနေ အပြေးတစ်ပိုင်းဆင်းချလာ၍ ...

"ပြန်ရအောင်ပါ၊ ပြန်လိုက်ခဲ့ပါ ခေတ်ရယ်၊ နင် ဒီလိုလုပ်လိုက်ရင် ငါ ရှက်လို့သေမှာ သိလား၊ ဒီလိုကိစ္စမျိုးဖြစ်လာရင် အထူးသဖြင့် ဆင်ခြင် သင့်တာက မိန်းကလေးပဲ၊ ငါ အသုံးမကျတာကို နင်က ကြေညာပေး မလို့လား"

"ဖယ်စမ်းပါ"





တစ်ယောက်ကဆွဲ၊ တစ်ယောက်က ခါချပစ်၏။ ခြံထဲမှာ လှမ်းမြင် ရသည့် မြိုင်မြိုင်သဲကျင်းပနေသော မင်္ဂလာပွဲကြီးက အသည်းယားစရာ။

တေးသံစုံများနှင့် စိုပြည်နေသည်။ ကားတွေ တစ်စီးပြီးတစ်စီး ဝင် သွားနေကြတဲ့အထဲမှာ တက်ရောက်သူတို့ထံမှ ပြုံးပြက်လက်နေကြ သော ရတနာရောင်စဉ်တွေ။

"တောက် ... မဆင်ခြင်မှုလို့သတ်မှတ်နိုင်ပေမယ့် မှားယွင်းတတ် ကြတာရော မရှိကြဘူးလား၊ ဘာဖြစ်ဖြစ် ကိုယ့်အပြစ်လို့ချည်းပဲ ပုံချပြီး ကိုယ့်သည်ပင်းကို ကြိုးကွင်းစွပ်လိုက်လဲ သူကတော့ သူဌေးသမီးနဲ့ ပျော် ပျော်ကြီးစံစားကျန်ရစ်မှာပဲ၊ နင့်အတွက် တစ်ချက်လောက်ငဲ့ကြည့်ပေး မယ်ဆိုရင် ကဲကောင်း"

"နေပါစေ၊ ငါ့ဘဝ ဒီထက်စုတ်ပြတ်သတ်မသွားရင် ကျေနပ်ပါပြီ၊ ဒီမှာ လောက်သေချာပြီးစီးနေကာမှ နင် သွားကျဲလဲ အရှက်ကွဲတာပဲရှိမှာ"

"ကွဲပေ့စေပေါ့၊ ကိုယ် နစ်နာခဲ့ရသလို သူလဲ အကောင်းတိုင်းမကျန် ဘူးဆိုရင် ကျေနပ်ပေးလိုက်မယ်"

"မင်းထင်သလို သူ့ဘဝ အဲဒီလောက် စုတ်ပြတ်သတ်သွားမှာ မဟုတ် ဘူး"

"ဟင် ..."

ခေတ် က သိပေမယ့် ချစ်သူ ကို နေရီ က မသိပါ။

ရုပ်အကျီလက်ရှည်အဖြူ၊ ဘောင်းဘီရှည်အဖြူနှင့် မင်္ဂလာပွဲ ရှိပေ သည့် ကုတ်အကျီတွေ၊ လည်စည်း ဘာညာလည်းမပါ၊ ဒါပေမယ့် ချစ်သူ ပုံစံက ရှင်းသန့်ချောမွေ့နေသည်။

နေရီ့ ကို စုမှမြင်ဖူးတာမို့ သေချာစိုက်ကြည့်ပြီးမှ ခေတ် မျက်နှာ ဘေးဆီ ပြန်လှည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေးက သူ့မှာ ချစ်သူရှိခဲ့ဖူးတဲ့အကြောင်း သူကိုယ်တိုင် မရှိ
ကို ဝန်ခံခဲ့တယ်"

"ကျွန်မက ဆရာ့ချစ်သူ မဟုတ်ပါဘူး"

နေရီ့စကားကြောင့် ခေတ် မျက်နှာလေး အေးခဲ့ဖြစ်သွားသည်။
ချစ်သူမျက်နှာမှာ အံ့ဩရိပ်ထင်၏။

နေရီ့ စကားတစ်ခွန်းဟာ သေဒဏ်ကျလောက်သည်ဆိုလျှင် ခေတ်
ဒီနေရာမှာ ဘယ်လိုအကြောင်းပြချက် စကားမျိုးနှင့်မှ အယူခံဝင်ခွင့် ရှိ
တော့မှာမဟုတ်ပေ။

ဒါပေမယ့် ဒီအချိန်မှာ နေရီ ပြောမှားဆိုမှားဖြစ်နေတာတွေကို ခေါ
ထွက်ဆူပူနေရမယ့်အချိန်မဟုတ်တော့တာကို ခေတ် သိသည်။

"ချစ်ကြင်နာမှု ဘာမှမပါဘဲ ကိုယ့်ကို ရိုသေလေးစားနေတဲ့ ကိုယ့်
ရဲ့ အလုပ်သမားလဲဖြစ်တဲ့ မိန်းကလေးတစ်ယောက်ကို အရှိန်အဝါတွေ
ဖိအားတွေနဲ့ ဖျက်ဆီးစော်ကားခဲ့ပြီးတော့မှ ဒီလို ကိုယ့်မင်းကိုယ့်ချင်
ဆုံးဖြတ်သွားလို့ ရမလား"

"ခေတ်"

"ဖယ်စမ်းပါ။ နင်လုပ်နေတာနဲ့ လူမိုက်ကောင်းစားဖြစ်တော့မယ်"

"မဟုတ်သေးပါဘူး ခေတ်ရယ်၊ ဒီလောက်ထိ အားလုံးပြီးစီးနေက
မှ သတို့သမီးမှာလဲ ကိုယ့်ကြောင့် အရှက်တကွဲဖြစ်ရမယ်၊ ဘယ်ဘက်မှာ
မှ ကောင်းကျိုးမရှိတဲ့အလုပ်ကို ထားလိုက်ပါတော့"

"မထားနိုင်ဘူး၊ အများကောင်းကျိုး သယ်ပိုးချင်ရင် လမ်းတံတား
မဆောက်နိုင်တဲ့အရပ်တွေမှာ ပြေးပြီးကျောခင်းပေးလိုက်မယ်၊ ကိုယ့်တ
ရပ်တည်ဖို့အတွက် ကိုယ်ကြိုးစားမှုဖြစ်တာ၊ တိုက်ပွဲဝင်မလို့ ဓားကိုင်
ကာမှ ရန်သူတွေသေကုန်တော့မှာပဲလို့တွေးပူနေရင် အသက် ဘယ်





က်ရမှန်းမသိဖြစ်သွားမှာပေါ့"

"ဒါပေမယ့် ကာယကံရှင်က မင်းမှမဟုတ်ဘဲ"

နေရီ့လက်ကိုဖယ်ချရင်း ခေတ် ရဲ့မျက်လုံးတွေ ချစ်သူဆီ ရောက်
သွား၏။

"ဟုတ်တယ်၊ ကျွန်မက ကာယကံရှင်မဟုတ်ဘူး။ ဒါပေမယ့် လူသား
ဖူးသွားတဲ့ ကျားတစ်ကောင်ကို အမျိုးမျိုး အန္တရာယ်ပေးတော့မှာပဲ
ပြီး တစ်ရွာလုံးကြောက်ကြပေမယ့် ဦးဆောင်မယ့်သူမရှိရင် ဘယ်သူ
မှ နှိမ်နင်းဖို့ ကြိုးစားကြမှာမဟုတ်ဘူး။ ကျွန်မက လူစွမ်းကောင်းတော့
ဟုတ်ပေမယ့် နောက်ထပ် လူကောင်းသူကောင်းတွေ မနစ်နာရအောင်
ာကွယ်လိုစိတ် ရှိနေတဲ့သူ"

ခေတ် ပြောတာကို သဘောကျလို့မဟုတ်ဘဲ 'ထားလိုက်ပါတော့'
သည့် အကြည့်နှင့် ချစ်သူ က ခေါင်းညိတ်၏။

"ဟုတ်ပြီ၊ အခု မင်းသူငယ်ချင်းအတွက်ပါ။ အဲဒါ ထားလိုက်တော့၊
ကိုတော့ ..."

"ဒီပွဲပျက်မှ လူနှစ်ယောက်ရဲ့ဘဝ ချမ်းသာစွာရှင်သန်နိုင်မှာ၊ ဒီမှာ
င့်ချစ်သူ ...၊ ရှင်ရဲ့ကောင်းသတင်းဂုဏ်ပုဒ်တွေကိုလဲ ကျွန်မ အားလုံး
ပြီးပြီ၊ ရှင်တို့ညီအစ်ကိုရဲ့..."

"ဟော့ ... မင်းနဲ့ငါ အခုပြောနေတာ မင်းနဲ့ငါ့အကြောင်း မပါဘူး"

"မပါချင်ရင် ရှေ့ကဖယ်ပေး"

"မင်းတောင်မှ သူငယ်ချင်းအတွက် ဒီလို တာဝန်သိနေရင် တို့က
ရဲ့ အစ်ကိုအရင်း"

"သင့်ချစ်သူ ... ရှင် ကျွန်မကို ဒီရှေ့မှာတားထားပြီး မင်္ဂလာပွဲ ဖြစ်
က်သွားအောင် အချိန်ဆွဲထားတာလားဟင်၊ ခု ဖယ်မှာလား မဖယ်

www.burmeseclassic.com



ဘူးလား"

"တားနေတာကမှန်တယ်၊ အချိန်ဆွဲနေတာမဟုတ်ဘူး၊ တို့အစ်ကို ဘာသတ္တဝါဖြစ်ခဲ့ဖြစ်ခဲ့ ခုချိန်မှာ မင်း ဝင်မနှောင့်ယှက်ပါနဲ့ ဒီပွဲမှာ ညည ပရိသတ်လူကြီးမင်းတွေနဲ့ နှစ်ဖက်မိဘ အားလုံး အရှက်တကွဲအကျိုး နည်း ဖြစ်ကုန်ကြမှာ၊ မင်းသူငယ်ချင်းကို အစစအရာရာ အားလုံး အဆင် ပြေအောင် ..."

"ဘာ... ဘာပြောတယ်"

"ခေတ်"

"ဖယ်ပေး"

ခေတ် ရှုးရှုးဒိုင်းဒိုင်းထဖြစ်ကာ ချစ်သူ့ မျက်နှာကို လွှဲရိုက်ပစ်လိုက် ၏။ ချစ်သူ က ရှောင်ပစ်လိုက်သဖြင့် ပါးကိုမဟုတ်ဘဲ မေးဖျားကို ရှပ်ထိ သွားခဲ့သည်။

နောက်ထပ် လူချင်းပြေးတိုက်ပစ်လိုက်သဖြင့် နေရီ ကလည်း ဝင်ဆွဲ လိုက်လျှင် သုံးယောက်စလုံး ရောထွေးကာ အလဲလဲအပြိုပြို။

"အစ်ကိုလေး"

ခြံထဲက ကားနေရာချထားသည့်လူတွေ ပြေးထွက်လာကြ၏။

"ဘာမှမဖြစ်ဘူး၊ ဒါ ကျွန်တော့်ကိစ္စ၊ သွားကြပါ"

"မဟုတ်ဘူး၊ အ ..."

ချစ်သူ က ဖုံးဖိဖိုကြိုးစားသည်။ ခေတ် က ဖော်ထုတ်ဖို့ ပါးစပ်ဖြင့် ၏။ လူသုံးယောက်ကြောင်သွားစဉ် ညည့်သည်ကားနှစ်စီး ထပ်ဝင်လာ သဖြင့် အားလုံး အလုပ်ရှုပ်သွားကြ၏။

ချစ်သူ က ခေတ်၏လက်နှစ်ဖက်ကို မရမကပူး၍ဖိဆုပ်ကာ ခါးလေး ကို တစ်ဖက်က ဆွဲသိမ်းဖက်လိုက်ပြီး ခြံအဝင်နှင့်လှမ်းသည့် မှောင်ရိပ်





ခေါ်မနိုင်မနင်းချုပ်ခေါ်သွားခဲ့သည်။

"လွှတ်စမ်း၊ လွှတ်နော်၊ လူယုတ်မာ"

"ခေတ် ... အို... ဒီမှာ ရှင် ခေတ် ကိုလွှတ်လိုက်ပါ"

ရုတ်တရက် ခေတ် ကို ဘာလုပ်လိုက်မှန်းမသိသဖြင့် နေရီ က ထဘီခါကျိုးတစ်ပိုင်းကို ပြေးကောက်ပြီး အားရှိပါးရှိလွှဲမြှောက်လိုက်ရင်း သည်။

"မဟုတ်ဘူး၊ မင်းတို့ကို ဘာမှမလုပ်ဘူး၊ ခဏလေးသည်းခံ၊ ဟိုပွဲထဲ ရုတ်ရုတ်သဲသဲတွေဖြစ်သွားမှာတစ်ခုတည်းကြောင့် တားနေတာ၊ ဟာ ဘယ်သူ့ကိုနိုင်စေ၊ ဘယ်သူရှုံးစေ ဆိုတဲ့ ရည်ရွယ်ချက်လဲ လုံးဝ ဘူး၊ ကိုယ် တကယ်ပြောနေတာ"

လက်က တားရင်း နေရီ ကိုရှင်းပြလိုက်၊ သူပွေ့ထားသည့် ခေတ် ပြီးပြောလိုက်နှင့် လွှတ်လိုက်ဖို့ကျတော့လည်း ခေတ် ရဲ့ဒေါသအရှိန် သိထားသဖြင့် မလွှတ်နိုင်။

"တစ်ခေတ်ဦး မင်းကို ကိုယ် အဓိကတောင်းပန်နေတာ၊ မင်းဒေါသနဲ့ နှန်တယ်၊ ဒါပေမယ့် ဒီမှာလဲ အားလုံး ..."

"သေလိုက်လေ၊ ခြံထဲမှာ အတုံးအရုံး လဲသေလိုက်ကြပေါ့၊ ရှင့်နှမ ခြားယောကျ်ားလေးတစ်ယောက်က ဒီလိုစော်ကားပြီးကိုယ်ဝန်နဲ့ ခဲ့ရင် သူများမင်္ဂလာပွဲ မပျက်ပါစေနဲ့ဆိုပြီး သည်းခံခိုင်းဦးမှာလား"

"ဘယ်လို ..."

ချစ်သူ မျက်လုံးပြူးသွားသည်။ ကိုယ်ဝန်ဆိုသည့်စကားကြောင့် ထဲမှာ ဒိန်းခနဲမြည်ဟည်းသွားသလိုဖြစ်ကာ မျက်လုံးတို့က နေရီ မျက်နှာ ဆန်းရောက်သွားသည်။

နေရီသည် အုတ်ခဲကျိုးကိုမြှောက်ထားသည့်လက်ကလေး ပြဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း နိမ့်ကျနေလျက် သူ ကြည့်လိုက်တော့ မျက်နှာလေးလွှဲပစ်သည်

သုံးယောက်က ခဏလေးတိတ်ကျသွားခဲ့ပြီး ခေတ် က ချစ်သူ့လက်ထဲကနေ တအားဆောင့်ရုန်း၏။ လွတ်ထွက်သွားသည်နှင့် အနီးကပ်ရိုက်ချလိုက်သည့်လက်က ရိုပ်ခနဲ ...

"တစ်ခေတ်ဦး ... မင်း ..."

ဒေါသက ထိန်းချုပ်မရချင်တော့ပါ။ ပါးရိုက်ဖို့ကြိုးစားတာ နှစ်ခါ ဟိုတစ်ခါ ခံလိုက်ရတာနှင့်ဆို သုံးခါတိတိ၊ သင်းမှာပဲ ဒေါသရှိတာလား

ရိုက်ချက်ကို သေချာလွတ်အောင်ရှောင်လိုက်ပြီး လက်ကောက်ဝတ်လေးကို နာသွားအောင် ဖျစ်ညှစ်ပစ်လိုက်သည်။

"အား ..."

ခေတ် ကလည်း မခေ။ စိတ်ဆတ်သလောက် လူကလည်းမြန်သည် လက်ကောက်ဝတ်မှာ အဆမတန်နာကျင်သွားသည်နှင့် သူ့မျက်နှာသို့ ခေါင်းနဲ့ပစ်ဆောင့်၏။

"ဟိတ်"

ရန်သူတွေလည်းမဟုတ်၊ ရန်စချိန်းဆိုခဲ့ကြတာလည်းမဟုတ်ဘဲ နှစ်ယောက်သား ရိုက်ပုတ်ထိုးသတ်နေကြသလိုဖြစ်ကုန်၏။

သူမ ဒေါသကြီးနေသလောက် ချစ်သူ က မတုံ့ပြန်ဘဲ ရှောင်တိမ်းရုံသက်သက်နှင့်နေ၏။ ထို့ကြောင့် သူ့ကိုမထိသလို ကိုယ့်ကိုလည်း မထိခိုက်ပါ။

ခေတ် ဖျတ်ခနဲသတိဝင်ကာ မိမိ၏ရည်ရွယ်ချက်ဆီသို့ စိတ်ပြန်ရောက်သွားသည်။ နေရီ့ ကိုယ်ဝန်နှင့်ပတ်သက်သည့် ခိုင်လုံသည့် စာရွက်စာတန်းတွေ သူမ၏ဘောင်းဘီအိတ်ထဲမှာ အားလုံးပါလာသည်။

လူမဆန်သည့်အပြုအမူကို လူစိတ်မရှိတဲ့လူက ကျူးလွန်ခဲ့ပေမယ့်





ဒီထဲမှာ လူသားဆန်တဲ့လူတချို့တော့ ရှိနေလိမ့်မည်။

သူမရဲ့ရည်ရွယ်ချက်က နေရီ့ ကို မော်ကွန်း ဆိုတဲ့လူ ဂရုစိုက်ရမှန်း သိလာအောင်လုပ်ဖို့ ဘယ်လိုနည်းမျိုးပဲ သုံးရသုံးရ။

"ခေတ် ခဏလေး"

ခြံဝကို ခြေဦးပြန်လှည့်လိုက်သည်နှင့် ချစ်သူကလည်း တာဝန်ကျေစွာနှင့် တားဆီး၏။ ပြီးတော့ ...

"တစ်ခုတော့သိပါရစေ"

ရှေ့ကတားထားပြီးမေးတော့ ခေတ် မကျေမနပ်လေးစိုက်ကြည့်နေမိသည်။

"အခု နေရီ မဟုတ်ဘဲ မင်း ဝင်သွားပြီး ဘာလုပ်မလို့လဲ၊ ကိုယ် မင်းကို အတိုက်အခံလုပ်ပြောနေတာမဟုတ်ဘူး။ မင်းက မိန်းကလေး"

"မိန်းကလေးဖြစ်လို့ မိန်းကလေးတစ်ယောက်ဘက်က ရပ်တည်တာပေါ့၊ ဒီမှာ ..."

ခေတ် က ဘောင်းဘီအိတ်ထဲက စာအိတ်ရှည်လေးကို မြင်အောင် ပြရုံလေးပြလိုက်၏။

"ရှင့်ရဲ့အစ်ကို ရပ်ပျက်ဆင်းပျက် လူးလိမ့်မကျန်ခဲ့စေချင်ရင် အခု မင်္ဂလာပွဲ မစသေးခင် ရှင် သွားပြောလိုက်ပါ။ လူယုတ်မာတစ်ယောက်ဆိုတာ သတို့သမီးကသိသွားပြီး ပရိသတ်ဗိုလ်ဘုံအလယ်မှာ အရှက်တကွဲဖြစ်ကျန်ခဲ့တဲ့အခြေအနေအထိ စောင့်မလား၊ ဒီထက်ပိုပြီး ရပ်ပျက်ဆင်းပျက်မဖြစ်သေးခင် တာဝန်သိတဲ့ယောကျ်ားတစ်ယောက်အဖြစ် ရပ်တည်မလား၊ ကြိုက်တဲ့လမ်းကိုရွေး"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

"နေဦး ကိုလေး"

အနောက်တိုင်းဝတ်စုံနှင့် စမတ်ကျချောမွေ့နေသည့် မော်ကွန်း ရှေ့ကနေ ချစ်သူ က ပိတ်ရပ်၏။ မော်ကွန်း က နာရီတစ်ချက်ကြည့်လိုက်ကာ ...

"သတို့သား သတို့သမီးထွက်ဖို့ အချိန်နောက်ကျနေပြီ၊ ဘာပြောမလို့လဲ"

"ကိုလေး သတို့သားလုပ်ဖို့ပါ။ ဒါပေမယ့် ဒီပွဲမှာမဟုတ်ဘူး"

"ဘာ ..."

မော်ကွန်း မျက်နှာပျက်သွားသည်။ ညီ တစ်ခုခုဖြစ်လာပြီကို သိသလို ထိုတစ်ခုခုက ဘာဖြစ်နိုင်သလဲဆိုတာကိုပါ တွေးမိပြီးဖြစ်သွား၏။

"ညီ ..."





မော်ကွန်း မျက်နှာမှာ စိတ်လှုပ်ရှားမှုတွေ ချက်ချင်းဖြစ်လာကာ ဘေးဘီကို ဝေ့ကြည့်သည်။ ပြီးတော့ နာရီကြီးဆီ နောက်ထပ်မော့ကြည့်မြန်ကာ ...

"အရမ်းနောက်ကျနေလို့ ညီ၊ ကိုလေးကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့၊ စောစောကပဲ ချို့ကိုပြင်တဲ့ မိတ်ကပ်ဆရာမက ဂျိုဂကျောင်လုပ်နေလို့ အချိန်ကြာသွားရသေးတယ်"

ပြောပြီး မော်ကွန်း က ဘေးကနေကွေ့ရှောင်၏။ ချစ်သူ က မော်ကွန်း လှမ်းရွှေ့တဲ့အတိုင်း လိုက်ရွှေ့ပိတ်ကာ ...

"အဲဒါ ကိုလေးနဲ့မချို တကယ်မဆုံစည်းထိုက်လို့ လွဲချော်တိမ်းစောင်းနေတာတွေထင်တယ်၊ ကိုလေး တကယ်လက်ထပ်ရမှာက ဆောင်းနေရီ"

"ဘာ... ဘာပြောတယ် ညီ"

မော်ကွန်း မျက်နှာ ရဲခနဲဖြစ်သွားသည်။ ဘယ်လိုမှ မထင်မှတ်သည့် သူ့မျက်လုံးတွေက မင်္ဂလာပွဲကျင်းပနေပြီဖြစ်တဲ့ အစ်ကိုတစ်ယောက်လုံးကို ပွဲပျက်အောင်ဖျက်သည့်ညီမျိုး ရှိပါသေးလားဟု လက်ဖျားခါသွားတာမျိုး။

ခြံထဲက ညှိုပရိသတ်များနှင့် တေးသံစုံ ဂီတသံစဉ်တို့က အတွင်းကျိတ်ရင်ဆိုင်နေကြသည့် သူတို့နှစ်ယောက်ကြားက တိတ်ဆိတ်ခြောက်သွေ့ခြင်းနှင့် တခြားစီ။ ပြီးတော့ မနီးမဝေးကနေ မကြာခဏ လှမ်းလှမ်းကြည့်သွားတတ်ကြသည့် မိန်းကလေးတချို့ကလည်း အလိုက်မသိတာလား၊ စိတ်ဝင်စားဖွယ် အလွန်ကောင်းနေ၍လားမသိပါ၊ တစ်ချက်လေးကော်ငဲ့ကြည့်ရုံနဲ့ မပြီး။

မော်ကွန်း ကတော့ မျက်လွှာတစ်ချက်ပင့်ကြည့်လိုက်ရုံနှင့် သိသည်။ သူမတို့က ချို့ သူငယ်ချင်း မိန်းကလေးပဲဖြစ်မည်။ သူတို့ဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အဆင်သင့်ဖြစ်နေပါလျက်နှင့် သူ ဒီမှာ စကားရပ်ပြောနေတာ ကို အကဲခတ်နေကြတာပဲဖြစ်နိုင်၏။

ထိုအခါ နားမလည်နိုင်သည့် မကျေနပ်စိတ်က ပိုတိုးလျက် ...

"ရှေ့ကဖယ်စမ်း ညီ၊ ကိုယ်နဲ့မဆိုင်တာကို ညီ စိတ်ဝင်စားနေတာ လွန်ပြီ၊ ဘာမှမဆိုင်ခဲ့ဘူးလို့ ကိုလေး ပြောပြီးပြီ၊ မဆိုင်လို့ မဆိုင်သ နေတဲ့သူက နေတယ်၊ ညီလဲ နေနိုင်အောင်ကြိုးစားတော့၊ ဒါပဲ"

"မဟုတ်ဘူး၊ ပြဿနာက ကိုလေး ပြောသွားသလောက် မရှင်းသေ ဘူး၊ မိန်းကလေးတစ်ယောက်ကို မှားယွင်းခဲ့ပြီးမှ တာဝန်မယူနိုင်ဘူး ဆို တာ မိုက်မိုက်ရိုင်းရိုင်းပြောကြေးဆိုရင် 'ဒါ တစ်ယောက်တည်းမှားခဲ့လို့ ရတာမဟုတ်ဘူး' လို့ ပြောနိုင်သေးတယ်၊ ဒါပေမယ့် ဖြစ်လာခဲ့တဲ့ ကိုယ့် ရင်သွေးကိုတော့ ငါနဲ့မဆိုင်ခဲ့ဘူးလို့ ပြောလို့ထွက်မလား"

"ဟင် ..."

"ဆောင်းနေရီမှာ ကိုလေးရဲ့ ကိုယ်ဝန်ရှိနေတယ်တဲ့၊ အဲဒါကို ကိုလေး က ဖျောက်ဖျက် ..."

"ဟာ မဟုတ်ဘူး၊ အဲဒါ ကိုလေး လုံးဝ ခုမှသိရတာ"

"ပွဲမပြီးသေးဘူး ကိုလေး၊ တိုးဖို့ ဆုတ်ဖို့ နောက်ဆုံးခြေလှမ်း ကျ သေးတယ်"

မော်ကွန်း မျက်နှာကြီး ငုံ့ကျသွားသည်။ ဘာတစ်ခွန်းမှ ပြန်မပြောနိုင် တော့သော်လည်း ...

"ဒီပွဲကို ကိုလေး ဖျက်လိုက်မှာပါ၊ ဒါပေမယ့် ..."





အခန်း(၁၅)

တရှိုက်ရှိုက်တုန်အောင် နေရီ ငိုတော့ ခေတ် ဘာမှလည်းမပြောနိုင် တော့။ ပြောနေလည်း ထူးမှာမဟုတ်တော့သည်မို့ ဆိုဖာမှာ ဒီတိုင်း ငုတ် တုတ်ထိုင်ကြည့်နေလိုက်မိ၏။

"ငါ နင့်ကို အပြစ်တင်နေတာမဟုတ်ပါဘူး၊ ငါ့အတွက် နင်လုပ်တယ် ဆိုတာ ငါ နားလည်တာပဲ၊ ဒါပေမယ့်ဟာ ..."

နေရီ က မျက်ရည်သုတ်နေရင်း နှပ်ညှစ်၏။ ပြီးတော့ ပခုံးတစ်ဖက် နိမ့်၍ ကြမ်းခင်းကိုရည်ရွယ်ကာ လက်ကိုလွှဲခါပစ်လိုက်သည်။

ပြီးတော့ လက်ကို လူမမြင်အောင်ဖြန့်ကြည့်ပြီး ထပ်ခါ၏။ ထို့နောက် ဘယ်လိုအရေးအခင်းတွေရှုပ်ထွေးကုန်သည်မသိဘဲ ခေတ် ဘက်ကို ရှုံ့မဲ့ မဲ့လေးလှည့်လာပြီး ...

"ခေတ် ငါ့ကို ..."

"သိတယ်၊ ရော့ ..."

လက်မှာ နှပ်ခါလို့မကျဖြစ်နေသည့် နေရီ့အဖြစ်ကို ပုံမ်းခြင်းနေ



www.burmeseclassic.com

www.burmeseclassic.com



သည်မို့ ခေတ် က တစ်သျှူးတစ်စ အဆင်သင့်ကိုင်ပြီး စောင့်နေတာ ဖြစ်သည်။

နေရီ က မအီမလည်မျက်နှာလေးနှင့် တစ်သျှူးကိုလှမ်းယူပြီး ဟို ဘက်ကိုလှည့်သုတ်၏။

ပြီးမှ နေရာကနေ အမှိုက်ခြင်းလေးထဲကို လှမ်းပစ်ထည့်လိုက်ပြီး—

"ခုလို သူတို့တွေ ဖရိုဖရဲဖြစ်ကုန်ကြတာ နင် စဉ်းစားကြည့်ပါဦး နင်ဖြစ်စေချင်သလို သူလဲ ငါ့ဆီရောက်လာတာမဟုတ်ဘူး ဟိုမှာလဲ —

"တော်ပြီ တော်ပြီ"

ခေတ် က ခြေချင်းချိတ်ထိုင်နေရာကနေ ချိတ်ထားသည့် ခြေတစ် ဖက်ကို ဖျတ်ခနဲချလိုက်ပြီး မတ်မတ်ပြင်ထိုင်၏။

"နင်လဲမမှားဘူး၊ ငါလဲမမှားဘူး အရက်သမားရစ်သလို ဒါကိုပဲ တသသ ပြန်ရစ်မနေနဲ့ ဒါတွေ ဒီလိုဖြစ်လာအောင် ဒါလုပ်ခဲ့တာ၊ အဲဒါ ငါ့ကြောင့် လို့ပဲ ထားလိုက်"

"ဟာ မဟုတ်ပါဘူး၊ နင်လုပ်တာက ..."

"တော်ပါပြီ ဒေါ်ဆောင်းနေရီရယ်၊ ရှင် မျက်ရည်တာတမံကျိုးနေ တာ ငါ့ကို အပြစ်တင်တဲ့စိတ်မပါပေမယ့် ဒီလို အကြီးအကျယ်တွေ မျက် စီးယိုယွင်းကုန်အောင် ဖြစ်ခဲ့လေခြင်းဆိုပြီး လန့်နေတာ မဟုတ်ဘူးလား ပြီးတော့ ဟိုကြောင်သူတော်ကြွက်သူခိုး ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိတော့တဲ့အဖြစ်"

"မဟုတ်သေးပါဘူး ခေတ်ရယ်၊ နင်ပြောတာတွေလဲပါတယ်၊ အခု မင်္ဂလာပွဲက သတို့သား သတို့သမီး ပွဲထွက်ခါနီးမှ သတို့သားပျောက်လို့ ပျက်သွားတယ်၊ သတို့သမီးက အခု အရက်တကွဲဖြစ်လို့ လူတွေလဲ အုံးအုံးကျွက်ကျွက်ဖြစ်ကုန်ကြတယ်"





"သတို့သမီးက မင်္ဂလာပွဲပျက်လို့ အရှက်ကွဲတာ၊ အဲဒါ နောက် တစ်ရက်၊ နောက်တစ်လဆိုရင် ဒီအဖြစ်က အားလုံး ပါးစပ်ထဲမှာ လူပြော နည်းသွားပြီ။ နင်က အခုမှ စမှာ၊ နောက်လ၊ နောက်နှစ်ပေါင်းများစွာမှာ လူလုံးမလှစွာ ဘယ်လိုရှင်သန်မလဲ၊ ပြီးတော့ ကိုယ့်အတွက် ဂရုမစိုက်ပေ မယ့် ကလေးအတွက် မစိုက်လို့ရမလား"

"ဟုတ်ပါတယ် ခေတ်ရယ်၊ နင်ဟာ ငါ့အတွက် မိဘလို၊ ရဲဘော်လို အဆွေခင်ပွန်းကောင်းပါ။ အဲဒါကြောင့် ငါ နင့်ကို ပူပင်နေမိတယ်ဆိုတာ လဲ ဆရာဝန်ရဲ့ အဖြစ်တွေနဲ့ဆိုင်ပေမယ့် နင့်အတွက်ချည်းပါပဲ။ ဒီပြဿနာ ဘယ်ကစ,တာလဲဆိုပြီး လူတွေခေါင်းထောင်ကြည့်ကြရင် 'တစ်ခေတ်ဦး' ကြောင့်ဆိုတာ ..."

"ကျားမြီးဆွဲလို့ ကျားကိုက်ခံရတာ မဆန်းဘူး နေရီ။ သူက ကျား မဟုတ်ဘူး၊ အဲဒါကြောင့် ငါ ကျားကိုက်ခံရလို့ သေစရာအကြောင်းလဲ မရှိဘူး၊ ကျန်တဲ့ဆိုးကျိုးတစ်ခုခု ကျန်ခဲ့ရင်လဲ အဲဒီဆိုးကျိုးဟာ နင့်ပေါ် ရောက်မလာဘူးဆိုရင် ငါ ကျေနပ်တယ်"

"ခေတ်ရယ်"

"အဲဒီတော့ နင် ခဏခဏမငိုနဲ့ နင့်ကိုမှီတွယ်ရှင်သန်ရမယ့် ရင်သွေး အတွက် နင်က သူ့ရဲ့ကောင်းဖြစ်ရမှာ၊ အကောင်းဆုံးဖြစ်လာဖို့ ဖန်တီး ကြည့်တာပဲလေ၊ ဖြစ်လာတာ, မလာတာက ကံတရား၊ ကြိုးစားနေရမှာ က ငါတို့တာဝန်ပဲ မဟုတ်ဘူးလား၊ ငါ နင့်ရဲ့ ဘေးကို နွေမော်ကွန်း ရောက် လာစေချင်တယ်၊ အဲဒါက အကောင်းဆုံးဖြစ်စေချင်တဲ့ မျှော်လင့်ချက်။ အခု ဒီလိုဖြစ်မလာပေမယ့် သူ နောက်တစ်ယောက်နဲ့တော့ လွဲသွားပြီ"

ခေတ် မျက်နှာလေးက ရဲတွတ်နေ၏။ သူများတကာ ကစဉ့်ကလျား ဒုက္ခရောက်သွားတာကို ကျေနပ်လွန်းလို့ အားပါးတရ ပြောပြနေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။

ကမ္ဘာမီးလောင် သားကောင်ချနင်း ဆိုသည့်စကားအတိုင်း ကမ္ဘာမီးမလောင်ပေမယ့် သူငယ်ချင်းရဲ့ဘဝ အေးချမ်းဖို့ ကိုယ့်ဘက်ကို ကာကွယ်ရင်း ဟိုဘက်မှာ မီးသင့်သွားရင်လည်း မတတ်နိုင်တော့သည့် ကိုယ်လွတ်ရုန်းခဲ့ရခြင်းမျိုးပဲဖြစ်သည်။

ခေတ် စိတ်လှုပ်ရှားနေသဖြင့် ဆံပင်တိုတိုလေးတွေကိုပဲ မျက်နှာမော့ခါပစ်လိုက်၊ လက်ချောင်းသွယ်သွယ်လေးများနှင့် ထိုးဖွပစ်လိုက်။

ဆံပင်တွေရော လက်တစ်ဖက်ကိုရော အခိပ္ပာယ်မဲ့ အလုပ်ရှုပ်နေခဲ့သည်။ စကားတွေပြောနေပြီး ကိုယ့်စကားတွေကိုလည်း အထာမကျသလို ခံစားမိ၏။ ငါ မှန်တယ်ဟု စိတ်ကိုတင်းထားခဲ့ပေမယ့် အင်အားကမပါ။

သူမဟာ ကျောင်းပြီးခဲ့ပြီဆိုပေမယ့် နှစ်ဆယ်ဝန်းကျင်ဆိုသည့် အသက်အရွယ်ကလေးမှာ ဉာဏ်မြူကြီးမားရှုပ်ထွေးသွားခဲ့သော ပြဿနာကြီးတစ်ရပ်နှင့် အဓိက ပါဝင်ပတ်သက်နေသူဖြစ်ခဲ့သည်။

ထို့ပြင် ဖြစ်ရသည့်ပြဿနာသည် ...

"မိန်းကလေးတစ်ယောက်က သူ့ ကျွန်မကို ခြေတော်တင်ပြီး ထားရစ်ခဲ့ပါတယ်"လို့ သတို့သားတစ်ယောက်ကို လက်ညှိုးထိုးရတာဟာ ဗုဒ္ဓဘုရားရှင်ရဲ့ အောင်ခြင်းရှစ်ပါးဓာတ်တော်ထဲက စိဥ္စမာဏ မိန်းမယုတ်ကို ခြေရာတူတိုင်းပြီး ဆရာတင်ခဲ့ရတဲ့အဖြစ်မျိုးပါ။

ဆိုဖာမှာ လျော့ရဲရဲမှီချလိုက်ပြီး ခေတ်လေသံလေးက သိသာစွာ လျော့ကျသွားခဲ့၏။

"ဟိုလူဟာ ငါတို့ရဲ့ အတုမရှိဗုဒ္ဓမြတ်စွာနဲ့ မနှိုင်းအပ်ပေမယ့် ငါတို့က စိဥ္စမာဏ မိန်းမယုတ်လို ယုတ်မာခဲ့ကြတာမဟုတ်ဘူး၊ ဒါပေမယ့် ဘယ်





ဘက်ကဖြစ်ဖြစ်၊ မှားမှားမှန်မှန် ငါတို့အဖြစ်ကတော့ အဲ ... ငါ့အဖြစ်ပေါ့၊ ငါ့ အဖြစ်က စိဥ္စမာဏလိုမိန်းမပါပဲ"

"အဲဒီလိုမဟုတ်ဘူး ခေတ်၊ အခု လူတွေအားလုံးရဲ့ပြောသံက ဆရာနဲ့ချို့ အပေါ်မှာပဲ စိတ်ဝင်စားနေကြတာ၊ နွေမော်ကွန်း ဘက်က အပြစ်ရှိနေတာလား၊ သဒ္ဒါချို့ဘက်ကလားပေါ့၊ ဒီအဖြစ် ဘယ်သူ့ကြောင့် ဖြစ်လာတာလဲလို့ စိတ်ဝင်စားနေကြတဲ့လူတွေက သူတို့ရဲ့ နှစ်ဖက်မိဘတွေပဲ၊ ဒီမိသားစုနှစ်စုကတော့ တရားခံ ဘယ်သူလဲလို့ ရှာနေကြတယ်၊ နင့်ကို နားလည်သွားပြီး ဆရာ့ညီကိုယ်တိုင်က ကူညီလိုက်တော့ သူ ဒီအဖြစ်ကို ဖုံးဖိထားမှာပါ၊ နင်ထင်သလောက် ဝက်ဝက်ကွဲဆိုးရွားသွားတာ မဖြစ်သေးပါဘူးဟာ၊ ငါ စိတ်ပူတာက ဒီအဖြစ်တွေကို နင့်မိဘတွေ သိသွားမှာကိုပဲ"

"သိသွားဖို့လဲရှိတယ်၊ မသိနိုင်လောက်ဘူးလို့ကြံဖန်ဖြေလို့လဲရတယ်၊ သိသွားနိုင်တာကတော့ ကိုးဆယ်ရာနှုန်းပေါ့ဟာ၊ ငါ ကြိုပြီးတွေးထားပါတယ်၊ ရင်ဆိုင်ဖို့လဲ သတ္တိရှိတယ်၊ ဒါပေမယ့် ငါ့ရဲ့သတ္တိတွေ ပိုပြီး ခွန်အားဖြစ်လာအောင် နင့်မျက်ရည်တွေကို ထာဝရသိမ်းဆည်းပေးပါ"

"ခေတ်ရယ်"

နေ့ရီ က သူမနေရာမှ ထလာပြီး ခေတ် ရဲ့ဘေးမှာထိုင်သည်။ ပြီးတော့ ပခုံးကိုသိမ်းကျုံးဖက်လိုက်ပြီး ပါးချင်းကပ်၏။

"ငါ မငိုတော့ပါဘူး၊ နောက် တကယ်မငိုတော့ဘူး၊ အခု မျက်ရည်ကျမိတာက ငါ့မှာ ဒီလိုသူငယ်ချင်းကောင်းရှိနေသေးတဲ့အတွက် ဝမ်းသာလွန်းလို့ပါ၊ ငါ့ရဲ့မဆင်ခြင်မှုကို နင်က နားလည်ပြီး မျှဝေခံစားပေးခဲ့တယ်၊ မဆိုင်သလိုနေလို့ရရဲ့သားနဲ့ ငါ့အတွက်ကြောင့် မိုန်းသွားရှေ့ကို ရင်ဖွင့်ပြီး ပြေးဝင်သွားခဲ့တဲ့လူလို အနစ်နာခံစွန့်စားခဲ့တယ်။ ငါမှားတာ... နင့်လို သူငယ်ချင်းမျိုးရှိနေရက်နဲ့ မဟုတ်တာကို တမ်းတမျှော်လင့်ပြီး ပူဆွေး



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့မိတဲ့ မိန်းမမိုက်”

“အဲဒါလဲ ကြံဖန်ငိုဖို့အကြောင်းတွေပဲ၊ တော်ပါတော့ နေရီရယ်၊ နင်ပြောသလောက် ငါ့စိတ်ဓာတ်မမြင့်သေးဘူး၊ အနီးစပ်ဆုံးပြောရမယ်ဆိုရင် အဲဒီလိုကျောသွားတာကို မခံချင်တာ။ ဒီယောကျ်ား ရုပ်တယ်ပွေတယ်လို့ နာမည်ကြီးနေရက်နဲ့ နင် မဆင်ခြင်တာဆိုရင် အဲဒါက တစ်မျိုး။ နောက်ပြီး နာမည်ပျက် အစွန်းအထင်းရှိထားလို့ နေထိုင်ပုံကိုက ကလက်တက်တက်ဖြစ်နေလို့ အဲဒီလိုမိန်းကလေးမျိုးမို့လို့ သူ လွယ်လွယ်လေး ဖျက်ဆီးပစ်လိုက်တယ်ဆိုရင်လဲ ကိုယ့်အမှားကိုယ်ပိုက်ပြီး ကျန်ရစ်ခဲ့ရုံအပြင် ဘာမှ မတတ်နိုင်တော့ဘူးလေ၊ အခု သူလဲ လူယုတ်မာမဟုတ်ဘူး၊ နင့်မှာလဲ ဣန္ဒြေသိက္ခာနဲ့ မိကောင်းဖခင် သားသမီး”

ပြောနေရင်း ပြုံသနာကို အစကပြန်မြင်သလိုဖြစ်ကာ ခေတ် အသံလေးမာလာ၏။

“နင် ခုလို အရှက်တကွဲအဖြစ်မျိုးနဲ့ ဒုက္ခရောက်ကျန်ခဲ့တာကို ဘယ်သူကမြင်မှာလဲ၊ အများတကာရဲ့အမြင်မှာ သူက လူတော်လူကောင်း။ သူတော်ကောင်းပုံစံနဲ့ သိုးရေခြုံတဲ့ဝံပုလွေလို ယုတ်မာတာ ငါတို့က ငုံ့ခံနေလိုက်ရင် သူကတော့ ကောင်းစားပြီး ကိုယ်ကတော့ သေပြီးရင်း သေကြေပြီးရင်ကြေ”

“ဟုတ်တယ်၊ ငါ မျက်ရည်တွေနဲ့အဖော်ပြုပြီး ရှိပါစေတော့ဆိုတဲ့စိတ်နဲ့နေလိုက်ရင် ...”

“အေး... နင်ကိုယ်တိုင် အဲဒါကိုနားလည်ပြီး ကိုယ့်စိတ်ဓာတ်ကို မြှင့်ဘင်၊ အခု သူတို့မင်္ဂလာပွဲ ပျက်သွားတာနဲ့ပဲ ကျေနပ်ဖို့ကြိုးစားလိုက် ခနရီ၊ ကိုင်းဖျားကိုကန်ပြီး ပျံထွက်သွားတာဆိုရင် သူ ပျံသန်းပါစေ ဝိတိ ခတွေနဲ့ နေပေးလိုက်မယ်၊ ဒီလိုမဟုတ်ဘဲနဲ့ ဒီပင်အိုကြီးက အရိပ်မကောင်း





ဆိုးဆိုပြီး တခြားပင်ပျိုသစ်ကိုင်းတစ်ခုကို ခုန်ကူးတာဆိုရင် ဒီဘက်မှာ ဆတ်ဆတ်ခါကျန်ခဲ့တဲ့ ပင်အိုသစ်ကိုင်းကို ပြန်တွေးကြည့်စမ်း”

နေရီ က ငေးနေရင်း ခေါင်းတဆတ်ဆတ်ညိတ်၏။

“နင်လဲ ပင်အိုကြီးမဟုတ်ဘူး၊ သူလဲ ငှက်တစ်ကောင်မှမဟုတ်တာ၊ အကန်လဲမခံနိုင်ဘူး၊ နောက်တစ်ပင်လဲ အကူးမခံနိုင်ဘူး၊ အခု သူ့စရိုက် ရှိသွားတာ သွားပါစေ၊ အချိုးချိုးသွားပုံက အရှက်ခွဲမှာစိုးလို့ ဟိုကို သက်လွှတ်ပေးခဲ့ပေမယ့် နင့်ကိုတော့ ဆောရီးပေါ့”

ထင်သလိုပြောနေမိပြီးမှ နေရီ မျက်နှာလေးငုံ့သွားတာကို သတိထားမိကာ စိတ်မကောင်းဖြစ်သွားမိ၏။

“အစကတည်းက အခြေအနေ အဆင့်အတန်းချင်းက အရမ်းကွာတာကို နင် သိနေတာပဲ နေရီ။ ဒါကို ငါ နိမ့်ကျပါလားလို့ပဲ တွေးနေရင် နင် အသက်ရှုလို့တောင်ရမှာမဟုတ်တော့ဘူး။ နွေမော်ကွန်းလိုလူမျိုးက လုံးသားကို ချိန်ခွင်ထဲထည့်ထားခဲ့တဲ့လူမျိုးဟ၊ ပြီးတော့ သူ့မှာ သိက္ခာတွေ မာနတွေ တနင့်တပိုးရှိတယ်၊ ဘာဖြစ်ဖြစ် သူ ဒီတိုင်းနေမယ်ဆိုရင် လေ၊ သူ့ရဲ့ကြင်ရာသက်ထားဆိုတဲ့နေရာမှာ နင်မဟုတ်ဘဲ တခြား မတစ်ယောက်ဖြစ်လာခဲ့ရင် ငါကတော့ ဘယ်လောက်ဝေးနေနေ ဖျက်မှာပဲ”

ခေတ် ကြိမ်းဝါးနေဆဲ။ နေရီ က သတ္တိတွေမွေးနေပါပြီ။

နေပူမှာ မိုးရွာတာလား၊ မိုးရွာနေတုန်း နေပူတာလား၊ အေးမလို မလိုနှင့် မကွဲပြားသောရာသီခွင်၏ ဖန်ဆင်းခြင်းကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

"သူ့ကြောင့်ဆိုတာ မဟုတ်ဘူး မေမေ။ ပူတဲ့ရာသီကို နွေရာသီလို့ သတ်မှတ်တာ၊ နွေရာသီမို့လို့ ပူတာမဟုတ်ဘူး။ ကိုလေး ပါဝင်ခဲ့တဲ့အဖြစ်တွေကို သူ့ကြောင့်သိရတာလို့ပဲ သတ်မှတ်ပါ၊ သူ့ကြောင့် ကိုလေး သိက္ခာကျခဲ့ရတာမဟုတ်ဘူး"

မခံရပ်နိုင်အောင် ဒေါသထွက်နေတာတော့မဟုတ်ပါ။ ဒါပေမယ့် ကိုယ့်သားတစ်ယောက်လုံးက ကိုယ့်မိသားစုဘက်မပါသည့်အဖြစ်ကိုတော့ မကျေနပ်ချင်။ ဒေါ်သင်းမြတ်ကြူ မျက်နှာက မကြည်ပေ။

ပြီးတော့ မင်္ဂလာပွဲပျက်ခဲ့ရသည့်အဖြစ်ကို လူတွေ အပြင်းအထန် စိတ်ဝင်စားနေကြတုန်းက ဘာသံမှမထွက်။ သားကြီးအတွက် သူမ ပေါက်ကွဲနေခဲ့စဉ်ကလည်း ဒီသားပါးစပ်က ဘာတစ်ခွန်းမှ စွက်ဖက်ပြောဆိုခဲ့တာမဟုတ်။

အရာအားလုံးထက် ဖအေဖြစ်တဲ့သူကို ဂရုမစိုက်သလိုလုပ်ပစ်လိုက်ကြပုံက ဘယ်လိုမှကို ခွင့်လွှတ်မရနိုင်သည့်အကြောင်းပဲဖြစ်၏။





မိဘတွေမှာ သင်းတို့ကောင်းစားကြီးပွားဖို့အတွက် အပင်ပန်းခံနေကြရသည်။ နားချင်လည်းမနား၊ လင်မယား အေးချမ်းစွာနေလိုပေမယ့် မနေနိုင်။

သားသမီးက ပြန်ပြီးသိတတ်လိုက်တာ ဒါပဲလား။

"မေမေ စဉ်းစားကြည့်ပါ။ သူ ဒီလိုလုပ်တာ သူ့အတွက် ဘာအကျိုးအမြတ်တွေရှိသွားလို့လဲ၊ အကျိုးလိုလို့ ညောင်ရေလောင်းတာမျိုးဆိုရင် ထဲ ဘာမှလိုလေသေးမရှိအောင်ချမ်းသာတဲ့ တစ်ဦးတည်းသောသမီး"

"နေဦး သားငယ်၊ မေမေ မေးမယ်၊ ခုဖြစ်သွားတဲ့ပြဿနာမှာ သားကြီးက တကယ်မှားယွင်းနေလို့ ထောက်ပြတာလား၊ ဟိုမိန်းကလေးဘက်ကို ယုံကြည်လွန်းပြီး ကိုယ့်အစ်ကိုကို ..."

"မဟုတ်ဘူး မေမေ၊ အဲဒီကောင်မလေးနဲ့ ကျွန်တော် ဒီပြဿနာဖြစ်မှတွေ့ဖူးတာ၊ ကိုလေးနဲ့ သူ့ချစ်သူ ..."

"တော်ပြီကွယ်၊ အဲဒါတွေ အခု ဘာမှမကြားချင်ဘူး"

ဒေါ်သင်းမြတ်ကြူ ငြိမ်ရှနားထောင်နေရင်းကနေ မျက်နှာပျက်ပျက်နှင့် တားသည်။ ကိုယ် အမြတ်တနိုး အထင်ကြီးခဲ့ရသည့် သားရတနာလေးက သာမန်အဆင့်အတန်း၊ ဂုဏ်သိန်ညှံ့ဖျင်းလှသော မိန်းကလေးတစ်ယောက်နှင့် ငြိစွန်းပတ်သက်သည့်အဖြစ်ကို မကြားလိုပါ။ ကြားလိုက်တုန်းကလည်း မယုံလို့မဖြစ်တော့တာကိုသိလျက်နှင့် မယုံချင်။

မဖြစ်နိုင်ပါဘူးလို့ မတော်လိုက်ရသည့် ခမည်းခမက်တွေကို ခေါင်းခါတောင်းပန်နေပေမယ့် ကိုယ့်သားကိုရှာတာ ဘယ်မှာမှမတွေ့။

စာလေးတစ်စောင်နှင့် တောင်းပန်သမှုပြုခဲ့သော်လည်း အကျိုးအကြောင်း၊ ဆိုးတာ၊ ကောင်းတာ ဘာပါလို့လဲ။

ဖေဖေ နဲ့ မေမေ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မှားယွင်းခဲ့တာ အမှန်ပါပဲ၊
ဒါကြောင့် ကိုယ့်ရဲ့မှားယွင်းမှုကို ပြင်ဆင်ချင်ပေမယ့်
အမှားကိုလည်း လက်မခံနိုင်သေးတော့ စဉ်းစားခွင့်ပြုပါ
ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ခိုင်မာလာတဲ့အခါ
ဘယ်သူမှန်ပြီး ဘာလုပ်သင့်သလဲဆိုတာ ဖေဖေတို့ ဆုံးဖြ
တဲ့အတိုင်း နာခံပါ့မယ်။
ကျွန်တော့်ကိုရော အခုဖြစ်သွားခဲ့တဲ့ပြဿနာကို
လောလောဆယ် မေ့ထားပေးလိုက်မယ်ဆိုရင် ကျေးဇူး
အနန္တပါ မေမေ။
ဖေဖေ ခွင့်လွှတ်နိုင်ပါစေ။

စာရဲ့အောက်မှာ သားကြီးရဲ့လက်မှတ်လေးကိုမြင်ခဲ့ရ၏။ ဘာ
ရေးသွားတာလဲ၊ ဘယ်သူနဲ့ ဘာပြဿနာလဲ။

မရှင်းလင်းသေးတာကိုသိချင်သောကြောင့် ဒီထက်ပိုပြီးဖတ်ချင်
ပေမယ့် စာက ဒါပဲဖြစ်၏။

ဘယ်သူနဲ့ ဘယ်လိုပြဿနာဆိုတာ မပါ။ ဘယ်အရပ်မျက်နှာ
ခြေဆန့်သွားပြီလဲဆိုတာက ငှက်ခြေရာရှာသလိုဖြစ်သွားခဲ့သည်။ ဒီ
ဆို တစ်ပတ်တိတိရှိပြီ။

ဘာအရှုပ်အရှင်းတွေပဲရှိခဲ့ရှိခဲ့ ကာယကံရှင်ကိုယ်တိုင်က လူ
အလယ်မှာ လက်ညှိုးထိုးစွပ်စွဲလာသလား ဒါမှမဟုတ် ဒီမိန်းက
ကိုယ်တိုင် လာပြီး သားကို ဆွဲထုတ်ခေါ်သွားခဲ့တာလား။

အခု ဒီလိုဖြစ်သွားတာမဟုတ်သော်လည်း ဟုတ်ခဲ့လျှင် အရှက်
ခေါ်သဖြစ်ရုံအပြင် မရှိ။ ခုတော့ မိနစ်ပိုင်း၊ နာရီပိုင်းလေးအတွင်း
အားလုံး ကမောက်ကမတွေဖြစ်ကုန်အောင် တရားခံရှာသွားသည့်သ





ကိုယ့်သားဖြစ်နေသည်။

အစ်ကိုဖြစ်သူကို သူစိမ်းနှင့်ပူးပေါင်း၍ ဒုက္ခပေးသွားသည်ဟု တွေး
မိသော်လည်း သားငယ်ကိုလည်း မထင်ရက်ပြန်။

ဒီခုနစ်ရက်အတွင်း မိသားစုထဲမှာ တိတ်ဆိတ်ခြောက်သွေ့ခြင်းကပဲ
ကြီးစိုးနေကာ သားကြီး ဘယ်ရောက်နေသလဲဆိုတာကို ပူရ၊ တစ်ဖက်က
မင်္ဂလာပွဲပျက်ရသည့်အတွက် ဖြစ်လာသည့်ပြဿနာတွေကို ရှင်းနေရတာ
က တစ်မျိုး။

ဒေါ်သင်းမြတ်ကြူသည် ခွေခေါက်လှဲချပစ်လိုက်ချင်သည့် နွမ်းလျ
ခြင်းများနှင့် ဆိုဖာမှာ ငေးငိုင်ထိုင်နေရင်း ...

"မင်းတို့အဖေတော့ ဘယ်လောက်စိတ်ညစ်နေလိုက်မလဲ"

ဟု တစ်ကိုယ်တည်းညည်းညူသလိုပြောနေမိ၏။ မေမေ ဘာဖြစ်နေ
လဲဆိုတာကို ချစ်သူ ကလည်းသိသည်။ ဒီပြဿနာတွေကို ကိုယ့်သား
ကိုယ်တိုင် အစဆွဲထုတ်ခဲ့လေခြင်းဟု ယူကျုံးမရတွေးနေမိပြီးဘာမှလည်း
အပြစ်တင်စကား မဆိုရက်ကာ ...

"ကျွန်တော့်ကို နားလည်ပါ မေမေ၊ ပြဿနာဖြစ်နေတုန်း ဘာမှ
ပြောဘဲထားခဲ့တဲ့အတွက်ရော၊ ဒီပြဿနာကို စခဲ့မိတဲ့အတွက်ရောပေါ့။
တကယ်တော့ အစကတည်းက ကိုလေး စခဲ့ပြီးသားပါ။ အဆုံးမသတ်ခဲ့တာ
ခြေရာမကျန်ခဲ့ပေမယ့် နောက်ထပ် လမ်းသစ်ဖောက်မယ်ဆိုရင်တော့
ပြီးဆုံးခဲ့တဲ့လမ်းဟောင်းက သိပ်ကိုအကျည်းတန်စွာပေါ်လာမှာပဲ။ ကိုလေး
ထွက်သွားခဲ့တာ သူ တကယ်ရွေးရမယ့်လမ်းပါ မေမေ၊ ကာယကံရှင်
မိန်းကလေးကမဟုတ်ဘဲ ကျွန်တော်တို့အားလုံးတွေက ဝင်ရှင်းလိုက်ခြ
သလိုဖြစ်ခဲ့ပေမယ့် ဝန်ခံဖို့မခံဖို့ကို ဘေးလူတွေ ဆုံးဖြတ်လို့မှမရဘဲ"

ဒေါ်သင်းမြတ်ကြူ မျက်လုံးတွေ ချစ်သူ ထံ ပြန်ဝေ့လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး ဒီမင်္ဂလာပွဲကို ရှောင်ထွက်သွားကတည်းက သူကိုယ်တို
ဝန်ခံလိုက်တာပဲမဟုတ်ဘူးလား"

"အဲဒါတွေ မေမေ မကြားချင်တော့ဘူးလို့ ပြောပြီးပြီပဲ သားထေ
သားကြီး အဲဒီလိုအလုပ်တွေ ကျူးလွန်ခဲ့တယ်ဆိုတာ မယုံလို့မရပေမ
ယုံရမှာပဲ၊ ဒါပေမယ့် ယုံကြည်မှုကို လက်ခံလိုက်ဖို့ မေမေ ကြိုးစား
မှာ"

"ကြိုးစားပါ မေမေ၊ ညက ကျွန်တော် ဖွင့်ပြောလိုက်တော့ ဖေဖေ
နားလည်သွားတယ်"

'အေးပေါ့လေ၊ သူပြုခဲ့တဲ့အမှုပဲ ဘာတတ်နိုင်မှာလဲ'လို့ ပြောခဲ့ပါ
သည်။ ချစ်သူ ကတော့ ဒါကို ထည့်ပြောမပြတော့ပါ။

ဖေဖေဟာ တည်ကြည်သည့်မျက်နှာ ရှိသလောက် မိသားစုထဲ
မယားရယ်၊ သားရယ် ဆိုပြီး နူးညံ့နွေးထွေးစွာ နေထိုင်ခဲ့ဖူးတာလ
သိပ်မရှိပါ။ မေမေကတော့ ပြောသည်။

"မင်းတို့အဖေက ချစ်သူရှိတယ်လေ၊ မေမေ့ကို လူကြီးတွေ လ
ထပ်ပေးလို့ နားထောင်ပြီးယူခဲ့တာ။ အိမ်ထောင်ကျစကဆို အဲဒီမျက်
ထက်ဆိုးတယ်၊ သားတို့ကိုမွေးတော့မှ ပြုံးပြုံးရယ်ရယ် အရောတ
ပြန်နေခဲ့တာ၊ သားတို့အစ်ကိုကြီး မော်ကွန်းတင် ဆုံးသွားတော့ သူ
အိမ်ကနှင်ထုတ်ပစ်လိုက်သလိုပဲ ထွက်သွားလိုက်တာ ပြန်ကိုမလာ
ဘူး၊ နောက်ကျမှ နိုင်ငံခြားမှာ လုပ်ငန်းတွေ အခြေစိုက်ပြီး ဟိုမှ
နေတော့မယ်လို့ အကြောင်းကြားတယ်လေ၊ သားတို့ကိုပဲ သူချစ်တ

ဟု ပြော၍ ဆွေးရိပ်သမ်းနေတတ်သည့်မျက်ဝန်းများကြောင့်
ကို မေမေကချစ်နေမှန်း သူတို့ အကဲခတ်မိခဲ့၏။

ဟိုမှာနေတယ်ဆိုပေမယ့်လည်း သားတွေနဲ့တော့ ဖေဖေ အဆ





သွယ်မပြတ်ခဲ့ပေ။ ကိုလေးက မြန်မာပြည်မှာရှိနေသည့်လုပ်ငန်းတွေကို
င်နှင်းနေသဖြင့် သူ့ကိုတော့ ဟိုမှာရော ဒီမှာပါ ကူးသန်းကျွမ်းဝင်စေချင်
ခဲ့။

ခုလည်း ကိုလေး လက်ထပ်မည်မို့ အလုပ်တွေရှုပ်နေသည့်ကြားက
ရောက်အောင်လာခဲ့သည်။ တခမ်းတနားကြီး ပြင်ဆင်ခဲ့သည့် လက်
ထပ်ပွဲပျက်သွားတော့ ဒေါသကြောင့် အံကြိတ်လို့မပြီးနိုင်။

စာတစ်စောင်နှင့်နှုတ်ဆက်ပြီး ကျန်ခဲ့သည့်လူတွေကို လူတောမတိုး
လောက်အောင် သိက္ခာကျ အရှက်ရစေခဲ့၏။ ပတ်ဝန်းကျင် အသိုင်း
ဝိုင်းကို ဂရုမစိုက်ရုံမကဘဲ မိဘနှစ်ပါးကိုလည်း ထည့်မတွက်ဟု တနုံ
တွေးဖြစ်နေခဲ့သည်။

ဖြစ်ကြောင်းကုန်စင်ကို သူပြောပြလိုက်မှ မယုံနိုင်ခြင်းက တစ်ဝက်၊
လည်ပေးလိုက်တာက သပ်သပ်။

"သွားပါစေပေါ့ကွာ၊ ဒါ သူကိုယ်တိုင်ကျူးလွန်ခဲ့တာမှန်လို့ ရင်မဆိုင်
တာပေါ့"ဟု ပြောရင်း နောက်ထပ် ဒီအကြောင်းကို ဘာမှလည်းမမေး။
ဖြစ်တင်တာ၊ ခွင့်လွှတ်တာ ဘာတစ်ခွန်းမှ မပြောတော့ဘဲနေခဲ့၏။

မေမေကတော့ ဖေဖေ့ရင်ထဲကို ခန့်မှန်းနေရင်း ဘာတွေဖြစ်လာမလဲ
တာကို ရင်မောနေဆဲရှိလေသည်။

"မနက်ကမင်းအဖေ ဘာပြောသွားသေးလဲ သား"

မေမေ့အသံကြောင့် သူ့အတွေးတွေ ပြတ်တောက်သွားခဲ့၏။

"ပြောမသွားဘူး မေမေ၊ မချို့ရဲ့ဦးလေးက ဖုန်းဆက်လို့သွားတာပဲ၊
လာကိစ္စပဲဖြစ်မှာပေါ့၊ ကျွန်တော် သွားလိုက်မယ်ပြောတော့ မသွားနဲ့
"

"ကိုယ့်ဘက်ကပျက်ကွက်ခဲ့တာဆိုတော့ ဘာပဲပြန်ပေးရရ ပေး



www.burmeseclassic.com

www.burmeseclassic.com



သင့်တယ်၊ မေမေကလဲ ကျေနပ်ပါတယ်၊ မင်းအဖေလဲ ကျေနပ်မယ်ဆိုရင် ပေါ့ကွယ်"

မိခင်ဝီဝီ သားဖြစ်သူအပေါ်မှာ ဖအေက အပြစ်တင်ပြီးငြင်သွားမှာကို ဒေါ်သင်းမြတ်ကြူ သေမလောက်ကြောက်နေခဲ့သည်။

"သားငယ်"

"ပြောပါ မေမေ"

ဒေါ်သင်းမြတ်ကြူက ကိုယ်ကို မတ်မတ်စန့်စန့်ပြင်ထိုင်လိုက်ပြီး လေးနက်စွာ ပြောချင်သည့်ပုံနှင့် ချစ်သူ ကိုကြည့်၏။

"မင်းအဖေက မင်းကို သူမပြန်ခင် အိမ်ထောင်ချပေးသွားမယ်လို့ ပြောတယ်"

"ဗျာ ..."

ဒေါ်သင်းမြတ်ကြူ ပုံစံက မော်ကွန်း၏မင်္ဂလာကိစ္စတုန်းကလို တက်ကြွမှု အလျှင်းမရှိခဲ့။ ချစ်သူကို စည်းရုံးနားချလိုသည့်ပုံ မပေါ်သလို ဖျက်ချင်တာမျိုးလည်းမဟုတ်။

သားဖြစ်သူ၏ အိမ်ထောင်ရေးကို သတင်းတစ်ရပ်အဖြစ်ပဲ ပြောသလိုမျိုး။

"မေမေ ဘယ်လို၊ ကျွန်တော့်ကို ဟုတ်လား"

ချစ်သူ တအံ့တသြကြီးဖြစ်လျက် မယုံနိုင်။ ဒီသားတွေ ရေးက သူ့အရေးပါလို့ ကြွေးကြော်ထားတဲ့မေမေတောင်မှ သူ့ကို အိမ်ထောင်ဖက်ရှာဖို့ စကားမဟခဲ့သေး။

"မင်းအဖေ ဒီလိုပြောလာတာ တကယ်တော့ မေမေ့ကို မယုံကြည်တော့ဘူးဆိုတဲ့ သဘောပဲ"

ဒေါ်သင်းမြတ်ကြူက ချစ်သူ နားမလည်နိုင်ဖြစ်သွားတာကို ရှင်းပြ





င်း မျက်နှာမကောင်းရှာ။

"သူ့သားတွေကို သူ ဘယ်လောက်ချစ်သလဲဆိုရင် သားကြီး ဆုံးားကတည်းက လေလွင့်သလိုဖြစ်သွားခဲ့တဲ့ သူ့ဘဝကို ကျန်တဲ့သား ်ယောက်အတွက်ပဲ ပြန်ပြီးအဖတ်ဆယ်ခဲ့တယ်၊ 'ငါ့သားတွေတွက် ဆောင်လမ်းပြနိုင်တဲ့ ဖခင်ကောင်းဖြစ်အောင် ငါ ကြိုးစားမယ်၊ သူတို့ တော်လူကောင်းလေးတွေဖြစ်ဖို့ မင်း တာဝန်ကျေပါစေ'တဲ့"

ဒေါ်သင်းမြတ်ကြူသည် ယူကျုံးမရသည့်မျက်ဝန်းများနှင့် ချစ်သူ ငေးမောနေလျက် ...

"သိလား၊ သားရဲ့ဖေဖေက မေမေ့ကို အဲဒီလို ယုံယုံကြည်ကြည် ်ခဲ့တာ၊ မေမေ ဝမ်းနဲ့လွယ်မွေးထားခဲ့ရတဲ့ သားတွေပေမယ့် မေမေ့ကို ာ ကလေးတွေကို ပြန်ပြီးအပ်ခဲ့ရင်း ကိုယ်စီတာဝန်ကျေကြဖို့ပေါ့။ ကြီး အခုလို အပြစ်တွေကျူးလွန်ပြီး လူယုတ်မာဘဝမျိုး ရောက်ခဲ့တဲ့ ွက် သူ သိပ်ကိုခံစားနေရတာ၊ မေမေ့ကို အပြစ်တင်စကား မဆိုပေ ည့် မေမေ တာဝန်မကျေခဲ့ဘူးဆိုတာ ..."

"ဒီလိုလဲမဟုတ်ပါဘူး မေမေ၊ ဒီအရွယ်အချိန်အခါထိ မိဘက သား ်ရဲ့စိတ်ဓာတ်ဆုံးဖြတ်ချက်ကို ခရေစေ့တွင်းကျ ဘယ်သိနိုင်ပါ့မလဲ။ ာ မပြောနဲ့ ညီအစ်ကိုချင်းတောင်မှ ကိုလေး ဒီလိုဖြစ်ခဲ့တာကို လုံးဝ ိမိခဲ့ဘူး၊ ဖေဖေလဲ ဒါကိုနားလည်မှာပါ မေမေ။ အဲဒါတွေနဲ့ ကျွန်တော့် အိမ်ထောင်ချပေးဖို့က ..."

"သားကိုတော့ သူကိုယ်တိုင် စီစဉ်ကြပ်မတ်တော့မယ်လို့ ပြောသွာ ်တာပေါ့ သားရယ်၊ မေမေ့ကို ယုံကြည်လိုက်တာ အခု ဒီလိုဖြစ်သွား တော့ နောက်ထပ် မယုံကြည်တော့ဘူးလို့ ပြောတာပေါ့"

"မဟုတ်သေးဘူး မေမေ၊ အထူးသဖြင့် ကျွန်တော်တို့က အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေကြပြီဖြစ်တဲ့ ယောက်ျားလေးတွေ မိဘအုပ်ထိန်းမှုတစ်ခုတည်းနဲ့ သက်ဆိုင်နေတာမှမဟုတ်တာ၊ လေတိုက်တာနဲ့ တဖြုတ်ဖြုတ်ကြွေကျကုန်မှာစိုးရအောင် ပန်းတွေလဲမဟုတ်ဘူး၊ သမီးမိန်းကလေးတစ်ယောက်ကို အုပ်ထိန်းသလိုကြီး ကြပ်မတ်နေတာ မကောင်းပါဘူး"

"ကြပ်မတ်တာမျိုးမဟုတ်ဘူး သား၊ မမှားစေချင်လို့ လမ်းဖြောင့်ပေါ် တစ်ခါတည်းတင်ပေးလိုက်ချင်တာမျိုး၊ မေမေ ခံစားနေရတာ မေမေ့ကြောင့်လို့ တကယ်ခံစားနေမိလို့ပါ၊ မင်းအဖေမှာ အပြစ်မရှိဘူး သူ စီစဉ်တာကို သား လက်ခံလိုက်ပါ သားရယ်၊ မေမေတို့ကို နောက်ထပ် ပဋိပက္ခဖြစ်အောင်မလုပ်ပါနဲ့ကွယ်"

"အခု ကိုလေးကိစ္စဖြစ်ပြီးတော့ လ မကူးသေးဘူး မေမေ၊ ဖေဖေ မပြန်ခင် စီစဉ်မှာဆိုတော့ နောက်ထပ်ကွာရင် တစ်လပဲ၊ အဲဒါကြီး ကတိုက်ကရိုက်မဆန်ဘူးလား၊ သတိထားမိကုန်ရင် အခု ကိုလေးကိစ္စကိုပါ နှိုက်နှိုက်ချွတ်ချွတ်စိတ်ဝင်စားလာကြတော့မှာ"

"ဒါတွေ မေမေတို့ထက် သူက ပိုသိမှာပါ၊ မေမေ မှားခဲ့လို့ သားကို ပြန်ပြီးဖာဖေးစေချင်တာတော့မဟုတ်ဘူး၊ ဒါပေမယ့် မေမေကိုယ်တိုင် သားကို အဲဒီလိုယောက်ျားမျိုး ထပ်မဖြစ်စေချင်တော့ဘူး သား၊ အဲဒါ အမှန်ပဲ"

"ကိုလေးက အဲဒီလောက်ထိ မဆိုးရွားပါဘူး မေမေ၊ အချစ်ကြောင့်ဖြစ်ဖြစ်၊ သွေးသားဆန္ဒကြောင့်ဖြစ်ဖြစ် မှားခဲ့ကြတဲ့လူတွေ အများကြီးပဲ ကိုလေးလဲ လူထဲကလူပဲ"

"လူထဲကလူပေမယ့် ဝေလေလေနေရာမှာ မရှိရဘူး၊ လက်ညှိုးထောင် ခေါင်းညိတ် မလုပ်ရဘူး၊ လူညံ့ဖြစ်ရင်ပြီးရောဆိုပြီး မေမေတို့ မွေးမြူခဲ့တာမဟုတ်ဘူး သား၊ ပြီးတော့ အကောင်းဆုံး၊ အတော်ဆုံး





မဟုတ်ရင်တောင်မှ ဘယ်လောက်လောက်ဖြစ်လာရင် တော်ပါပြီဆိုတဲ့ လျှော့ရဲလျှော့ရဲရည်ရွယ်ချက်တွေ ထားခဲ့တာလဲမဟုတ်ဘူး၊ ဒီလောက်ထိ မေမေတို့မျှော်လင့်ခဲ့ရတာ အကောင်းဆုံးအဆင့်နဲ့ ပန်းဝင်သွားပြီဆိုပြီးတော့လဲ ဂုဏ်ယူဝင့်ကြွားခဲ့ကြတယ်၊ တကယ်တမ်းကြည့်စမ်း၊ ပန်းဝင်ကြိုးကိုဖြတ်ခါနီးမှ ဒလိမ့်ခေါက်ကွေး ခြေခေါက်လဲခဲ့တာ"

ထိန်းချုပ်သမျှ ဒေါ်သင်းမြတ်ကြူ သတိလွှတ်ကာ မျက်ဝန်းမှာ မျက်ရည်တွေပြည့်အိုင်လာခဲ့၏။

"သားမှာ ဒီလိုအပြစ်မျိုးမရှိနိုင်သေးဘူးလို့ အခု မေမေတို့ ယုံခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်မှာ အပြစ်ရှိနေတဲ့သူက သူများ ဒီအပြစ်မျိုး ကျူးလွန်ထားတာကို လက်ညှိုးထိုးမှာမဟုတ်ဘူးလေ"

ဒေါ်သင်းမြတ်ကြူက ကျလုကျခင်မျက်ရည်တွေကို လက်ခုံနဲ့ အသာတို့၍ မျက်တောင်တွေခတ်ပစ်၍လည်း ထိန်းချုပ်သည်။

"အဲဒါကြောင့် နောက်ထပ်မလွှဲသာလို့ ပုထုဇဉ်လူသားမို့လို့၊ အို... ဘာအကြောင်းနဲ့မှ ဒီလိုအမှားမျိုး ငါ့သား ထပ်မမှားရဘူး၊ အသက်အရွယ်၊ ဥစ္စာ၊ ပညာ အားလုံးလဲ ပြည့်စုံနေပြီဆိုတော့ မင်းအဖေ စီစဉ်မယ်ဆိုတဲ့ ကိစ္စကို မငြင်းပါနဲ့လို့တော့ မေမေ ပြောချင်တယ်"

မေမေ့မျက်ဝန်းမှာ မျက်ရည်ကို ဒီတစ်ခါပဲမြင်ဖူးလိုက်သည့် ချစ်သူ၏နှုတ်ခမ်းဖျားမှာ စကားလုံးတွေ ရှားပါးသွားခဲ့၏။

ကိုလေးကို အမှန်အတိုင်းဆုံးဖြတ်စေချင်ခဲ့တာပါ၊ ဒီမင်္ဂလာပွဲကို ဖျက်စေချင်တာမဟုတ်၊ သူ ဝင့်လည်ပြီလား...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

"အဲဒီလိုမပြောပါနဲ့ မေမေရယ်၊ နေရီ က မိကောင်းဖခင်သားသမီးပါ"

"မိဘတွေကို ခွဲမထည့်နဲ့ အရက်သမား ဘိန်းစားကမွေးတိုင်း အရက်သမားဖြစ်လာတတ်တာမဟုတ်ဘူး။ သူဌေးကြီးကမွေးလို့ရော သူဌေးကြီးဖြစ်လာမှာပဲ ပြောလို့ရလား၊ လူ့ဘဝကိုမွေးဖွားခြင်းနဲ့ စတည်ခဲ့လို့သာ သွေးသားဆက်နွယ်မှုတွေရှိခဲ့တာ၊ တကယ်က ကိုယ့်ဘဝနဲ့ကိုယ်"

ဒေါ်ယဉ်းစပယ် က ဒေါသကိုအတားအဆီးမရှိ လွှတ်ပေးထားသည့် မျက်နှာတင်းတင်းနှင့် ခါးတစ်ဖက်ထောက်၏။

"မိကောင်းဖခင်သားသမီးတွေ ပိုးစိုးပက်စက် လေလွင့်နေကြတာ သမီး မမြင်ဖူးဘူးလား"

"မြင်ဖူးပါတယ်၊ အဲဒါတွေကိုမြင်တွေ့နေလို့ နေရီ အဲဒီလိုမိန်းကလေး မဟုတ်ဘူးဆိုတာ ခေတ် သိတာပေါ့"





"မေမေ သိချင်တာက သူ ဘယ်လိုမိန်းကလေးဖြစ်ခဲ့တာကို မဟုတ်ဘူး အခု ဘယ်လိုမိန်းကလေးဖြစ်နေသလဲဆိုတာပဲ"

ခေတ် မျက်နှာလေးပျက်သွားပေမယ့် ဘာမှလည်း ရုတ်တရက် ပြောနိုင်။ ဖေဖေနဲ့ မေမေရဲ့ စိတ်သဘောတွေကိုက ဖေဖေက အပြော မျှသလောက် စိတ်ထားလည်းနူးညံ့သည်။

မေမေက စကားနည်းသလို ပြောပြီဆို ယတိပြတ်၊ ဖေဖေ တစ်ဆယ်ကလွဲလျှင် မေမေ ဂရုစိုက်တဲ့သူမရှိဘူးလို့တဲ့ ပြောရမှာပေါ့။ မာနကြီးလွန်းသည့် မေမေသည် တစ်ခါတလေ နိုင့်ထက်စီးနင်းပြောသွားသလိုသို။

သူငယ်ချင်းအတွက် ခေတ် ဘယ်လိုမှစိတ်မကောင်းနိုင်ပေ။ ဒါပေမယ့် မေမေ တော်တော်ဒေါသထွက်နေမှန်း သိနေသည်မို့ အာဂုံဆောင်ထားပြီးသည့်စကားတွေကိုလည်း မပြောရဲတော့တဲ့ဖြစ်သွား၏။

"မေမေ မေးနေတာ ဖြေလေ"

"ဒါကတော့ မေမေရယ် ..."

"လူဆိုတာ အမှားနဲ့မကင်းပါဘူး၊ ဘာညာ ပြောမလို့လား"

"ဗိုအားတစ်ခုတစ်ရာကြောင့် သူ ဘဝပျက် ..."

"ဘဝပျက်ပြီဆိုမှ သွားပြီပေါ့၊ တိရစ္ဆာန်တောင်မှ ကိုယ့်အသက်လေးတွေကိုတော့ တတ်နိုင်သမျှ ရှင်အောင်မွေးမြူကြတယ်၊ စည်းခြားထားတာမဟုတ်ဘဲနဲ့ ငါးတွေ ရေထဲမှာဘယ်လိုနေသလဲ၊ ကိုယ်သေနိုင်တဲ့ ပိုင်းကို မသွားဘူး။ ကြီးတဲ့သတ္တဝါက ငယ်တဲ့သတ္တဝါကို စားသောက်ကြတာ တိရစ္ဆာန်သဘာဝ၊ ဒီလိုမှ ကိုယ့်အသက်ကို မကာကွယ်နိုင်ရင် မျိုးမျိုးသောငါးတွေ အသက် ဘယ်လိုရှင်ကြမလဲ"

"နေရီ က နယ်ကနေ တစ်ယောက်တည်းလာပြီး ချို့ချို့တဲ့ ပညာ



www.burmeseclassic.com

www.burmeseclassic.com



သင်နေတဲ့သူပါ"

မပြောရဲပေမယ့် ခေတ် စောဒကတက်မိသေးသည်။ မေမေကတော့ နေရီကို လက်မခံနိုင်ခြင်းသီအိုရီများပြားစွာစုဆောင်းထားပြီးဖြစ်ပုံရပါ၏။

"မေမေက ဘာပညာမှမတတ်ကြတဲ့ ငါးတွေအကြောင်းကိုပဲ ပြောတာပါ။ နေရီ ပညာတွေသင်နေတာ၊ ချို့တဲ့တာကတော့ သူ့ဘဝကို သူ နားလည်ရမယ့်အကြောင်းတွေပဲ၊ ကိုယ့်ခြေထောက်မှာ ဖိနပ်မပါမှန်း သိရက်နဲ့ ဆူးခြောင့်ခလုတ်ရှောင်ဖို့မှ ဂရုစိုက်ရမှန်းမသိရင် ခြေဖဝါး ဟက်တက်ကွဲသွားလဲ သနားစရာမရှိဘူး သမီး၊ ဘယ်သူမပြု မိမိအမှုပဲ၊ ဒုက္ခများလာကာမှ လိုးလွှဲချနေတာ သိပ်ရှုပ်ဖို့ကောင်းတယ်။ ဆောင်းနေရီဆိုတဲ့ မိန်းကလေးနဲ့ပတ်သက်ပြီး သမီး ကာကွယ်ဖို့မပြောနဲ့ အဲဒီနာမည် တူတောင် မေမေ့ရှေ့မှာ နောက်ထပ် မခေါ်မိစေနဲ့"

"မေမေ"

"အေး ... ပြီးသွားခဲ့တာတွေမှာ သမီးရဲ့သူငယ်ချင်းမိန်းကလေးဆိုတဲ့ စာနာစိတ်နဲ့ မေမေ ဘာမှမပြောခဲ့ဘူး။ ဘယ်လို ကူညီကူညီ၊ ဘယ်လောက် ရင်းနှီးရင်းနှီး ကြည်ဖြူခဲ့တယ်။ အခု ဒီလိုဖြစ်ပျက်နေပြီ ဆိုတာကိုသိရပြီးမှ၊ ပြီးတော့ အခု သူများကိစ္စတွေထဲထိ သမီး ဓားစာခံ လူမိုက်ဝင်လုပ်ခဲ့တာတွေလဲဖြစ်ခဲ့ပြီးမှ မေမေ ဘယ်လိုမှ နားလည်ကြည်ဖြူပေးဖို့မလိုတော့ဘူး"

"သမီး ပစ်ထားလို့မရလို့ပါ မေမေရယ်၊ သူ့မြို့ကိုလဲ သူ ဒီတိုင်းမပြန်ရဲတော့ဘူး။ ဒီမှာလဲ သူ့ကိုကူညီနိုင်တာ ခေတ် တစ်ယောက်ပဲရှိတာ"

"တိတ်စမ်း တစ်ခေတ်ဦး"

ဒေါ်သင်းစပယ် လေသံက နှုတ်များမှထွက်လာခြင်းနှင့်မတူဘဲ ဓားရောင်တစ်ချက် ပြိုးပြက်လက်သွားသလိုဝင်း။





မှန်တင်ခုံရှေ့မှာထိုင်နေသည့် ခေတ် ထံသို့ မွှေ့ရာအစွန်းဘေးကနေ ခြေနှစ်လှမ်းတည်းနှင့် ရောက်သွားခဲ့ပြီး ...

"မပြောနဲ့တော့လို့ တားနေတာကို ဘာဖြစ်လို့ အတွန့်တက်နေတာလဲ၊ နာမည်တူတောင် မကြားချင်ဘူးလို့ ငါ တားနေရက်နဲ့ ဘာဖြစ်လို့ အဲဲ ထပ်ပြောတာလဲဟင်၊ ဟိတ် ... ဖြေစမ်း"

"ခေတ် ... ခေတ် က သူ့ကို ကူညီမယ်လို့ အာမခံထားပြီးလို့ပါ မေမေ"

"ဘာ ..."

ဒေါ်သင်းစပယ် က ခေတ် ၏ ပခုံးလေးတစ်ဖက်ကို ဖျတ်ခနဲဆုပ်ကိုင်ပြီး ခါပစ်လိုက်၏။

"သူ့ဘဝ၊ သူ့ကိုယ်သူတောင်မှ တန်ဖိုးမထားခဲ့တဲ့ မိန်းကလေးကို ညည်းက အာမခံလိုက်တယ် ဟုတ်လား"

တစ်ကိုယ်လုံးယိမ်းထိုးသွားအောင် ဆောင့်ဆွဲခါယမ်းပစ်နေသဖြင့် ခေတ်၏မျက်နှာလှလှလေးထက်သို့ ဆံပင်တွေ ဖွာလန်ကျဲကျလာကြ၏။

ခေတ် ခေါင်းလည်းမမော့၊ ဘာမှလည်းပြန်မပြောဘဲ ပေကပ်ကပ်လုပ်နေလိုက်၏။

"ညည်းက မိဘ ဘာပြောပြော သူငယ်ချင်းကိုတော့ မပစ်နိုင်ဘူးဆိုတဲ့ သန္နိဋ္ဌာန်နဲ့လား။ ရတယ်၊ ငါက ကိုယ့်ရှေ့မှာလာဝပ်နေတာ ဝံပုလွေမှန်း၊ သိုးငယ်မှန်း မသိလောက်အောင်ကန်းခဲ့တော့ ဒီလိုမိန်းကလေးနဲ့ ကိုယ့်သမီး အကြင်နာတွေ ပိုမိုလွန်ကဲတဲ့အထိဖြစ်သွားခဲ့တာ။ ထားလိုက်ပါ။ ဒါပေမယ့် ညည်းကလဲ တစ်ခေတ်ဦး။ ငါကလဲ သင်းစပယ် ပဲ၊ ငါပြောသလို ညည်း နောက်မဆုတ်ဘူးဆိုရင် ဘာဖြစ်သွားနိုင်မလဲ စောင့်ကြည့်ပေါ့"

www.burmeseclassic.com



မေမေ ဘာကိုဆိုလိုတာဖြစ်နိုင်မလဲ အပြေးအလွှားစဉ်းစားရင်း မေမေ့ကို ဖျတ်ခနဲမော့ကြည့်မိသည်။

မေမေက သူမ မော့ကြည့်လာမှာကို ကြိုသိနေသလိုမျိုး ခပ်စူးစူး စိုက်ကြည့်နေပြီးမှ ...

"ညည်းကို ငါ မလှုပ်နိုင်အောင်တုပ်ပြမယ် တစ်ခေတ်ဦး။ မိဘနဲ့ သားသမီးကြားမှာ ဗုဒ္ဓဘာသာ မြန်မာထုံးတမ်းအစဉ်အလာကိုက မိဘက စီမံ၊ သားသမီးက နာခံ ဒါပဲ၊ ပွင့်လင်းဖို့၊ ဆွေးနွေးဖို့ ဆိုတဲ့ အခွင့်အရေး ငါ မပေးနိုင်ဘူး။ ငါ မိဘ၊ ငါ စီမံတဲ့အတိုင်း လုံးဝ နာခံရမယ်၊ အဲဒါ ညည်း လိုက်နာရမယ့်အမိန့်"





## အခန်း(၁၈)

"စကားပလ္လင်တွေခံမနေပါနဲ့ဗျာ။ ကျုပ်တို့ချင်းပြောပြီးနေမှပဲ၊ အမေ နှစ်ယောက်ပြောကြဖို့ပဲ လိုတော့တာ"

"အိုး.. မှားနေပြီလေ၊ အမေနှစ်ယောက်ပြောကြလို့လဲ မပြီးဘူး၊ ကာယကံရှင်တွေ ကြည်ဖြူနှစ်သက်ကြမှ ..."

"ဟုတ်တယ်၊ အဲဒါ အမှန်ပဲ"

"ဟော ဟော ... သူတို့ချင်းတင်ပြကြ၊ ထောက်ခံကြနဲ့ ဟုတ်တော့ ဟုတ်နေပြီဗျ၊ တော်ကြာ ကိုယ့်မဲကိုယ်ရေပြီး ဆုံးဖြတ်ချက်တွေချကုန်ရင် ခက်မယ်၊ တစ်လွဲတော့ အဖြစ်မခံနိုင်ဘူးနော်"

အိမ်ရှင်တွေက ဦးတက်ခေတ် တို့ဇနီးမောင်နှံဖြစ်ကာ သမီးတောင်း လာကြသည့်စုံတွဲက ဦးမော်ထွန်း တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားချင်းရင်းနှီးခဲ့ကြပေမယ့် မိန်းမချင်းကတော့ ဒါ ပထမဆုံ
တွေ့ဆုံခြင်းပင်။

"သားငယ်အတွက် အိမ်ထောင်ဖက် ဝါ ရှာတွေ့ထားတယ်လို့ ပြော
ခဲ့တယ်နော်၊ အခု မိန်းကလေးအိမ်ကိုသွားပြီး စကားစမြည်ပြောရင်
တစ်ခါတည်း စေ့စပ်ခဲ့မယ်၊ မင်း ပြင်ထား"

ဦးမော်ထွန်း က ဒေါ်သင်းမြတ်ကြူကို လမ်းကနေဖုန်းဆက်ပြီး ပြ
ဆင်ခိုင်းသည်။ သူရောက်လာတာနှင့် ပြန်ထွက်နိုင်ဖို့ အဆင်သင့်ပြင်ထား
ရသဖြင့် အထူးတလည် ဘာမှကိုမမေးဖြစ်ခဲ့ပေ။

ဦးတက်ခေတ် ကတော့ ဒေါ်သင်းစပယ်ကို ဦးမော်ထွန်း၏ စကား
ကမ်းလှမ်းလိုက်ကတည်းက သေချာပြောပြထားပြီးသားဖြစ်၏။

သမီးဖြစ်သူအတွက် ရတက်မအေးနိုင်ဖြစ်နေရသည့် ဒေါ်သင်းစပယ်
က ဘာတစ်ခွန်းမှ မကျေလည်စကားမဆိုခဲ့တဲ့ သဘောတူကြောင်း ချ
ချင်းခေါင်းညိတ်ခဲ့သည်။

နှစ်ဖက်မိဘ မြန်မြန်ဆန်ဆန်တွေ့ဆုံဖြစ်ခဲ့ကြသည့် အခြေအနေယ
ချောချောမောမောပဲ အောင်မြင်သွားခဲ့သည်။

မိန်းမသဘာဝအတိုင်း ခမည်းခမက်တွေဖြစ်ကြဖို့ မင်္ဂလာစကား
ပြောကြစဉ်မှာ မျက်နှာချင်းဆိုင်မိကြတာနှင့် ငယ်ပေါင်းကြီးဖော်တွေ
တရင်းတနှီး။

"ဘာလို့လွဲရမှာလဲ မမကြူရယ်၊ ကျွန်မတို့က သားကို သခင်၊ လင်
ဘုရား ဆိုတဲ့ မိန်းမမျိုးတွေမဟုတ်ဘူးလား။ ခင်ပွန်းသည်ချင်း ပြော
ကြပြီဆိုကတည်းက ခေါင်းခါဖို့ စဉ်းကိုမစဉ်းစားခဲ့တာ"

"အမလေး ကျေးဇူးတင်လိုက်တာ စပယ်ရယ်၊ တို့နှစ်ယောက်ရဲ
မျက်နှာမြင်ကြတာနဲ့ ရင်းနှီးသွားကြတာ ကြည့်ဦး။ နာမည်တွေမှာ 'သင်း





ပါကြတာကိုက တိုက်ဆိုင်တာမဟုတ်ဘူး၊ ရေစက်ဆုံကြရမယ့်လူ
ဖြစ်နေလို့"

"ဟုတ်ပါတယ် ဟုတ်ပါတယ်"

ရယ်နေကြရင်း ဒေါ်သင်းမြတ်ကြူ က အိမ်ထဲကို ပေါ်ပေါ်တင်တင်
ကိုက်ရှာကြည့်၍ ...

"ဘယ်မှာလဲ စပယ်၊ သမီးလေးကို တို့က မမြင်ဖူးသေးဘူး၊ မြင်ဖူး
တဲ့ အစ်ကိုကိုတောင် မနာလိုဖြစ်နေမိတာ"

"ရှိပါတယ်၊ နည်းနည်းတော့ မျက်နှာပူရှာမှာပဲဆိုပြီး မခေါ်ဘဲနေ
လို့ စဉ်းစားနေတာ"

"အိုကွယ် ..."

"သမီးက အိမ်က ကလေးလိုပဲလေ၊ ဆိုးနွဲ့နေတာမျိုးမဟုတ်ဘူး
ဟို... ဖြူစင်တာကို ပြောချင်တာ၊ သူ့ကို အိမ်ထောင်ချပေးမယ်
တော့ ..."

"ခုချိန်ထိ လက်မခံနိုင်သေးဘူးလို့ ပြောချင်တာလားဟင်"

"လူငယ်ဆိုတာကတော့ ကိုယ့်အယူအဆလေးတွေကို တင်ပြပြီး
ဒီက လိုက်လျောတူညီမှုကို လိုချင်တာမျိုးပါ၊ တခြား ပြဿနာ မရှိပါ
"

ဦးတက်ခေတ် က သဘောပေါက်နေသည့်မျက်နှာနှင့် ဇနီးဖြစ်သူကို
ကြည့်နေ၏။ ဒေါ်သင်းစပယ်၏နှုတ်ခမ်းသားတို့က တင်းတင်းစေ့
ကိုယ်လိုတဲ့အတိုင်း မဖြစ်ဖြစ်အောင်လုပ်ယူဖို့ ခိုင်မာနေသည့်နှယ်။

"အင်းပေါ့နော်၊ မိဘစကား နားထောင်မယ်ဆိုတာနဲ့တင် တို့တွေက
ပ်ကြရမှာ"

ဒေါ်သင်းမြတ်ကြူက ဖြေသိမ့်သလိုပြောကာ ဦးမော်ထွန်း အကဲ



www.burmeseclassic.com

www.burmeseclassic.com



ခတ်၏။ ဦးမော်ထွန်း က သူမကို မကြည့်ပါ။

ဒါပေမယ့် သိနေပါသည်။ ဘယ်အချိန် ဘယ်နေရာမှာဖြစ်ဖြစ် သ သဘော၊ သူ ဆုံးဖြတ်လိုက်ပြီဆို နောက်တစ်ယောက်လူ၏ အကြံဉာ ကို မလိုချင်။

အထူးသဖြင့် ဆရာတင်ထိုက်သူကို ဆရာတင်မည်၊ တိုင်ပင်ထိုက် လူကို တိုင်ပင်ချင်၏။

ဘယ်ဘက်ကမှ အကျိုးထူးလာမှာမဟုတ်သည့် စကားတစ်ခွ အကြံပြုချက်တစ်စုံတစ်ရာကို ဘာလုပ်မှာလဲ။

'ငါလိုလူ ဇမ္ဗူမရှိ'ဆိုတဲ့ မာန်မာနတွေထားတာမဟုတ်ပါ။ အား သင့်တာ၊ မတွေ့ဝေသင့်တာ ဒါတွေကို သူ နားလည်နေတာပဲဖြစ်သည

ညှို့ခန်းထဲမှာ ဖနီးမောင်နှံစုံတွဲနှစ်တွဲ မျက်နှာချင်းဆိုင်ရှိနေကြ နှစ်တွဲစလုံးဟာ အေးအတူပူအမျှ ကောင်းတူဆိုးဖက် မဟုတ်ကြ ဆုံးဖြတ်ခွင့်၊ ရှေ့ဆက်ခွင့်ကို တစ်ဦးတစ်ယောက်ကသာ ချုပ်ကိုင်ထာ တာမျိုးလား။

"မဦးရေ ..."

"ရှင် မမကြီး"

"သမီးကို သွားခေါ်လိုက်ပါဦး"

ဒေါ်သင်းစပယ် က မဦးကိုခေါ်ခိုင်းလိုက်ပေမယ့် 'ထွက်ခဲ့'လို့ လှ ခေါ်လိုက်သည်နှင့်တူသော အမိန့်ဆန်သည့်လေသံက တစ်အိမ်လုံး စူးရောက်သွားနိုင်၏။

အသက်သုံးဆယ်ခန့်နှင့် ဆံပင်တိုတိုကပ်ကပ်၊ အရပ်ကြီး ကလ ကလားရှည်နေသော မဦး ဆိုသည့် အမျိုးသမီးက အားလုံးရှေ့က နောက်ထဲကိုဝင်သွား၏။





ဒါပေမယ့် သွားခေါ်နေရတာနှင့်မတူဘဲ အခန်းအကွယ်ထောင့်ကနေ တစ်ခါတည်းပါလာသလိုမျိုးပါ။

ဒေါ်သင်းမြတ်ကြူ၏မျက်လုံးတွေက ဆင်စွယ်ရောင်လည်ကပ် ယ်တာ လက်ရှည်နှင့် ဘောင်းဘီရှည်အနက်ပွပွဝတ်ထားသော မိန်း လေးထံသို့ စူးစိုက်ကျရောက်သွား၏။

သူမက 'တစ်ခေတ်ဦး'ဆိုတာလား ...။

လှတာကတော့ တော်တော်ကိုလှပါသည်။ လှတယ်ဆိုတာထက် ယ်လျသောအရပ်မြင့်မြင့်လေးနှင့် နားရွက်အောက်ကျကျဆံပင်တိုနဲ့နဲ့ လေးကြောင့် ခေတ်မီ၍ ချစ်စရာကောင်းတာလေးက ပို၍ပေါ်လွင်နေ၏။

ပုလဲနှစ်လိုဝင်းနေသည့်ပါးပြင်လေးတွေက ဝတ်ထားသည့် ဆင်စွယ် ရောင်အောက်မှာ ရောထွေးနေသည်မို့ ထူနက်သောမျက်ခုံးတန်းလေး တွေကို ထင်းနေအောင်မြင်ရသည်။

အလှတရားတွေကိုချည်းမြင်လိုက်ရပေမယ့် ဒေါ်သင်းမြတ်ကြူ၏ င်ထဲမှာ ဘဝင်မကျခြင်းဆိုသည့် ခံစားချက်သေးသေးလေးက သိသာစွာ ဖြစ်ထွန်း၏။

ဒါဟာ ဘာမှန်းမသိပေမယ့် တစ်ခေတ်ဦး ဆိုသည့် မိန်းကလေး၏ ကဝန်းများမှ စူးလက်နေသည့် မာန၏ရောင်စဉ်တွေ ကိုယ့်မျက်နှာမှာ ဟပ်နေသလို ခံစားလိုက်ရ၏။

နာခံနေရပေမယ့် လက်မခံနိုင်ဘူးလို့ ကိုယ့်ကို သိစေလိုက်တာမျိုး သား။

ထို့ပြင် သားအတွက် အိမ်ထောင်ဖက်ဟာ ကြင်နာနိုင်မယ့် ဘဝကြ ော်မဟုတ်ဘဲ ဖက်ပြိုင်အနိုင်ယူလာမယ့် ပြိုင်ဘက် တစ်ယောက် ိုလား။



www.burmeseclassic.com

www.burmeseclassic.com



"လာ သမီး"

ဦးတက်ခေတ် က သမီးကိုလက်ကမ်းပြီး သူ့ဘေးမှာ နေရာပေး ထိုင်စေသည်။

ဦးမော်ထွန်းနှင့် ဦးတက်ခေတ် တို့၏ ထောင့်မှန်နေရာလောက်မှာ ထိုင်လိုက်ရင်း ခေတ် က မျက်နှာကို အတတ်နိုင်ဆုံး ပြေပြစ်အောင်နေ လိုက်၏။

"သမီးလေးက တစ်ခေတ်ဦး လေ"

ဒေါ်သင်းစပယ် က မိတ်ဆက်ပေးပြီး ခပ်ထေ့ထေ့ပြုံးကာ ...

"ကိုယ့်သမီးကိုတော့ လာကြည့်ပြီး သားကို ဘာဖြစ်လို့ခေါ်မလာ တာလဲ မမကြူ"

"ဪ ... တို့က ဆန္ဒစောနေတာလေ၊ သားက ဘန်ကောက်ကို အလုပ်ကိစ္စနဲ့ ခဏသွားနေတယ်၊ သန်ဘက်ခါ ပြန်ရောက်မှာ။ အခုက လူကြီးချင်းသဘောတူကမ်းလှမ်းထားတဲ့သဘောပေါ့၊ လူငယ်ချင်းတွေ့ ပြီးတာနဲ့ အကြီးအကျယ်စေ့စပ်ပွဲလုပ်မယ်၊ သမီးနဲ့စပယ်တို့ဘက်သာ သဘောတူမယ်ဆိုရင် စေ့စပ်ပွဲနဲ့လက်ထပ်ပွဲကို ဆက်တိုက်ဖြစ်သွားစေ ချင်တာ"

ခင်ပွန်းသည်ရင်ထဲမှာလည်း ဒီလိုဆန္ဒရှိနေမှာကို သိနေသည်မို့ ဒေါ်သင်းမြတ်ကြူက စိတ်ပါလက်ပါဟန်နှင့် ပြောပေးလိုက်သည်။

ရင်ထဲမှာတော့ ပြောသလောက်ကြီးဖြစ်မနေခဲ့တာ အမှန်ပါ။ တိုနေ့ က မိဘချင်း သဘောတူလက်ခံခဲ့ကြပြီး စေ့စပ်ဖို့ရက်ကို လူငယ်တွေတွေ့ ပြီးတာနှင့် သတ်မှတ်ဖို့ အတည်ဖြစ်ခဲ့ကြ၏။

အပြန်လမ်းမှာ ဦးမော်ထွန်း က 'မင်းပြန်နှင့်တော့'ဆိုပြီး ကားပေါ် က ဆင်းနေရစ်၏။





"ရှင် ဘယ်သွားမလို့လဲ၊ ကားယူသွားလေ၊ ကျွန်မ ကားငှားပြန်လိုက် ပါ့မယ်"

"ရတယ်"

ဦးမော်ထွန်း၏မျက်နှာက နည်းနည်းလေးမှ ပြေပြစ်ခြင်းမရှိ။ သား အတွက်စေ့စပ်ဖို့သွားခဲ့ကြပြီး အပြန်မှာ လင်မယား ခေါင်းချင်းဆိုင်၍ အဆိုးအကောင်း အကျိုးအကြောင်း ပြောဆိုကြဖို့ဆန္ဒဖြစ်မိပေမယ့် ဒေါ်သင်းမြတ်ကြူ ဘာမှမတတ်နိုင်။

သားကြီး သေဆုံးခဲ့စဉ်ကတည်းက တည်တင်းစွာကျောခိုင်းသွားခဲ့ သော မျက်နှာသည် သားနှစ်ယောက်အတွက်ဆိုပြီး ပြုံးရယ်ရွှင်ပျလာခဲ့ တာ သိပ်မကြာသေးပါ။

ဒုတိယသားကို ထပ်ပြီးဆုံးရှုံးလိုက်ရပြီလို့များ သတ်မှတ်လိုက်တာ လား။ မိဘတွေကို အရှုပ်ထုပ်ကြီးထဲမှာ ထားခဲ့ပြီး မပြောမဆို ထွက်သွား လိုက်တာ ဘယ်အရပ် ဘယ်နေရာမှာမှန်းမသိ။

ကားပေါ်မှာ တစ်ယောက်တည်းပါလာခဲ့ရရင်း ဒေါ်သင်းမြတ်ကြူ ငိုချင်စိတ်တွေဖြစ်လာခဲ့၏။ သားငယ်ကိုတော့ အရွယ်ရောက်နေပြီပေ မယ့် အငယ်ဆုံးသားလေးမို့ အိမ်ထောင်ချပေးဖို့ ဘယ်တုန်းကမှ မစဉ်း စားမိခဲ့ပါဘဲ ...

မှန်ပါတယ်၊ ရှင်တစ်ယောက်တည်းဆုံးဖြတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

"နာမည် ဘယ်လိုခေါ်လဲ ဖေဖေ"

"လူကိုတောင် မမြင်ဖူးဘူးမဟုတ်လား။ နာမည်သိတော့ ဘာထူး လဲ၊ ငါ့သား သူနဲ့တွေ့ရမှာပဲ မေးကြည့်လိုက်ပေါ့"

ကားပေါ် ကဆင်းလိုက်ကတည်းက ဖေဖေ့စကားတွေကို နော တစ်ခေါက်ပြန်တွေးမိသေးသည်။ မေမေ ပြောသလို ဖေဖေ့မျက်နှာထ မှာ ဘယ်လိုအပြစ်တင်အံ့ဖွဲ့ခြင်းမှ ရှိမနေပါ။

ကိုလေးကီစွကြောင့် သူ့ကို အလျှင်စလိုလက်ထပ်ပေးလိုခြင်း သိသာပေမယ့် ပြောဆို ညွှန်ကြားသမျှမှာ ပေါ့ပါးပြုံးရယ်ခြင်းတေ ဖြစ်၏။

သူ့ခြေလှမ်းတွေကတော့ ပေါ့ပါးမနေခဲ့ဘဲ ကြိုးဆွဲခေါ်နေသ ကြားကနေ ခြေကန်ရုန်းနေသည့် ခွေးပေါက်လေးတစ်ကောင်နှင့်တူနေ

လူကြီးတွေကိုယ်တိုင် သတ်မှတ်ပေးလိုက်သည့်နေရာဖြစ်ကာ မ





ခဲ့သည့် မိန်းကလေးကို ရှာဖို့ တေဘယ်လ်နံပါတ်နှင့် သတ်မှတ်ပေး လိုက်၏။

"ပွိုင့်ဆဲဗင်းကို ဖေဖေ သုံးနာရီတိတိ ယူထားတယ်၊ အဲဒီမှာထိုင်နေ တဲ့မိန်းကလေးဟာ တခြားမိန်းကလေးဖြစ်ဖို့မရှိဘူး။ သားက ယောကျ်ား လေးဆိုတော့ ကိုယ်နာမည်ကို စပြောပြီး မိတ်ဆက်လိုက်ရင် ပြီးပြီ" တဲ့။

ဒါဆို ဟိုဘက်က ကိုယ့်နာမည်ကို မသိဘူးပေါ့။ သူ မေးလိုက်တော့ ဖေဖေက ပြုံး၍ခေါင်းညိတ်၏။

လူကြီးတွေ စိတ်ကူးကောင်းတော့ လူငယ်တွေ ထွင်တယ်ဆိုတာ က် ပိုဆန်းနေသည်။

"သားတို့ချင်းရင်းနှီးဖို့အတွက် ဖေဖေတို့က အချိန်မပေးနိုင်တော့ဘူး။ င်းနှီးတယ်ဆိုတာ တစ်ယောက်နာမည်တစ်ယောက် သိသွားပြီး ပြုံး ယ်ခေါ် ပြောဖြစ်သွားတာနဲ့ ရင်းနှီးတယ်လို့ခေါ် နိုင်တယ်၊ စိတ်ဝင်စား က မလွယ်ဘူးကွ၊ အခု လူလဲမမြင်၊ နာမည်လဲမသိဘူးဆိုတော့ ငါ့သား င်ထဲမှာ ခိုးလိုးခုလုကစပြီး ရင်ထဲရောက်သွားပြီး မကျေနပ်တာဖြစ်ဖြစ်၊ န်းနေတာဖြစ်ဖြစ်၊ အဲဒါ စွဲလမ်းခြင်းတစ်မျိုးပဲ၊ နှစ်သက်စွဲလမ်းနေခြင်း စ်ဖို့ကတော့ မင်းတို့နှစ်ယောက်ရဲ့ ပြောဆိုဆက်ဆံရေးတွေမှာ ရေစီးနဲ့ တူပါလာလိမ့်မယ်"

ဖေဖေ့စကားတွေအတိုင်းဆိုလျှင် ဟိုဘက်မှာလည်း သူ့လိုပဲရှိနေ လိမ့်မည်။ ဘယ်လိုလုပ်မလဲ။

မှန်တံခါးကို ဘေးတွန်းလိုက်တော့ စိမ့်ခနဲအေးသွား၏။ အထဲမှာ းပွဲတွေ စနစ်တကျရှိနေကြကာ ပွိုင့်ဆဲဗင်းကို မျက်လုံးတစ်ချက် ဝေ့ရှာ သည်။

"ဘာများအလိုရှိပါသလဲရှင်၊ ဘယ်နှစ်ယောက်စာ ပြင်ဆင်ပေးရမလဲ



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ရှိပါ"

သွယ်နွဲ့သောကိုယ်လုံးလေးနှင့် မိန်းကလေးတစ်ယောက် သူ့ဆေ
ကိုရောက်လာသည်။ လက်တစ်ဖက်မှာ ဘောလ်ပင်ကိုင်လက်ဆေ
ကုတ် အင်္ကျီအဖြူပေါ်မှာ ကတ်လေးချိတ်ထား၏။

"စားပွဲနံပါတ်ခုနစ်"

"ရှင် ..."

"ဦးမော်ထွန်း ယူထားတဲ့ စားပွဲနံပါတ် ခုနစ်ကို ..."

"သြော် ... ဟုတ်ကဲ့ရှင့်"

တစ်ဖက်မှာ ကန်ရေပြင်ကိုမြင်နေရသည်။ အတွင်းနံရံတွေ
သစ်ပင်စိမ်းစိမ်းတွေက နံရံထိ နွယ်စာက်နေကြ၏။

စားပွဲနံပါတ်ခုနစ်မှာ ဘယ်သူမှရှိမနေပါ။ ထိုနေရာမှာ သစ်ပင်ပန်း
ကြီးတွေ ထောင့်မှန်ပုံချထားသဖြင့် တစ်ဖက်က ပြတင်းပေါက်မြင်ကွ
တစ်ခုနဲ့ပဲ ပြည့်စုံနေသည်။

ဒီဆိုင်၊ ဒီနေရာကို ဖေဖေ ရွေးတာမှန်း သူ သိနေသဖြင့် ချစ်သူ နှု
ခမ်းမှာ ခပ်ယဲ့ယဲ့အပြုံးတစ်ချက်ဖြစ်သွားသည်။

နေရာက တော်တော့်ကိုအေးချမ်းတာပါ။ ဒါပေမယ့် 'ဒီလောက်
မရသေးဘူး ဖေဖေ' စိတ်ထဲမှာ ပြောဖြစ်ရင် ...

"အိုခေ ရပြီ"

"ရှင် ..."

ပြောပြီး သူ ဒီဘက်ကဆိုဖာထူကြီးတွေနှင့် စားပွဲမှာထိုင်ချလို
သဖြင့် ကောင်မလေး ကြောင်တောင်တောင်ဖြစ်သွားသည်။

ဆိုဖာတပ်စားပွဲက ကာရာအိုကေဆိုဖို့ သီးသန့်နေရာဖြစ်သည်
လောလောဆယ် ဆိုသူမရှိသော်လည်း စားသောက်ဖို့ သက်သက်လူ





ကတော့ ဒီမှာ လာထိုင်ကြတာမရှိ။

"သီချင်းဆိုမလို့မဟုတ်ဘူး၊ ထိုင်လို့ရတယ်နော်"

"ရှင် ဟုတ်ကဲ့ ရပါတယ်၊ တစ်ခုခုသုံးဆောင်ဖို့များ မှာဦးမလားလို့"

"အင်း ... မိတ်ဆွေတစ်ယောက်ကို စောင့်ဦးမှာဆိုတော့ အအေး
တစ်ခုခုယူခဲ့ပါ"

ဘောင်းဘီအိတ်ထဲကဖုန်းနဲ့ ကားသော့ကိုယူ၍ စားပွဲပေါ် တင်လိုက်
သည်။

"ကိုယ်က ယောကျ်ားလေးပဲ၊ သားက နည်းနည်းစောသွားလိုက်ပါ"
တဲ့။

ယောကျ်ားလေးလည်း အဲဒီစားပွဲမှာ ငုတ်တုတ်ထိုင်စောင့်နေရမှာ
ကြီးကို လုပ်ချင်မလား ဖေဖေ။ စကားသံမထွက်ဘဲ နှုတ်ခမ်းတစ်ချက်မဲ့
၏။

ပြီးတော့ မျက်လုံးက အထီးကျန်စားပွဲဆီ ဝေ့ခနဲဖြတ်သန်းပြန်သည်။

သူမ ဒီဆိုင်ထဲဝင်လာတာနဲ့ စားပွဲနံပါတ်တစ်ခုခုကို ရှာမည်။ မျက်လုံး
တန်းရောက်လာတာနဲ့ ကိုယ်က ငုတ်တုတ်ကြီးအဆင်သင့်လား။ ဒီလို
တော့ ဘယ်ရမလဲ။

ကိုယ့်လိုပဲ စားပွဲခုနစ်ကို သူမ ရှာဖွေရောက်လာကာမှ ကိုယ့် ဒီနေရာ
ကနေ ထသွားလိုက်ရင်ရော မရဘူးလား။ ရတယ်။

ရခြင်း၊ မရခြင်းတွေကို ကိုယ့်ဘာသာ အကြွေးရှင်းချနေဆဲ ကျော
နောက်ဘက်ကနေ သိမ့်ခနဲဖြစ်သွား၏။

ဆိုဖာနောက်မှာ ကျောချင်းကပ်ထားသည့် နောက်ထပ်ဆိုဖာ
ရှိသေးသည်။

ဆိုဖာတောင်မှ ဒီလောက်သိမ့်သိမ့်တုန်သွားအောင်ထိုင်ချလိုက်တာ

www.burmeseclassic.com



လွန်လွန်း၏။ နောက်လှည့်ကြည့်လိုက်သည့် သူ့မျက်နှာ ထိုဆီမရောက်လိုက်ပေ။

အနီရောင်သော ခေါင်းလျှော်ရည်နံ့တစ်ချက် နှာခေါင်းထဲဝင်လာသဖြင့် ထိုသူ မိန်းကလေးမှန်းသိလိုက်ကာ လှည့်ကြည့်ဖို့ရည်ရွယ်ချက်က ပျက်သွားခဲ့သည်။

"တောက်"

ဟာ... ချစ်သူ မျက်ခုံးနှစ်ဖက် ပင့်တက်သွားသည်။ တက်ခေါက်သံက ပြင်းလှချေလား။

လူကို တည့်တည့်မကြည့်လိုက်မိပေမယ့် သူ့မျက်ဝန်းထောင့်မှာ စောစောကမြင်လိုက်တာ နှစ်ယောက်မဟုတ်ပါ။

တစ်ယောက်တည်း ဘာတွေဖြစ်နေတာလဲ။ ဆိုင်အဝင်ဝဘက်ကို သုံးချိုးနှစ်ချိုးလောက် ကျောခိုင်းထိုင်ထားမိသလိုဖြစ်ကာ သူ ဆိုင်ဝကို လှမ်းကြည့်လိုက်တာနှင့် သူမကို လှည့်ကြည့်လိုက်သလိုဖြစ်သွားလိမ့်မည်။

ထို့ကြောင့် လာမည့်သူကို လှမ်းမျှော်ကြည့်ဖို့အစီအစဉ်လည်း ပျက်လေသည်။ ကျောချင်းကပ်လာထိုင်ပြီး ဒေါသဘာဝနာတွေပွားနေသည့် တစ်ယောက်ထံ နားစွင့်ထားမိရင်း နောက်ထပ် တက်ခေါက်ဦးမလားဟု လည်းတွေးမိသေးသည်။

ထိုစဉ် ဝိတ်တာကောင်လေးတစ်ယောက် သူမဆီကိုသွားတာ မြင်လိုက်ရပြီး ဘာမှာသံမှလည်းမကြားဘဲ ကောင်လေး ချက်ချင်း ပြန်ထွက်သွားတာ ဘယ်သူမှ ထပ်ရောက်လာခြင်းမရှိတော့ပေ။

ချစ်သူ အံအေးဘူးကိုကိုင်ကာ ဖန်ခွက်ထဲကို အကုန်သွန်ထည့်၏။ တစ်ကျိုက်ပဲသောက်လိုက်ပြီး စီးကရက် မီးညှိသည်။

နှစ်ရှိုက်လောက်ဖွာပြီး နာရီကြည့်မိ၏။ ပြီးတော့ ဆိုဖာမှာ ခပ်နွဲ့နွဲ့





ပြန်မှီလိုက်ပြီး စီးကရက်သောက်နေလိုက်သည်။

"တောက်"

တက်ခေါက်သံနှင့်အတူ ကျောမှီကိုထုချလိုက်တာလား၊ ဘာနဲ့ထိုးလိုက်တာလည်းမသိ၊ သူ့ဘက်ထိ တုန်ခါနဲ့ခါသွားသည်။ ထို့နောက် တစ်ခုခုမကျေမနပ်ပြောလိုက်သံလည်း ပါလာသည်။

ဘာမှန်းမသဲကွဲသော်လည်း စီးကရက်မီးခိုးတွေနှင့် သူမ တိုက်ခိုက်နေပြီမှန်း သိလိုက်ကာ ချစ်သူ ပြုံးမိသည်။

ဒါလည်း သူပဲလျှော့ဖို့ဆုံးဖြတ်ကာ စီးကရက်ကို ခွက်ထဲလှမ်းထည့်လိုက်တုန်း ...

"ဒီမှာ ဟောဟိုက စားပွဲခုနစ်ကို တစ်ယောက်ယောက်လာရင် ပြောလိုက်ပါ၊ စောင့်မနေနဲ့ အားလုံး ပြီးသွားပြီလို့"

ဟာင် ...

ချစ်သူ အံ့အားသင့်သွားကာ ကိုယ့်နားကိုယ်ပင် မယုံနိုင်။ ဒီအသံကို သူ မှတ်မိသည်။ ပြီးတော့ သူမဟာ သူ့နောက်မှာ ကျောချင်းကပ်လာထိုင်နေသည့်အဖြစ်။

"ခဏ"

နေရာမှဖျတ်ခနဲထရပ်ပြီး လှည့်ကြည့်လိုက်ချိန်တွင် သူမက ဆံလင်းဘက်ခ်ကို ပခုံးတစ်ဖက်မှာပြန်ဆွဲချိတ်ပြီး ထွက်ခွာဖို့ ခြေလှမ်းပြင်နေပြီဖြစ်၏။

သူ့အသံကြားလိုက်တော့ ဖျတ်ခနဲလှည့်ကြည့်သဖြင့် ဆံနွယ်လေးတွေ လွင့်ခါသွားကြသည်။

"ရှင်က ..."

သူ့ကိုမြင်လိုက်သောကြောင့် မျက်ခုံးထူထူလေးတွေ တွန့်ကုတ်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး ...

"ဘာလဲ"

"မင်းကို ကိုယ် စောင့်နေတာ"

သူတို့နှစ်ယောက်ကို အကဲခတ်ပြီး ဝိတ်တာကောင်လေး ပြန်ထွက်သွား၏။ နှစ်ယောက်၏ တိုက်ဆိုင်မှုက သူကလည်း ဘောင်းဘီရှည် အနက် နုံ့သာရောင် ရှပ်လက်တိုနှင့်ဖြစ်ကာ ခေတ် ကလည်း ကွာတား ဂျင်းပင်နံ့အနက်နှင့် စပို့ရှပ် နုံ့သာရောင်လေးကို ဝတ်ဆင်ထား၏။

တစ်ယောက်ကိုတစ်ယောက် စူးစိုက်ကြည့်နေပြီး ခေတ် မျက်နှာလေး တဖြည်းဖြည်းတည်တင်းလာ၏။ ဘာမှမသိရသေးပေမယ့် တွေးလာ၍ဘာ့ဟာ အမှန်ဖြစ်ဖို့ သေချာနေသည်မို့ ...

"ရှင်က ဦးမော်ထွန်း ရဲ့သားလား"

"ဟုတ်တယ်"

"ဪ ... ဒေါ်မော်ကွန်းရဲ့မျိုးဆက်တွေပဲ၊ မျိုးကောင်းဆွေကောင်းတွေပေါ့နော်"

တည့်တည့်လှည့်ကြည့်ပြီး ခေတ် က မဲ့ရွဲ့ချိုးကျူးသည်။

"လာပါ၊ ပိုမှာထိုင်ပြီးမှ မင်း ချိုးကျူးလို့ရပါတယ်၊ အေးအေး စကား ပြောရအောင်"

"မလိုတော့ဘူး၊ ကျွန်မက မိဘ သဘောတူထားလို့ မလွှဲသာတဲ့ နာမ် ခြင်းနဲ့လာခဲ့ရတာ၊ ဘယ်လိုငြင်းဆန်ရှောင်ရှားရမလဲလို့ ခေါင်းထဲမှာ မပြတ်တွေးနေတဲ့သူ၊ အခု အကြောင်းပြစရာ ရသွားပြီ၊ ဘယ်မိဘကမှ ဒီလိုအကျင့်ရှိတဲ့ယောကျ်ားမျိုးတွေလက်ထဲ ကိုယ့်သမီးကို ထည့်ပေး လိုက်မှာမဟုတ်ဘူး၊ ရှင့်အစ်ကိုအကြောင်းတွေ ကျွန်မ ပြောပြလိုက်တာနဲ့ အေးဆေးပြီးဆုံးသွားမှာပါ"





ခေတ် က စကားဆုံးသည်နှင့် ကျောခိုင်းလိုက်၏။

"မင်း အဲဒီလိုထင်သလား၊ ဖေဖေက ကိုလေးကိစ္စတွေကို အားလုံး ပြောပြပြီးမှ မင်းနဲ့ကိုယ့်ကို စီစဉ်ပေးဖို့ ကမ်းလှမ်းခဲ့တာ"

ခေတ် ၏လှုပ်ရှားမှုလေးတွေ ရပ်တန့်သွားသည်။ သူမကျောပြင် လေးကိုကြည့်ကာ ချစ်သူ က ပြုံးလိုက်၏။

"မင်း လှုပ်ရှားခေါင်းဆောင်ခဲ့တဲ့ကိစ္စတွေကို မင်းမိဘတွေ သိသည် ဖြစ်စေ၊ မသိသည်ဖြစ်စေ ဖေဖေကတော့ သူ့သားမင်္ဂလာပွဲကို ပျက်စေခဲ့ တဲ့ ကာယကံရှင်မဟုတ်ဘဲ ပရိသတ်တွေထဲဝင်ကြွသွားတဲ့ မိန်းကလေး ကို စိတ်ကောင်းစေတနာနဲ့ သူ့ရဲ့ကောင်းမလေးလို့ ထည့်ပြောလိုက်မှာ မဟုတ်ဘူးထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မေမေကိုယ်တိုင် အဲဒီမိန်း ကလေးကို တအံ့တဩဖြစ်ခဲ့တာလေ။ မင်း စဉ်းစားကြည့်ပေါ့၊ မင်းမိဘ တွေအမြင်မှာ အဲဒီကောင်မလေး တော်ပါတယ်လို့ ပြောမလား"

ခေတ် ချာခနဲနေအောင်လှည့်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မက မဆီမဆိုင် သူ့ရဲ့ကောင်းဝင်လုပ်ခဲ့တာ၊ ရှင့် မိဘတွေက အဲဒီတစ်ယောက်ကို မကျေနပ်ကြဘူးဆိုရင်လဲ ကျွန်မက အဲဒီတစ်ယောက်မှန်းသိရင် မှန်းမှာပဲ၊ ဒီပွဲကို ရှင့်ဘက်က ဖျက်ပေါ့"

"စောပါသေးတယ်။ အခု မင်းနဲ့ကိုယ် တွေ့ကြရုံပဲ လူကြီးတွေက စီစဉ်တာ၊ မင်း ပြန်သွားရင် မင်းရဲ့ဆုံးဖြတ်ချက်ကို မင်းပြော၊ ကိုယ်လဲ ပြောမယ်၊ သူတို့တွေ စပြီးစီစဉ်တာဆိုတော့ ဘယ်လိုအဆုံးသတ်ပေးမလဲ သူတို့ပဲ ဆုံးဖြတ်ပါလိမ့်မယ်"

တက်ခေါက်ချင်သေးတာဖြစ်နိုင်သော ခေတ်ရဲ့နှုတ်ခမ်းလေးတွေ ညှိုးဖြော့င့်လေးလို ဖိကပ်တင်းကျပ်သွား၏။ ပြီးတော့ စားပွဲခုံပေါ်ဆီ သို့ခနဲကြည့်လိုက်ပြီး တစ်စုံတစ်ခုကို သတိရသွားသလိုဖြစ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘာဖြစ်လို့ ဒီမှာလာထိုင်နေတာလဲ"

ချစ်သူ က မဖြေဘဲ ခေတ် ကို စေ့စေ့ကြည့်ပြီး ပြုံးလိုက်၏။ ပြီးမှ...

"မင်းကရော ..."

ခေတ် မျက်နှာလေးပျက်သွား၏။ ဒေါသဖြစ်ဖြစ်နှင့် ခေါင်းငုံ့ပစ်တိုက် လိုက်ရလျှင် အဲဒီပြုံးနေတဲ့နှုတ်ခမ်းတွေ သွေးစိမ်းရှင်ရှင်နှင့်ကြည့်မကောင်း ရှုမကောင်းဖြစ်သွားနိုင်သည်။

ဒီလောက်ထိ ကြည့်မရဖြစ်နေတဲ့မျက်နှာကြီးကို ဘယ်လိုမေ့ထား ထားမလဲ။ တိုက်ဆိုင်နေလိုက်တာ၊ ဒီလူနဲ့မှပဲ ...





## အခန်း(၂၀)

"အဲဒီလိုလူမျိုးတွေပဲ မေမေ၊ လုံးဝ အကျင့်မကောင်းတဲ့လူတွေ၊ အဲဒီ လိုလူကို ခေတ် နဲ့မပေးစားပါနဲ့"

စသည် စကားတွေကို အကြိမ်ပေါင်းများစွာပြောနေပေမယ့် ခေတ် တကယ်တမ်း မေမေ့ကို မပြောရဲဘဲဖြစ်နေခဲ့၏။

"ဟင်... ဒါ တကယ်ပဲလား"လို့ တအံ့တသြဖြစ်ပြီး လက်ထပ်ဖို့ကို အလျင်စလိုဖျက်ပစ်မှာလား။

"ကိုယ့်စည်းကိုယ့်ကမ်းနဲ့မနေတာ ဘယ်သူလဲ"လို့ ပြန်မေးကာ လက်ထပ်ပွဲကြီး ဒီထက်ပို၍ မြန်မြန်ဆန်ဆန်ဖြစ်သွားမည်လား။

ဘယ်လိုတွေးတွေး ခေတ် ဘက်က မေမေ ရပ်တည်ဖို့ မသေချာခြင်း က အသေချာဆုံးဖြစ်နေခဲ့၏။

ထို့ကြောင့် မျိုသိပ်အံကြိတ်နေရင်း မင်္ဂလာပွဲကြီးက ခြိမ့်ခြိမ့်သဲ ကျင်းပပြီးဆုံးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကတိုက်ကရိုက်စီစဥ်လိုက်ကြတာပေမယ့် အတာတ်နိုင်ဆုံးတော့ ပြည့်စုံသွားတယ်ထင်ပါတယ်။ ဘယ်လိုလဲ မသင်းစပယ်၊ မသင်းစပယ်တို့က သမီးရှင်ဆိုတော့ အားလုံး စိတ်တိုင်းကျဖြစ်သွားတဲ့မျိုးခဲဖြစ်စေချင်တာ၊ ကလေးတွေရဲ့မင်္ဂလာပွဲကို စိတ်တိုင်းကျပါရဲ့လား"

မင်္ဂလာပွဲပြီးတော့ နှစ်ဖက်လက်ဖွဲ့ထားသည့်တိုက်ကြီးထဲမှာ လူငယ်နှစ်ယောက်ကို လိုက်ပို့ရင်း လူကြီးတွေ မျက်နှာချင်းဆိုင်ဖြစ်ကြ၏။

ဒေါ်သင်းစပယ်သည် ကျောက်စိမ်းရောင်ပြောင်နေသည့် ပိုးချိတ်နှင့်ဖြစ်ကာ ဒေါ်သင်းမြတ်ကြူကတော့ ငွေမှင်ရောင်ပြောင်နှင့် ဖြစ်၏။

ကျောက်စိမ်းရောင်တောက်နေသည့်အတိုင်း ဒေါ်သင်းစပယ်၏ မျက်နှာမှာ နှုတ်ခမ်းထက်ကအပြုံးနှင့် မဆိုလျော်သော အေးစက်ခြင်းတို့ မေးတင်လျက်ရှိ၏။

ဒါကို အားလုံးကမြင်တော့ ဒေါ်သင်းစပယ်ဟာ တော်တော်မာနကြီး၍ အထက်စီးဆန်ဆန်ကြည့်တတ်သူဟု ...

တကယ်တမ်း သူမမျက်ဝန်းတွေ ဤသို့ဖြစ်နေရသည်က ခေတ်ကြောင့်ပါ။ မိဘကို ပြန်လှန်မပြောခဲ့ပေမယ့် မနှာခံလိုခြင်းကို သိသာစွာပြနေခဲ့သည်။

မင်္ဂလာပွဲမှာ မဖြစ်မနေပြုံးရယ်လိုက်ရတာမျိုးရှိပေမယ့် ခဏလေးတစ်အောင့်လေးတွေမှာ စုပုပ်တင်းခဲနေသည့် မျက်နှာက ဘယ်မိဘကိုမှ ဂရုမစိုက်ဘူးဆိုသည့်ပုံမျိုး။

ပြီးတော့ ဝတ်စုံအရောင်ကို ပုစွန်ဆီရောင်လို့ ပြောကတည်းက 'ပန်းရောင်ဖြစ်ဖြစ် ချုပ်ပါလား'ဟု အလိုမကျသံနှင့် သူမ ပြောခဲ့မိသေးသည်။

ဒါကို တကယ်တမ်းဝတ်ထွက်လာတော့ ပုစွန်ဆီရောင်ထက်များစွာအရောင်ရင့်ကာ ဖြန်းခနဲကြည့်လျှင် အနီရောင်ဖြစ်နေ၏။





ဒေါသနှင့် သူမ ဘယ်လိုမှ ဟန်မဆောင်နိုင်အောင်ဖြစ်သွားသဖြင့် ဒေါ်သင်းမြတ်ကြူက နှစ်သိမ့်သည်။

"ဘာဖြစ်လဲ စပယ်ရဲ့၊ အနီရောင်စစ်စစ်မဟုတ်မှန်း သိသာပါတယ်၊ ...ရုတ်တွေဆိုရင် အနီရောင်ကို မင်္ဂလာအရောင်လို့ သတ်မှတ်ကြတာ၊ ...သားပဲ၊ အားလုံးထဲမှာ ထင်းနေတာပဲ"

ဟု ပြော၏။ ဘာပဲဖြစ်ဖြစ် သူမကလည်း ကျောက်စိမ်းရောင်ကို ...တ်ထားခဲ့သည်။ ချိတ်က ပြောင်အိနေသည်မို့သာ အစိမ်းရောင်က သိပ်...ပေါ်လွင်ခဲ့ပေမယ့် သတို့သမီးသားအမိတွေ ဘယ်လိုအချိုးတွေပြင်နေ...ြတာလဲဟု သူများတွေးစရာဖြစ်သွားခဲ့ပြီဆိုတာတော့ သေချာ၏။

ခုလည်း မင်္ဂလာပွဲပြီးလို့ လက်ဖွဲ့ထားသည့်အိမ်ကို လာခဲ့ကြရာမှာ ...ခ်ဆက်တည်းဂါဝန်ရှည်ရှည်ပွပွနှင့် လည်ပင်းကဟိုက်ထားလိုက်တာ ...က်စီထဲမှာ ရိုင်းနေသည်။ ဒါကို လည်စည်းနှင့်ရစ်သိုင်းပတ်ထားပြီး ဒီ...ည်စည်းက ငုံ့လိုက်လည်း ပြုတ်ကျ၊ လှုပ်ရှားလိုက်တိုင်း ဟိုဘက်စက...တ်ကျ၊ ဒီဘက်စက ပြေကျ။ ကားပေါ်ကတော့ အဝတ်စားသေတ္တာနဲ့...လာလောဆယ် တိုလီမိုလီသေတ္တာတွေ သယ်လာခဲ့သည်။

ဒါကို အလုပ်သမားတွေ သယ်ကြ နေရာချကြမှာပေါ့။ မယ်မင်းကြီးမ...ာ အရှမ်းကို အပိုးကျိုးပြနေတာ၊ ကိုယ်တိုင် လိုက်ဆွဲချ၊ မနိုင်မနင်း...ယ်လိုသယ်။

လူက အလုပ်ရှုပ်သလောက် လည်စည်းက ဣခြေမဲ့နေသဖြင့် လူနဲ့...ည်စည်း ရှုပ်ယှက်ခတ်နေတာကိုမြင်နေရင်း ဒေါ်သင်းစပယ် ရင်ထဲမှာ...ားကျိုကျိုဖြစ်လာခဲ့သည်အထိပင်။

ဒေါ်သင်းမြတ်ကြူတို့ သိတာ၊ မသိတာထား၊ သူမကတော့ ကိုယ့်...မီး ဘယ်လိုခြေလှမ်း လှမ်းပြနေတာကို သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူနှင့် ဂါဝန်ဖားဖား၊ လည်စည်းကိုးရိုးကားယားကို မြ ခဏကြည့်ဖြစ်ရင်း ဒီဘက်မှာ စိတ်က မရှိတစ်ချက် ရှိတစ်ချက်။

ထို့ကြောင့် ဦးမော်ထွန်း မေးလိုက်တာကို ကြားသော်လည်း ချ ချင်း ပြန်မဖြေမိပေ။ ခင်ပွန်းဖြစ်သူ ပြန်ဖြေလိုက်တော့မှ ...

"ဒီလိုကြီးကျယ်တဲ့ပွဲမျိုးကို ဒီလောက်ရက်ပိုင်းလေးမှ ထလုပ်လို ရတာ လိုအပ်ချက်တချို့တလေတော့ ရှိမှာပေါ့ဗျာ၊ အဓိကလိုအပ်ချက် ကလေးချင်းမရင်းနှီးတော့ အပြုံးအရယ်တွေမဲ့နေကြတာလေ"

ရယ်စရာလိုသဘောထားပြီး ရယ်နေသဖြင့် အားလုံးပဲ ပြုံး၍ ငြိတ်မိကြသည်။

ဒါပေမယ့် ဒါ ရယ်စရာမဟုတ်မှန်းလည်း သိနေကြ၏။ ပေါ့ပါး ခြင်းဖြင့် ပေါ့ပါးဟန်တွေနှင့် ပြုံးနေကြရပေမယ့် စိတ်မချနိုင်တာ တော့ ရင်ထဲမှာ ကိုယ်စီရှိနေခဲ့ကြ၏။ လှမ်းကြည့်လိုက်တိုင်း သင့်ချ ဆိုသည့် သတို့သားနှင့် တစ်ခေတ်ဦး ဆိုသော သတို့သမီးက ကြင် တကွဲတပြား။

ခေတ် ကတော့ လက်ထပ်ရဖို့ သေချာပြီဆိုကတည်းက ပြော တာပြော၊ ကိုယ်ထင်ရာကိုယ်လုပ်မှာပဲဆိုသည့် တစ်ထစ်ချဆုံးဖြတ် ထားခဲ့သည်။

ကိုယ့်ဘဝတစ်ခုလုံးကို ပုံချပေးပြီး မိဘစကား နားထောင်ခဲ့သ နောက်ထပ် ဘာလိုသေးလို့လဲ။

လူကြီးတွေပြန်သွားတဲ့အထိ သူကိုယ်တိုင် ကားနားထိလိုက် ပြန်ဝင်လာတဲ့အထိ နောက်ဖေးမှာ အလုပ်ရှုပ်နေလိုက်သည်။

"ဖယ်ပါ ခေတ်ရယ်၊ မဦး လုပ်ပါ့မယ်၊ ဘာမှမရှိတော့ဘဲဟာ"

အလုပ်မရှိ အလုပ်ရှာနေကာမှ မဦးက တွန်းလွှတ်နေပြန်သည်။





ကြောင့် ညဆယ့်တစ်နာရီထိုးနေကာမှ ဖုန်းတစ်လုံးနှင့် အပေါ်ထပ်ဝရန် တာကို ထွက်လာခဲ့မိသည်။

"ခေတ်"

ဖုန်းပြောနေရင်း လှည့်ကြည့်ပြီး မေးဆတ်၏။ ချစ်သူ က ရေမိုးချိုး ပြီးစပုံစံနှင့် ချည်ချောပုဆိုးနဲ့ ရှပ်အင်္ကျီပွပွကို ဝတ်ထားသည်။

ဝရန်တာပေါင်တစ်ဖက်ကို လှမ်းကိုင်ရပ်နေရင်း ...

"မင်း ဘယ်အချိန်ရှိပြီလဲ"

ခေတ် က ဂရုမစိုက်သလို ဟိုဘက်ပြန်လှည့်သွားသည်။ ချစ်သူ ကလည်း ဘာမှထပ်မပြောတော့ဘဲ လက်ပိုက်ပြောင်းကာ တံခါးပေါင်မှာ ခုံးတစ်ဖက်ကပ်ထားလိုက်ပြီး ဒီတိုင်းရပ်ကြည့်နေ၏။

ဝရန်တာမီးရောင်ပြာပြာလေးအောက်မှာ ခေတ် က ပုံကျလုလု ဂါဝန်စကို တစ်ဖက်က မ,ထားပြီး ဖုန်းကတစ်ဖက်။

စတီးတန်းတွေမှာ ခါးနဲ့ကပ်၍ ရှေ့ကိုကုန်းထားရင်းပြောသည်။ ဟား ခဲ့ရယ်ပြီး ဆံပင်တွေကို ခေါင်းမော့ခါပစ်ရင်း မပြီးနိုင်။

ခြင်ကိုက်လို့လား၊ လက်က တမင်မနေနိုင်တာလားမသိ၊ ဂါဝန်စ အဖျားလေးကို ပင့်ကိုင်ထားလျက် တလှုပ်လှုပ်လွဲနေတော့ ဂါဝန်အနား လေးတွေက ခြေသလုံးတစ်ဝက်လောက်မှာ သားမွေးယပ်နှင့် ခတ်နေ သည့်နှယ်...။

"တော်ပြီနော်၊ မနက်မှဆက်ပြောမယ်၊ ဒါမှမဟုတ်ရင် ငါလာခဲ့မယ်"

ပြောပြီးမှ ဖုန်းကိုင်သည့်လက်ကို တန်းလန်းချလိုက်ပြီး ဒီဘက်လှည့် လာ၏။

"ဘာ ၊ ဘာကိစ္စနဲ့လဲ၊ ကျွန်မဘာသာ ဘယ်အချိန်ထိနေနေ တစ် ခါရိုပိုသွားရင် တစ်ချက်နှုန်းနဲ့ ရှင့်နဖူးကို ဖနောင့်နဲ့ပေါက်နေမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... မင်း မိုက်ရိုင်းလှချည်လား"

"ခုမှသိတယ်ထင်တယ်၊ အဲဒါ အာတ်ခင်းမလို့ ခြေဆင်းလေးပဲရှိသေးတာ၊ နောက်ထပ် အများကြီးမိုက်ရိုင်းဖို့ရှိသေးတယ်"

"မင်း မိုက်ရိုင်းတာက မင်းရဲ့မိဘတွေရဲ့ ဂုဏ်သိက္ခာကိုပါ ထိခိုက်နိုင်တယ်၊ အဲဒါရော နားလည်ရဲ့လား"

"ဘာလို့မလည်ရမှာလဲ"

ခေတ် က သူ့မျက်နှာထက်မှာ တမင်ခါးမတ်၍ လက်နှစ်ဖက်ထောက်သည်။

"ရှင်တို့ညီအစ်ကို ယုတ်မာလှည့်စားတတ်တာတွေကိုပြောပြီး ခြင်းတော့ မေမေက ပြောတယ်၊ သားအဖတွေလို့ ထည့်မပြောခဲ့တဲ့ သားဆိုတာ ခုတ်ဖြတ်လို့မရပေမယ့် ခြေမကောင်း ခြေမ၊ လက်မကောင်း လက်မ မကောင်းရင် ဖြတ်ထုတ်ပစ်ကြတာပဲကဲ့။ တို့ရဲ့မြတ်စွာဘုရား ဘုရားကနေမွေးတာမဟုတ်ဘူးတဲ့၊ သားတော် ရာဟုလာကလဲ ဘုရားဖြစ်လာတာမဟုတ်ဘူးတဲ့၊ ရှင် သဘောပေါက်လား"

'တဲ့'တွေအများကြီးနဲ့ပြောနေပြီးမှ မေးဆတ်မေးသည်။

"ဘာမှမဆိုင်တာတွေပြောပြနေတာလဲ ရှင့်မိဘကို အထင်ကြီးလို့ မဟုတ်ဘူးနော်။ ကျွန်မလက်ထဲမှာ ရိုင်းစိုင်းခွင့်ပါမစ်ရှိနေတာ သိစေချင်လို့။ ပတ်ဝန်းကျင် ဘာပြောပြော ကျွန်မ ဂရုမစိုက်ဘူး ကြိုပြောထားတာ။ ရှင် ကျွန်မမိဘကို ထည့်ပြောရင် ကျွန်မကလဲ ရှင့်မိဘကိုပြောမှာပဲ၊ အဲဒီတော့ မိုက်ရိုင်းလွန်းတယ်ထင်ရင်လဲ သည်းခံနိုင်အောင် ကြိုးစား"

ခေတ် က ပြောချင်တာပြောပြီး သူ့ကိုရှောင်ထွက်သွား၏။ ချစ်သူ ခဏရပ်ကျန်ခဲ့ပြီးမှ သူမနောက်ကနေ လိုက်လာကာ ...





"မင်းရဲ့မိုက်ရိုင်းခွင့်တွေထဲမှာ ယောက်ျားကို မယားဝတ္တရားကျေပွန်အောင်ပြုစုရမယ်ဆိုတာတော့ မပါဘူးထင်တယ်"

ရှေ့ကသွားနေသည့် ခေက် ခြေလှမ်းတုံ့ခနဲဖြစ်သွားသည်။ ထိုအခါကျမှ ချစ်သူ က သူမဘေးကို ရောက်လာပြီး ...

"ကိုယ် အိပ်ခါနီးရင် ကော်ဖီသောက်တတ်တယ်၊ အဲဒါ ဖျော်ခဲ့ပေးပါ"

ခေတ် ရုတ်တရက် ဘာပြောရမှန်းမသိဖြစ်သွားစဉ် သူက လှည့်ထွက်သွား၏။ ထိုအခါကျမှ ...

"ဟိုတုန်းကယောက်ျားတွေက တော်ရုံနဲ့ မိန်းမကို သက်လုံးပုံမချစ်ကြဘူးတဲ့၊ အနီးကပ်ဆုံးသတ်နိုင်တဲ့ရန်သူက ကိုယ့်ဘေးမှာရှိတဲ့ မယားတဲ့၊ ရှင့်ကို ကျွန်မက ဒီလောက်ကြည့်လို့မရနေတာ ကော်ဖီထဲမှာ အဆိပ်ခတ်သတ်မှာ မကြောက်ဘူးလား"

ကျောပေးလျက်ကနေ မလှည့်ဘဲ ချစ်သူက သွားတွေပေါ်အောင်ရယ်သည်။ ပြီးတော့ မျက်နှာကို ပြုပြင်တည်တင်းပြီးမှ သူမဘက်ကို လှည့်ငဲ့ကြည့်ကာ ...

"ယောက်ျားကောင်းတွေက မိန်းမကို သုံးနှစ်သုံးမိုးရွေးပြီးမှ မိန်းမကောင်း မိန်းမမြဝဲကိုပဲ လက်ထပ်တာ၊ ကိုယ်က ကျောက်ခဲသလဲမရွေးဘဲ ချက်ချင်းလက်ငင်း ကောက်ယူလိုက်ရတာပဲ"

"ကြည့်စမ်း ..."

ခေတ် နှုတ်ခမ်းကိုက်လိုက်တာကိုကြည့်ပြီး ချစ်သူ က မချိုမချဉ်မျက်နှာ ဖြစ်သွားလျက် ...

"အဲဒီလိုရွေးတဲ့လူတွေတောင် မှားသေးတယ်ဆိုရင် ကိုယ်မှားသွားတာပဲ မှားပျော်ပါတယ်၊ မင်း သတ်ရဲရင် သတ်လိုက်လေ၊ နောက်ဆုံးထွက်သက်မှာ တစ်ခါတည်းတိုက်ဆိုသွားမှာ၊ ကိုယ့်ကိုသတ်တဲ့ မင်းကို သံသရာဝ



www.burmeseclassic.com

www.burmeseclassic.com



ကနေ ခြောက်လှန့်ဖော်ထုတ်ပြီး ထောင်ထဲရောက်အောင်ထည့်ခဲ့ပြီး ကျွတ်လွတ်ရပါစေလို့ ...”

ပြောပြီး ချာခနဲပြန်လှည့်ကာ နောက်ထပ်မပြောလိုတော့သည့် ခြေလှမ်းကျဲများနှင့် ထားရစ်ခဲ့လိုက်သည်။ တက်ခေါက်သံလေးထွက်လာ တော့ ပြုံးဖြစ်ရင်း ...

မင်းသိရမှာက မင်းရတဲ့ယောက်ျားက မင်းထက်မညံ့ဘူး ဆိုတာပဲ





အခန်း(၂၁)

“တောက်... မင်း ... မင်းကွာ ...”

လက်သီးဆုပ်လိုက်မိပြီး ကိုယ့်လက်သီးဆုပ် တုန်ယင်နေတာကို ပြန်ကြည့်မိ၏။ ဒေါသက ရေနွေးအိုးဆူသလို ရင်ဘတ်ထဲမှာ ပွက်ပွက်ထနေသည်ထင်သည်။

ပြီးတော့ နွမ်းယဲ့နေသည့်ကိုယ်ကို ဒရင်းမ်ဘက်ဒ်မှာပဲ ခပ်တောင့်တောင့်ပြန်မှီထားလိုက်ရကာ ...

“မိုက်ရိုင်းလွန်းတယ်”

ဟု အံကြိတ်ပြော၏။ ခေတ် က ဆလင်းဘက်ကိုဖွင့်ပြီး တိုးပတ်ဟောင်းလေးနဲ့ တစ်သျှူးနစ်ခုကို ဖြစ်သလိုထိုးထည့်ပြန်ပိတ်လိုက်သည်...

“ရိုင်းခွင့်ရှိလို့ရိုင်းပါတယ် ဘာဖြစ်လို့ ရင်ဘတ်ထုနေတာလဲ”

www.burmeseclassic.com



"ဟာ... မင်းလုပ်လိုက်တာ ရိုင်းတာထက်ပိုတယ်၊ ယုတ်မာတယ်လို့ ပြောမထွက်လို့ မပြောတာ"

"ယုတ်မာတယ် ဟုတ်လား"

ခေတ် က ရယ်ပာဟာလေးနှင့်ပြောပြီး သူ့ဘက်လှည့်လာ၏။

"ရှင်ပဲ ပြောတော့ ကျောက်ခဲသလဲမရွေးဘဲ ကောက်ယူလိုက်ရတ ဆို၊ အဲဒီကျောက်ခဲသလဲထဲမှာ သံတိုသံစ၊ မှန်ကွဲအစအနတွေတော ပါချင်ပါဦးမှာ၊ ကျွန်မက သရဲကြောက်တော့ ရှင့်ကိုသတ်ပစ်ပြီး လက ဖျောက်ဖို့အစီအစဉ်ကိုတော့ ဖျက်လိုက်ရပါပြီ"

ဆလင်းဘက်ခက်ကို ပခုံးပေါ် ပျင်းရိပျင်းရွဲဆွဲချိတ်ပြီး သူ့ကို စေ စောင်းစောင်းကြည့်၏။

"ရှင့်အသက်ကို ရန်မရှာတော့ဘူးဆိုတာနဲ့ပဲ ကျေနပ်လိုက်တော့ ကော်ဖီထဲမှာ ဝမ်းနုတ်ဆေးခတ်ထည့်လိုက်တာ ဘာဖြစ်လို့လဲ၊ အသက် အဝေးကြီး"

"တောက်"

"အားမရှိဘူးထင်နေတာ၊ တက်ခေါက်သံကပြင်းသေးတာပဲ၊ နည်း နည်းတော့ထိန်းပါဦး၊ ဒေါသကြီးပြီး သေတဲ့မသာက ကျွန်မယောက်ျားဖြ နေရင် ရှက်စရာကြီး"

ခေတ် က ကြော့ကြော့မော့မော့လေးထွက်သွား၏။

"ဒါက ဘယ်ကိုလဲ"

"ဘယ်ဖြစ်ဖြစ်ပေါ့၊ မိုးမချုပ်ခင်ပြန်ရောက်ဖို့ သေချာပါတယ်"

"တစ်ခေတ်ဦး"

"ဘာလဲ"

"မင်းကို မပြောမဆိုဘဲကြည့်နေတာ မပြောဆိုရဲလို့များ ထင်နေ





သလား။ တစ်နေကုန် မင်းထင်သလိုနေရအောင် ငါ့ကို ဘာကောင် အောက်မေ့လို့လဲ"

"ဘာကောင်မှမမှတ်လို့ပေါ့၊ ဒီမှာ ..."

ခေတ် မျက်နှာလေးကလည်း ဒေါသရောင်သမ်းနေလျက် ...

"ရှင်နဲ့ကျွန်မ ဘယ်လိုမှအဆင်မပြေနိုင်ဘူးဆိုတာ ကျွန်မ ပြောခဲ့ပြီး သား"

"ပြောတော့ ဘာဖြစ်လဲ၊ အဆင်မပြေတာကို ပြေအောင်ကြိုးစားဖို့ ရှိတယ်၊ မင်း စည်းလွတ်ဝါးလွတ် ထင်သလို ခုန်ပေါက်နေလို့မရဘူး"

"နေမယ်၊ အဲဒါ ရှင့်မျက်နှာကိုမြင်တိုင်း တံတွေးနင့်နေလို့၊ အစ်ကိုက အစ်ကို၊ ညီက ညီပဲလို့ ကျွန်မ မြင်လို့လဲမရဘူး။ အဲဒါက ကျွန်မသူငယ်ချင်း ဟောဒီရန်ကုန်မြို့ကြီးမှာ အရှက်တကွဲ အကျိုးနည်းဘဝနဲ့ ဆင်းရဲပင်ပန်း စွာရပ်တည်နေတာမြင်တိုင်း ဘယ်တော့မှ ပျောက်ပျက်သွားမှာမဟုတ်တဲ့ ခံစားချက်"

"ဆောင်းနေရီက အခု ဘယ်မှာလဲ"

"ဘာ ..."

ခေတ် က သူမခေါင်းကို နာနာထုချလိုက်ပြီး ရန်စခံလိုက်ရသလို မျက်ဝန်းလေးတွေပါ စူးရဲသွား၏။

"ဘာလုပ်မလို့ မေးတာလဲ၊ ချက်ချင်းလက်ငင်း နှတ်စည်းစိမ်မျိုး ဖန်ဆင်းပေးမလို့လား"

ချစ်သူ က ဘာမှမပြောဘဲ ကြည့်နေ၏။

"ရှင့်စိတ်ကူးတွေ ရင့်သန်နေရင် တစ်ရေးလောက်အိပ်ပြီး မျက်ပြ သွားသစ်ချလိုက်တော့။ ဆောင်းနေရီအတွက် သစ္စာတည်ကြည်တဲ့ ခင်ပွန်းကောင်းပဲလိုတာ၊ စပွန်ဆာ မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ..."

ခေတ် က ပြောချင်ရာပြောပြီး ဘောက်ဆတ်ဆတ်လေးလျှောက်ထွက်သွား၏။ သို့သော် အခန်းအပြင်မှာ မျက်လုံးအဝိုင်းသားနှင့်ရပ်နေသော အေးစုမြတ်မာနှင့် သူမ၏သားကလေး။

"ခေတ်ရယ် ဘာတွေပြောပစ်လိုက်တာလဲ၊ ဒုက္ခပါပဲ၊ အဲဒါ ညီမလေးရဲ့ယောက်ျားလေ၊ နေရီ က အခုထိ ရန်ကုန်မှာလား၊ သူ့ကို ညီမလေးက လက်ခံထားတယ်ပေါ့၊ မေမေက အဲဒါကိုသိလို့ စိတ်မချတာ ထင်တယ်"

သိသားပဲ၊ မမအေးကို မေမေ လွှတ်လိုက်တာမှန်း။

ညကတည်းက မေမေ့ရှေ့ကို ခေတ် မသွားဘဲနေသည်။ ဘာစကားမှမပြောဖြစ်ကြအောင် တမင်ရှောင်နေခဲ့တာဖြစ်၏။

သေချာတာတစ်ခုက ဒီနေ့ နေမကုန်မီ မမခြိမ့် ရောက်လာလိမ့်ဦးမည်။ မနေ့က မင်္ဂလာပွဲမှာလည်း ...

"ခေတ် မျက်နှာကြီးက အဲဒီလောက် နေလောင်မထားနဲ့လေ"

လို့ လာကပ်ပြောလိုက် ...

"လူကြီးတွေကြည့်နေတယ် ညီမလေးရယ်၊ တခြားလူတွေပါ တစ်မျိုးထင်ကုန်ဦးမယ်။ ချစ်သူဘေးမှာ နည်းနည်းကပ်နေပါဟယ်၊ လက်ချိတ်ထားဖို့လဲ ပိုတော့ပါဘူး"

ဆိုတာမျိုး။ မမအေးက လက်မောင်းလာဖျစ်ပြီး သတိတွေပေးလိုက်၊ ကိုကြီးအောင်ကတော့ ယောက်ျားလေးဖြစ်နေသဖြင့် မကြာခဏ လှမ်းကြည့်တတ်တာပဲရှိကာ ဘာမှမပြောပေ။ ဒီကြားထဲ ကိုကြီးနဲ့ မမအေးတို့သားလေး အလိုက်မသိတာက တစ်မျိုးဒုက္ခပေး၏။

မင်္ဂလာပွဲပြီးစီးလို့ မေမေတို့အိမ်မှာ လူစုမိကြတော့ ...





"ဟင် ... တီတီက ဦးဦးကို ဘာဖြစ်လို့ မျက်စောင်းထိုးတာလဲ၊ ဦးဦးက မခေါ်ဘူးလို့လဲမပြောဘဲနဲ့ ..."

လက်ညှိုးလေးထိုးပြီးပြောချလိုက်တာ တိုးတိုးသက်သက်မဟုတ်။ လူကြီးတွေရှေ့မှာ ခေတ် ဒုက္ခရောက်သွားတော့ ဟိုပုဂ္ဂိုလ်က ပြုံးစိစိမချိုမချဉ်။ ခေတ် ဘယ်လိုမှမကျေနပ်ပါ။

မြန်မြန်ဆန်ဆန်လက်ထပ်လိုက်ကြတာက သူတို့ဘက်က ဦးမော်ထွန်း ဆိုတဲ့ လူကြီး မအားလုပ်ခြင်းကြောင့်ဖြစ်သည်။

ခုကျတော့ ကိုယ့်ဘက်ကပဲ ပါးဟက်ညိုနေပြီဖြစ်သည့် ငါးတစ်ကောင်လို မကုန်မဖြစ်လို့ ဈေးပေါင်ကျိုးမှာ ငိုးကြိတ်ရောင်းချပစ်လိုက်သလိုလို။

ဒီလူတွေရှေ့မှာ ခေတ် အနေအထိုင်မှားမှာပဲစိုးနေကြသည်။ ခေတ်ဘက်က မပြောသင့်ဘူးဆိုတာတွေပဲဖြစ်နေ၏။

ပြောတော့ ဘာဖြစ်လဲ၊ မှားနေတော့ရော ဘာဖြစ်သွားမှာလဲ။ ခေတ်က အေး မျက်နှာကို မျက်မှောင်လေးကြုတ်ကြည့်၏။

"မမအေးက စောစောစီးစီး ဘာလာလုပ်တာလဲ"

မလိုလားစွာမေးလိုက်သော်လည်း ယောက်မပင်ဖြစ်လင့်ကစား အေး က ခေတ်ရဲ့မေးခွန်းပေါ်မှာ ပြုံးစိတ်ဆိုးဖို့ စိတ်ဝင်စားပုံမရ။

"သိပ်တော့မစောပါဘူး ခေတ်ရယ်၊ ဒါ နင့်အစ်ကို အလုပ်သွားတဲ့အချိန်ပဲလေ၊ ခြိမ့်ကလဲ စိတ်မချဘူးဆိုပြီး သွားခိုင်းနေတာနဲ့ သူ့ကားနဲ့တစ်ခါတည်းလိုက်လာပြီး ဒီမှာဆင်းနေခဲ့တာ"

"ဘာကိုစိတ်မချတာလဲ"

"ဩော် ... မင်္ဂလာပွဲမှာ နင်တို့နှစ်ယောက်ဖြစ်နေပုံက မင်္ဂလာပွဲပြီးဟာနဲ့ တုတ်ဆွဲ၊ ဓားဆွဲပြီး စစ်ခင်းကြတော့မလိုကြီးကို ..."

"မဟုတ်ဘူး၊ မင်္ဂလာပွဲဆိုတာဖြစ်လာဖို့ လုံးဝ အကြောင်းမရှိခင်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက စစ်ခင်းလာခဲ့ကြတာ"

"ဟင် ..."

အေး က တအံ့တသြဖြစ်သွားသည့်မျက်လုံးတွေနှင့် ရှန်းနေသည့် ကလေးကလေးကလေးကို လှတ်ပေးလိုက်၏။

ကလေးက ခေတ် တို့အိမ်အသစ်ကို စိမ်းသက်မနေဘဲ အပေါ်ထပ် တောက်လျှောက် ပြေးတက်သွား၏။

"သားသား ဝရန်တာကို ထွက်မဆော့နဲ့နော်"

အေး က စိတ်မချနိုင်သဖြင့် လှမ်းအော်ပြောသလို ကလေးကလည်း လှည့်မကြည့်ဘဲ ခေါင်းညိတ်ပြ၏။ ဒီဘက်ပြန်လှည့်လိုက်တော့ ခေတ် က ထွက်သွားဖို့ ခြေလှမ်းပြင်နေသဖြင့် ...

"ခေတ်"

"မမအေးကလဲ ဘာမှန်းမသိဘူး"

"သြော်... ကိုယ့်ဧည့်သည်ကိုထားခဲ့ပြီး ရှင်လေးက အပြင်ထွက်မယ် ပေါ့"

"ဧည့်သည်က ဧည့်သည်လုပ်ဖို့လာတာမှမဟုတ်တာ၊ အဲဒီလူနဲ့ပတ်သက်ပြီး ဒီလိုပြောရသလား၊ ဒီလိုနေရသလား လာပြောရင် လုံးဝတည့်မှာ မဟုတ်ဘူး။ ကြိုပြောထားတာ"

အဒါကို ပြောဆိုတည့်မတ်ပေးချင်လွန်းလို့ လာခဲ့တာပဲလို့မှုး ပြော လိုက်လျှင် ခေတ် သူမကို ရိုက်ထုတ်မလားမသိ။

လောလောဆယ်တော့ ခေတ် စိတ်ကောင်းလေးဝင်ပြီး ဧည့်ခန်း ဘက် လှည့်ထွက်သွားတာကို နောက်ကနေ အူယားဖားယား ပြေးလိုက် သွားမိရင်း ...

"မနက်စာ ဘာမှမစားရသေးဘူးမဟုတ်လား နှစ်ယောက်စလုံး





မမအေး လုပ်ပေးမယ်နော်"

"သူ့အတွက် မလုပ်နဲ့၊ ခေတ်အတွက်ပဲ လုပ်ပေး"

ဆလင်းဘက်ခ်ကို စားပွဲပေါ် ပစ်ချလိုက်ပြီး ဆံပင်တွေကို ဆတ်ခနဲ ခါထုတ်ပစ်ရင်း ပြော၏။ ပြီးတော့မှ ဆိုဖာပေါ် မှာ ပစ်စလက်ခတ် ထိုင်ချ ပစ်လိုက်ပြီး ...

"ကြည့်လို့ကိုမရဘူး။ လုံးဝ စေတနာမရှိဘူး၊ ဝမ်းနုတ်ဆေးမဟုတ်ဘဲ ကြက်သတ်ဆေးထည့်လိုက်ချင်တာ၊ ဟွန်း.. သင်း ပြန်ယုတ်မာမှာကို သိလို့ ..."

"ဟင်.. ဘယ်လို၊ သူက ပြန်ယုတ်မာမယ် ဟုတ်လား"

ပွစိပွစိ ကျိန်ဆဲနေတာက သူမ၊ အေး ရယ်လည်းရယ်ချင်၊ နားထဲမှာ လည်း ရှုပ်သွားသဖြင့် မေးလိုက်တော့ ခေတ် က မကျေမနပ်လေးကြည့် ၍ ...

"မမအေး နားထောင်နေတာပဲမဟုတ်လား၊ အဲဒီဟာပြောတာ မကြားလိုက်ဘူးလား"

"ဟင့်အင်း"

တကယ်သတိမထားမိလိုက်ပါ။ သူမ ကြားနေတာကတော့ ခေတ် ရန်တွေ့နေတာချည်းပင်။

"သူ့ကိုသတ်ရင် သရဲဘဝကနေ သူ့ကိုသတ်တာ ခေတ် ပါဆိုပြီး မပေါ်ပေါ် အောင်ခြောက်မယ်တဲ့"

"သြော် ..."

အေး မျက်နှာ ပြုံးစိစိလေးဖြစ်သွားသည်။ ခေတ် က ပါးလေး နှမ်း ဖက် ဟိုဘက်က ဖောင်းတက်လာလိုက်၊ ဒီဘက်မှာဖောင်းတက်လာ လိုက်ဖြစ်အောင် နှုတ်ခမ်းကို မဲ့ရွဲ့အံ့ကြိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခဏခဏ ဝမ်းနုတ်ဆေးခတ်မယ်၊ တစ်ရက်ခြားနဲ့ခတ်မယ်၊ တဖြည်းဖြည်း အားအင်ချည့်နဲ့ပြီး သေပါစေ"

"အဲဒီလိုနာနာကျိန်ပါ၊ တော်ကြာ ဘိုးမသေဘဲ ဘွားသေနေဦးမယ်"

ချစ်သူက ပြောရင်းလှျောက်လာသည်။ အေး မျက်နှာ အားတုံ့အားနာတွေဖြစ်လျက် ဘယ်ဘက်ကို ဘယ်လိုဖာထေးရမှန်းမသိဖြစ်သွား၏။ ခေတ် က သူများအတင်းပြောနေတုန်း လူမိခံရသလိုလည်း ထိတ်ထိတ်ပျာပျာဖြစ်မသွားပါ။

မျက်နှာရှေ့ကနေ လျှောက်ဝင်လာသည့်ချစ်သူကို အသက်ရှူပြင်းပြင်းနှင့်ကြည့်ကာ ...

"နာမည်ကိုက တစ်ခေတ်ဦး၊ ဘယ်တော့မှ အကုသိုလ်နဲ့မသေဘူး၊ သူများအပေါ် မတရားစော်ကားအနိုင်ကျင့်ခဲ့တာမျိုးလဲ မလုပ်ခဲ့ဘူး"

"အို... ညီမလေး အဲဒီလိုမပြောရဘူး"

"ပြောမှာပဲ၊ ကိုယ့်ဘက်က လုံးဝသန့်စင်တယ်၊ သန့်စင်လို့ကျိန်နေတာ၊ လူတွေမှာ မျက်လုံးနှစ်လုံးပဲပါတာ၊ လောကကြီးက မျက်လုံးပေါင်းများစွာနဲ့ကြည့်နေတာ သိလား၊ မတရားတဲ့လူတွေကို ကြာကြာအရှင်မထားဘူး"

"ခက်တော့တာပဲ ခေတ်ရယ်၊ ကဲ ကဲ တော်ကြတော့၊ မောင်လေးနေမကောင်းဘူးဆိုတော့ မနက်စာ မမအေး စီစဉ်ပေးမယ်နော်၊ ညီမလေးက မနက်စာဆို ပေါင်မုန့်ကြော်တစ်ချပ်နဲ့ ကော်ဖီပဲသောက်တာ"

စကားမရှိစကားရှာပြီး အေး က နှစ်ယောက်ကြားမှာ ဖေးမထိန်းကွပ်ဖို့ကြိုးစား၏။ ချစ်သူ က မတည်မပြုံးနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်သည်။ ခေတ် က မျက်လုံးတွေနစ်ဝင်သွားသလားထင်ရလောက်အောင် အားရပါးရ မျက်စောင်းထိုးသည်။





"မသွားတော့ဘူးလား အပြင်ကို"

"ရှင့်အပူမပါပါဘူး"

"မင်းပူရမှာကိုပြောမလို့၊ တစ်ရက်ခြားနဲ့ ဝမ်းနုတ်ဆေးခတ်မယ်ဆိုတော့ ခု အိမ်မှာကုန်နေပြီမဟုတ်လား၊ ဝယ်လာဖို့ မမေ့အောင်..."

မရယ်ပေမယ့် ရယ်မြူးတွေဖြစ်နေသည့်မျက်ဝန်းတွေကို ခေတ် က စူးစူးရဲရဲ ကြည့်၏။

"ရှင်က ကျွန်မ မလုပ်ရဲဘူးထင်လို့လား"

"လုပ်ရဲရဲ မလုပ်ရဲရဲ ကိုယ်ကလဲ ဂရုမစိုက်လို့ပြောနေတာလေ။ နောက်တစ်ခုရှိတာက တို့ရဲ့ကိစ္စတွေမှာ လူကြီးတွေ မပါကြေး။ ဥပမာ ကိုလေးရဲ့အစွန်းအထင်းတချို့ကို မင်း ခဏခဏ မတူးဖော်နဲ့၊ ကိုလေးကို မကျေနပ်တဲ့အတွက် ကိုယ့်ကိုကြိုက်သလိုတိုက်ခိုက်လို့ရတယ်၊ ကိုလေးရဲ့ကိစ္စ တို့နဲ့မဆိုင်ဘူးဆိုပေမယ့် ဒါက အိမ်ထောင်ရေးရဲ့ အခြေခံသဘောတရားတွေဖြစ်နေတော့ မင်းရင်ထဲက မကျေနပ်မှုတွေကို ကိုယ်က နားလည်တယ်၊ အဲဒါကြောင့် မင်းနဲ့ကိုယ်ပဲသိထားမယ်၊ ကိုယ်တို့ချင်း ရှင်းမယ်"

"ရှင့်အစ်ကို လူမဆန်တာတွေ လူသိမခံချင်တာလား"

"မင်းသူငယ်ချင်းရဲ့အဖြစ်ကို လူသိကုန်တော့ရော သိက္ခာ ဘယ်လောက်ကြီးမားသွားမှာလဲ"

ခေတ် မဖြေဘဲနေ၏။

"အဲဒီတော့ မင်းနဲ့ကိုယ့်ရဲ့ အိမ်ထောင်ရေး အဆင်ပြေဖို့မှာ ဆောင်းနေရီ က အဓိကဖြစ်နေပြီ"

'ရှင့်ကိုကြည့်မရတာများ ဘာအကြောင်းနဲ့မှပြောမှာမဟုတ်ဘူး' စိတ်ထဲကပြောမိရင်း ခေတ် နှုတ်ခမ်းလေးမဲ့ကျသွားသည်။ ထိုနှုတ်ခမ်းလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ချစ်သူ က စိုက်ကြည့်၍ ...

"ဆောင်းနေရီအတွက် ... ကို "

"မလိုပါဘူး"

ခေတ် က ပိတ်ပြောပစ်လိုက်ပြီး ဆိုဖာမှာ ပက်ခနဲမှီ၍ လက်ပိုက်၏ ချစ်သူကို တရားခံတစ်ယောက်လို စုန်ချည်ဆန်ချည်ကြည့်ကာ ...

"နေရီ့အတွက် ရှင်နဲ့မဆိုင်ဘူး၊ ကျွန်မနဲ့လဲမဆိုင်ဘူး၊ အထူးသဖြင့် ရှင် ပါဝင်ဖို့မလိုတာ"

"မဟုတ်သေးဘူး ခေတ်၊ မင်းတွေးတာကိုက အဆင့်လွန်နေတာ ကိုယ်က ကိုလေးရဲ့ညီအရင်း"

"ဒါပေမယ့် ရှင်က ကိုလေး မဟုတ်ဘူးလေ"

ချစ်သူ မှုန်ကုပ်ကုပ်နှင့်ငြိမ်သက်သွား၏။ ခေတ် က ခပ်မဲ့မဲ့လေး ပြုံးကာ ...

"နေရီ့အတွက် လိုအပ်တာက နွေမော်ကွန်း ဆိုတဲ့လူပဲ၊ သူ ထွက် သွားတာကိုတော့ ရှင် တကယ်မသိတာ သေချာတယ်နော်"

"ခေတ်"

ချစ်သူ မျက်နှာတင်းသွားသည်။ ခေတ် က 'ဘာလဲ'ဆိုသည့်မျက်ဝန်း များနှင့် ပမာမခန့်ကြည့်နေ၏။

"မင်းရဲ့မေးခွန်းက ကိုယ့်ကိုစော်ကားတာပဲ"

"မတတ်နိုင်ဘူး၊ ဒါက မေးသင့်လို့မေးတာ၊ တမင်စော်ကားချင်တာ မဟုတ်ပေမယ့် တလေးတစားမေးဖို့မှ မလိုတာ"

"ကိုလေး မင်္ဂလာပွဲထဲကနေ အဲဒီဝတ်စုံနဲ့အတိုင်း ထွက်သွားတာ ကားတစ်စီးပဲပါသွားတယ်၊ ခုချိန်ထိ မေမေတို့ လုံးဝနံ့ခမ်းမရဘူး"

"ကျွန်မက ရှင့်အမေကို သိသလားလို့မေးတာမှမဟုတ်တာ။ ကျွန်မ





ရှင့် မေမေတို့ကို မပြောဖြစ်တဲ့စကား၊ မပြောရဲတဲ့အကြောင်း အားလုံး ဖြစ်ဖြစ် မမအေးတို့ မမခြိမ့်တို့ကိုတော့ ပြောတာပဲ၊ သူတို့ကလဲ အကြံ တယ်၊ မတော်တာရှိရင်းဆုံးမတယ်၊ သူတို့က ကိုယ့်ထက်အသက်ကြီး သူတွေမို့လို့လေ၊ ရှင်တို့က ညီအစ်ကိုချင်း ကျွန်မတို့ထက် ပိုပြီးပွင့်လင်း ရတယ်"

"ဘယ်တုန်းကမှ မပွင့်လင်းခဲ့ဘူး။ ကိုယ်တို့ညီအစ်ကို ဖက်လဲတကင်း မရှိခဲ့ကြတာကိုက ကိုလေး တည်တည်တင်းတင်းနေခဲ့တဲ့အကျင့် ကြောင့်ပဲ။ ကျောင်းသားဘဝတုန်းကလဲ သူ အထက်တန်းကျောင်းသား မှာ ကိုယ်က အလယ်တန်းကျောင်းသား။ ကိုယ့်အောင်မြင်မှုအတွက် ယ်ကြိုးစားကြတဲ့အထဲမှာ ကိုလေးက သူများထက်ပိုကြိုးစားတော့ အစ်ကိုနှစ်ယောက်က ပိုပြီး သီးခြားဆန်ကြတာပေါ့။ ပြီးတော့ ကိုယ် ်ခြားမှာ သွားနေခဲ့တယ်၊ သူ လက်ထပ်တော့မယ်ဆိုမှ ပြန်ရောက် တာ။ ဒီကြားထဲကာလတွေမှာ သူ ဖြစ်ပျက်ခဲ့တာတွေကို ကိုယ် ဘာမှ ိခဲ့ဘူး၊ သိဖို့လိုလားလို့ မေးတော့လဲ ဘာမှမဖြေဘူး။ အဲဒါ အားလုံး န်တွေပဲ၊ မင်း မယုံလဲ မတတ်နိုင်ဘူး"

"ယုံတယ်ဆိုလဲ ထူးမှမထူးတော့တာ။ ရှင်နဲ့ကျွန်မ ယုံကြည်နားလည် ကြရုံနဲ့ နေရီရဲ့တစ်ခြမ်းပဲဘဝက ပြည့်စုံလာမှာမဟုတ်ဘူး"

"မင်းမှားနေပြီ၊ ကိုယ်ပြောနေတာတွေအားလုံးက နေရီ့ဘဝကို ည့်စုံစေဖို့အကြောင်းနဲ့ သက်ဆိုင်ပေမယ့် အဓိက မဟုတ်ဘူး"

ခေတ် က ဖျတ်ခနဲမျက်လွှာပင့်ကြည့်သည်။ မျက်လုံးချင်းဆုံမိတော့ သူက လေးနက်စွာဆက်ပြော၏။

"အဲဒီအဖုအထစ်ကြောင့် မင်းနဲ့ကိုယ့်ရဲ့ အိမ်ထောင်ရေး ခုလိုဖြစ်လာ တာကို မလိုချင်ဘူး။ ကိုယ် မင်းနဲ့ ပြေလည်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေသည့်မျက်လုံးကြီးတွေက ခုန်ထွက်လာပြီး ရင်... ပစ်မှန်သွားသလို ခေတ် ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွား၏။ တိ... ဘာသာစပြန်နိုင်သော်လည်း ဒီမျက်လုံးထဲကစာကို ဖတ်မိနေသလို...

"ခေတ်"

ခေတ် ပါးပြင်လေးတွေ အနီရောင်သမ်းလာခဲ့လျက် နေရာမှ... ထွက်သွားချင်စိတ်တွေဖြစ်လာခဲ့သည်။ ဘယ်လိုမှ ကြည့်မရခဲ့သည့်... ဘယ်လိုလုပ်ပြေလည်အောင်နေမလဲ။

"နေရီနဲ့ကိုလေးရဲ့ပြဿနာမရှိခဲ့ဘူးဆိုရင် မင်းနဲ့ကိုယ်ဆုံမိခဲ့... မဟုတ်ဘူး။ ဆုံခဲ့ပြီးသွားမို့လို့လဲ မေမေတို့က မင်းနဲ့လက်ထပ်ပေး... သိတော့ မင်းကို စိတ်ဝင်စားနှင့်ပြီးဖြစ်တဲ့ ရင်ဘတ်က လိုလိုလား... လက်ခံခဲ့တာ။ အဲဒီတော့ ကိုလေးရဲ့ပြဿနာကို ကျေးဇူးလဲတင်... စိတ်လဲရှုပ်တယ်၊ မရှင်းဘဲနေရင်လဲ မင်းနဲ့ကိုယ် အဆင်ပြေဖို့က မ... ဘူး။ ကိုယ်ပြောချင်တာက နေရီ့အတွက် ကိုယ် ဘာလုပ်ပေးရင်... ကျေနပ်မလဲ၊ ကိုယ်တတ်နိုင်တာ တစ်ခုခုကွာ။ အခု ကိုလေးမှမရှိ... တာလေ၊ မင်းပြောဖို့ရှိတဲ့ တစ်ယူသန်ခေါင်းခါခြင်းကို ခဏလေးဖယ်... ပြီး စဉ်းစားပေး"

"မလိုဘူးဆိုမှ၊ ရှင်ဒါပဲ ဘာဖြစ်လို့ ထပ်ထပ်ပြောနေတာလဲ"

ခေတ် ဘာမှထပ်မပြောချင်တော့ဘဲ နေရာမှ ထ,ရပ်လိုက်သ... ချစ်သူ ကလည်းလိုက်ရပ်ကာ ...

"မင်းနဲ့ကိုယ် ဆုံခွင့်ရတာကို ကိုယ် ကျေနပ်နေပေမယ့် ဒီပြဿနာ... မင်းကတော့ မကျေနပ်စရာအဖြစ် ရင်ထဲထည့်ထားတာလေ၊ ဒါကို... လိုက်လို့ရ,မရ မသိဘူး"

"ညီမလေးရေ အားလုံး အဆင်သင့်ဖြစ်ပြီ၊ လာခဲ့ကြတော့"





ထမင်းစားခန်းဘက်က အသံလေးထွက်လာတော့မှ စကားသံတွေ ရပ်သွားခဲ့၏။ ခေတ် က မျက်နှာလေးပင့်၍ သူ့ရှေ့ကနေ လှည့်ထွက်ခဲ့သည်။

တင်းထားရမည်။ ဒီလို လေပြည်ထိုးတတ်တိုင်း ကျေနပ်ပေးနိုင်ပါ့မလား။ နေရီ ဒုက္ခပင်လယ်ဝေနေတာ ကိုယ့်ရှေ့မှာ လက်တွေ့။

ဘယ်တော့မှ မကြိုးစားနဲ့၊ အဆင်ပြေဖို့ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

"ဆရာမ ကလေးအခြေအနေ ဘယ်လိုလဲဟင်"

"အားလုံး အနေအထားကောင်းတယ်၊ လူကြီးကတော့ အားနည်းနေသေးတယ်နော်၊ ကျန်းမာရေးကို အထူးဂရုစိုက်ဖို့လိုတယ်"

နေရီ မျက်နှာဖြူဖျော့ဖျော့လေးကို ခေတ် က အပြစ်တင်တာရော ကရုဏာသက်မိတာရော စုပေါင်းကာ မသက်မသာကြည့်သည်။ နေရီက အားနည်းစွာပြုံး၍ ...

"ငါ အခုတစ်လောကျမှ ပါးစပ်နည်းနည်းပျက်လို့ အစားနည်းပြီး ဒီလိုဖြစ်သွားတာပါ။ ဒီမှာ ကိုယ့်ကိုကြည့်ပါဦး။ ဆူဖြိုးနေလိုက်တာမှ ..."

ဆေးခန်းထဲက အတူထွက်လာကြပြီး ကိုယ့်ကိုယ်ကိုပြန်ငုံ့ကြည့်ပြီး ရယ်သံလေးစွက်၍ ပြောမိ၏။ ဒါပေမယ့် နေရီ မျက်လုံးရောက်သွားတာက ဖောင်းပြည့်နေသည့် ခြေချောင်းကလေးတွေကို ဖြစ်နေသည်။





ထိုဆီကို ခေတ် က ငုံ့ကြည့်လိုက်ပြီး ပိုက်ဆံအိတ်နဲ့ နေရီ့ လက်မောင်းကို မနာအောင်ရိုက်၏။

"အဲဒါ ဆူဖြိုးနေတာမဟုတ်ဘူး၊ ရောင်နေတာ၊ ကိုယ်ဝန်ဆိပ်တက်တာတဲ့ သိရဲ့လား"

ဒါကို နေရီလည်းသိသည်။ သူမနဲ့ အဖော်ဖြစ်အောင်ထားပေးခဲ့သည့် ဘရင်မကြီးက ပြောပြထားပြီးသား။ ပြီးတော့ သူမက အမိုးဟုခေါ်သော ဘရင်မကြီးက တောမှာဆို သူမက လက်သည်လုပ်လာတာဟု ပြောသေးသည်။

"ငါ တမင်ရှာဖွေခေါ် လာခဲ့တာ နင် ကံကောင်းပါတယ်၊ ဘာမှမပူနဲ့၊ နင့်ကိုယ်ဝန်ကို သူ စောင့်ရှောက်နိုင်တယ် သိလား"

ခေတ် က ကိုယ်တိုင်လိုက်ရှာခေါ်ပေးခဲ့တာဖြစ်၏။ နေရီ့ အတွက် နေစရာ၊ စားစရာ အားလုံးပြည့်စုံအောင်ထားပေးသည့်အပြင် ကိုယ်ဝန်စောင့်ရှောက်တာ၊ ဆေးခန်းဝန်တာ အားလုံးကိုလည်း သူမပဲ တာဝန်ယူ၏။

ဒါပေမယ့် မိဘက တင်းကျပ်တားဆီးထားတဲ့ကြားကနေ ကိုယ့်အတွက် ကြိုးစားကာကွယ်နေရှာတာကိုသိတော့ နေရီ ဘယ်လိုမှ စိတ်ချမ်းသာနိုင်။ ဒါကို ခေတ် ကလည်းသိသည်။ နှစ်ယောက်အတူ ကားပေါ်ကို တိတ်ဆိတ်စွာရောက်လာခဲ့ကြပြီး ကားမောင်းဖို့သတိမရဘဲ ခေတ် က နေရီ့ဗိုက်ပူပူလေးကို ပြန်ငုံ့ကြည့်နေကာ ...

"နင်က ငါ့ကို အားနာတယ်၊ ငဲ့ညှာတယ်နဲ့ တကယ်တော့ ဒုက္ခပေးနေသလိုပဲ နေရီ"

"ဟင်... ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ငါက ဒီကလေးမွေးပြီးတဲ့အထိ နင့်မိဘတွေနဲ့ ကိုယ့်မြို့ကလူတွေ ဘာမှမသိလိုက်ဘဲ နေသွားတကျ အဆင်ပြေသွား



www.burmeseclassic.com

www.burmeseclassic.com



အောင် ကြိုးစားကြံစည်နေတာ၊ မဖြစ်ဖြစ်အောင်လုပ်ဖို့ရည်ရွယ်ခဲ့တာ ကိုယ့်ရင်သွေးကိုမွေးတယ် ဘာဖြစ်လဲ၊ အစိကက ကိုယ်ဝန်ကြီးတကား ကားနဲ့ကာလမှာ ခင်ပွန်းသည်အနားမှာမရှိတဲ့အဖြစ်ကို သူတို့မသိဖို့ဘဲ မွေးဖွားပြီးပြီဆိုရင် နွေမော်ကွန်း အဲဒီအချိန်ထိ ငုပ်နေနိုင်ရင်တောင် နေပါ စေပေါ့၊ မြို့မှာ ယောကျ်ားရနေတယ်၊ အခု အလည်ပြန်လာတယ် ဘာ ညာပေါ့၊ နင် ဟိုမှာ ကြာကြာနေရအောင် သံယောဇဉ်တင်းနေတာ နင့် အဖေပဲရှိတာ”

“အဲဒါက ခက်နေတာပဲ ခေတ်ရယ်၊ ငါ ဒီမှာ တစ်ကောင်ကြွက်ဘဝနဲ့ ဒုက္ခပင်လယ်ဝေနေသလို အဖေ့ခမျာလဲ ...”

“အဖေ့ကို နင် လှမ်းမပူနဲ့ဦးလေ၊ ဒီက ကိုယ့်အပူကိုပဲ ငြိမ်းသတ်ဖို့ ကြိုးစားဦး၊ နောက်တစ်ချက်က နင်ကိုယ်တိုင် မိဘနေရာကိုရောက်တော့ မှာ၊ မိဘတွေ တစ်ယူသန်ကြလို့ ဖရိုဖရဲတွေဖြစ်ပြီး ကလေးတွေ ဒုက္ခ ရောက်ကြရတာ၊ နင်ကိုယ်တိုင် ခံစားခဲ့ရတာပဲ ခေတ်ရယ်၊ ကိုယ့်ကလေး ကို ဒီလိုမဖြစ်စေရဘူးဆိုတဲ့ စိတ်ဓာတ်ခိုင်မာမှုမျိုး နင့်မှာရှိသင့်တာပေါ့ မိဘကျေးဇူးကို ဆပ်ကြဖို့တာဝန်ကတစ်ဖက်၊ ကိုယ့်ပခုံးပေါ် ရောက်လာ တဲ့အထုပ်ကို ပစ်ချလွှင့်ပစ်လိုက်လို့ မရနိုင်တာက တစ်ဖက် ကိုယ့်ရင်ခွင် ကိုမှီတွယ်ရှင်သန်လာကြတဲ့ သားသမီးတွေကို ထားခဲ့ပြီး မိဘကိုပဲ ပုံအပ် ရှာဖွေကျွေးမွေးသွားတယ်ဆိုတဲ့လူလဲ မရှိသေးပါဘူး”

“ဟုတ်တယ်၊ ငါ ကိုယ့်ရင်သွေးရဲ့အနာဂတ်ကိုပဲ ငဲ့သင့်တာပေါ့ ဒါပေ မယ့် ...”

“ငဲ့ကိုငဲ့ရမှာပဲဟာ၊ ငါ့အလိုဆိုရင်တော့ ဒီလိုလူမျိုးကို အရှင်လတ်လတ် လည်မျိုကို ဖနောင့်နဲ့ပေါက်သတ်ချင်တာ၊ သူ မကြင်နာတာ သွားပါစေ ဆိုပြီး ကိုယ့်ဘဝကိုယ်ကျောင်းလိုက်တော့လို့ နင့်ကို မြှောက်ပေးမိမှာ





မယ့် ကိုယ့်ဘဝကိုရှန်းကန်နိုင်ရင်တောင်မှ ကလေးတစ်ယောက်ဟာ ရှိဘဲ တစ်သက်လုံးရပ်တည်သွားဖို့က ဘယ်လိုမှမဖြစ်နိုင်ဘူး၊ အဲဒါ ကြောင့် နွေမော်ကွန်းကို မဖြစ်မနေ စောင့်ဖမ်းရမယ်၊ အကြင်နာ မေတ္တာ ကို ဖယ်ထား၊ သူ့ကို ကုပ်ဆွဲလာပြီး တာဝန်ယူခိုင်းရမယ်”

“ခေတ်ရယ် ငါ့တို့မှားခဲ့ကြတာမှာ ချစ်ကြင်နာလို့မှမဟုတ်တာ”

“လာပြန်ပြီ၊ တော်ပြီ နေရီ၊ နင် ပက်လက်လှန်ပြီးတဲ့တွေးတွေးနေ က ပိုပြီးအဖြစ်ဆိုးတယ်၊ ငါ အခုပြောနေတာ ဒီကလေးမှာ အဖေရှိဖို့ ဘဝထဲက ကြင်နာတာတွေ၊ ခင်တွယ်တာတွေကို တိုင်းတာခိုင်းနေ မဟုတ်ဘူး၊ ကျွတ်”

ခေတ် က စိတ်ပျက်လက်ပျက်ပြန်လှည့်ကာ ကားစက်နှိုး၏။

“ခေတ်”

နေရီ က ဒီလိုပဲ စိတ်ပျက်ခံနေကျမို့ ခေတ် ဘာပြောပြော ဂရုမစိုက် ဘဲရှိလျက် ...

“နင်နဲ့ သင့်ချစ်သူ အဆင်ပြေကြလားဟင်”

“ပြောစရာလား”

“ခေတ်ရယ်”

နေရီ စိတ်ဝင်တစား ကိုယ်လေးကြွနေရာကနေ အရုပ်ကြိုးပြတ် ဖြစ်သွားကာ ...

“အဲဒါလဲ ငါ့ကြောင့်ပဲ၊ ငါ့ကြောင့် ...”

“ဘာမှမဆိုင်ဘူး၊ ဒီလိုလူမဆန်တဲ့လူတွေကို အမျိုးကောင်းသမီး ကွက် တွန်းလှန်ပစ်ရမှာပဲ၊ ငါ့ဟာငါ ဒီနည်းနဲ့တတ်နိုင်လို့ ဒီလိုလုပ်တာ၊ ဘ ငါနဲ့ပတ်သက်နေလို့ နင့်အတွက်ဖြစ်လာတာမှန်ပေမယ့် တခြား ကလေးတွေ ဒီလိုဖြစ်ကြရင်လဲ ငါ မခံချင်ဖြစ်မိမှာပဲ၊ မိန်းမသားချင်းဟာ၊



www.burmeseclassic.com

www.burmeseclassic.com



လက်သည်းဆိတ်တော့ လက်ထိပ်နာတယ်၊ နင် မကြားဖူးဘူးလား"

"ဘာပဲဖြစ်ဖြစ် လူချင်းတူပေမယ့် စိတ်ဓာတ်အယူအဆတွေ မ ကြပါတယ်၊ ဘဝအခြေအနေဆိုတာတွေက 'အုပဲ'ဆိုတဲ့ ဘဝကတည် ကွဲပြားခဲ့ကြတာ"

ခေတ် မှာ ကားမောင်းနေရင်း ဘယ်လိုတွန်းအားပေးလို့မှ မာ မလာခဲ့သော နေရီ့စိတ်တွေကို နောက်ထပ် ဘယ်လိုအကူကိရိယာ သုံးပြီး ဆွဲတင်ရမှန်းမသိဖြစ်လာ၏။

"မိန်းမချင်းတူပေမယ့် နင့်ဘဝ၊ ငါ့ဘဝ၊ နင့်စိတ်ဓာတ်နဲ့ငါ့စိတ်ဓာ အများကြီးကွာပါတယ် ခေတ်ရယ်။ နင်က စိတ်ဓာတ်မာကျောတယ်၊ ကိုမှ ဂရုမစိုက်ဘူး၊ ပြီးတော့ နိုင်ငံကျော်သူဌေးကြီးရဲ့ သမီး၊ ငါ့ကို အ မကြီးနိုင်လို့ ဆရာက ထားခဲ့ပြီး ထွက်ပြေးခဲ့ပေမယ့် နင့်လိုမိန်းကလေ ကို သင့်ချစ်သူ က ငါ့လိုသဘောထားမှာတဲ့လား။ လှတယ်၊ ချမ် တယ်၊ ထက်မြက်တယ်၊ နင်တို့ ဘာမှပတ်သက်ကြဖို့မရှိစဉ်ကတည် သင့်ချစ်သူရဲ့မျက်လုံးတွေ နင့်ကိုစိတ်ဝင်စားတယ်ဆိုတာ ငါ သိတ အခု အိမ်ထောင်ရေးမှာ နင့်ဘက်ကသာ ငါ့ကြောင့် နာကျင်ခံနေတာ ဘူးဆိုရင် ဘာအဆင်မပြေစရာရှိလို့လဲ"

နေရီက ပျော့တိပျော့ဖတ်ရုပ်လေးနှင့် မှန်းသမ်းပြောနေတာ တော့ ဒက်ခနဲကွက်တိ။

ခေတ် ကိုမကြည့်ဘဲ ရှေ့ကိုငေးနေပြီး ဘာကိုမှလည်းကြည့်နေ မဟုတ်ဘဲ မျက်လုံးတွေက ငြိမ်သက်စူးစိုက်လျက်နှင့် ...

"ငါ့ကိုက အညာလွယ်ခဲ့တာ၊ ကိုယ့်ကိုရှုံ့ပါတယ်လို့ ထင်ယော သင်မှားဖြစ်လောက်အောင် ပြောဆိုခဲ့တာလဲမရှိဘဲနဲ့ ..."

"ဒါကတော့ လူအမျိုးမျိုး စိတ်အမျိုးမျိုးပဲဟဲ့၊ သူဌေး ဆိုတဲ့ ရုပ်တု





ကြီးနဲ့ မိန်းကလေးတွေထဲမှာနေပြီး မိန်းကလေးတွေ အဲဒီလိုစိတ်ကူးယဉ် နေတာကို သူက သာယာနေတာ။ အထူးသဖြင့် ဆင်းရဲတဲ့မိန်းကလေး တွေကတော့ သူ့လိုလူမျိုးကို မက်မောမှာပဲလေ၊ စိတ်ထဲမှာ ကျိတ်ပြီး အထင်တကြီးဖြစ်နေကြမှာပေါ့၊ ဆရာ ဆိုကတည်းက တစ်ဝက်သေချာ ပြီးသား။ နင်တို့ပဲ အာစရိယနွယ်ဝင် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ပါးစပ်က 'ဆရာ'လို့ လွယ်လွယ်ခေါ်နေကြတာ၊ ပြောပါဦး သူက ဘာတွေသင်ပြ လို့ ဆရာဖြစ်သွားတာလဲ"

"သူဌေးလို့ ဘယ်သူမှ မခေါ်ကြတာ၊ တချို့က ဆရာပဲ ခေါ် တော့.."

"ပွဲသိမ်းသွားတာပေါ့"

ခေတ် က ခေါသဖြုံဖြစ်နှင့် မိုက်မိုက်ရိုင်းရိုင်းတွေပြောသည်။

"နေပါစေ၊ အဲဒီ မော်ကွန်း ဆိုတဲ့နာမည်ကို ခဏမေ့ထားလိုက်၊ အခု အားဆေးတွေဝင်ဝယ်မယ်၊ ဆေးမှန်မှန်သောက်ဖို့ အားရှိတာတွေ ကျွေးဖို့ ငါကိုယ်တိုင် အမိုးကို ဝင်ပြောခဲ့မယ်၊ မစားဘူးဆိုရင် ရေပိုက်ခေါင်းနဲ့ ပါးစပ်ထဲထည့်ပေးလိုက်ဖို့၊ တကယ်ပဲ"

"ခေတ် ငါ ဗိုက်လဲသိပ်မပူသေးဘူးဆိုတော့ အလုပ်လုပ်ရရင် ကောင်း မလားဟင်"

သူပြောနေတာက တခြား၊ နေရီ မဆီမဆိုင်ပြောလိုက်တာက တစ်မျိုး။ ခေတ် ဆတ်ခနဲလှည့်ကြည့်၏။

"ဒီဗိုက်ကို မပူသေးဘူး ဟုတ်လား။ ဒီလောက်ခါးကြီးတုတ်ပြီး ဖော သွပ်နေတာကို နင်က သွယ်လျလျလေးလို့များထင်နေသေးလို့လား"

"နင်က သိနေလို့ပေါ့ ခေတ်ရယ်၊ တချို့ဆိုရင် ငါးလခွဲလောက် ထိ လူမသိအောင်ဖုံးဖိထားကြတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အမိပွာယ်မရှိတာ နေရီရာ၊ နင့်ကို အလုပ်ပေးဖို့ ငါ စဉ်းစားထားတာ
ုတယ်၊ ဒါပေမယ့် အခုမဖြစ်ဘူး။ ငါ နင့်ကို ဘယ်သူမှမမြင်အောင် သေချာ
ှက်ထားတာ ဘာဖြစ်လို့လဲ မသိဘူးလား"

နေရီ က ဘာမှမပြောတော့ဘဲငြိမ်သွား၏။ ကားမောင်းနေရင်းမို့
းခတ် က ရှေ့ကိုကြည့်လိုက်၊ နေရီ ကို မှန်ထဲကနေကြည့်လိုက်နှင့်…

"အမိကက နွေမော်ကွန်းကို နင် လက်ညှိုးထိုးစွပ်စွဲခဲ့တာဟာ သူ့
ာက်ကထောက်ပံ့မှုကို လိုချင်တာမဟုတ်မှန်း သူတို့ဘက်က သိဖို့၊ အဲဒါ
းကြောင့် နင့်ကိုမြင်ပြီး ဘာတွေညာတွေပံ့ပေးမှာကို ရှောင်ထားတဲ့သဘော
။ နွေမော်ကွန်း ဆိုတဲ့ ကြောင်သူတော် ကြိုက်သလောက်ပုန်းနေလေ
ွက်လာတဲ့နေ့ဟာ နင့်အေးကို ထာဝရရောက်လာရမယ့်နေ့"

"ခေတ်ရယ်"

မဖြစ်နိုင်တာတွေလို့ ပြောနေတာမျိုး ညည်းညူသံလေးနှင့် နေရီ
ခါင်းတယမ်းယမ်းဖြစ်သွားခဲ့သည်။

"နောက်တစ်ခုက နင့်ကလေး လောက်လောက်လားလားဖြစ်မလာ
ချင်း နင့်ကိုလဲ ဘာမှလုပ်ခိုင်းမှာမဟုတ်ဘူး၊ အဲဒီအထိ မေမေတို့ နင့်ကို
တွေ့မှ ငါ လွတ်လွတ်လပ်လပ်ထောက်ပံ့လို့ရမှာ"

နေရီ ပို၍ရှုံ့မဲ့သွား၏။ ကိုယ့်ကိုယ်ကို မြင်လာသည်က 'ငါက အရှုပ်
ုပ်ပဲ'ဟု …..





အခန်း(၂၃)

"ရော့"

အခန်းထဲဝင်လိုက်သည်နှင့် မျက်နှာရှေ့ကို သံပရာဖျော်ရည်ခွက်က
တန့်လန့်ဖြတ်ဝင်လာ၏။ ခေတ် မျက်နှာ နောက်ကို နည်းနည်းပြန်မော့၍
ခြေတစ်လှမ်းလည်းဆုတ်ပစ်လိုက်ရသည်။

"SSC မှာ တစ်နေ့လုံးဆိုတော့ ပင်ပန်းလာမလားလို့ပါ၊ OG နဲ့ တွေ့
တာရော အဆင်ပြေရဲ့လား"

ချစ်သူ က တံခါးပေါင်တစ်ဖက်အတွင်းမှာ ခပ်နွဲ့နွဲ့မှီလျက် သံပရာ
ရည်ခွက်ကိုင်ထားရင်းကနေ ခနဲ့သည်။ ပြီးတော့ ခေတ် မျက်နှာလေး
ပျက်သွားတာကို စိုက်ကြည့်ပြီး ရှေ့ကိုလာရပ်လိုက်၏။

"ကိုယ်ဝန်က လေးလဆိုတော့ သိပ်မနေတော့ဘူးဘဲ၊ သူ့ကျန်းမာရေး
အတွက် မင်း ဘယ်လိုစောင့်ရှောက်ထားသလဲ"

"ရှင်က ဘာလဲ၊ ယောကျ်ားတန်မဲ့နဲ့ တစ်နေ့လုံး နောက်က



www.burmeseclassic.com

www.burmeseclassic.com



တကောက်ကောက်လိုက်ချောင်းနေတာပေါ့လေ၊ တော်တော်အောက်တန်းကျပါလား"

သူက ခေတ် စကားကို မနာသည့်အပြင် မျက်နှာကိုကြည့်ပြီး ကျကျနနမဲ့၏။

"မင်းစီးတဲ့ MR 2 ကိုမြင်တာနဲ့ မင်း ဘယ်ရောက်နေလဲဆိုတာ သိတာပဲ၊ ပြီးတော့ ဒေါက်တာဥမ္မာမျိုးက ကိုယ့်မိတ်ဆွေရဲ့ဇနီး"

ခေတ် မျက်နှာလေးနီးမြန်းလာကာ သူ့ကို ထ,သတ်တော့မယ့်အတိုင်း စိုက်ကြည့်နေသည်။

"နေ့လယ်စာစားကြဖို့ ကိုယ်နဲ့မိတ်ဆွေသုံးယောက် ထွက်လာတာ၊ မင်းနဲ့နေရီ ဆေးခန်းကထွက်သွားပြီး ကိုယ်တို့ရောက်တာပဲ။ ကိုသန့်ဇင်က သူ့ဇနီး ဂျူတီပြီးလို့ ဝင်ခေါ်တာပေါ့၊ မင်းနောက်ကို တကောက်ကောက်လိုက်နေတာမဟုတ်ဘူး၊ မင်းဘက်က မလုံခြုံတာ"

"အဲဒီတော့ ရှင် ဘာပြောချင်တာလဲ၊ လူကို မိန်းမလိုမိန်းမရ ရိမနေနဲ့"

"ပြောရမှာမဟုတ်ဘူး၊ မင်းက သိရမှာ၊ နေရီ က ကိုယ့်အစ်ကိုရဲ့ ရင်သွေးကို လွယ်ထားတဲ့မိန်းကလေး"

"အဲဒီတော့ ..."

"မင်းထက် ကိုယ်က စောင့်ရှောက်ခွင့်ရှိတယ်"

"ဘာစောင့်ရှောက်ခွင့်လဲ၊ ဘယ်နေရာက အခွင့်ရှိသွားတာလဲ၊ ရယ်စရာကြီး၊ ဟား ဟား"

ခေတ် က ခေါင်းမော့ရယ်ပစ်လိုက်သည်။ အခန်းထဲကို ဆက်ဝင်လာခဲ့ရင်း ပိုက်ဆံအိတ်ကို မွေ့ရာပေါ် ပစ်တင်လိုက်ကာ ...

"နေရီ သူ့ဘာသာ ဘယ်လိုပေါက်လွတ်ပဲစား၊ ကလေးကချော လူယုတ်မာ အောက်တန်းစားရဲ့ ကလေးကိုပဲ လွယ်ထားထား"





"မင်း ကြမ်းတမ်းလှချေလား"

"ဟုတ်တယ်၊ ကြမ်းကြမ်းပဲ၊ ရှင်ပြောအောင်ဆ,ပေးလိုပါ၊ နေရီ ကလေးနဲ့ ရှင်နဲ့ သွေးတော်ဖို့ နေရီ က ရှင့်ရဲ့ မရီးဖြစ်ဖို့ဆိုတာ နွေမော်ကွန်း ဆိုတဲ့ ပုဂ္ဂိုလ်နဲ့ နေရီ ညားမှဖြစ်လာမှာ၊ အဲဒီကျမှ ရှင် ဆတ်ဆတ်ခါနာသွားတဲ့ ဒီကလေးရဲ့ဖခင် ဘယ်လိုအဆင့်အတန်းဆိုတာလဲ ပေါ်လာမယ်၊ ကဲ ရှင် အပြင်ထွက်စမ်းပါ၊ ဒီမှာ အိုက်လှပြီ၊ အကျီလဲမလို့"

"မင်း စကားတတ်လှချေလား ခေတ်၊ တစ်ခေတ်ဦး ဆိုတဲ့အတိုင်း သူများထက်ဦးဖို့ မင်းပါးစပ်ထဲမှာ စကားလုံးတွေ အမြဲတမ်းအဆင်သင့်ပဲနော်"

"သိရင်ပြီးတာပဲ"

"သိတယ်၊ မင်း မသိတာကိုပဲ ဒေါသဖြစ်တာ"

"ဘာ ..."

ခေတ် က ဆတ်ခနဲလှည့်လာ၏။ နောက်ကနေ ဒေါသတကြီး လှမ်းလိုက်လာသည့် ချစ်သူ့ရှေ့မှာ ရင်ဘတ်ချင်းထိကပ်မိတော့မတတ် ဖြစ်သွားသည်။

နှစ်ယောက်စလုံး ကိုယ်ရှိန်သတ်လိုက်ကြရင်း ...

"မင်း စိတ်ကူးယဉ်ဆန်ဆန်တွေလျှောက်လုပ်ဖို့ ဘယ်သူမှာမှ အကျိုးမရှိဘူး၊ ငါလဲ ကိုလေးရဲ့သတင်းကို တတ်နိုင်သမျှစုံစမ်းနေတာပဲ၊ ဘယ်လိုနည်းနဲ့ပဲပြန်တွေ့တွေ့ သူ့တာဝန်ကို သူယူဖို့က ဖြစ်ကိုဖြစ်လာရမှာ၊ အခု..."

"အခု သူ ရောက်မလာသေးဘူးဆိုတော့ ရှင်ဖြစ်ချင်တာတွေလဲ စိတ်ကူးထဲမှာပဲထားလိုက်ဦး၊ သင့်ချစ်သူ၊ နေရီ ကို ကျွန်မရဲ့ နှစ်ယောက်တစ်ဘဝလိုပဲ ကျွန်မ သဘောထားတယ်၊ အဲဒါကြောင့် ရှင် ထောင်းကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com



နေလို့ ရှင့်ရဲ့ မိဘတွေ ပုတ်ခတ်နှိမ့်ချစကားတွေ ပြောလာရင် ကျွန်တေ ငြိမ်နေမှာမဟုတ်ဘူး။ ရှင့်ရဲ့ အစ်ကိုကို ကုပ်ဆွဲခေါ် မလာနိုင်မချင်း နေ့ ကို ပတ်သက်ဖို့၊ ထောက်ပံ့ဖို့ လုံးဝ မကြိုးစားပါနဲ့ သိပ်ကို စေတနာတွေ ဖြစ်နေရင်တော့ ...”

“တော်တော့ တစ်ခေတ်ဦး”

“အို ... လွှတ်”

ချစ်သူ က ခေတ် ရဲ့ လက်ကောက်ဝတ်လေးတစ်ဖက်ကို ဆုပ်ကိုင် ပစ်လိုက်၏။ ခေတ် ဘယ်လိုရုန်းရုန်း လွတ်မသွားအောင်ဖိဆုပ်ထား လျက်...

“စေတနာတွေဖြစ်နေတာ နေရီနဲ့ပတ်သက်ပြီး စီမံခန့်ခွဲပေးချင်လို့ လို့မဟုတ်ဘူး၊ မင်း သူ့ကြောင့် အားလုံးကို ဘက်တိုက်နေတာ မလို လို့”

ခေတ် က လက်ကို အတင်းဆွဲထုတ်၍ခါချသည်။ ချစ်သူ က မလွှ တော့ နှစ်ယောက်သား ဆွဲလားရုန်းလားတွေဖြစ်နေ၏။

“တစ်ခေတ်ဦး ... မင်း ကိုယ့်ကိုကြည့်စမ်း”

“မကြည့်ဘူး၊ ရှင် လွှတ်နော်”

ခေတ် က အကြမ်းပတမ်းလွဲခါရုန်းနေသဖြင့် ချစ်သူ ကိုင်ထားသ ဖန်ခွက်က လွင့်စဉ်ထွက်သွားပြီး ခွမ်းခနဲကွဲ၏။

ဒေါသဖြစ်သွားတာမှန်သည်။ ထို့ပြင် ဖန်ခွက်ကဲ့သို့ လွတ်ထွက်ပေ ကွဲသွားခဲ့သောစိတ်တွေကိုလည်း ထိန်းချုပ်မရဖြစ်သွားကာ ...

“ဒီမှာ ...”

ခေတ် ပခုံးလေးနှစ်ဖက်ကို ဖိညှစ်ဆွဲခါပြီး မျက်နှာချင်းဆိုင်နီး သွားအောင်ပင့်ယူလိုက်မိသည်။ ခေတ် ပခုံးလေးတွေကျုံ့ကာ မျက်





လေးက သူ့မျက်နှာအောက်မှာ မော့မော့လေးကြွပါလာ၏။

“မင်းဘက်ကိုလဲ ကိုယ် မသိဘူး၊ ဒါပေမယ့် ကိုယ့်ဘက်ကတော့ မင်းကို စိတ်ဝင်စားလို့ လက်ထပ်ခဲ့တာ၊ မင်းဆီက တုံ့ပြန်ချင်နေတဲ့ ဒေါသ တွေကို မလိုချင်ဘူး။ ကိုယ်လိုချင်တာ မင်းနဲ့ကိုယ် နွေးထွေးစွာပေါင်းဖက် ကြဖို့၊ ...”

ခေတ် ရုတ်တရက် သူ့မျက်နှာကိုငေး၍ ဘာမှမပြောနိုင်။ ပြီးတော့မှ ဆံပင်တွေပါသွားအောင် အတင်းခေါင်းခါပစ်လိုက်ပြီး...

“ဟင့်အင်း ... ရှင့်ကို မချစ်နိုင်ဘူး”

“မရဘူး”

“ရှင် ... ရှင်နော် ...”

ခေတ် တစ်ကိုယ်လုံး မွှန်းကျဗ်သွား၏။ မျက်နှာနှစ်ခု ထိကပ်သွား ချိန်မှာ သူမ မလိုလားသောအနမ်းများနှင့်အတူ မြင်လွှာအားလုံး မှောင် ကျသွားခဲ့ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

"သင့်ချစ်သူ"

"ဟ"

ကီးဘုတ်ပေါ်ကို စာအုပ်တစ်အုပ်ပစ်ကျလာသဖြင့် မော်နီတာပေါ်မှာလည်း ရှုပ်ယှက်ခတ်ကုန်လေသည်။

"ဘာလဲ၊ ဘာဖြစ်လာတာလဲ"

သူ ကြည့်လိုက်တော့ ဘဏ်စာအုပ်လေးဖြစ်၏။

"အဲဒီမှာလေ၊ ကျွန်မစာအုပ်၊ ဘာမှလုပ်မရတော့ဘူး၊ ဘဏ်မှာ ကျွန်မနာမည်နဲ့ ထည့်ပေးထားတဲ့ငွေတွေ မေမေတို့ အားလုံး ပြန်သိမ်းလိုက်ပြီ"

"အဲဒါ ကိုယ်နဲ့ဘာဆိုင်လို့လဲ၊ မင်းမေမေကို မင်းသွားမေးပါလား"

"မေးတယ်လေ၊ မေးပြီးမှပြန်လာတာ။ ဘဏ်ထဲမှာထည့်ထားတဲ့ ငွေက အိမ်ထောင်မကျခင်မှာ ကိုယ့်ဘာသာထုတ်သုံးလို့ရအောင် ထည့်





ပေးထားတာတဲ့၊ အခု မလိုတော့ဘူးတဲ့၊ ယောက်ျားရနေကာမှ ယောက်ျားရဲ့ငွေကိုပဲ သုံးရမှာတဲ့"

စိုက်ကြည့်နေသည့် ချစ်သူ မျက်နှာ မချိုမချဉ်ဖြစ်သွားသည်။ နာခေါင်းတစ်ချက်ပွတ်လိုက်ပြီးမှ ပြန်ငုံ့ကြည့်ပြီး ကီးဘုတ်ပေါ်မှာ လက်တင်၏။

"ရှင် မရဘူး။ ဒီဘက်ကိုလှည့်၊ ဒီမှာကြည့် ..."

"ဟာကွာ ..."

ခေတ် က သူ့လက်တွေကို ကီးဘုတ်ပေါ်ကနေ ဆွဲဖယ်လိုက်ပြီး ခလုတ်တွေစုံအောင် ပရမ်းပတာလျှောက်နှိပ်ပစ်သည်။ ချစ်သူ ဆတ်ခနဲ ခေါင်းခါပစ်ကာ နေရာမှ ထ,ရပ်လိုက်သည်။

"ကဲ ကြည့်ပြီ၊ ပြော"

သူမဘက်ကို တည့်တည့်လှည့်ရပ်ပေးလိုက်၏။ ခေတ် ကလည်း သူ့ကို စူးစိုက်ကြည့်၍ ...

"အဲဒါတွေ ရှင် ဖန်တီးလိုက်တာမဟုတ်လားဟင်၊ နေရီ ကို ကျွန်မ ထောက်ပံ့နေတာတွေအတွက် ရှင့်ဆီမှာ လက်ဝါးဖြန့်လာအောင် လုပ်လိုက်တာ"

"မဆိုင်တာကွာ၊ စဉ်းတောင်မစဉ်းစားမိဘူး။ ကိုယ်ကရော ဘာစီးပွားရေးတွေ ဦးဆောင်လုပ်ရသေးလို့လဲ၊ မင်းကိုလက်ထပ်ပြီးမှ ကိုယ့်ခြေထောက်ပေါ် ရပ်ဖို့ ခုမှ ကြိုးစားတုန်း"

"ဒါပေမယ့် ရှင့်ကို တစ်ခါတည်းလုပ်ငန်းတွေလွှဲပေးထားခဲ့တာလေ၊ ရှင် ရသင့်သမျှ ရှင့်လက်ထဲမှာပဲ၊ ရှင် ဦးစီးသည်ဖြစ်စေ၊ နောက်လိုက်ဖြစ်နေနေ အကျိုးအမြတ်က ရှင့်လက်ထဲမှာရောက်နေတာပဲ"

"အဲဒါရော ဘာဖြစ်လဲ၊ ဘယ်သူ့ငွေဖြစ်ဖြစ် မီးခံသေတ္တာထဲက ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးထားတယ်၊ သေ့ာကို မင်းရှေ့မှာချပေးထားတယ်၊ မင်း လက်
ဖြန့်စရာ လိုလို့လား"

"ရှင့်ငွေကို ကျွန်မ စောင်းတောင်မကြည့်ဖူးဘူး"

"စောင်းကြည့်ကြည့်၊ ဘောလုံးပဲကန်ပစ်ပစ် ကိုယ်ကလဲ လှည့်
မကြည့်ခဲ့ဘူး၊ ဘာဖြစ်လို့ အချိန်တိုင်း နာရီတိုင်း မတည့်ရာမတည့်ကြော
တွေပဲ ဖန်တီးနေတာလဲ"

"မယုံကြည်လို့ပေါ့၊ ဘယ်လိုမှကို တော်တည့်မှန်ကန်တဲ့လူလို့ မြင်
လို့၊ ငါ့အစ်ကိုနဲ့ပတ်သက်တဲ့သူဆိုပြီး သိပ်ကိုထောက်ပံ့ချင်နေတာ ရှ
မဟုတ်ဘူးလား"

"အဲဒါ မင်း ကျေနပ်စေချင်လို့ဆိုတာ ကိုယ် ပြောပြီးပြီ၊ ထပ်မ
အခု မင်းစိတ်တိုင်းကျလုပ်နေတာတွေ ကိုယ် ဘာထပ်ပြောခဲ့သလဲ"

"ပြောလဲ ကျွန်မက ဂရုစိုက်မှာမှမဟုတ်တာ၊ နေရီ ဒီကိုယ်ဝ
မွေးပြီးတဲ့အထိ ..."

ပြောပြီး ရှေ့ဆက်မလာသဖြင့် ချစ်သူ က စိတ်မရှည်သလို မျက်
ကြုတ်ကြည့်၏။ ခေတ် ကလည်း မျက်လွှာပင့်ကြည့်ကာ ...

"ဒီကိုယ်ဝန်ရဲ့စရိတ်တာဝန်အားလုံးကို နေရီ့ခင်ပွန်းမဟုတ
မွေးမော်ကွန်းဖြစ်စေ၊ သူ့ရဲ့ယုံကြည်စိတ်ချရတဲ့ တစ်စုံတစ်ယော
စေ ဘယ်သူမှ တာဝန်ယူဖို့မလိုဘူး။ တကယ် စေတနာ၊ တကယ်တ
သိတာဆိုရင် သူများသားသမီးကို ဖျက်လိုဖျက်ဆီးလုပ်ပြီး ထားခဲ့တဲ
ရပ်ကိုပဲ ဖြေရှင်းပေးရမှာ"

"လုပ်ချလိုက်ပြန်ပြီကွာ၊ မင်း ကိုယ့်ကိုပဲ ဘာဖြစ်လို့ လှည့်ဝ
တာလဲ၊ ကိုလေးကို ကိုယ်လဲ လိုက်စုံစမ်းနေတာ မင်းသိတယ်"

"မဆိုင်ပါဘူး၊ ရှင် ဘာတွေလိုက်လုပ်နေသလဲဆိုတာ ကျွန်မအ





အောင် ရှင့်ခြေရိပ်နောက်လိုက်ပြီး တကောက်ကောက်စုံစမ်းနေတာမှ
မဟုတ်တာ၊ ပြောချင်တာက နေရီ့ကို ကျွန်မ ဘယ်လိုနည်းနဲ့ပဲထောက်ပံ့
ကူညီနေနေ ရှင် လုံးဝ မပါဝင်ဖို့ဘဲ"

"မပါဘူး၊ လုံးဝကိုခေါင်းထဲမထည့်ဘူး။ ခင်ဗျား ကြိုက်သလိုလုပ်"

"ဒီမှာ ..."

ချစ်သူ က ပြန်ထိုင်ဖို့လှည့်တော့ ခေတ် က တားလိုက်ပြန်ကာ..

"ကျွန်မနဲ့ နေရီ ဆက်သွယ်နေတဲ့အကြောင်း ရှင် မေမေ့ကို သွားပြော
လိုက်တာနဲ့ ကျွန်မကလဲ ရှင့်အမေကို မွေးမော်ကွန်း မဖွယ်မရာတွေ လုပ်
သွားတဲ့အကြောင်း အတိအကျပုံကြီးချဲ့တင်ပြရမှာပဲ"

အတိအကျ ပုံကြီးချဲ့မည်ဆိုပါလား။ ခေတ် မျက်နှာနုနုလေးကိုစိုက်
ကြည့်ပြီး ချစ်သူ က စိတ်မရှည်သည့်ပုံနှင့် သက်ပြင်းချသည်။

"မင်းနဲ့ကိုယ် အဲဒီနှစ်ယောက်ရဲ့ကိစ္စနဲ့ပတ်သက်ပြီး လူကြီးတွေနဲ့
ဘယ်လိုမှထိစပ်မသွားအောင်နေကြမယ်လို့ ပြောခဲ့ကြပြီးပြီပဲ၊ ကိုယ်က
ဘာဖြစ်လို့သွားပြောရမှာလဲ။ မေမေတို့ကလဲ ကိုလေး ဒီလိုပုံစံလုပ်သွား
တာကို သိတယ်၊ အဲဒီမိန်းကလေးကို ခုချိန်ထိ မရှာဖွေသေးပေမယ့်
သူတို့ခေါင်းထဲမှာရှိနေတယ်၊ အထူးသဖြင့် ဒီမိန်းကလေးထက်ပိုပြီး ထက်
မြက်တဲ့ ကိုလေးကို လာဆွဲထုတ်သွားတဲ့မိန်းကလေးကို စိတ်ဝင်စားနေ
ကြတာ"

"မကျေမနပ်ဖြစ်နေကြမှာပေါ့၊ လူတိုင်း အမှန်တရားကို လက်ခံကြ
တာမှမဟုတ်တာ"

ခေတ် က နှုတ်ခမ်းမဲ့ပြီး တစ်ဖက်သားမခံချင်အောင်ပြော၏။ ချစ်သူ
က ခေတ် မျက်နှာလေးကို ကြည့်နေလျက်ပဲဖြစ်ကာ ခေါင်းမာန ဘာ
ကြောင့်မှပြောင်းလဲမသွားဘဲ ..



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါ အမှန်တရားပေမယ့် တော်ရုံမိန်းကလေး ကြားမဝင်ရဲတဲ့ကိစ္စပဲ၊ ကာယကံရှင်တွေကိုယ်တိုင် အရှုံးကိုပဲပွေ့ပိုက်ပြီး ချန်ရစ်ခဲ့နိုင်လောက်အောင် မျက်နှာငယ်အရှက်ရစေတဲ့ ပြဿနာမျိုး ..."

"ဟင် ..."

ကိုယ်ကတော့ ကာယကံရှင်လည်းမဟုတ်ဘဲနဲ့ အရှက်မရှိ ကြားဝင်ပြောရဲခဲ့တယ်ပေါ့။ ခေတ် ဆတ်ခနဲဖြစ်သွားတော့ ချစ်သူ က ပြုံးလိုက်၏။

"အဲဒီလိုမဟုတ်ဘူး။ မင်းကို ကိုယ်က ကိုယ့်ရဲ့ အစ်ကိုကို ကဲ့ရဲ့ ရှုတ်ချဖို့ ပထမဆုံးရောက်လာတဲ့နေ့ကတည်းက စိတ်ဝင်စားခဲ့တာ။ မမေ့စိတ်ထဲမှာ ဘယ်လိုအတွေးနဲ့ပဲ မင်းကိုရှိခဲ့ရှိခဲ့ ကိုယ့်အတွက် အမှတ်တရအထင်တကြီးဖြစ်လောက်တဲ့မာန မင်းမှာရှိတယ်၊ မင်းက စိတ်ဝင်စားစရာအကောင်းဆုံးမိန်းမပဲ"

ခေတ် မျက်နှာမတင်မကျပုံစံနှင့် ချစ်သူ ကို စူးစိုက်ကြည့်နေဆဲဖြစ်သည်။ ချစ်သူ က ပြုံးပြတော့ ဖျတ်ခနဲမျက်နှာလွှဲပစ်၍ ...

"ကျွန်မရဲ့ ဘဏ်ကိစ္စမှာ ရှင်မပါတာမှန်ရင် နောက်ထပ် နေ့ရှိ အတွက် ကျွန်မ ဘာတွေလုပ်ပေးပေး ရှင် မမြင်သလို၊ မကြားသလို နေပေးပါ"

ပြောပြီးတာနှင့် ခေတ် က သူ့ရှေ့ကနေ ပြန်ထွက်ခဲ့၏။ ချစ်သူ က ခေတ် လက်မောင်းလေးကိုလှမ်းဆွဲထားလိုက်ကာ ...

"ဟုတ်ပြီ၊ ကိုယ့်အတွက်ကရော ..."

"ဘာလဲ"

ချစ်သူ မပြောသေးဘဲ ခေတ် မျက်နှာလေးကို စိုက်ကြည့်နေ၏။ ဘာပြောမလို့လဲဆိုပြီး ခေတ် ကလည်းပြန်မော့ကြည့်နေခဲ့သည်။ မျက်လုံးချင်းစူးစိုက်ဆုံစည်းနေရင်းမှ ...

"မင်းဆီက နည်းညွှန်မှုကို လိုချင်တယ်"





ပြော၍ ချစ်သူ က ခေတ်တစ်ကိုယ်လုံးကို တင်းကျပ်သွားအောင် ဖက်ထားလိုက်သည်။

"အဲဒါတွေနဲ့ဘာဆိုင်လို့လဲ၊ ရှင်နော် ..."

ဖွေးနုသောလည်တိုင်ကြောလေးမှာ နွေးသောအနမ်းတစ်ပွင့် ကြွေသွား၏။ ပြီးတော့ နောက်ထပ် ...

ခေတ် ရှက်လည်းရှက်သည်။ အတင်းအကျပ်ပွေ့ဖက်ထားခြင်းကြောင့် ရုန်းလို့မရတော့ ခေါသနှင့်ရင်ခုန်သံတွေ လုံးထွေးသတ်ပုတ်ကုန်၏။ ဒီလူဟာ ဒီလိုချည်း ဖွတ်တာရှုတ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

"မဟုတ်နိုင်ပါဘူး မေမေ၊ သူ ဒီလိုလုပ်စရာမှမလိုတာ၊ လုပ်ရင်လဲ ကူ နိုဝေဘ့်ကိုပြောမှာပါ"

"သတင်းကတော့ သေချာပေးသွားတာပဲ သား၊ ဘာပဲဖြစ်ဖြစ် သူလဲ သူဌေးဦးတက်ခေတ်ရဲ့သမီး။ သားဘက်ကို မငဲ့ဘူးဆိုရင်တောင် သူ့မိဘ ရဲ့ဂုဏ်သိက္ခာကို ငဲ့သင့်တယ်လို့ မေမေထင်တယ်၊ အခု မင်းရဲ့အဖေကလဲ ပြန်သွားပြီ၊ အိမ်ထောင်သက်တမ်း သုံးလကျော်နေပြီ သားတို့လင်မယား ဘက်မှာ မေမေ မြင်ရသလောက်ပြောရရင် တစ်ယောက်နဲ့တစ်ယောက် ချစ်ကြင်နာမှုနည်းတယ်၊ အထူးသဖြင့် မိန်းကလေးက ..."

"သူက ငယ်ရွယ်သူပဲ မေမေ၊ လက်ထပ်ကတည်းက ကျွန်တော့် ဘက်ကသာ လိုလားတဲ့အရပ်မျက်နှာဖြစ်ခဲ့တာ"

ဒေါ်သင်းမြတ်ကြူ မျက်နှာမှာ အံ့သြဟန်ဖြစ်သွားလျက် ...

"အင်းလေ ထားပါတော့၊ ဒါပေမယ့် ခုကိစ္စကိုတော့ ..."





ဒေါ်သင်းမြတ်ကြူ စကားမဆက်ဖြစ်ခဲ့ပါ။ ခဲပုပ်ရောင်ကားလေးက နှစ်ယောက်စလုံး၏မြင်ကွင်းထဲကို ရောက်လာ၏။

ကြက်သွေးရောင်ရင့်ရင့် တစ်ဆက်တည်းဂါဝန်ပျော့ပျော့လေးနှင့် ကင်းဂျက်ကက်လေးထပ်ဝတ်ထားသည့် ခေတ် က လက်ကောက်ဝတ်မှာ အနက်ရောင်လက်ပတ်လေးတပ်ထားသေးသည်။

အသားရောင်သည် အဖြူထက် ပန်းရောင်ကပိုများကာ နုဝတ်ကော့ ကော့၊ ဆံပင်တိုအုပ်အုပ်လေးနှင့် ခေတ် သည်မျက်ခုံးလေးတွေသာ ထူ နက်မနေကြလျှင် ဘိုမရုပ်လေးနှင့် တော်တော်တူနိုင်၏။

ခေတ် ဆိုသည့်နာမည်လေးအတိုင်း မျက်နှာနှင့်ပုံစံလေးက အမြဲ ဘမ်း လန်းနေ၏။ သားရှင်တစ်ယောက်၏မျက်လုံးထဲမှာတော့ ကိုယ့် သားကပဲ ချစ်နေရသည်ဟုလည်းသိထားသဖြင့် ရင်မောသွားမိသည်။

ခေတ် က အနက်ရောင်ပုတီးစေ့စလွယ်သိုင်းအိတ်လေးကို လွယ် လျက် အိမ်ပေါ် တက်လာကတည်းက ဒေါ်သင်းမြတ်ကြူကိုမြင်တာနှင့် ပြုံးပြသည်။

"အန်တီ ရောက်နေလား၊ ဘာမှလဲမစားရသေးဘူးထင်တယ်၊ ခေတ် ပဲ လုပ်ပေးမယ်နော်၊ ခဏလေး"

'ရတယ်၊ မစားတော့ပါဘူး' လို့ပြောမလို့ စကားတွေတောင် ပြောဖို့ မေ့သွား၏။ 'အန်တီ' ဟုခေါ်လိုက်သဖြင့် ဒေါ်သင်းမြတ်ကြူမျက်နှာကြီး မှိုလည်လည်နှင့် သားဖြစ်သူကိုကြည့်သည်။

ပြီးတော့ အထဲကိုတောက်လျှောက်ဝင်သွားသည့် ခေတ် ၏ကျော ပြင်လေးကို လှမ်းကြည့်ကာ ...

"သူ ဘယ်ကပြန်လာတာလဲ"

"သူငယ်ချင်းအိမ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ က မရှုတ်မလွှန်ဖြီးလိုက်၏။ ဘယ်သွားမယ်ဆိုတာ ခေတ် ဘယ်တုန်းက ပြောသွားဖူးလို့လဲ၊ ဒါပေမယ့် ဘယ်သွားသွား အကြာကြီး မနေ၊ သူရှိနေတဲ့အချိန်တော်တော်များများမှာ သူမလည်း အိမ်မှာရှိနေ ခဲ့၏။

ထို့ကြောင့် သူမနှင့် တတ်နိုင်သမျှ ငြိမ်းချမ်းချင်သည်၊ သူကပဲ နေရာ တကာ ဝင်ပြောဝင်ဆိုမပြုဘဲ နေခဲ့လိုက်တာဖြစ်သည်။ ဒေါ်သင်းမြတ် ကြူကလည်း ရိပ်မိပုံပါ။

ဘယ်လိုပဲအကဲခတ်ခတ် ကိုယ့်သားက အလိုလိုက် အလျှော့ပေးနေ ရှာတာပဲဖြစ်ကာ အပြင်မှာ ဦးတက်ခေတ်နဲ့ မကြာခဏဆုံကြတိုင်း သားက တော့ 'အဖေ'လို့ပဲခေါ်သံကြားခဲ့၏။

ကိုယ့်မိန်းမကို ကိုယ် ဒီလောက်တော့ သင်ပြပြောထားသင့်တာပေါ့ ရင်ထဲမှာ မွန်းကျပ်ကာ ကိုယ့်သားကိုလည်း ဘာမှမပြောလိုတော့ပေ။ မဆုံဖူးကြဘဲ လက်ထပ်ခဲ့ကြတဲ့လူချင်းအတူတူမှာ 'ကျွန်တော်ကပဲ လိုလားတဲ့ဘက်ကရှိခဲ့တာ'ဆိုတော့လည်း ဘာတတ်နိုင်မှာလဲ။

အဆင်မပြေ အဖုအထစ်လေးတွေရှိလာတော့ လက်ထပ်ပေးပြီးတာ နှင့် နိုင်ငံခြားပြန်ထွက်သွားခဲ့သည့် ဦးမော်ထွန်း ကို သတိရလိုက်မိသည်။ သူကတော့ မိဘဝတ္တရားတစ်ခုကို ကျေပွန်သွားခဲ့တဲ့သူ။

ကိုယ့်မှာသာ ဘယ်လိုပခုံးထမ်းပြီး ရှေ့ဆက်ရမည်ကို ရင်လေး လျက် ...

"ဒီမှာ ကြောင်လျှာပွင့်သုပ်လေးနဲ့ရေနွေး အန်တီ၊ မြည်းကြည့်ပါဦး အိမ်မှာဆို ဖေဖေ့ကို ခေတ် က ခဏခဏသုပ်ကျွေးတာ"

တစ်အောင့်လေးပဲကြာလိုက်ကာ ပြန်ထွက်လာတော့ ဘောင်းဘီ ရှည်ပွပွ၊ တီရှပ်ပွပွလေးနှင့် လက်ထဲမှာ အသုပ်ပန်းကန်ရော ခတ်ဘူး





လေးပါ ပါလာသဖြင့် ဒေါ်သင်းမြတ်ကြူ အံ့ဩသွား၏။

"ခုပဲဝင်သွားတယ် သမီးရယ်၊ အရမ်းအလုပ်ရှုပ်သွားလား၊ မေမေက စားခဲ့ပြီးပါပြီ"

"မရှုပ်ပါဘူး အန်တီ၊ အဲ... အန်တီရဲ့"

အန်တီလို့ခေါ်ပြီးမှ တစ်ဖက်က မေမေလို့ သုံးနှုန်းလိုက်တာကို သတိရသွားကာ အားတော့နာမိသည်။ ဒါပေမယ့် မေမေလို့လည်းမခေါ် ချင်ပါ။ ကိုယ့်အမေမှမဟုတ်တာ၊ ရုတ်တရက်ကြီး။

ချစ်သူ ကိုလည်း မလုံမလဲလှမ်းကြည့်မိ၏။ အားနာသွား၍ဖြစ်သည်။ ဒေါ်သင်းမြတ်ကြူကတော့ အလေးထားပုံမရပါ။

'အသုပ်လေးက မွှေးနေတာပဲ'ဟုပြောပြီး ပန်းကန်ကို လှမ်းယူသည်။

"အဲဒါလေ ရေနွေးပူပူလေးနဲ့ခဏလေးထားပြီး သုပ်ရုံပဲ အန်တီရဲ့၊ ဒါပေမယ့် ကြာကြာရေစိမ်ထားရင်တော့ အခါးသက်သာတာပေါ့"

ဒေါ်သင်းမြတ်ကြူ က တစ်ဇွန်းခပ်စားပြီး ခေါင်းတညိတ်ညိတ်။

"မခါးပါဘူးကွယ်၊ မယ်ဇလီဖူးသုပ်တောင်မှ စားကြသေးတာ၊ ဒါနဲ့ တခြားစီပဲ၊ မြေပဲနဲ့ကြက်သွန်နီနီနဲ့လေးတွေမွှေးပြီး ဆိမ့်နေတာပဲ၊ ကြောင် လျှာပွင့်သုပ် ဟုတ်လား၊ ဒီတစ်ခါပဲစားဖူးတယ်"

"ဒီမှာကျတော့ အပွင့်တွေကိုသေချာစီပြီး အခြောက်မလှန်းကြဘူး လေ၊ အဲဒါကြောင့် စားကြတဲ့အကျင့် သိပ်မရှိတာ၊ ဒါက အညာက လက် ဆောင်ရထားတာ"

"သြော်... သြော် ..."

"အန်တီကြိုက်ရင် ခေတ် မကြာမကြာသုပ်ကျွေးမယ်"

"ကြိုက်တာပေါ့ သမီးရယ်၊ ဒါပေမယ့် သမီးက မေမေ့ဆီကိုလာမှ ဖြစ်မှာ၊ မေမေက မလာချင်လို့တော့မဟုတ်ပါဘူး၊ ဒါပေမယ့် မေမေ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီးချွေးမလေး မေမေ့ဆီမှာ ဝင်ထွက်သွားလာပြီး မိဘလို ချစ်ခင်နေတယ်ဆိုတဲ့ပီတိကို လိုချင်တာ"

ခေတ်၏ ပြုံးနေသည့်မျက်နှာလေး တစ်ဝက်ပြိုကျသွား၏။ ဒီလောက်လုပ်ကိုင်ပေးနေတာတောင်မှ ဟိုလူကြီးကို ဖားနေရလို့။

သူနှင့်မကင်းသည့်ပြဿနာတစ်ခုကို ကိုယ်က ရှာထားခဲ့မိသည်။ ဒါကြောင့် သူသိသွားရင် နားပူရသက်သာအောင် ကြိုတင်ဖာထေးနေရတာဖြစ်၏။

မဟုတ်လို့ကတော့ နေရီအပေါ်မှာ တာဝန်မကျေနိုင်။ ကျေဖို့မကြိုးစားဘဲနေခဲ့သည့် ရွှေမော်ကွန်းမိသားစုကို စည့်ဝတ်ကျေနိုင်ဖို့ပင် မလွယ်။

"သမီးက ဘာဖြစ်လို့ မေမေတို့အိမ်ကို တစ်ခါမှမလာတာလဲဟင်"

"ရှင် ..."

"မေမေကလေ သားတွေချည်းမွေးထားတော့ သမီးလေး သိပ်လိုချင်တာ၊ အဲဒါကြောင့် သားကြီးရဲ့မင်္ဂလာပွဲပျက်သွားပေမယ့် သားငယ်ကို ချက်ချင်းလက်ထပ်ပေးတာလေ။ အဖေ အမေ မျက်နှာစုံကြတုန်း တင့်တင့်တယ်တယ်ဖြစ်သွားစေချင်တာရယ်၊ ပြီးတော့ ..."

"အန်တီ့သားကြီးက လက်ထပ်ပွဲကျင်းပခါနီးမှ ပျက်သွားတာဆိုတော့ အထူးတဆန်းဖြစ်သွားတာပေါ့နော်၊ အဲဒီလက်ထပ်ပွဲကို လူတွေ တော်တော်ဝေဖန်ကြတာ"

ချစ်သူ မျက်နှာတင်းသွားကာ ခေတ် ကိုလှမ်းကြည့်၏။ ဒါတွေ ဒီလို မပြောကြေးလို့ မှာထားရက်နဲ့ ...

"ဒါပေါ့သမီးရယ်၊ သားသမီးမကောင်း မိဘခေါင်းဆိုတဲ့အတိုင်း မေမေ့တို့လဲ သိပ်ကိုမျက်နှာငယ် အရှက်ရခဲ့တာပါ၊ အားလုံး စီစဉ်ပြီးနေကာမှ သူတို့မျိုသိပ်ထားတဲ့ချစ်သူ၊ ခင်သူတွေ ပေါ်လာတော့ ဘာတတ်နိုင်မှာ





လဲ"

"ဒါဆို သူက သူ့ချစ်သူကိုပဲ ခိုးပြေးသွားတာလား"

ဒေါ်သင်းမြတ်ကြူ မျက်နှာပျက်သွား၏။ ဒါပေမယ့် လူကြီးပီပီ မျက်လွှာမပင့်မိမှာဘဲ ပြုံးပြင်ထိန်းချုပ်၍ အသုပ်ပန်းကန်လေးကို စားပွဲပေါ် အသာပြန်ချလိုက်သည်။

"ဘာမှကိုမသိရပါဘူး သမီးရယ်၊ သူ အဲဒီညကတည်းက ကားတစ်စီးနဲ့ပျောက်သွားတာ ခုထိ ဘာမှ မဆက်သွယ်ဘူး"

"သူ့ချစ်သူဆိုတာကို အန်တီတို့က သိလားဟင်"

"မသိဘူး၊ သိဖို့လဲမလိုဘူးလေ၊ သူကိုယ်တိုင်လဲ သားကိုမတွေ့ရပါဘူး၊ စည့်ခံပွဲလုပ်နေတုန်း သားငယ်နဲ့တွေ့ပြီး သားကြီး ဒီလိုလွှင့်သွားအောင် စွမ်းဆောင်နိုင်ခဲ့တာလဲ သူမဟုတ်ပါဘူး၊ ဘေးကလူတွင်ကျယ်မိန်းကလေးတစ်ယောက်ပေါ့"

ခေတ် မျက်ဝန်းလေးတွေ လက်ခနဲဖြစ်သွားသည်။ ချစ်သူ မျက်နှာပျက်ပျက်နှင့် ကိုယ်လုံးကြီးမတ်သွားသော်လည်း ဘာဝင်ပြောရမှန်းမသိ။ ဒေါ်သင်းမြတ်ကြူကတော့ ဘာမှသတိမထားမိဘဲ ...

"ထိမ်းမြားလက်ထပ်ခြင်းဆိုတဲ့ မင်္ဂလာကို တန်ဖိုးမထားဘဲ မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းတာဟာ သိက္ခာမဲ့တာပဲ သမီးရဲ့။ ယောကျ်ားလေးတွေ ဒီလိုကိစ္စမှားတာက ခြေထောက်တစ်ဖက်မှာ ကျော့ကွင်းမိတာလိုတာတယ်၊ မိန်းကလေးတွေကျတော့ နွံနစ်တာ၊ ဘယ်ဟာက အသက်အန္တရာယ်ပိုနီးသလဲ၊ လောကကြီးက လူဆိုပြီး ဖန်ဆင်းပေးလိုက်တာ၊ အားလုံးမှားနေကြဖို့မှမဟုတ်တာ၊ ဒီထဲမှာမှ ကျား၊ မ ထပ်ပြီးကွဲပြားလာတယ်၊ ဘယ်သူမဆို မိမိနဲ့ထိုက်တန်တဲ့ ဘဝအသိနဲ့ ဆင်ခြင်ဉာဏ်လိုတာကိုရှိရမှာမဟုတ်လား။ မေမေ သားကြီးထွက်သွားတာကိုသိလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို ဒေါသဖြစ်သွားခဲ့တယ်”

လိမ်ညာဖို့ စိတ်မကူးခဲ့သည်မို့ ဒေါ်သင်းမြတ်ကြူ က အဆင်ဆိုးစေမည့်စကားလုံးတို့ကိုပဲရှောင်ကာ အမှန်အတိုင်းပဲ ပြောပြသည်။

ဒါပေမယ့် သူမ ရည်ရွယ်နေသည့်မိန်းကလေးက ခေတ် ကိုယ်တိုင်ဖြစ်နေသည်မို့ ...

“ဘာဖြစ်လို့ ဒေါသဖြစ်သွားတာလဲ အန်တီ၊ ကိုလေးကိုလား၊ သူ့ချစ်သူကိုလား”

“သားငယ်ကို လာပြောတယ်ဆိုတဲ့ မိန်းကလေးကို”

ခေတ် မျက်နှာတင်းသွား၏။

“အဲဒါတွေ ဘာဖြစ်လို့ပြန်ပြောနေကြတာလဲ မေမေ၊ ဘာမှပြန်ဖြစ်လာနိုင်မယ့်အကြောင်းတွေမှမဟုတ်တာ”

ချစ်သူ စိတ်ပျက်လက်ပျက်ဝင်တားမိသည်။ အဓိပ္ပာယ်မရှိတာတွေကို ခေတ် ဘာဖြစ်လို့ အစကနေ ပြန်ပြီးတူးဆွဖော်ထုတ်နေရတာလဲ။

ခေတ် ကို ဒေါသဖြစ်မိသလို မလိုအပ်ဘဲ စုံစုံစေ့စေ့ရင်ဖွင့်ပြောပြနေသည့် မေမေ့ကိုလည်း အံ့ဩသည်။

ဒီမိန်းကလေးကိုပဲ စိတ်ကျေနပ်မှုမရှိသလိုလို၊ လက်ထပ်ပေးခဲ့ရတာကို နောင်တရနေသလိုလိုနှင့် မျက်နှာမြင်လိုက်တော့ ‘သမီး’လို့ခေါ်နေတာ ပါးစပ်က မချိ။

ဟန်ဆောင်ပြောဆိုနေတာမပါဘဲ တကယ်လိုလားတပ်မက်နေတာမှန်း မျက်ဝန်းတွေမှာ ဖော်ပြနေကြသည်။ ဒါပေမယ့် ခေတ် ဘက်က မေမေ့အပေါ်မှာ ဘယ်လိုအမြင်တွေရှိနေမှန်း သူက သိထားတော့ စကားတွေ လက်လွှတ်စပယ်ဖြစ်ကုန်မှာကို စိတ်ပူမိသည်။

ခေတ် မဖွယ်မရာတွေ ထပြောလိုက်လျှင် ခက်ပြီ။





“သားပြောသလို ဒါ ပြန်ဖြစ်လာနိုင်တာတွေ မဟုတ်ဘူး သားငယ်၊ ပြဿနာက ပြီးဆုံးသွားတာမဟုတ်ဘူး။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သားကြီးပြန်ရောက်လာတာနဲ့ ဒီပြဿနာက အစပြန်ပေါ်လာမှာပဲ၊ ရင်မဆိုင်ရဲတဲ့ မိန်းကလေးရဲ့ ရှေ့မှာ မားမားရပ်နေတဲ့သူ ရှိတယ်၊ အဲဒါကြောင့် ဒီပြဿနာ မပြီးဆုံးဘူးလို့ မေမေ ပြောတာပေါ့”

“ရင်မဆိုင်ရဲတဲ့သူက ရင်မဆိုင်ရဲပေမယ့် ကိုလေးကတော့ လက်ထပ်ပွဲကို ဆက်မနွှဲရဲတော့ဘဲ ရှောင်ထွက်သွားတယ်မဟုတ်လား။ ဒီကိစ္စကို ကြားဝင်ဖြေရှင်းပေးတဲ့မိန်းကလေး မှန်တယ်၊ မမှန်ဘူးဆိုတာ ကိုလေးက ဝန်ခံသွားတာပဲပေါ့”

ဒေါ်သင်းမြတ်ကြူက ခေတ် ကို အံ့ဩသလိုကြည့်၏။ ပြီးတော့ သူမကိုယ်တိုင် ထင်ယောင်ထင်မှားဖြစ်နေတာမျိုး မျက်တောင် တဖျပ်ဖျပ်ခတ်၍ မရိုးပြုံးနှင့် ခေါင်းခါသည်။

“ဟုတ်ချင်ဟုတ်မှာပါ၊ ဒါပေမယ့် ဒီလိုအမှန်တရားမျိုးကို လူဘုံအလယ်မှာ ဖွင့်ချပြရဲတာဟာ ဝုဏ်သိက္ခာမဟုတ်ဘူး သမီး။ မိန်းမဖြစ်နေလို့ မိန်းမသားတစ်ယောက်ဘက်က ရပ်တည်တာဆိုရင်လဲ မှန်ကန်ဖို့လိုတယ်။ တစ်ခါတလေ စေတနာမှားလဲမှားတတ်တာတွေရှိတယ်လေ၊ စေတနာအမှားဆိုတာ သမီး ကြားဖူးမှာပေါ့။ ရှင်သန်စေချင်လို့ ရေလောင်းပေးနေတာပေမယ့် ကိုယ်ရေလောင်းနေတာက အဆိပ်ပင်ဖြစ်နေရင် အဆိပ်သီးသီးမှာပဲ”

ဒေါ်သင်းမြတ်ကြူက ခေတ် ကို ဘေးလူတစ်ယောက်အမြင်နဲ့လား ဒါမှမဟုတ် ကိုယ့်ချွေးမလိုမြင်ပြီးတော့ ပြောတာလား မသိပါ။

ဒါပေမယ့် ခေတ်ကတော့ ကိုယ့်အကြောင်းကို ကိုယ်မှန်းမသိဘဲ ကျကျနနကြီး ရွတ်ချကဲ့ရဲ့နေတာကို နားဆင်ရင်း ရင်ဘတ်လေး သိသာ



www.burmeseclassic.com

www.burmeseclassic.com



စွာ လှိုက်ကြွလာခဲ့၏။

"လမ်းမပေါ်မှာ စွန့်လွှတ်ပြေးလို့ ကားတိုက်ခံရပြီး ခြေကျိုး ကလေးကို ပိုင်းကူတွဲပြီး နောက်တစ်ခါ စွန့်လွှတ်ပြေးဖို့ လမ်းပေါ် ပြန်လွှတ်ပေးတဲ့ မိဘမျိုး ရှိလား၊ ချိုင်းထောက်လေးနဲ့ ထပ်ပြေးကြည့် လားလို့ရော တိုက်တွန်းဦးမလား"

ဒေါ်သင်းမြတ်ကြူက ခေတ် မျက်နှာလေးကိုမြင်နေပေမယ့် ဘာ လိုကောက်ချက်ချပြီး အားပါးတရပြောနေသည်မသိပါ။ မေးခွန်း ပါလာတာတော့ပြီး သူမဘာသာပဲ ပြန်ရှင်းသွား၏။

"မေမေက သမီးမရှိလို့ မစာမနာပြောတာမဟုတ်ဘူး သမီးရဲ့ ကလေးဆိုတာ မိမိကိုယ်ကိုယ်သိန်းသိမ်းတတ်တဲ့ဗီဇပါရမှိုက်ကိုရှိရမယ်၊ သက်မှာ တစ်မင်္ဂလာဆိုတာ မိမိဘဝရဲ့ နယ်ပျိုမျစ်ခြင်းတို့ကို ဂုဏ်သိ ကြီးမားစွာပေးအပ်ခြင်းကိုခေါ်တာ၊ ဒီမင်္ဂလာကို တန်ဖိုးထားရတယ်၊ ဖက်က ယောကျ်ားလေးဟာ ကိုယ့်ရဲ့ဘဝကို ဘယ်လိုသိမ်းပိုက်သွား လဲ၊ ကိုယ့်ကို တန်ဖိုးမထားခဲ့ရင် ဘာကြောင့်လဲ၊ သူများကို တန်ဖိုးထား သွားတာ ကိုယ်နဲ့ဘယ်လိုကွာခြားလို့လဲ၊ ဒါတွေကို ပိုင်းခြားနိုင်ရမယ် မိန်းမချင်းတူပြီး တန်ဖိုးချင်းမတူကြတာ အဲဒါတွေပဲ သမီး"

"ဒါကတော့ အန်တီ လူတိုင်းပဲ မှန်တာ ဟုတ်တာတွေချည်းပဲ သိ ကြတာမှမဟုတ်တာ၊ အမှားဆိုတာ လူငယ်တွေအတွက် ..."

"လူငယ်တိုင်း မမှားကြဘူးဆိုတာတော့ သမီး လက်ခံတယ်နော်"

စကားဖြတ်ပြောလိုက်တော့ ခေတ် ပါးစပ်ပိတ်သွားခဲ့၏။

"မေမေ ပြောသားပဲ သမီးရယ်၊ မေမေက သမီးလေး အရမ်းလိုချင် နေတာပါလို့၊ ကိုယ့်သားက ချစ်နေပြီဆိုရင် သမီးလေးလို့သတ်မှတ်နိုင် တယ်။ အခု သဒ္ဒါချိုနဲ့ သဘောတူခဲ့တာမှန်ပေမယ့် သားကြီးကသ





'ကျွန်တော့်ချစ်သူကိုပဲ လက်ထပ်ခွင့်ပေးပါ'လို့ စောစောကတောင်းခဲ့ရင် သဒ္ဒါချိုနဲ့ လက်ထပ်ပွဲကျင်းပတဲ့အထိလဲ ဖြစ်လာမှာမဟုတ်ဘူး၊ မှတ်ထား သမီး၊ ယောကျ်ားလေးဆိုတာ သူတို့နှစ်သက်ရင် ရှန်းထွက်ခွင့်ရှိတယ်၊ ကြိုးစားခွင့်ရှိတယ်၊ ဒီဘက်မှာ ရှန်းမထွက်ဘူး၊ မကြိုးစားဘူးဆိုတာ ဟို ဘက်ကို မမက်မောလို့ပါ"

ခေတ် မျက်နှာလေးနီရဲလာ၏။ ချစ်သူ ဘာတစ်လုံးမှကို ဝင်မပြော နိုင်တော့ပေ။ မေမေ့စကားတွေကိုလည်း တိုးလို့မပေါက်တော့ဘဲ ခေတ် ကိုလည်း ဘယ်လိုပြော၍ နှစ်သိမ့်ရမှန်း မသိတော့ပေ။

"ဒီလက်ထပ်ပွဲပျက်သွားတာကို မေမေက နှမြောတာသလွန်းလို့ မဟုတ်ပါဘူး။ သဒ္ဒါချိုကို သားကိုယ်တိုင် မေတ္တာရှိနေတာလဲသိထား တော့ ဒီအဖြစ်တွေပေါ်လာတာကို နားမလည်နိုင်ဘူး၊ သားကြီး ထွက် သွားတဲ့အတွက် ဒါ အမှန်ပဲဆိုတာလဲသိလာတယ်လေ၊ အဲဒါကြောင့် အမှန်အတိုင်းဖြစ်ဖို့ စီစဉ်ပေးမယ်ဆုံးဖြတ်လိုက်တော့လဲ သားက ရှောင် ထွက်သွားပြီး မိန်းကလေးက ရောက်မလာခဲ့ဘူး၊ အားလုံးကို ပြန်တွက် ကြည့်လိုက်တော့ မိန်းကလေးတစ်ယောက်ရဲ့ ရဲတင်းတူးဆွမှုကြောင့် ကာယကံရှင်နှစ်ဖက်ရဲ့ ဂုဏ်သိက္ခာတွေ ထိခိုက်ကုန်တာပဲ အဖတ်တင် သွားတယ်၊ ချည်နှောင်မှုတစ်စုံတစ်ရာမှရှိမထားခဲ့တဲ့ ကြိုးအပိုင်းအစ တွေကို ဒီတိုင်းစုပုံချထားလို့ ကြိုးတစ်ချောင်းလို့ ထင်စရာဖြစ်ချင်ဖြစ်မယ် ဆွဲဖွလိုက်ရင်တော့ တစ်စစီ အပြတ်လိုက်ပါလာမှာပဲ"

"ခေတ် တစ်ခုပြောမယ် အန်တီ၊ အဲဒါက နေရီ ..."

"ခေတ် ..."

ခေတ် ဘာပြောတော့မှာကိုသိလိုက်ကာ ချစ်သူ ဟန့်မဆောင်နိုင်စွာ တားဆီးလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ခေတ် ကတော့ သူ တားလိုက်လို့ ငြိမ်ကျသွားမှာမဟုတ်ပါ။ သို့သော် ဖုန်းမြည်သံက ကံကောင်းထောက်မစွာ ထမြည်လာရာ ...

"ခဏနော် သမီး"

ဒေါ်သင်းမြတ်ကြူသည် ခေတ်၏စကားအဖျားက 'နေရီ'ဆိုတာကို လည်း သတိထားမိလိုက်ပုံမပေါ်ဘဲ လက်ကိုင်အိတ်ဖွင့်ရင်း အပြင် ထွ ထွက်သွား၏။

"ခေတ် ... မင်းနဲ့ကိုယ် ဘာပြောထားခဲ့ကြလဲ"

"မသိဘူး၊ ဘာပြောပြော၊ ဘာတွေရှိခဲ့ရှိခဲ့"

ခေတ် ကို နောက်ဖေးအထိ မရမကဆွဲခေါ်လာခဲ့ရင်း ခေတ် က လည်း မငြိမ်သက်ဘဲ သူ့ကိုပြန်၍ထုနှက်ရုန်းကန်ကာ ...

"မိန်းကလေးချင်း မစာမနာပြောတာလို့ပဲ ကျွန်မ ထင်တယ်။ ရှင့်ရဲ့ ကိုလေး တာဝန်မဲ့သွားတာကျတော့ အကောင်း၊ မိန်းကလေးဘက်က တော့ သိက္ခာမဲ့တာတဲ့၊ အဲဒါကို ကျွန်မ ..."

"မင်းကို သူ့ရှေ့မအမြင်နဲ့ လွှတ်လွှတ်လပ်လပ်ပြောပြနေတာ၊ မှန် လဲမှန်နေတာပဲမဟုတ်လား ခေတ်ရယ်။ ကိုယ် တောင်းပန်ပါတယ်၊ အဲဒါ ကို မင်းရင်ဘတ်ထဲ ဒီလောက်မထည့်ပါနဲ့"

"ထည့်ရမှာပဲ၊ ရှင့်အမေ ပြောသမျှစကားတွေက နေရီ့ဘက်က ထေ ဆပ်ဖို့ပြင်ဆင်ထားခဲ့သမျှကို စော်ကားတာ သိလား၊ လက်မြှောက်အရှုံ ပေးနေတဲ့လူကို ထပ်ပြီး ထိပ်ခေါက်ချင်တာ၊ သည်းခံတဲ့လူကိုရော၊ မခံနိုင် လို့ဝင်ပါတဲ့လူကိုရော ..."

"ခေတ် ..."

ဘယ်လိုမှ ပိတ်ဆို့တားဆီးမရတော့ အိပ်ခန်းထဲထိဆွဲသွင်းပြီး တံခါး ပိတ်ပစ်လိုက်ရတော့သည်။ ထိုနေ့က မေမေ့ခမျာ သူပြန်မည့်အကြောင်း





ကို သူ့ဘာသာ အခန်းနားထိလာပြောပြီး ပြန်သွားရှာ၏။

ခေတ် က မွေ့ရာပေါ်မှာ ခြေဆင်း၍ မျက်ရည်တွေ တပေါက်ပေါက် ကျအောင်ငိုသည်။

"ဘာဆိုင်လို့လဲကွာ၊ ပြဿနာပဲ"

ခုတင်ဘေးမှာ ခေါက်တုံ့ခေါက်ပြန်လျှောက် ခေါင်းကုတ်ရင်း ချစ်သူ က်နှာရှုံ့မဲ့နေလေသည်။

စီးပွားရေးတွေလုပ်ချင်လို့ သူ ကြိုးစားနေခဲ့သည်။ ကိုယ် ကျွမ်းကျင် ာတွေရှိသလို မကျွမ်းကျင်တဲ့အပိုင်းတွေကိုလည်း ကြိုးစားလေ့လာဖို့ က်ပါ။

ကိုယ်ယူထားသည့်မိန်းမကျကာမှ အဆင်ပြေနေးညှံ့လာအောင် က်ဆံဖို့ကြိုးစားကြည့်တာ ဘယ်လိုမှမရ။

ဘယ့်နှယ်ကြောင့် ကိုယ်လက်ထပ်တဲ့မိန်းမက ကိုလေးပတ်သက်ခဲ့ မိန်းကလေးနဲ့ တရင်းတနှီးကြီး ဆက်စပ်နေခဲ့တာလဲ။

နဖူးမွတ်လိုက်၊ ဆံပင်ဖွလိုက်နှင့် ခေတ် ငိုနေသည့်ဘေးမှာ စိတ်ပျက် ၀င်ထိုင်လိုက်မိ၏။

"တိတ်ပါကွာ၊ အဲဒီပြဿနာကြီးနဲ့ပဲ မင်းနဲ့ကိုယ် ဒီတိုင်းဖြစ်ဖြစ်နေကြ တယ်၊ ဘယ်လိုစကားလုံးနဲ့ ချော့ရမှန်းကိုမသိတော့ဘူး"

"မကိုင်နဲ့ ဖယ်"

ပခုံးလေးကိုဖက်လိုက်တော့ လက်ကိုပတ်ချပစ်သည်။ မျက်ရည် တ်ပေးတော့ မျက်နှာကိုတစ်ဖက်လှည့်ပစ်၏။ ကိုယ်ခံလိုက်ရတာ ယ်ပဲသိသည်။

'မိန်းမတစ်ယောက်၏ဂုဏ်သိက္ခာ'တွေကို တန်းစီရွတ်ပြသွားလို့ ၁ နေရီသာမကဘဲ ကိုယ့်ကိုယ်ကိုတောင် ဘာမှန်းမသိတော့တဲ့ဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



စောင့်စည်းအပ်တာတွေ၊ ထိန်းသိမ်းသင့်တာတွေ သူပြော
သိနေတဲ့ကြားကပဲ လွန်ကျူးမှားယွင်းနေကြတာတွေရော မရှိခဲ့လို့
ဒီလိုဖြစ်တိုင်းပဲ မိန်းကလေးဘက်က မထိန်းသိမ်းလို့ဆိုတဲ့ပု
တပ်နေရင် ယောကျ်ားတွေကျတော့ ဘာမဆို လွန်ကျူးခော်က
ရှိနေတဲ့ပါမစ်တွေနဲ့လား။

ဘာပဲဖြစ်ဖြစ် ခေတ် အနိုင်မရလိုက်တာတော့ သေချာခဲ့လေသ





## အခန်း(၂၆)

"တောက်"

ဒေါသဖြစ်ဖြစ်နှင့် လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ထားမိပြီးမှ ဆောင့်ခနဲလွှတ်ပစ်လိုက်၏။ နောက်ကိုလှည့်ပစ်လိုက်ရင်း တက်ခေါက်မိတာက ဒီထက်ပေါက်ကွဲမိမှာစိုး၍ဖြစ်၏။

"မင်း ... မင်းကွာ လုံးဝကို မထင်ခဲ့ဘူး၊ မထင်ရဘူး၊ ဘယ်လို နားလည်ပေးလို့မှမရအောင်ဖြစ်နေတာ၊ ငါ ဘယ်လိုလုပ်ရမလဲ၊ မေမေ အရင်တစ်ခါလာပြောသေးတယ်၊ အဲဒါကိုလဲ ငါ နားထဲမသွင်းခဲ့ဘူး"

"အလုပ်လုပ်တာ ကမ္ဘာပြို့သွားနိုင်လို့လား ချစ်သူ၊ ရှင် သေအောင် ပေါက်ကွဲသွားရတဲ့အထိ ကျွန်မက ဘယ်လိုအပြစ်မျိုး ကျူးလွန်လိုက်လို့ လဲ"

"မင်း ငါ့ကို ချစ်သူ ဆိုတဲ့နာမည်ကြီး အတုံးလိုက်အတစ်လိုက်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



တာ ဆင်ခြင်၊ လင်ရယ် မယားရယ်ဖြစ်လာကြတာ ငါးလ ခြောက်လရှိနေပြီ၊ မင်းထက်လဲ ငါ အသက်ကြီးတယ်၊ မပြောချင်လို့ကြည့်နေခဲ့တာ၊ ပိုဆိုးလာတယ်"

"ပါလာပြန်ပြီ နောက်တစ်မှု"

"ပါလာတာမဟုတ်ဘူး၊ ပြောချင်နေတာ ကြာပြီ၊ ချော့မော့အလိုလိုက်နေလေ မင်း ပိုဆိုးလေ၊ ထင်သလိုနေတယ်၊ ပြောချင်သလိုပြောတယ်"

"ရှင် စကားပြောတာ ကြည့်ပြော"

"ကြည့်ပြောနေတာပဲ"

သူ့အော် ကိုယ်အော်နှင့် ဆူညံနေသဖြင့် မဦး အခန်းနားကို ပြေးလွှားရောက်လာသေးသည်။ ပြီးတော့မှ ပြန်လှည့်ပြေးသွား၏။

"ကျွန်မက ထင်သလိုနေရအောင် ..."

"မင်း အခု ငါမသိဘဲ အပြင်မှာ အလုပ်တွေလုပ်နေတာ ဘယ်နှစ်လရှိပြီလဲ"

"နှစ်လကျော်ပြီ"

"တောက်"

မခိုးမခန့်ပြေပုံက နားရင်းပိတ်အုပ်ပစ်ဖို့ကောင်း၏။ တကယ်ကို သူ မသိအောင် ပိပိရိရိ ဒီလိုလှုပ်ရှားနေတာ တတ်ပဲတတ်နိုင်လွန်းသည်။

"နေပါဦး၊ မင်း ငါ့ရဲ့ ဇနီးဖြစ်နေကာမှ သူများအလုပ်ထဲမှာ တမင်သွားလုပ်တာ ဘာသဘောလဲ၊ ဘယ်လိုမှကို စဉ်းစားမရဘူး၊ ထင်ကိုမထင်ခဲ့တာ"

"ရှင့်ဇနီးဖြစ်နေတာနဲ့ ဘာမှမဆိုင်ဘူး၊ မေမေတို့ ကျွန်မရဲ့ မုန့်ဖိုးတွေ ပြန်သိမ်းသွားတဲ့အကြောင်း ရှင့်ကို ကျွန်မ မပြောခဲ့ဘူးလား"





"ဟ သိမ်းပါစေပေါ့၊ မင်းကို ငါ ယူထားတာ၊ မင်းရဲ့ တစ်ဘဝလုံးကို တာဝန်ယူခဲ့တာပဲ၊ မိဘပေးစွည်းကို မသုံးရတော့ဘူး၊ ငါ ရှာပေးတာကိုပဲ သုံးရမှာ"

"ရှင်ရှာတာ ကျွန်မအတွက် ဆိုပေမယ့် ကျွန်မအတွက်သုံးဖို့ မဟုတ်တော့ မသုံးချင်ဘူးလေ၊ နေရီ့ကို ထောက်ပံ့ဖို့ ..."

"သိတယ်၊ အဲဒါကြောင့် ခင်ဗျားကို ကျွန်တော် ပိုးစိုးပက်စက် အံ့ဩနေတာ၊ နေရီ့ဘဝကို မင်းဘဝထက်ပိုပြီးကာကွယ်ချင်နေတာ၊ အဲဒီ တစ်ယောက်နဲ့ပတ်သက်ပြီး တစ်လောကလုံးနဲ့တစ်ယောက် စစ်ခင်းရလဲ ဂရုမစိုက်နိုင်ဖြစ်နေတာ အဲဒါတွေဟာ မင်းကိုယ်မင်း အစွန်းရောက်အတ္တတွေဖြစ်နေတာကို သတိရရဲ့လား"

"အစွန်းပဲရောက်ရောက်၊ ဟိုဘက်ကိုပဲ ကျွမ်းပြန်ကျကျ မသိဘူး။ နေရီ့ကို ရှင်တို့မိသားစုရဲ့ အထောက်အပံ့နဲ့ တစ်ချောင်ချောင်မှာ ဖုံးဖုံးဖိဖိလေး မမွေးစေရဘူး၊ အဲဒါ ကျွန်မရဲ့ ဆုံးဖြတ်ချက်ပဲ"

"ဒီလိုမွေးရတာကျတော့ သိပ်ဂုဏ်ရှိတာပဲလား"

"ရှိတာပေါ့၊ အဲဒါက သေရဲရဲ နေရဲရဲလုပ်လိုက်တာ၊ ဖြစ်သင့်တာက သတို့သမီး"

"ဖြစ်ခွင့်ရအောင် သူ ကြိုးစားခဲ့လို့လား၊ ဂုဏ်သိက္ခာတွေ၊ စောင့်ညှိုးအပ်တာတွေကို ပြောတာမဟုတ်ဘူး၊ မင်းပြောရဲသလို သူပြောရဲရင် မင်း ထွက်သလို သူထွက်လာရဲရင် ပြဿနာတွေ ဒီလိုဖြစ်လာဖို့ကိုမရှိဘူး၊ ခုနေ မေမေ သိသွားရင်တောင်မှ ..."

"ဘာလဲ ငွေပုံကြီးနဲ့ဖို့ပြီး တော်ရာမှာသွားမွေးပါလို့ နှင်လွှတ်မှာလား"

"မင်းထင်သလောက်ထိ အခြေအနေတွေက ဆိုးရွားမနေဘူး တော်။ နေရီ့ နေရာမှာ နေရီနဲ့သင့်တော်မယ့် အတိုင်းအတာထိပဲ မင်း ဆိုနိုင်းချုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသင့်တယ်၊ မင်းမာနမျိုး၊ မင်းမျှော်မှန်းသလောက် နေရီ ဘယ်လိုမှ မရနိုင်ဘူး။ အဲဒါ ငါပြောရတယ်"

"ဘာ ..."

"မင်းဘဝနဲ့သူ့ဘဝ၊ နေရီ အပေါ် ထားတဲ့ ကိုလေးရဲ့သဘောထားနဲ့ မင်းကို ငါ တန်ဖိုးထားပြီး အလိုလိုက်ယုယခဲ့တဲ့အချစ်၊ ဒါတွေဟာ ဘယ်လိုမှ အချိုးတူဖြစ်မလာနိုင်တဲ့ ကွာဟချက်တွေပဲ။ မြတ်နိုးတယ်၊ တန်ဖိုးထားတယ်ဆိုတာ အချစ်ရှိမှဖြစ်လာမှာ၊ မင်းက မင်းရဲ့နေရီကို ကိုလေးကိုယ်တိုင်က ဂရုစိုက် မြှောက်စားလာမှာကို မျှော်လင့်နေတာ၊ အဲဒါ လုံးဝ မလွယ်ဘူး၊ ဖြစ်လာဖို့လဲမရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုလေး သူ့ကို မချစ်ခဲ့လို့"

ဒီလိုစကားတွေကြားတိုင်း နားထဲမှာ ဗုံးကွဲသလိုပင်။ နေရီ ရှိက်သံတွေကို သတိရတိုင်းလည်း ဒေါသဖြစ်မိ၏။

"ဆရာက ငါ့ကို ဘယ်လိုသဘောမှမထားခဲ့ပါဘူး ခေတ်ရယ်၊ ငါ ကိုယ်တိုင်က တစ်ဖက်သတ်သာယာပြီး အထင်ကြီးမျှော်လင့်နေခဲ့တာပါ ဒီအခြေအနေထိ ရောက်ခဲ့တာလည်း သူ့အပြစ်မဟုတ်ဘူး၊ ငါ့ကြောင့် ငါမှားတာ"

ဟု တစ်ချိန်လုံးပြောလာခဲ့တာ နားအေးသွားတာပင်မကြာသေးပါ။ နောက်ထပ် တွေ့သမျှလူအပေါင်းက ဒီစကားတွေပဲ ထပ်ထပ်ပြောနေကြတာ နားထဲမှာ သံပရာရည်တွေ ချောင်းစီးနေပြီထင်၏။

"ခေတ်"

အလုပ်သွားတော့မလို့ ဝတ်စားပြင်ဆင်ပြီးနေသည့် ခေတ် တစ်ကိုယ်လုံးကို ချစ်သူ က စေ့စေ့စပ်စပ်ကြည့်၏။ သူငယ်ချင်းတစ်ယောက်၏ ကုမ္ပဏီမှာ သူမ အလုပ်လုပ်နေသည်။ သူငယ်ချင်းရင်းတွေမို့ သူမအတွက်





းလာချိန်တွေကို အဆင်ပြေအောင်ထားပေးသည်။ ဒီသတင်းတွေ ကုန်ကြားခဲ့ပြီးပြီ။

ထို့ကြောင့်လည်း အလစ်ငိုက်ဖမ်းချင်လို့ ထွက်သွားပြီးမှ ပြန်လှည့်ခဲ့တာဖြစ်သည်။

ခေတ် က နှုတ်ခမ်းနီဆိုးထားသည့် ဖူးအိသောနှုတ်ခမ်းသားလေးတွေကို မညှာမတာဖိကိုက်ထားရင်း မော့ကြည့်ကာ ...

"ရှေ့က ဖယ်ပေး"

"မပေးနိုင်ဘူး၊ မင်း ကိုယ်ကို အဲဒီလောက်ကန့်လန့်တိုက်နေခဲ့တာ တ်သင့်ပြီ၊ အလိုလိုက်ပေးဖို့ ခွန်အားလဲ ကိုယ့်မှာမရှိတော့ဘူး၊ မင်း အဲပြန်ဝင်ပါ"

"မဝင်ဘူး၊ လုံးဝ မဝင်ဘူး၊ ယောကျ်ားဆိုတဲ့အာဏာသုံးပြီး ရှင် ဒီနေ့ းဆီးထားနိုင်ရင်လဲ နောက်နေ့ နောက်နေ့တွေမှာသွားမှာပဲ"

"မင်း ... တောက်"

"အို ..."

ချစ်သူ က ခေတ် ကိုယ်လေးကို ဆွေ့ခနဲပွေ့ယူလိုက်၏။

"ဘာလုပ်တာလဲ၊ ချပေးနော်"

သူ့ပခုံးတွေ၊ ရင်ဘတ်တွေကို ခေတ် က တအားထုနှက်နေ၏။ အိပ်ထဲအထိ ပခုံးတစ်ခြမ်းတိုက်ဖွင့်ဝင်ပြီး ခေတ် ကိုချလိုက်သည်။ ပြီးတော့ သူ ပြန်ထွက်ပြီး အပြင်ကနေ သော့ပိတ်ပစ်လိုက်ကာ ...

"ထမင်းစားချိန် ကိုယ် လာခေါ်မယ်"

"မခေါ်နဲ့၊ မစားဘူး"

"ဒုန်း"

အထဲကနေ ဘာနဲ့ပေါက်ထည့်လိုက်သည်မသိ၊ သူပခုံးနဲ့ကပ်လျားဆဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိသည့်တံခါးချပ်က ဒုန်းခနဲတုန်ခါသွားသည်။

"ရှင့်ကို မုန်းတယ် သိလား၊ အစက ကြည့်မရတာ၊ အခု လုံးဝကိုမုန်းတာ၊ အစ်ကိုက လူယုတ်မာ၊ ညီက လူညစ်"

ခေတ် ဒေါသဖြစ်ဖြစ်နှင့် နောက်ထပ် တယ်လီဖုန်းကိုဆွဲယူပြီး ပေါက်ပစ်လိုက်လျှင် တံခါးက ပွင့်သွားပြီး ဖုန်းက ချစ်သူထံတည့်တည့်ဝင်သွား၏။

"ဟာ ..."

ထိတ်ခနဲဖြစ်သွားပေမယ့် ဖုန်းမှန်းသိလိုက်သဖြင့် လူကို အထိမခံနိုင်ပျက်စီးသွားမှာလည်းစိုးကာ ကမန်းကတန်းဖမ်းယူလိုက်ရ၏။

"အား"

ပုခက်ကိုပိုက်လိုက်နိုင်ပြီး လက်ကိုင်က ဝိုးခနဲလွဲယမ်းပြီးမှ ချစ်စောင်းကို ခွပ်ခနဲဆောင့်တိုက်သည်။

ရုတ်တရက်မူးမိုက်သွားကာ ဘာမှန်းမသိလိုက်ပေမယ့် လက်ဖြင့်ဖိအုပ်လိုက်သည့်အောက်မှာ ပူနွေးသောသွေးတို့ စိမ့်ထွက်လာမှန်း သိလိုက်သည်။

"ချစ်သူ ..."

ခေတ် အသံလေး သူ့အနားကပ်ကပ်ထိ ပြေးလွှားရောက်လာ၏ပြီးတော့ သူပိုက်ထားသည့်ဖုန်းကို ဆွဲယူပြီး စားပွဲပေါ် ပြေးတင်သည်ထို့နောက် ပြန်ပြေးလာပြီး ...

"သွေးတွေ အရမ်းထွက်နေပြီ၊ လက်လွှတ်လေ၊ ရှင်က ဘာဖြစ်လို့တံခါးဖွင့်လိုက်လဲ၊ ရှောင်လိုက်ရင်လဲ ရသားနဲ့"

အပြစ်တင်သံကလည်း ပေါက်ပေါက်ဖောက်သည့်အတိုင်း၊ သူ့ဆေးထည့်ပတ်တီးစည်းပေးရင်း ...





"သိတယ်၊ ဖုန်းကွဲသွားမှာစိုးလို့ ရှင် အနာခံပြီးဖမ်းလိုက်တာမဟုတ်လား။ အံ့ဩပါရဲ့၊ ဒီဖုန်းတစ်လုံးကို ကိုယ့်သွေးအကျခံပြီး နှမြောရတယ်လို့"

"သွေးကျမယ်လို့မထင်လို့ပေါ့ကွ၊ မင်း အဲဒီဖုန်းနဲ့ ကောက်ပစ်လိုက်မယ်လို့လဲ မထင်လို့ပေါ့၊ မင်းကိုရော မအံ့ဩရတော့ဘူးလား၊ မိန်းကလေးဖြစ်ပြီး ပစ္စည်းကိုပေါက်ခွဲဖျက်ဆီးတတ်တယ်"

ပတ်တီးစကို ကတ်ကြေးနဲ့ညှပ်၍ အစသိမ်းရင်း ခေတ် က သူ မမြင်အောင်မဲ့ရယ်သည်။

"ရှင်ပဲ ငါ့ပစ္စည်းကို ကြိုက်သလောက်ဖြုန်းဆို၊ တကယ်ဖြုန်းမိတာဖုန်းတစ်လုံးပဲရှိသေးတယ် လန့်သွားပြီလား"

"မလန့်ဘူး၊ ရုတ်တရက်မို့လို့ ပစ္စည်းတစ်ခုဆိုတဲ့အမြင်က အရင်ဝင်သွားတာ၊ လုပ်လိုက် မင်းကြိုက်သလိုလုပ်ပစ်၊ အပြင်မှာ အလုပ်ရှုပ်မလုပ်ဘူးဆိုရင် ပြီးရော"

"ရှင် ဇသွေးထွက်သံယိုဖြစ်နေလို့ ဒီက လုပ်ပေးနေတာနော်၊ မဆိုင်တာတွေပြောမနေနဲ့၊ တစ်ခေတ်ဦးက လှမ်းပြီးသားခြေလှမ်းကို ဘယ်တော့မှ နောက်မဆုတ်ဘူး"

"ကောင်းတယ်၊ ပြောရင် အဲဒီလိုနားထောင်"

ချစ်သူ က ခေတ် ပခုံးလေးကို ဆွဲဖက်ထားလိုက်၏။ ပြီးတော့ နမ်းမလို့ငုံ့လိုက်လျှင် ခေတ်က ကိုင်ထားသည့်ကတ်ကြေးနှင့်မိုက်ကိုချိန်ထားလိုက်ပြီး ...

"နာခေါင်းကြီးတဝဲဝဲမလုပ်နဲ့နော်၊ ဒီမှာတွေ့လား"

"အပျွန်း"

ချစ်သူ က ပြုံးလိုက်ရင်း ခေတ် လက်ထဲက ကတ်ကြေးလေးကို ဆွဲယူဖယ်လိုက်၏။ ပြီးတော့ နွေးအိသောကိုယ်လုံးလေးကိုဖက်ထားရင်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထက်မှာ အတူလှဲလိုက်ကာ ...

"ခေတ်"

မျက်နှာလေးထက်မှာ စီးမိုးငေးမော၍ တိုးတိုးလေးခေါ်သည်။ နီမြန်းနုအိသည့် နှုတ်ခမ်းသားလေးတွေကို လက်မနှင့် မထိတထိလေး ပွတ်သပ်ကိုင်ရင်း ...

"မင်း အရမ်းချစ်ဖို့ကောင်းတာပဲ ခေတ်ရယ်၊ ဘယ်လိုစိတ်ဆိုးဒေါသ ဖြစ်နေနေ အဲဒီဒေါသတွေကို ကြာကြာသိမ်းထုပ်ထားလို့ကိုမရဘူး။ မင်းကို ကိုယ် သိပ်ချစ်တယ်"

"မချစ်ပါဘူး"

သူ ငုံ့နမ်းသည်နှင့် ခေတ် က ရှောင်ပစ်လိုက်သည်။ အတင်းဖိကပ်စီးမိုးနေသည့် သူ့ကိုယ်ကြီးကို ကိုယ်လေးတွန့်လိမ်နေအောင်ရုန်းရင်း ...

"ဘယ်သူသွေးထွက်သံယိုဖြစ်ဖြစ် ကျွန်မက စိုးရိမ်တတ်လို့သိလား။ ညာတာပါတောနဲ့ လာမဖောနဲ့ ရှင်တို့ညီအစ်ကိုနှစ်ယောက် အတူတူပဲလို့ တွက်ထားပြီးသား"

လှည့်ပစ်သည့် ခေတ် မျက်နှာလေးကို မေးဖျားလေးကနေ ဆွဲလှည့်ယူလိုက်ပြီး ချစ်သူ က စိုက်ကြည့်ကာ..

"အတူတူပဲလို့ထင်ရင် ဒီလိုယောကျ်ားမျိုးတွေကို မင်း မုန်းတယ်မဟုတ်လား။ ဘာလို့လက်ထပ်ခဲ့တာလဲ"

"ရှင့်ကြောင့်လေ၊ ပြီးတော့ မေမေ့စိတ်ကိုသိလို့၊ ကျွန်မ လုပ်ထားတဲ့ ပြဿနာတွေကို မေမေက သိနေတယ်၊ ဒါပေမယ့် နေရီ့ကိုထားခဲ့တဲ့လူက ရှင့်အစ်ကိုမှန်းမသိဘူး၊ ရှင့်အမေကျတော့ နေရီ့ဘက်ကပါဝင်ခဲ့တာ ကျွန်မမှန်းမသိဘူး၊ ဒီနှစ်ဖက်ကို စကားတစ်ခွန်းနှစ်ခွန်းတည်းနဲ့ ဖော်လိုက်လို့ရတယ်၊ မဖော်တာက ဘာမှထူးလာမှာမဟုတ်တာကိုသိလို့ ပြီးတော့





နေရီ့ကို ဆက်လက်ထောက်ပံ့နိုင်ဖို့က ကျွန်မ မေမေ့အမိန့်ကို လွန်ဆန်လိုက်ရင် ပိုဝေးသွားမှာ၊ အဲဒါကို သိနေလို့ ..."

"ဩော် ... ဩော် ... သူငယ်ချင်းကိုထောက်ပံ့ဖို့ရည်ရွယ်ချက်က ခိုလောက်တောင်ကြီးမားတယ်ပေါ့"

"ပိုသေးတယ် သိရဲ့လား၊ နွေမော်ကွန်း ဆိုတဲ့လူကို ရှင် ဝှက်ပေးထားတယ်ထင်လို့"

"ဟာ ဟုတ်လား၊ ဒါဆို ကိုလေးကို ကျေးဇူးတင်ရမှာပေါ့"

"ရှင်နော်"

"ဟုတ်တယ်၊ စွာတေးလန်လေးကို ကိုယ့်ရဲ့မဟေသီအဖြစ် သိမ်းပိုက်နိုင်လိုက်တာ သူ့ကြောင့်မှန်း ခုမှသိတာ"

"ရှင် လူကို ဘာစွာတေးလန်လဲ၊ ဖယ်ပေး လွှတ်"

"အဟွန်း"

သူက ရယ်နေလျက် ခေတ် မျက်နှာလေးကို အတင်းလိုက်နမ်းသည်။ ပြီးတော့ ခေတ်၏ပါးပြင်လေးဘေးမှာ နှုတ်ခမ်းနှင့်မထိတထိလေး တို့ကပ်ကာ ...

"ကိုလေးတို့ကျတော့ မတော်တဆ ခလုတ်တိုက်မိကြတာနဲ့တောင် အလေးရသွားတယ်နော်၊ ကိုယ်တို့ကျတော့ ..."

"သေလိုက်ပါလား၊ လူညစ်ကြီး သွား"

အတင်းနှင်ထုတ်ရင်း ခေတ် မျက်နှာလေးနီနေတော့ ထုနက်နေတာ ဆိုလည်း မရှောင်ဖြစ်ဘဲ ချစ်သူ က ရယ်သည်။

"ကိုယ် တကယ်ပြောတာကွ၊ အိမ်ထောင်ကျတာ လပိုင်းမဲ့ရှိသေး ပေမယ့် ကလေးယူချင်နေတယ်၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ..."

သူ ဆက်မပြောဘဲ ခေတ် ပါးပြင်လေးကို ခပ်ဖွဖွလိမ်သည်။ ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ကိုယ့်အတွက် ဒီထက်ပိုပြီးနွေးထွေးစေမယ့် သံယောဇဉ်ကြိုးကလေးတစ်မျှင်ပဲဖြစ်ဖြစ်၊ နေပူဒဏ်ကို မလုံခြုံနိုင်ပေမယ့် လေပူတိုက်တာကိုတော့ ကာကွယ်ပေးနိုင်လောက်တဲ့ ပဝါပါးလေးတစ်ထည်ဖြစ်ဖြစ်စေ ဒီရင်သွေးကိုလွှယ်ထားပေးမယ့် မင်းဘက်က ကိုယ့်အတွက် နူးညံ့တဲ့ တစ်စုံတစ်ရာကို မျှော်လင့်မိတယ်၊ မင်း ကိုယ့်ကိုကြည်ဖြူနှစ်သက်စွာ ပေးအပ်တာမျိုး တစ်ခါမှမရှိခဲ့ဘူးလေ၊ အဲဒါ ကိုယ်လိုချင်ဆုံးအရာပဲ"

"ရှင့်ကို ကျွန်မ မချစ်ပါဘူးလို့ပြောပြီးသား၊ ချစ်မှမချစ်တာ၊ ဘယ်လိုလုပ်ကြည်ဖြူလို့ရမှာလဲ၊ ဘာလဲ ရင်နာနေတာလား"

"မနာပါဘူး၊ ဘယ်လိုနည်းနဲ့ ထုဆစ်ပုံဖော်နိုင်မလဲဆိုတာကိုပဲ စဉ်းစားတာ၊ မင်းကို ကိုယ့်ထက် အသက်ငယ်တဲ့အပြင် စိတ်ဆတ်တယ်၊ လွတ်လပ်ပွင့်လင်းတယ်၊ မင်းဘက်ကကျတော့ လိုချင်ဦးမှာမဟုတ်ဘူး ဒါပေမယ့်ကွာ ကိုယ်က မတရားတောင်းဆိုတာတော့မဟုတ်ပေမယ့် ကလေးမရအောင် တားဆီးကာကွယ်ထားတာတွေတော့ မလုပ်နဲ့နော်"

"လုပ်ရမှာပဲ၊ ရှင်ပြောနေတာ ရှင်လိုချင်တဲ့လမ်းကြောင်းပဲ၊ ကျွန်မအတွက် ဘာမှမပါဘူး၊ ဟိုတစ်ယောက်ရဲ့ကိုယ်ဝန်ပြဿနာတောင် မဖြေရှင်းနိုင်ဘဲနဲ့ ..."

"ဘာဆိုင်လို့လဲကွာ၊ ဟိုတစ်ယောက်ကိုယ်ဝန်က ကိုယ့်တာဝန်မှမဟုတ်တာ၊ စိတ်ချ အဲဒီကိုယ်ဝန်အတွက် ကိုလေးကို ကိုယ် မရရအောင်ရှာမယ်၊ ကိုယ် မတတ်နိုင်ရင် အင်အားသုံးပြီးရှာမယ်၊ သူတို့ချင်းတွေ့လို့ ဘယ်လိုရှင်းကြ ပြီးဆုံးကြမယ်ဆိုတာတော့ ကိုယ်တို့နဲ့မဆိုင်တော့ဘူးနော်၊ ဒါပေမယ့် ကိုလေးရောက်လာတာနဲ့ မင်း ကိုယ့်အပေါ်မှာ မကျေလည်တာအားလုံး ပြေမှာဖြစ်မယ်"

ခေတ် က ခေါင်းမညိတ် ခေါင်းမခါနှင့် မျက်တောင်လေးခတ်ရင်း





စဉ်းစားနေ၏။ ချစ်သူ ကိုယ့်အပေါ်မှာ တောက်လျှောက်သည်းခံလာခဲ့တာကို မသိလို့မဟုတ်ပေ။

ဒါပေမယ့် နေရီ့ကို ဒုက္ခပေးထားခဲ့သူ၏ ညီကိုမှ သူမက လက်ထပ်ခဲ့ရသဖြင့် မကျေနပ်စိတ်က နေရီ့ကို အားနာတာလား၊ အစ်ကိုဖြစ်သူကြောင့် ညီကိုပါမုန်းနေတာလား ကိုယ့်ကိုယ်ကိုလည်း မကျေနပ်စိတ်တွေချည်းဖြစ်နေမိလေသည်။

ဘာပဲဖြစ်ဖြစ် နေရီ့ကိုတော့ သူမ ပစ်ပယ်ထားလို့မဖြစ်ပေ။ နေရီက စိတ်ပျော့လွန်းကာ ကိုယ့်ကိုယ်ကိုပဲ အနစ်နာခံပြီး အစဖျောက်သွားတော့မယ်၊ ဘာညာဆိုသည့်စကားတွေကိုလည်း ပြောခဲ့ဖူးသည်။

ဒုက္ခပင်လယ်ဝေနေရှာသည့် နေရီ့ ကိုတော့ တစ်နေရာ တစ်ချောင်မှာထားရပြီး ကိုယ်က အချစ်ကို ကိုးကွယ်နေသော ရင်ခွင်နန်းတစ်ခုမှာ အလှဖုရားတစ်ပါးလို အေးချမ်းစွာစံစားနေဖို့ ဖြစ်နိုင်ပါ့မလား။

သံယောဇဉ်ဆိုတာ ဘယ်ကနေစပြီး အဆုံးရှိ မရှိကို မသိနိုင်ပေမယ့် ခေတ် ကတော့ သံယောဇဉ်ကြောင့် ပူလောင်ပြီးရင်း ပူလောင်နေခဲ့၏။

သူငယ်ချင်းကို ညီအစ်မရင်းလိုချစ်နေမိသည်။ ကိုယ့်ဘက်မှာ ပြည့်စုံနေတိုင်း မပြည့်စုံသည့် နေရီ့ဘဝကိုပဲ ခေါင်းထဲထည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၇)

"အားလုံးမှန်တယ် ခေတ်၊ နင်ပဲမှားနေတာ"

"လာပြန်ပြီ"

နှစ်ယောက်တွဲပြီးလမ်းလျှောက်နေရာကနေ နှစ်ယောက်စလုံး ရပ်တန့်သွားကြ၏။

နေရီသည် မျက်ကွင်းလေးညိုညို၊ ပါးရိုးလေးတွေ သိသာစွာမို့မောက် လျက် သနားစဖွယ်ပါ။ ပူဖောင်းနေပြီဖြစ်သည့်ကိုယ်ဝန်မှာ ဗိုက်ပုံးအကျႌလေးတကားကားနှင့် ရှင်းသန့်ကြည်စင်နေအောင် ဘယ်လိုပဲ ခေတ်ကိုယ်တိုင် ဖယ်ခြမ်းပြင်ဆင်ပေးပေး သူမမျက်နှာသက်မှာ ရာသီမရွှေတင်နေသည်က ညှိုးနွမ်းအားငယ်ရိပ်တွေသာ ...

"နင့်ပါးစပ်ကထွက်လာသမျှ ဒီစကားတွေပဲ ဘာဖြစ်လို့ဖြစ်နေတာ





လဲ နေရီ၊ ကိုယ်ဝန်ကလဲ ဂျူးဒိတ်သိပ်မလိုတော့ဘူး၊ ခုချိန်ထိ ဘယ်သူမှားတာ ဘယ်သူမှန်တာတွေ ပြောနေတုန်း"

"ခေတ်ရယ် ငါမှာ ..."

"နင့်ရင်ခွင်ကို အားကိုးတကြီးမှီခိုရှင်သန်လာမယ့် ရင်သွေးလေး ရောက်လာတော့မယ်၊ နင် ဒီလိုအင်အားတွေနဲ့ ဘယ်လိုစောင့်ရှောက်မှာလဲ"

နေရီ က ခေတ် လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားပြီး နွမ်းယဲ့စွာပြုံး၏။ ကန်တော်ကြီးဥယျာဉ်ကြီးတစ်ခုလုံး ညနေခင်း၏ အလှတရားတွေနှင့် အစွမ်းကုန်နုသစ်လှပနေသော်လည်း ထိုအလှတရားအားလုံးဟာ နေရီ့မျက်ဝန်းထဲမှာ မရှိပေ။

သူမသည် ဝင်းဝင်းစက်စက်လေးလှနေသည့် ခေတ် ၏မျက်နှာလေးမှအစ ဆံဖျားကနေ ခြေဖျားထိ ရှုန်းရှုန်းစက်စက်ကြည့်လိုက်ပြီး ...

"မိန်းမနှစ်ယောက်ရဲ့ဘဝနှစ်ခု ဘယ်လိုကွာခြားသလဲဆိုတာ လောကမမှုက ခွဲခြားပြခဲ့ပြီးပါပြီ၊ အဲဒါက ဆင်းရဲတာ၊ ချမ်းသာတာနဲ့ မဆိုင်ဘူး"

နေရီ က မျက်လွှာလေးချလိုက်ပြီး ရည်ရွယ်တာမဟုတ်ပေမယ့် မျက်ဝန်းတို့က ကိုယ်ဝန်ဆီကိုရောက်သွားခဲ့သည်မို့ နာကျင်ရိပ်လေး တစ်ချက် ဖြစ်၏။

"မိန်းကလေးတစ်ယောက်ရဲ့တန်ဖိုးဟာ ဆင်းရဲချမ်းသာနဲ့မဆိုင်ပါဘူး ခေတ်ရယ်၊ ငါဘဝနဲ့ရင်းမိပြီးမှ ဒါကို နားလည်ပေမယ့် ခံစားရကျိုးတော့နပ်ပါတယ်၊ ကိုယ်ညံ့လို့ ကိုယ်ခံရတာပဲလေ"

"တော်ပါတော့ဟာ၊ လာ ဆက်လျှောက်မယ်"

လက်ဆွဲခေါ်ပေမယ့် နေရီက ခပ်လှုပ်လှုပ်လေးပဲလျှောက်လာခဲ့ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းရဲပေမယ့် သူတို့ချစ်သူက သူတို့ကို ယုယမြတ်နိုးနေကြတဲ့ စုံတွဲတွေ ငါ အများကြီးတွေ့နေရတယ်။ သူဌေးကြီးဆိုတာကလဲ သူ့ချစ်သူချောချောလှလှလေးက ဆင်းရဲပေမယ့် ချစ်လိုက်၊ အလိုလိုက်လိုက်တာ တုန်နေတာပဲ"

"နင် တစ်နေ့ တစ်နေ့ အဲဒါတွေပဲလျှောက်ကြည့်ပြီး ကိုယ့်ဒုက္ခကိုယ်ရှာနေတာ"

"လျှောက်ကြည့်စရာမလိုပါဘူး ခေတ်ရယ်၊ ငါ့အတွက် စီရင်ချက်ချမယ့် လောကဓံတရားက ငါ့ကိုယ်ငါ 'မိန်းမမိုက်'ဆိုတာသိအောင် ငါ့မျက်စိရှေ့ကို တွန်းတွန်းပို့နေတာပါ၊ သူတို့ကိုမြင်ရတိုင်း ကိုယ့်ကိုယ်ကို ရှက်မိတယ်။ ဆရာက ငါ့ကို ချစ်ခွင့်ပန်ဖူးတာလဲမဟုတ်ဘူး၊ ချစ်လိုကြိုက်လို့တဲ့ အမူအရာတွေလဲ မရှိခဲ့ဘူး၊ တစ်ဖက်သတ်ချစ်ခဲ့မိတာက ငါပါ။ ဆရာနဲ့ ငါ့ဘဝ မိုးနဲ့မြေလိုကွာခြားမှန်းသိပေမယ့် အထင်ကြီးစွဲလမ်းတဲ့စိတ်က ဘာမဲဆို ကြည်ဖြူချင်ခဲ့တာ၊ တကယ်တော့ ကိုယ့်တန်ဖိုးကို မြှင့်တင်တတ်ကြတဲ့မိန်းကလေးတွေနဲ့ယှဉ်ရင် ငါလိုမိန်းမမျိုး ဒီလိုဘဝမှာ မျက်ရည်ကျနေရတာ သဘာဝကျပါတယ်"

ခေတ် စိတ်ညစ်သွားမိတာကို ဘယ်ကိုသွားလွှင့်ပစ်ရမှန်းမသိတော့ပါ။

"နင့်ယောကျ်ားက နင့်ကို ကလေးယူခိုင်းတယ်လို့ နင် ပြောပြလိုက်တော့ နင်က ဒေါသထွက်နေပေမယ့် ငါ အရမ်းကိုကြည်နူးသွားမိတယ် သိလား၊ ဘာဖြစ်လို့လဲဆိုတော့ ငါ သိပ်ကိုချစ်တဲ့သူငယ်ချင်းဟာ ငါ အိပ်မက်ခွင့်မရခဲ့တဲ့ ယုယကြင်နာမှုမျိုးတွေကို ပိုင်ဆိုင်ရပါလားဆိုပြီးတော့လေ ..."

ပြောနေရင်း နေရီ က ခြေလှမ်းရပ်ပစ်လိုက်သည်။ ခေတ် လက်





ကလေးတစ်ဖက်ကိုဆွဲယူလိုက်ပြီး နောက်လက်တစ်ဖက်နှင့်ထုပ်ဆုပ်ဖျစ်ညှစ်ကာ နှစ်ခြိုက်စွာပြုး၏။

သို့သော် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာကြသဖြင့် ခေတ်နှင်ထဲမှာနင့်သွားသည်။

"နင့်အတွက် အရမ်းကြည်နူးမိပြီး ငါ့အဖြစ်ကို ငါ စက်ဆုပ်သွားခဲ့တယ်၊ ဒါတွေချည်းပဲထပ်ပြောနေတာမဟုတ်ပါဘူး ခေတ်ရယ်၊ မိန်းမတစ်ယောက်ရဲ့ဘဝကို ဘယ်လိုတန်ဖိုးထားစောင့်ရှောက်သင့်တယ် ဆိုတဲ့ အသိတရား ငါ့မှာမရှိခဲ့လို့ မှားခဲ့တာကို ဆင်ခြင်မိသွားတာပါ၊ ဒါပေမယ့် နောက်ကျနေပါပြီ"

"မကျသေးဘူး နေရီ၊ ဘာဖြစ်လို့ကျရမှာလဲ၊ နွေမော်ကွန်းလဲ အိမ်ထောင်ကျသွားတာမဟုတ်ဘူး၊ ငါလဲ နင့်အတွက်ပဲ အမြဲတမ်း ဦးစားပေးဦးစားတာ၊ နင် ဒီကိုယ်ဝန်ကိုမွေးပြီးတာနဲ့ သိပ်မကြာစေရဘူး နွေမော်ကွန်း နင့်ဆီကိုရောက်လာမှာပါ၊ ချစ်သူ လဲ ငါ့ကိုကတိပေးထားတယ်၊ သူလဲ လိုက်ရှာနေပါတယ်"

"တစ်နေကုန်ရှာနေရတာ လုံးဝမတွေ့ဘူး၊ ဒီမှာ ဘာလုပ်နေတာလဲ"

ခေတ် ရဲ့ဘေးမှာ ကားတစ်စီး သိမ့်ခနဲဝင်ရပ်၏။

"မေမေ"

ခေတ် ထိတ်ခနဲဖြစ်သွားကာ နေရီ့မျက်နှာလေးကို လှမ်းကြည့်လိုက်မိသည်။ နေရီသည် နဂိုကတည်းက ဖြူဖျော့နေသည့် နှုတ်ခမ်းသားလေးတွေ ဖွေးကျနေလျက် ...

"ခေတ် ပြန်လိုက်သွားလေ"

ဟု ကတုန်ကယင်လေးပြော၍ ကိုယ်လေးယို့သွားရှာ၏။ ဒေါ် ဆင်းယက ကိုယ်တိုင်မောင်းလာသည့်ကားကို ဘေးမှာရပ်လိုက်ပြီး ဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"သွားရအောင် မေမေ၊ နေရီ ပြန်လိုက်တော့နော်၊ ငါ ပြန်တော့မေ

ခေတ် က ဒေါ်သင်းစပယ်လက်ကိုဆွဲထားလိုက်ပြီး ပြန်ဖို့ အချိန် ခြေလှမ်းပြင်သော်လည်း ...

"နေဦး၊ မေမေ ပြောစရာရှိတယ်"

ဒေါ်သင်းစပယ်က နေရီ့ ရှေ့နားထိသွားရပ်လိုက်ကာ ...

"နေရီ"

ဆံပင်ရှည်လေး နောက်မှာစုစည်းလျက် မိုက်ပုံးအင်္ကျီဖားဖား နှင့် နေရီ့ တစ်ကိုယ်လုံးကို စူးစိုက်ကြည့်သည်။ ဒီကောင်မလေးကို နီးပေမယ့် သမီးရဲ့ သူငယ်ချင်းလေးမို့ အိမ်မှာ ဝင်ထွက်သွားလာနေတာ အမြဲလိုလိုမြင်တွေ့နေခဲ့တာပါ။

ဒါပေမယ့် ကိုယ့်သမီးကိုတောင် ဒေါ်သင်းစပယ်က တရင်းတ နူးညံ့ကြင်နာစွာနေထိုင်ခဲ့တာမဟုတ်။

နေရီနဲ့ဆို ပြုံးပြခေါင်းညိတ်ရုံအပြင် မပိုခဲ့ပေ။

ထိုစဉ်ကတည်းက ဒီမိန်းကလေးရဲ့ဘဝအခြေအနေကိုသိထားခဲ့ ဆင်းရဲချမ်းသာဆိုတာ လူတစ်ယောက်ရဲ့ ဘဝအဆင့်အတန်း မ သေးပါ။ ဒါကို လက်ခံထားခဲ့၍လည်း သမီးရဲ့ ပေါင်းသင်းမှုကဏ္ဍမှာ ဝင်၍မစွက်ဖက်ခဲ့။ သို့သော် ...

"သူငယ်ချင်းတွေမို့လို့ အကူအညီပေးကြ၊ မှီခိုခဲ့ကြတာကို အ နားလည်ပါတယ်"

ဒေါ်သင်းစပယ် စကားလုံးလှအောင် သိုင်းဝိုင်းမနေဘဲ လိုရင်း အစဆွဲထုတ်လိုက်၏။

"ဒါပေမယ့် အခု သူ့ဘဝနဲ့သူ ကိုယ့်ဘဝနဲ့ကိုယ်တွေဖြစ်သွားပြ





မွေးချင်းညီအစ်မတွေတောင်မှ အတောင်စုံရင် ကိုယ့်အသိုက်ကိုယ်ရှာပြီး ပျံသန်းခွဲထွက်ကြတယ်လေ၊ အကူအညီဆိုတာ တစ်ယောက်အပေါ်မှာ တစ်ယောက်က ထာဝရမှီခိုခြင်းမဟုတ်ဘူးလို့တော့ အန်တီ ထင်တယ်၊ ဟုတ်တယ်နော်"

"ဟုတ်...ဟုတ်ပါတယ် အန်တီ၊ နေရီကလေ ..."

"နေဦး နေရီ၊ မေမေ အခုကိစ္စက ..."

ခေတ် ဝင်ဖြေရှင်းမလို့ဖြစ်ပေမယ့် ဒေါ်သင်းစပယ်၏ ဆတ်ခနဲ အကြည့်တစ်ချက်က 'တိတ်စမ်း' လို့ တားဆီးပစ်လိုက်သလိုဖြစ်သွားခဲ့ပြီး...

"ဘယ်ကိစ္စတွေဖြစ်ဖြစ် မေမေက သမီးရဲ့ အမေဖြစ်နေတဲ့အတွက် အိမ်ထောင်ကျသွားပြီးလို့ လင်က မယားကိုပိုင်တယ်ဆိုရင်တောင် အမေကို အမေလို့ပဲ သမီး ခေါင်းထဲမှာ မှတ်နေသရွေ့ ..."

စကားကိုဖြတ်ချလိုက်ပြီး ဒေါ်သင်းစပယ်က စိုက်ကြည့်၏။ ပြီးမှ နေရီ့ဘက်ပြန်လှည့်ကာ ...

"အမြင်မတော်ရင် အန်တီက ဝင်ပြောရမှာပဲ။ အခု အန်တီ့သမီးကို လစဉ် အသုံးစရိတ်ထည့်ထားပေးတဲ့ ဘဏ်စာအုပ်ကို ပြန်သိမ်းလိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ ဘာတွေသုံးစွဲနေသလဲဆိုတာကိုသိလို့လေ၊ ငွေမရှိတော့ သမီးက အပြင်မှာ အလုပ်ထွက်လုပ်သတဲ့"

"မေမေ ခေတ် အခု မလုပ်တော့ပါဘူး။ နေရီ့ကို ဘာမှမပြောပါနဲ့"

"မပြောလို့မရဘူး၊ သမီး ထင်သလိုလုပ်နေတာတွေက မေမေတို့ကို ဂုဏ်သိက္ခာကျဆင်းစေတယ်၊ သမီးတို့ရဲ့ အိမ်ထောင်ရေးပြိုကွဲသွားတဲ့ အထိလဲဖြစ်နိုင်တယ်၊ ဒီသတင်းကို မမကြီးတို့ကုမ္ပဏီက စာရေးတစ်ယောက်ဆီက ကြားရတာ၊ မမကြီးတို့ရော မသိဘဲနေမလား၊ သူ့သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီးကာမှ တစ်ခေတ်ဦး အလုပ်ထွက်လုပ်နေရတယ်ဆိုတာ ကြည့်စမ်း၊ 'လုပ်တော့ဘာဖြစ်လဲ' ဆိုပြီး လက်မထောင်ရအောင်က ဘာအတွက်လုပ်တာလဲဆိုရင် ဘယ်လိုဖြေမလဲ"

"အန်တီရယ် နေရီ တောင်းပန်ပါတယ်၊ ဖြစ်ခဲ့သမျှအားလုံးဟာ..."

"ဖြစ်ခဲ့တာတွေကိုမလိုချင်ဘူး၊ နောက်ဖြစ်လာမှာကိုပဲ၊ ဖြစ်သင့်တဲ့အတိုင်း လိုတိုးပိုလျှော့လုပ်ဖို့ရှိတာ ..."

ပြောနေရင်း ဒေါ်သင်းစပယ်မျက်နှာမှာ နူးညံ့ခြင်းတွေ ပျောက်ဆုံးသွားခဲ့၏။

"မိဘကတားရင် ဖွတ်ရှေ့တိုးတယ်၊ ပြောရင် မနာခံဘူး၊ ဒီလူကိုလက်ထပ်ပါဆိုတော့ အလွယ်တကူခေါင်းညိတ်တယ်၊ ဟွန့် ..."

တစ်ယောက်တည်းပြောသလို ပြောနေပြီးမှ ဒေါ်သင်းစပယ်ထံ ခေတ် မျက်နှာလေးဘက်ကိုလှည့်လာ၏။ ပြီးတော့ နှစ်ယောက်စလုံးကို ဝေ့ကြည့်၍ ...

"ယောကျ်ားယူလိုက်ရင် ငါထင်ရာလုပ်ခွင့်ရတယ်ဆိုတဲ့ စိတ်ကူးတွေနဲ့မှန်း ခုမှ ငါကသိတာ၊ မရဘူး တစ်ခေတ်ဦး၊ မလုပ်ရဘူးလို့တားထားပြီးရင် လုံးဝ ရှေ့မဆက်ရဘူး၊ ဒီသတင်း အတိအကျကို ငါ ကြားလိုက်ရတာနဲ့ အလုပ်တွေကိုထားခဲ့ပြီး တစ်နေကုန် ငါ ညည်းကို ပတ်ရှာနေတာ"

အစကတည်းက မနူးညံ့တတ်သော ဒေါ်သင်းစပယ်၏စကားတွေက ဒေါသကြောင့် ပို၍ရင့်သီးပြင်းထန်လာ၏။

"ပြောချင်တာက မင်းအပေါ်မှာ သမီးရဲ့စေတနာက သူငယ်ချင်းနဲ့ သံယောဇဉ်သက်သက်နဲ့ကူညီနေတာမဟုတ်တော့ဘူး၊ ကိုယ်ကျိုးနွယ် အနစ်နာခံပြီး စွန့်စားကူညီနေတာ"

ဒေါ်သင်းစပယ်က နေရီ့ကို တည့်တည့်လှည့်ကြည့်ကာ ...





"မင်းတို့နှစ်ယောက် ရှုးရေစက်ကြောင့်၊ ပတ္တနိးဆက်ကြောင့် ဘာအကြောင်းတွေကြောင့်ပဲဖြစ်ဖြစ် အန်တီ မကြည်ဖြူနိုင်ဘူး၊ သူတစ်ပါးဒုက္ခကို ကူညီကယ်တင်လို့ ကုသိုလ်ရမှာတွေ၊ အကုသိုလ်ဖြစ်မှာတွေလဲ မကြည့်နိုင်ဘူး၊ ဒီနေ့ကစပြီး ကူညီတာတွေ၊ ရဲယူတာတွေကို ရပ်ပစ်လိုက်ပါ"

"မေမေ"

ခေတ် က ရှေ့တိုးတော့ ဒေါ်သင်းစပယ်က ခေတ်ကိုမကြည့်ဘဲ ရှေ့ကနေလက်ပြန်ပိတ်တားထားလိုက်ကာ ...

"မင်းရဲ့မွေးစရိတ်အတွက် အန်တီတာဝန်ယူတယ်၊ 'အောင်ရတနာ' ဆေးခန်းမှာမွေးဖို့ အဲဒီက OG နဲ့သေချာအပ်ပေးမယ်၊ မွေးဖွားပြီးတာနဲ့ မင်းသိထားရမှာက နောက်ကို လှည့်မကြည့်ကြေး"

"မေမေ နေရီ က မွေးခါနီးနေတဲ့လူပါ၊ မေမေ ဒါတွေပြောလို့ ..."

"တိတ်စမ်း"

ဒေါ်သင်းစပယ် က ခေတ် လက်မောင်းလေးကို ဆောင့်ဆွဲကာ ကားပေါ် အတင်းတက်ခိုင်း၏။ ပြီးတော့ သူမပါ ဝင်ထိုင်ပြီး ပတ်လမ်းအတိုင်း မောင်းထွက်ခဲ့သည်။

မျက်ဝန်းတို့က ကားမောင်းရင်းကနေ ဒီတိုင်းလေးရပ်ကျန်ခဲ့သည့် နေရီ့ကိုရော၊ ကားပေါ်မှာ နောက်ပြန်ထိုင်လိုက်ပြီး လည်ပင်းကျိုးမတတ် သံယောဇဉ်အမျှင်တန်းနေသော ကိုယ့်သမီးကိုရော ခြုံငုံဝေ့ကြည့်ပြီး ခံကြိတ်၏။

ကိုယ့်သမီးက မအေအကြောင်းကိုသိပေမယ့် သင်းစပယ် ဘယ်လိုမိန်းမမျိုးလဲဆိုတာ နီးစပ်တဲ့အသိုင်းအဝိုင်းတွေကတော့ သိကြပါသည်။

ဒီယောကျ်ားကိုလက်ထပ်ရမည်ဟု ချမှတ်တဲ့အတိုင်း ခေတ် အလွယ်



www.burmeseclassic.com

www.burmeseclassic.com



တကူ နာခံလိုက်ကတည်းက တစ်ခုခုထူးခြားနေပြီကို သူမ သိလိုက်၏။

တကယ်စုံစမ်းလိုက်တော့ ခေတ်ရယ်၊ နေရီရယ်၊ ပြီးတော့ အမည်မဖော်လိုသူယောကျ်ားတစ်ယောက်ရယ်..

ထိုပြဿနာမှာ အဓိကဇာတ်ကောင်က သင့်ချစ်သူတို့ညီအစ်ကို ဖြစ်နေခဲ့၏။ နွေမော်ကွန်း ဆိုတာကို အစက သတိမထားမိခဲ့ပါ။ ထို့အတူ နေရီ ဒီလိုဖြစ်သွားခဲ့တာ ဘယ်သူနဲ့လဲဆိုသည့်မေးခွန်းလဲ ခေတ် ကို မေးမကြည့်ဖူးပေ။

သမီးကို သူ့အဖေက အိမ်ထောင်ချပေးဖို့ပြောလာတာနှင့် ခေါင်းညိတ်အားပေးလိုက်မိတာက နေရီနဲ့ တီးတိုးတီးတိုးဖြစ်ပျက်သွားလာနေတာတွေကို ပိတ်ပင်ရန် အနားသတ်မျဉ်းတစ်ကြောင်း ဆွဲခြစ်လိုက်နိုင်ဖို့ပင်။

ဒီလောက်ထိ အကြောင်းတွေတိုက်ဆိုင်ပြီး ဆုံစည်းလာခဲ့မည်ဟု တွေးလည်းမတွေးမိခဲ့သဖြင့် ကြားကာလကလေးမှာ မျက်ခြည်ပြတ်သွားခဲ့ခြင်းဖြစ်သည်။

အကြောင်းစုံသိလိုက်ရချိန်မှာ ကိုယ့်သမီးကချည်းပဲ ကူညီကယ်တင်လာခဲ့ရင်း အနစ်နာခံခဲ့ရတာတွေ နည်းသလား။

မင်္ဂလာပွဲပျက်အောင် မိန်းကလေးတန်မဲ့ လူမိုက်ဝင်လုပ်ခဲ့သည်။ နွေမော်ကွန်းနှင့်ပတ်သက်နေသူအဖြစ် သင့်ချစ်သူ ကို လက်ထပ်ခဲ့၏။ အကယ်၍သာ သင့်ချစ်သူ ဟာ မောက်မာရိုင်းပျ၍ မစာနာတတ်သော စိတ်ဓာတ်ရှိခဲ့လျှင် အကြိမ်ကြိမ်အခါခါ နစ်နာပြီးရင်းနစ်နာရမှာ ဘယ်သူဖြစ်မလဲ။

ဒီအကြောင်းတွေကိုသာ အစက ကြိုသိခဲ့လျှင် လက်ထပ်ပေးခဲ့မိမှာမဟုတ်ပါ။ ဒေါ်သင်းမြတ်ကြူတို့ကိုယ်တိုင် ပျက်ခဲ့တဲ့မင်္ဂလာပွဲမှာ ဝင်ရွှေ





သွားခဲ့သူဟာ သားငယ်ရဲ့ဇနီးကိုယ်တိုင်ဖြစ်နေမှန်း ဒီနေ့ထိ မသိကြသေးပေ။

ဒါဟာ သင့်ချစ်သူ ဘက်က ထားရှိနေခဲ့သော စာနာမှုပဲဖြစ်လိမ့်မည်။

တစ်ယောက်တည်းသိထားခဲ့သော အကြောင်းစုံကိုပြန်တွေးကာ ဒေါ်သင်းစပယ် ကားမောင်းရင်း ခေါသတွေအလိပ်လိုက်တက်နေသလိုပင် ...

ဟိုမင်္ဂလာပွဲပျက်သွားတာက ရှေ့ဆက်လည်းရနိုင်သည်၊ ဖြီးသွားပြီဆိုတာလည်းဖြစ်နိုင်၏။ ဘာမှမဟုတ်ခဲ့တဲ့ ဘာမှဖြစ်မလာသည့်အကြောင်းတွေ ...၊

ကိုယ့်မှာ လက်ထပ်ခဲ့သည်၊ ပေါင်းသင်းနေကြပြီ၊ အိမ်ထောင်တစ်ခုတည်ဆောက်ခဲ့ခြင်းဟာ ပြိုကွဲဖို့ ရှေးရှုနေရမှာလား။

ဖြစ်ခဲ့ပြီးသမျှမှာ နွေမော်ကွန်း ဘာကောင်ဖြစ်နေနေ မထားချင်သည်း ထားလိုက်ရမှာပဲဖြစ်သည်။

ဒါတွေကိုသိလျှက်နှင့် တွင်းတူးမိုက်နေသော ခေတ်ကိုပဲ ထုထောင်းဆုံးမပစ်ချင်မိ၏။ ထို့ကြောင့် ဒေါ်သင်းစပယ် ဆုံးဖြတ်ချက်ချသည်။

ဒီအဖြစ်တွေ ဖြစ်ပျက်လာခဲ့သမျှ ဒီနေ့ နောက်ဆုံး .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၈)

"ဆရာ ... ဆရာ့အိမ်ကဖုန်း"

"ဟင်... ယူခဲ့"

ချစ်သူ မန်နေဂျာနှင့် စကားပြောနေရင်း လက်တစ်ဖက်က လှမ်းယူလိုက်၏။

"ဟလို"

"ချစ်သူ လားဟင်"

"ဟင် ... ခေတ်လား"

သူ ပျာပျာသလဲဖြစ်သွားပုံကို မန်နေဂျာ မော့ကြည့်ပြီးပြုံးသည်။ ချစ်သူ ဂရုမစိုက်နိုင်ပါ။ အိမ်ကဖုန်းဆိုတိုင်း မေမေ့ဆီကပဲဖြစ်နေတတ်ကာ ဖေဖေကတော့ အကြောင်းရှိလျှင် ဆယ်မိနစ်တောင် ဖုန်းကြိုဆက်ပြီး ကိုယ်တိုင်လာတတ်သူ။

အိမ်ထောင်ရက်သားကျလို့ ကိုယ့်အိမ်ရာနဲ့ကိုယ်ဖြစ်ခဲ့သော်လည်း ခေတ် ဘယ်တုန်းကမှ မဆက်ခဲ့ဖူးပေ။

ထို့ကြောင့် ကိုင်သာကိုင်လိုက်ရသည်၊ ခေတ် လို့မထင်။





"ခေတ် ပြောလေ၊ ဘာဖြစ်လို့လဲ"

"ချစ်သူ အားရင်ပြန်လာခဲ့ပါ။ ကျွန်မ ပြောစရာရှိလို့"

"ပြောစရာရှိလို့"

စိုးရိမ်စိတ်တွေဖြစ်သွားမိရင်း နာရီကိုမြှောက်ကြည့်လိုက်မိသည်။ ခေတ် အသံလေးက ငိုနေသလိုလို၊ တစ်ခုခု ထိခိုက်ခံစားနေရသလိုလို။

"ခေတ် အခုပဲ ဧည့်သည်တွေရောက်လာတော့မှာ၊ နာရီဝက်လောက် စောင့်ရင် ဖြစ်မလား၊ ဒီမှာ ထားခဲ့လို့ရတာနဲ့ ကိုယ် ပြန်လစ်ခဲ့မယ်"

ခေတ် အသံလေးတိတ်သွား၏။

"ဟိုးဘဲ ခေတ်"

"ကြားပါတယ်၊ ရပါတယ်၊ ရှင် မအားရင် မလာနဲ့တော့"

"ဟာ စိတ်ကောက်သွားတာလား။ ကိုယ် ဘယ်လိုမှထားခဲ့လို့မရလို့ ကွာ၊ ကဲ ဒါဆို ခဏပဲစောင့်၊ လာပြီ"

သူ ဖုန်းချလိုက်တော့ နောက်မှာ မန်နေဂျာက ရပ်နေလျက် ...

"သွားစရာရှိတာကိုသွားပါ၊ ဒီနေ့က SB အလုကုန်က ဒါရိုက်တာလဲ လာဖို့မသေချာဘူးဆိုတော့ မင်း သွားလို့ဖြစ်ပါတယ်၊ ဦးလဲရှိတာပဲ"

မန်နေဂျာဦးထွန်းက ထပ်၍တိုက်တွန်းလိုက်သည်နှင့် ချစ်သူ ကားပေါ် ချက်ချင်းရောက်သွား၏။ နောက်ထပ် မိနစ်အနည်းငယ်အတွင်းမှာ ခေတ် ရှိနေသည့် အပေါ် ထပ်ဧည့်ခန်းထဲ သူ ရောက်သွားခဲ့သည်။

"ခေတ် ဘာဖြစ်လို့လဲ"

ခေတ် က ဆိုဖာဘေးမှာ မတ်တတ်လေးရပ်ရင်း စိမ်းစိုပြန့်ကားနေသည့် ယူကလစ်ပင်အတုလေးကို ငေးမောနေမိ၏။ သူ ရောက်လာတာကိုပင် မသိလိုက်ဘဲ အသံကြားမှလှည့်ကြည့်ကာ ...

"ရှင် မြန်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တိုးတိုးလေးပြောပြီး ရှေ့ကိုပြန်လှည့်သွားသည်။ သူ ဒီတိုင်းရပ်ကာ တိတ်ဆိတ်စွာစောင့်နေပေမယ့် ဘာမှမပြောတော့သဖြင့် သူမဘေးကို လျှောက်သွားမိ၏။

"ဟင် ... ခေတ်"

မျက်လွှာလေးစင်းချထားသည့် မျက်တောင်များတို့ဆီမှ လက်ခနဲလက်ခနဲကြွေဆင်းကြသည့် မျက်ရည်စက်တွေ ...

"ခေတ် ကိုယ့်ကိုပြောစမ်း"

ချစ်သူ က ခေတ် ပခုံးလေးနှစ်ဖက်ကို သူ့ဘက်ဆွဲလှည့်လိုက်၏။ ခေတ် သည် နှုတ်ခမ်းသားလေးတွေ ရှုံ့သိုနေအောင်ဖိကိုက်ထားလျက် သူ့ကိုမော့ကြည့်သည်။ ပြီးတော့ ...

"ကျွန်မ ... ကျွန်မကို တစ်ခုလောက်ကူညီပါ"

ပြော၍ အင့်ခနဲရှိုက်၏။

"ဘာတွေလဲကွာ၊ လင်မယားချင်းကို ဘာစကားတွေပြောနေတာလဲ၊ မင်း ဘာဖြစ်နေလို့လဲ၊ ဘာပြဿနာလဲ၊ အဲဒါကို မြန်မြန်ပြော"

စိုးရိမ်သည့်စိတ်နှင့် ဆူပူသလိုပြောမိရင်း ပခုံးလေးတွေကို ကိုင်လှုပ်မိသည်။ ခေတ် က မျက်ရည်စက်တို့ကို လက်ခုံနဲ့တိုက်ဖျက်ပစ်ရင်း ...

"နေရီ့ ကို ကျွန်မ ကူညီလို့မရတော့ဘူး။ ကျွန်မ ဘယ်လိုနည်းလမ်းနဲ့မှ ကြိုးစားမရနိုင်တော့ဘူး။ သူလဲ လိုချင်မှာမဟုတ်တော့ပါဘူး၊ သိပ်ကိုဖြူစင်တဲ့သူပါ၊ ကျွန်မ ... ကျွန်မ ရှင့်အပေါ်မှာ မာနတွေထားပြီး ပြောဆိုခဲ့မိသမျှတောင်းပန်ပါတယ်၊ နေရီ့ ကို ဆက်ပြီးကူညီပေးပါ"

ခေတ် ပြောတာတွေကို နားရှုပ်စရာမပါဘဲ နားမလည်နိုင်ဖြစ်သွား၏။

"နေရီ က ဘာဖြစ်နေလို့လဲ၊ မင်းနဲ့နေရီ ဘာဖြစ်ကြတာလဲ"

"ဘာမှမဖြစ်ဘူး"





ခေတ် က ထပ်ပြီး မျက်ရည်မကျအောင်ထိန်းချုပ်ရင်း မနေ့ကဖြစ်ခဲ့သမျှကို ပြောပြလိုက်သည်။

"နေရီ က ဂျူးဒိတ်ရောက်နေပြီ၊ ဒီအချိန်မှာ သူ စိတ်ထိခိုက်သွားတဲ့အတွက် အသက်အန္တရာယ်စိုးရိမ်နေရပြီ၊ အဲဒါ ကျွန်မ အသိဆုံးပါ"

"ဟင်း ..."

ခေတ် ကိုကိုင်ထားသည့်လက်တို့ တဖြည်းဖြည်းပြေကျသွားကာ ချစ်သူ သက်ပြင်းချ၏။

"အဲဒါ မင်း ဖွတ်တရွတ်လုပ်တတ်တဲ့ အကျင့်တွေကြောင့်ပဲ၊ မင်း အလုပ်ထွက်လုပ်လိုက်လို့ အဲဒီလိုတွေဖြစ်ကုန်တာ"

"ရှင် ထပ်ပြီး တစ်စစီဖွဲ့ချချင်သေးလို့လား ချစ်သူ၊ ကျွန်မ ရှင့်ကို မောက်မောက်မာမာကောင်းယူနေတာမဟုတ်ဘူး၊ တောင်းဆိုတာပါ၊ ကျွန်မသူငယ်ချင်းရဲ့ အသက်အန္တရာယ်အတွက် ဒီအချိန်မှာ ကျွန်မဘက်က ဘယ်လိုစွန့်စားစွန့်စား ဘယ်လောက်ပဲ စေတနာရှိရှိ ကျွန်မက ပေးကမ်းကူညီတာဆိုရင် သူ ဘာမှ လက်ခံတော့မှာမဟုတ်ဘူး"

"အဲဒါကို မင်း တောင်းပန်ဖို့မှမလိုတာ၊ ကိုလေးနဲ့ပတ်သက်နေတဲ့သူကို ကိုယ်က မဆိုင်သလိုနေလို့ရသလား၊ ပြီးတော့ မင်း သိပ်ချစ်နေတဲ့ သူငယ်ချင်း"

ချစ်သူက ခေတ် ပခုံးလေးကို သူ့ဘက်ယိုင်လာအောင် အသာလေးဆွဲယူပြီး မျက်နှာလေးကို စူးစိုက်ကြည့်၏။ ဒီလောက် မာနကြီးသည့်ကောင်မလေး။

မျက်ရည်ဖြိုင်ဖြိုင်ကျ၍ ဒူးထောက်တောင်းပန်လာတဲ့အထိ သူငယ်ချင်းအပေါ်မှာ သံယောဇဉ်ကြီးရှာ၏။

ဟိုအရင်က အမြင်ကတ်မိတာတွေ၊ ပိုလွန်းတယ်ဟုထင်ပြီး ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့တာတွေ အားလုံး ချစ်သူ့ ရင်ထဲမှာ ပျောက်ကွယ်ကုန်ကြသည်။

သူငယ်ချင်းအတွက် ဘာကိုဖြစ်ဖြစ် ကူညီရင်ဆိုင်ပေးဖို့သတ္တိတွေ တကယ်ဖြစ်ခဲ့၊ ရှိခဲ့ပါလားဟုလည်း ယုံကြည်သွားခဲ့၏။

"စိတ်ချပါ၊ မင်းသူငယ်ချင်းကို မင်း မလိုချင်တဲ့ဘဝမျိုးနဲ့မဟုတ်ဘဲ မေမေ့ရဲ့ ချွေးမ၊ ကိုယ့်ရဲ့ မရီးအဖြစ်နဲ့ တခမ်းတနားကူညီနိုင်ဖို့ ကိုယ် အစွမ်းကုန်ကြိုးစားမယ်"

"ရှင့်အစ်ကိုက ဘယ်တော့မှကြည်ဖြူမှာမဟုတ်ဘူးဆိုရင်ရော ..."

"ဒါက သူတို့ချင်း ပေါင်းဖက်ရှေ့ဆက်ကြဖို့ ပြဿနာပေါ့ ပါ၊ နေရီ့ဗိုက်ထဲမှာ ကိုလေးရဲ့ရင်သွေးလေး ရှိနေတဲ့အတွက် နေရီ့ကို ကိုယ်တို့မခေါ်ချင်လို့ရတယ်၊ မတော်ချင်လို့မရဘူး။ သူ့နေရာကိုသူ ပိုင်ဆိုင်သွားရအောင် ကိုယ် ကြိုးစားပေးမယ်"

ခေတ် မျက်နှာ သိသာစွာ ဝင်းပသွားသေသည်။

ထို့နောက် ဘယ်တုန်းကမှမထင်ခဲ့သော နူးညံ့ရယ်မြူးသည့် အပြုံးရိပ်များနှင့် သူ့မျက်နှာကို အကြာကြီးငေး၏။ ပြီးတော့ ...

"ဓမ်းသာလိုက်တာ"

ဟု ပြောကာ သူ့ရင်ခွင်ထဲမှာ နွဲ့နွဲ့လေးမှီ၏။ ချစ်သူ သူမကိုယ်လေးကို တင်းခနဲပွေ့ဖက်၍ ဆံစလေးတွေကို ယုယစွာနမ်းရှိုက်သည်။ ရင်ထဲမှာ မငုံ့ရဲသော ပျော်ရွှင်မှုများနှင့်ဖြစ်၏။ အားကိုးတာလား၊ ကျေနပ်သွားလို့ပဲလား။

ဒါတွေကို တစ်ခုမှမဟုတ်ဘဲ သူလိုချင်တာက အချစ် .....





အခန်း(၂၉)

"အ"

"ဟာ"

"ဘုတ်"

နှစ်ယောက်စလုံး၏ အာမေဍိတ်သံတွေ ထွက်သွားခဲ့ပြီးမှ ဖရိုဖရဲ ပြုတ်ကျကုန်သော စာအုပ်တွေက သမံတလင်းထက်မှာ ပြန့်ကျဲသွား၏။

နဖူးမှာ ပူထူသွားသဖြင့် လက်က နဖူးကိုအုပ်ကိုင်ထားလိုက်ပြီးမှ ပြုတ်ကျကုန်သည့်စာအုပ်တွေကို တစ်ဖက်က လိုက်ကောက်မိသည်။

ထိုအခါ သူမလိုပဲ စာအုပ်ကောက်သည့်လက်တစ်ဖက်က နှစ်အုပ်ထပ်နေသည့် အောက်ကစာအုပ်ကို လာဆွဲသဖြင့် လက်ချင်းထိသွား၏။ ဖွေးနုနီရဲနေသည့်လက်ခုံစောင်းမှာ ကြမ်းရှသောမွေးညင်းရှည်ခပ်ပါးပါးတို့က အစိမ်းရောင်ရင့်နေသေးသည်။

လက်တစ်ဖက်၏ဆွဲငင်အားမှာပဲ နေရီ မှင်တက်မိကာ ဖျတ်ခနဲမော့ကြည့်လိုက်မိသည်။ အရပ်တော်တော်ရှည်မည့်ပုံရှိသည့် ယောကျ်ား တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်၏။ ခြေဖျားထောက်၍ ခပ်ကြွကြွထိုင်ထားတာတောင် နေရိ မျက်နှာထက်မှာ စီးမိုးနေတာ မြင့်မြင့်မားမား။

တိုရှင်းစိမ်းမြနေသောဆံပင်ပုံ သပ်သပ်ရပ်ရပ်နှင့် မျက်နှာလေးက အထက်စီးဆန်သည်။ နှာတံပေါ် ပေမယ့် ကျစ်သွယ်နေတာမျိုးမဟုတ်ဘဲ ခပ်ပွပွဖြစ်၏။ နှုတ်ခမ်းနှစ်လွှာက ထူသလိုရှိကာ မျက်လုံးမှေးသလို လည်း ရှိသည်။

ထိုပြင် မေးဖျားအနည်းငယ်သွယ်ကာ ရှည်သည့်ဘက်ကိုများနေ သည့်မျက်နှာမျိုးဖြစ်၏။

ချောမွေ့သည့်ကောက်ကြောင်းတွေတော့မဟုတ်ပေ။ ဒါပေမယ့် သူမ မျက်လုံးထဲမှာ ယောကျ်ားပီသ ချောမောလွန်းသည်ဟုထင်သည်။

အပြာရောင်လှဲ့နေအောင်ဖြူနေသော သူ ဝတ်ထားသည့် ရှပ်အင်္ကျီ အဖြူလက်ရှည်က လူကို ပို၍ရှင်းသန့်နေစေသည်လားမသိ။

စာအုပ်ကို ကောက်နေပမယ့် မျက်လုံးက သူ့မျက်နှာထက်မှာ လက်က ဟိုစမ်း ဒီစမ်းဖြစ်ကာ လက်ချင်း နောက်တစ်ခါထိမိသွားပြန် သည်။

"ဆောရီးနော်၊ ကိုယ်က အရေးတကြီးဖြတ်ဝင်ပစ်လိုက်သလိုဖြစ် သွားတာ"

သူ့အသံက သူမ အလွန်သဘောကျသော ရုပ်ရှင်မင်းသားကြီး နေအောင်လိုအသံမျိုးဖြစ်သည်မို့ ငေးမောခြင်းအပြင် နောက်ထပ် ဆွံ့အ ခြင်းပါ ဖြစ်လေသည်။

"မင်းက ဝန်ထမ်းအသစ်လား"

"ရှင် ဟုတ်...ဟုတ်ကဲ့"

သူ့စာအုပ်ကိုသူ ပြန်ကောက်ပြီး ထ,ရပ်လိုက်တဲ့အထိ သူမ ဧည်





လန်ကျူးမတတ် မော့ကြည့်မိတုန်း။ ထိုနေ့က အလုပ်စဝင်ခဲ့ပြီး နောက် လေးနာရီအကြာမှာပဲ ထိုယောကျ်ားဟာ ကုမ္ပဏီပိုင်ရှင်သူဌေး နွေမော် ကွန်း ဆိုတာမှန်း သိခွင့်ရလိုက်၏။

"အမလေး သဘောကောင်းတယ်မထင်နဲ့ သူက ဘယ်သူ့ကိုမဆို အရေးတယူ ဒီလိုပဲဆက်ဆံတာ။ တချို့မိန်းကလေးတွေဆိုရင် တစ်ဖက် သတ်စိတ်ကူးတွေနဲ့ ရင်ခုန်နေကြသေးတယ်။ တစ်ခုခု အမှားလုပ်ကြည့် ပါလား၊ အကြောင်းသိသွားကြရော"

စာရင်းစစ် မေသော် က ပြောတော့ပြောပြခဲ့ဖူးသည်။ ဒါပေမယ့် သူမ ထိုစကားတွေကို မပျော်ဝင်ခဲ့ပါ။ ရင်ထဲမှာ ထာဝရအမြစ်တွယ်ခဲ့ သည်က နွေမော်ကွန်း ၏ချောမောတည်ကြည်သောမျက်နှာနှင့် မျက်ဝန်း တစ်စုံ။

တကယ်ဆို ဒီယောကျ်ား ဥပေက္ခာထားတတ်မှန်း ထိုစဉ်ကတည်း က သူမ သိသင့်သည်။ နဖူးမှာ သူ့မေးဖျားနဲ့တိုက်မိပြီး သူ့ရှေ့မှာ မချိမဆံ့ နာကျင်သွားသူကို 'တော်တော်နာသွားသလား၊ နဖူးကိုထိသွားသလား' စသဖြင့် မေးမြန်းခဲ့တာ ဘာမှမရှိ။

မတော်တဆတိုက်မိကြခြင်းကို 'ဆောရီး'လို့ပြောသွားတာပဲ ဖြစ် သည်။ ဒါပေမယ့် သူမ စွဲလမ်းခဲ့မိ၏။ သူ့အတွက် အမှတ်တမဲ့ လိုအပ် ချက်လေးတွေကို မှတ်မှတ်ရရ လိုက်မှတ်ထားပြီး ကူညီပတ်သက်ခဲ့ဖူး၏။ ဥပမာ… နေမကောင်းဘူးဆိုပြီး နားနေခန်းထဲဝင်ရင်း ဆေးနဲ့ကော်ဖီ လှမ်း မှာတဲ့အခါ …

"ကော်ဖီနဲ့ဆေး ရောက်ပါပြီ ဆရာ"

"ထားခဲ့၊ အဲဒီစားပွဲပေါ်မှာ မန်နေဂျာဆီပို့ရမယ့် လယ်ဂျာတွေ ရှိ တယ်၊ အဲဒါ တစ်ခေါက်ထပ်စစ်ပြီး မင်းပဲသွားပို့လိုက်၊ တခြားသူကို မခိုင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့နော်၊ မှားလို့မဖြစ်ဘူး”

မှန်ချပ်ကြီးတွေဘက်ကိုလှည့်ထိုင်ရင်း နောက်လှည့်မကြည့်ဘဲပြော နေသဖြင့် အတွင်းရေးမှူးမရှိလို့ နေရီ ဝင်လာခဲ့တာကို မသိဘူးဆိုတာ တွက်မိလိုက်၏။

တကယ်တော့ ဒီအလုပ်တွေကို နေရီတို့စာရင်းကိုင်လေးအဆင့် လောက်က ဝင်လုပ်လို့မရပါ။ နေရီ ဆရာ့ကို တိတ်တခိုးချစ်နေမှန်း မိန်းမချင်းမို့ အတွင်းရေးမှူး မော် က ရိပ်မိနေသည်။

“ရှူးမယ် နေရီရေ၊ ရှူးသွားလိမ့်မယ်၊ အဲဒါ ရေထဲကလရိပ်ပဲ”လို့ ပြော ဖူးတာလည်းရှိ၏။

ထို့နောက်မှာ ဆရာနဲ့ပတ်သက်တိုင်း နေရီ ဝင်လို့ရအောင် နေရာ ပေးတတ်ခဲ့တာဟာ မေတ္တာမျှကြပါစေဆိုတဲ့ စေတနာနဲ့တော့ မဟုတ်ဘူး ထင်သည်။

ဘာဖြစ်လို့လဲဆိုလျှင် မော့် မျက်နှာထက်မှာ အမြဲတမ်းထင်နေတတ် သည့်အပြုံးက လှောင်ပြုံးဟုတ်ရှာပေမည်။ မော် ဆိုသည့် နာမည် တစ်လုံးနှင့် သူမက ကိုယ်ပိုင်ကားနှင့် အလုပ်ဆင်းတာပါ။ လူပုံသေးသေး လေးပေမယ့် ပြင်ဆင်ဝတ်စားနိုင်တော့ အရမ်းလှသည်။

ထို့ပြင် ဆရာ့ဘေးမှာ အနီးဆုံးနေရသည့်သူ…။

သူမကိုတောင် စိတ်မဝင်စားခဲ့ဘဲ နေရီ က မျှော်လင့်နေတယ်ဆို တော့ ရယ်ချင်မှာပေါ့။ ဒါပေမယ့် နေရီ မရှက်နိုင်။

အထင်သေးလို့ပဲဖြစ်ဖြစ်၊ အရှက်ကွဲပါစေဆိုပြီးတော့ပဲ ထားထား မော့် ဘေးမှာ မျက်နှာသာရနေသဖြင့် ဆရာ့ဘေးကို နေရီ ရောက်ခဲ့တာ ဖြစ်သည်။

ထို့ကြောင့် ဆရာနှင့်ပတ်သက်ခွင့်တွေ ခဏခဏ ရခဲ့၏။ ထိုညနေ





…ာ မော် မရှိပါ။ သူမ အရေးတကြီး ပြန်ဖို့ကိစ္စ ပေါ်လာသည့်အချိန်မှာ ဆရာက မရှိ။ သူမ မရှိမှန်းမသိသောကြောင့် ဆရာက ခိုင်းတော့ နေရီ …င်လုပ်ပေးခဲ့သည်။

“ဟင်… မော် က ဘယ်သွားလို့လဲ”

“မမော် အပြင်ထွက်သွားလို့ပါ ဆရာ၊ ရပါတယ်၊ နေရီ ဒါတွေလုပ် …ိုင်ပါတယ်၊ မမော်ကို ကူနေကျ”

“ဟာ … မဖြစ်ဘူးထင်တယ်”

ဆရာ အနားမှာလာကြည့်တော့ စားပွဲပေါ်မှာ လက်နှစ်ဖက်ထောက် …ီး ငုံ့ချထားသည်မို့ အလွန်နှစ်သက်ဖွယ်ကောင်းသည့် ရေမွှေးနံ့တစ်ချက် …ရသည်။

နေရီ ရင်တွေတဒိန်းဒိန်းဆောင့်ခုန်လျက် ထိုမိနစ်စက္ကန့်လေးမှာပဲ …ကျသေဆုံးသွားခဲ့လျှင်တောင် ကျေနပ်နိုင်ပါ၏။

“အင်း… မင်း မဆိုးပါဘူး၊ ဆက်လုပ်တော့ရပြီ”

ဟု ဆိုကာ နောက်ထပ် နေရီ ဝင်ဝင်ပါလာတိုင်း မတားဆီးတော့ဘဲ …ရင်းတနှီးဖြစ်လာခဲ့ကြ၏။

“မင်းကို မော် က ယုံကြည်သားပဲ၊ ဒါပေမယ့် အတိအကျမှန်နေလို့ …ော်၊ မဟုတ်ရင် ကိုယ်က ခွင့်ပြုမှာမဟုတ်ဘူး”

ရယ်မောပြောဖြစ်ကြရင်း နေရီ ဟာ အတွင်းရေးမှူးလည်းမဟုတ်၊ …ရင်းကိုင်လိုလည်းမနေဘဲ ဘာမှန်းမသိသည့်ရပ်ဝန်းထဲက သူဌေး ဆို …ည့် နွေမော်ကွန်း ထံပါးမှာ ရင်ခုန်ဖွယ် ပသာဒစာသားများလည်း ရွတ် …ိုနေခဲ့ဖူး၏။

တကယ်တော့ ရင်းနှီးချစ်ခင်မှုတွေ ရင့်သန်နေပြီလို့ထင်ရင်း စိတ်ကူး …ထဲမှာ တစ်ရေးအိပ်ပျော်သွားခဲ့ခြင်းသာ။



www.burmeseclassic.com

www.burmeseclassic.com



မလှပသော ညတစ်ည၏အဆုံးအဖြတ်နောက်မှာ ဆောင်းနေမှုန်ပျပျအနာဂတ်ဟာ ...

"အဟင့်"

နှုတ်ခမ်းတွေကို ဖိပိတ်ထားပေမယ့် ရှိုက်သံကပွင့်ထွက်သွားခဲ့သည်။ ပွင့်လျက်သား သားရေသေတ္တာလေးထဲကို အဝတ်တစ်ထည်ပစ်ထည့်လိုက်တိုင်း အင့်ခနဲ တစ်ချက်ရှိုက်၏။

ဆိုးရွားလွန်းသော ကိုယ့်ရဲ့ကံကြမ္မာကို တွေးမိတိုင်းလည်း ဆရာမြတ်နိုးရင်ခုန်ခဲ့ရသည့် နေ့ရက်များနှင့် ပြန်လည်ဖာထေးခဲ့ရတာကြာ

ဒါပေမယ့် အချိန်တွေကို ဒီရေနဲ့တိုက်စားလို့မရပေ။ ဖျက်မရအမှားတစ်ခုကိုလည်း ဘယ်လိုဖျောက်ဖျက်လို့မှ ပျက်သွားမှာမဟုတ်

ထို့ကြောင့် နိုင်မာစွာဆုံးဖြတ်ချက်ချလိုက်မိ၏။ သူမ ဒီအရိပ်အောက နေ တိမ်းရှောင်ထွက်သွားတော့မည်။ ခေတ် ဟာ သူမအတွက်အများကြီးရင်ဆိုင်နေရရှာ၏။ အခက်အခဲတွေလည်းဖြစ်လျက်၊ ဖြစ်

ဒီထက်ပို၍ ခေတ် ကို ဒုက္ခမပေးချင်တော့ပါ။ အသံတိတ် မျက်ကျနိုင်အောင် နှုတ်ခမ်းတွေနာလာတဲ့အထိ ဖိကိုက်ထားရင်း ထိန်းမိ၏။

အိတ်ကိုဆွဲ၍ ထရပ်လိုက်သည့်အချိန်မှာ ညနေ ငါးနာရီတိ

ထိုအချိန်မှာပဲ မိုက်ထဲက သရိုးသရီကြီးနာလာသဖြင့် နေရီ မျက်ပြူးသွားမိသည်။ လက်တစ်ဖက်နှင့် မိုက်ကို ကယောင်ကတမ်း ရင်း...





## အခန်း(၃၀)

"အမိပ္ပာယ်မရှိဘူး သား၊ ဒါကို ကာယကံရှင်က ဆုံးဖြတ်သွားတာဆိုရင် မေမေ မတားပါဘူး။ အခု မင်းရဲ့အစ်ကိုကိုယ်တိုင် ဒီမိန်းကလေးကိုသက်မထပ်နိုင်လို့ ရှောင်ထွက်သွားတာ"

"ကိုလေးက ..."

"မေမေ သားကြီးရဲ့ဒိုင်ယာရီကိုဖတ်ပြီးပြီ သူ့ရဲ့အမှတ်တရတွေထဲ ာ ဆောင်းနေရီဆိုတာ ဘယ်နေရာ ဘယ်ရှုထောင့်ကမှ မပါဘူး။ မှားွင်းခဲ့တဲ့အဖြစ်တစ်ခုကို နေ့စွဲနဲ့ သပ်သပ်ထုတ်နုတ်ရေးထားတာပဲရှိတာ၊ ာပ်မက်မှုမရှိဘူး၊ ဒီအဖြစ်ဟာ သူ့အတွက် အိပ်မက်ဆိုးတစ်ခုပဲဖြစ်ာင် ရေးထားသေးတယ်"

"ဒါကို ကိုလေးအတွက် အိပ်မက်ဆိုးလိုခံစားရတာပဲရှိတယ်၊ ဟိုန်းကလေးက အနာဂတ်ပျက်သွားခဲ့တာ"

ရွှေသမင်စာပေ

www.burmeseclassic.com



"အို… ဘာကြောင့်တွေ ညာကြောင့်တွေ အရှည်ကြီးမတွေးဘဲ ထို ရင်းကိုပဲကြည့်ရင် ပန်းအကြွေမို့ နင်းမိတာ၊ ပန်းကပန်းလို အပင်ပေါ်မှာ နေရင် ခြေထောက်အောက်ရောက်ဖို့ကို မလိုဘူး"

ဒေါ်သင်းမြတ်ကြူက နည်းနည်းလေးမှ စကားရှေ့ဆက်ခွင့်မပြုဘဲ ခါးခါးသီးသီးဖြစ်နေ၏။

"မှန်နေပေမယ့် အမှန်တရားအပေါ်မှာ တိမ်းစောင်းမှုလေးတွေရှိ… တတ်တာပဲ မေမေ။ မိန်းကလေးတိုင်း မိန်းမတစ်ယောက်ရဲ့သိက္ခာ… ကို ထုပ်ပိုးသိမ်းဆည်းတတ်နေရင် လူ့ဘဝတ်ခုံကြီးမှာ ကြေကွဲစရာအဖြ… အပျက်တွေ ရှိလာနိုင်ပါ့မလား၊ အဆိုးနဲ့အကောင်းဆိုတာ ရှိနေသ… အမှားအမှန်တွေဖြစ်နေကြမှာပဲ၊ နေရီကို အပြစ်တင်မနေဘဲ မိန်းမသ… ချင်း စာနာပေးဖို့တစ်ခုနဲ့ပဲ ကျွန်တော်ပြောတာကို မေမေ စဉ်းစားပေး…

ချစ်သူ ကလည်း လက်မလျှော့ဘဲ ဖွတ်ရှေ့တိုးသည်။ ပန်းညှ… ကတ်ကြေးကိုင်လျက် ဆန်ခါထဲမှာလည်း ပန်းတစ်ပွင့်မှမရသေး၊ က… ကြေးကို ခဏဖြစ်ဖြစ်ချထားလိုက်ဖို့ ဒါမှမဟုတ် စကားပြောရင်း မ… ဘာကိုမှသတိမရဘဲ ဒီတိုင်းနှင့်စကားက မပြတ်။

အယူခံဝင်ခွင့်မပြုနိုင်ဗါဘူးဆိုမှ ဒါကိုပဲ အထပ်ထပ်အခါခါ တော… ဆိုနေတာ ဘယ်လိုလုပ်မလဲ။ ဒေါ်သင်ငွေ့တို့ တရစ်ရစ်ပြန့်ကားတတ်… သားဖြစ်သူကိုလည်း အံ့သြပြီးရင်း အံ့သြကာ …

"မင်း ဘယ်လိုဖြစ်တာလဲ သား၊ သားကြီးရဲ့မင်္ဂလာပွဲကိုလဲ ဒီထ… နက်သုံးပြီး ဖျက်ဆီးပစ်ခဲ့တယ်၊ ဒါကို မေမေ မေ့ထားခဲ့တာ အနည်… သေးဘူး၊ အခုတစ်ခါ အမေပြီးတော့ ကလေး …"

"ကိုလေးရဲ့ရင်သွေးပါ မေမေ"

"ဟုတ်၊ မဟုတ်ကို သူတို့ပဲသိမှာလေ၊ ပေါင်းဖို့ခွဲဖို့ဆိုတာလဲ သူတို…





ပဲ ဆုံးဖြတ်ခွင့်ရှိတာ၊ သားပြောသလို သူတို့သားအမိကို မေမေက အိမ်ပေါ်ခေါ်တင်လိုက်ပါပြီတဲ့၊ မေမေ့မှာ ဘယ်လိုမှအထင်ကြီးလို့မရတဲ့ ချွေးမမျက်နှာကို ထိုင်ကြည့်နေရမယ့်ဒုက္ခအပြင် သားကြီး ဒါကြောင့် ပြန်မလာတော့ဘူးဆိုရင် ကိုယ့်သားကိုပါ ဆုံးရှုံးရဦးမှာ၊ ဘယ်လိုမှမဖြစ်နိုင်ဘူး။ စာနာစိတ်ရှိတယ်ပြောပြော၊ မရှိဘူးဆိုဆို အဲဒီချွေးမမျိုးကိုတော့ မေမေ့သားနဲ့ မလဲနိုင်ဘူး သားငယ်၊ အပြတ်ပဲ"

"မေမေပဲ ကိုလေးကိုယ်တိုင်က မြတ်နိုးပါတယ်လို့ လက်ညှိုးထိုးရင် ကြည်ဖြူပေးရမှာပဲဆို"

"ဟုတ်တယ်၊ အခု သားကြီးက သဘောမကျဘူးဆိုတာ မေမေ သိတယ်လေ၊ အဲဒါကြောင့် မဖြစ်နိုင်တာ၊ သူ လက်ထပ်မှ ညားကြမယ့်ကိစ္စ၊ မလိုချင်လို့ထွက်သွားတာကို ဘယ်လိုလုပ်ရမလဲ"

"ကိုလေးက လက်ထပ်မယ်ဆိုရင် မေမေ ကြည်ဖြူမယ်လို့ တစ်ခါပဲ ထပ်ပြောပါ။ ကိုလေးကို ကျွန်တော် တွေ့အောင်ရှာပြီး လူမှန်နေရာမှန်ကို ပြန်ပို့မယ်"

"သားငယ်"

ဒေါ်သင်းမြတ်ကြူက ကတ်ကြေးကို ဆန်ခါထဲဆောင့်ထည့်ကာ ဆန်ခါကို သစ်ခွတိုင်တွေကြားမှာ ညှပ်တင်ထားလိုက်ပြီး …

"မင်းက ဟိုဘက်က စပ်စပ်စုစုဝင်ပါဖူးတဲ့မိန်းကလေးနဲ့ တစ်လေသံတည်းပါလား။ ဘယ်လိုအကျိုးဆောင်ခတွေယူပြီး ကိုယ့်အစ်ကိုကို ချောက်ထဲရောက်သထက်ရောက်အောင် တွန်းပို့နေတာလဲ"

ချစ်သူ က ဘောင်းဘီအိတ်တွေထဲမှာ လက်နှစ်ဖက်ထည့်လိုက်ပြီး ပြောရခက်သည့်မျက်နှာနှင့် ခပ်လွှဲလွှဲနေရင်း ငြိမ်သက်သွား၏။ ပြီးမှ ပြန်လှည့်လာကာ …



www.burmeseclassic.com

www.burmeseclassic.com



"တွန်းပို့တာမဟုတ်ပါဘူး မေမေ၊ ကျွန်တော့်ကိုယ်ကျွန်တော် ချောက်ထဲမကျအောင် ကြိုးစားတာပါ။ အသည်းကွဲတယ်ဆိုတာ မခံစားဖူးသူတွေအတွက် ဟာသတစ်ခု ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် ခံစားဖူးရင်တော့ ရှုံးသင့်တယ်လို့ ထောက်ခံကြမှာပါ။ ကျွန်တော့်မိန်းမကို ကျွန်တော် ချစ်တယ်၊ သူ မှန်တယ်လို့ အစကတည်းက သတ်မှတ်ခဲ့တာလဲ သူ့ကို စိတ်ဝင်စားခဲ့တာကြောင့်ပဲ နိုင်မာခဲ့တာထင်တယ်၊ သူ့ကို ဆုံးရှုံးရမယ်ဆိုရင် မရှုံးနိုင်ပေမယ့် ရှုံးမတတ်ခံစားရမှာ ကျွန်တော့်ကိုကျွန်တော် သိတယ်၊ အဲဒါကြောင့် သူ့စိတ်မှာ မုန်းတီးသွားမှာကို မလိုချင်ဘူး၊ သူ မုန်းသွားလို့ စိတ်တေလေလို ရှက်လွှင့်ဖို့ထိဖြစ်လာတဲ့အခါ မေမေ့ဘေးကနေ နောက်ထပ် စုံကန်ပျံထွက်သွားတဲ့ ငှက်တစ်ကောင်ဖြစ်သွားမှာလဲ ..."

"သားငယ်.. မင်း ... မင်း ဘာတွေပြောနေတာလဲ၊ မေမေ့ကို နားရှင်းအောင်ပြောစမ်း။ ခေတ် ကို မင်းရည်ရွယ်ပြီးပြောနေတာလား၊ ခေတ် က ဟိုမိန်းကလေးနဲ့ ..."

"တစ်ယောက်တည်းပဲ မေမေ"

"ဘာ ..."

"သူ့သူငယ်ချင်းဘက်ကနေ ရဲရဲဝံ့ဝံ့ရပ်တည်နေတဲ့မိန်းကလေးပါ မေမေ၊ ခေတ် ကို မေမေ သဘောကျတယ်ဆိုရင် သူ့သူငယ်ချင်းကိုလဲ ကြည်ဖြူပေးပါ။ အဲဒီ နေရီဆိုတဲ့မိန်းကလေးနဲ့ သူ့ရဲ့ကိုယ်ဝန်ကို ခေတ် က သူ့အင်အားနဲ့ ထစ်ချိန်လုံး စောင့်ရှောက်ပေးခဲ့တာ၊ တကယ်ဆိုရင် ကလေးက သူနဲ့ ဘာမှမဆိုင်တဲ့ ကျွန်တော်တို့ရဲ့ သွေးသားလေ"

"အို... စိတ်ညစ်စရာတွေ ..."

ဒေါ်သင်းမြတ်ကြူမျက်နှာ အိုစာသွားသည်။ ထဘီစ တစ်ဖက်မ





ာ ခုံတန်းလေးဆီလျှောက်သွားပြီး ဆတ်ခနဲထိုင်ချ၏။ ချစ်သူ က ောက်ကနေ တစ်လှမ်းချင်းလျှောက်လိုက်သွားရင်း ...

"ခေတ် က ဒီကိစ္စကို စပြီးကြိုးပမ်းကတည်းက နေရီ့ဘဝကို မမျှော်ာတော်ရာမှာနေဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့မဟုတ်ဘူး၊ ကိုလေးရဲ့ တရားင်ဇနီးဖြစ်ဖို့ ..."

"နေပါဦး၊ မင်းနဲ့ခေတ် က ဟိုအစကတည်းက သိနေကြတာပေါ့"

"ဟုတ်တယ် မေမေ"

"သြော် ... ဒါဆို သားငယ်က သားကြီးထက်ပိုပြီး စာနာစိတ် ပြင်းန်ခဲ့တာပဲ"

မေမေ့မျက်နှာက ဒေါသကို အကဲခတ်မိကာ ချစ်သူ မျက်ဝန်းတွေ ှပစ်လိုက်၏။ ဒေါ်သင်းမြတ်ကြူက မျိုသိပ်ချုပ်တီးနေရသည့်အကြည့်ားနှင့် ...

"နေပါဦး သားငယ်၊ ခေတ် က အဲဒီလောက်သတ္တိသွေးတွေ ရဲကြနေယ်ဆိုတော့ မင်းကိုလက်ထပ်ခဲ့တာကရော ရိုးမှရိုးရဲ့လား ဆောင်းနေရီသားကြီး ပိုနီးစပ်အောင် ညီဖြစ်တဲ့မင်းကို လက်ခံခဲ့တာရော မဖြစ်နိုင်ူးလား"

"သူ့ကို ကျွန်တော် စပြီးစိတ်ဝင်စားခဲ့တာလဲ အဲဒီလို မဖြစ်မနေဆုတ်မနစ်ကြိုးစားတတ်တဲ့ သူ့ရဲ့စိတ်ဓာတ်ကိုပဲ မေမေ၊ မှန်တဲ့ဘက် ..."

"သူ့ကို စတွေ့တာနဲ့ မင်းက မှန်တယ်လို့သတ်မှတ်ပေးလိုက်တာ ာ ကိုယ့်အစ်ကိုရဲ့သိက္ခာကို အစကတည်းက အထင်မကြီးခဲ့ဘူးလို့ ာလိုက်တာနဲ့မတူဘူးလား"

"အဲဒီလိုမဟုတ်ဘူး.မေမေ၊ ကိုလေးကိုယ်တိုင်ဝန်ခံပြီးမှ ဒီလိုတွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ၊ နောက်ပြီး နေရီနဲ့သူ မှားယွင်းခဲ့တာကိုပဲ ကိုလေး သိတာ၊ ကိုယ်ဝန် ကျန်ခဲ့တာအထိ မသိဘူး၊ နေရီကိုယ်တိုင်ကလဲ ဒါကို ဖွင့်ပြောပြီး အကျပ် ကိုင်တာမျိုးဖြစ်မှာစိုးလို့ မပြောခဲ့ဘူး၊ ကိုလေးနဲ့တွေ့ဖို့ကြိုးစားနေရင်း မင်္ဂလာပွဲကျင်းပတဲ့အထိဖြစ်သွားမှ ဒေါသပေါက်ကွဲပြီး ဒီကိစ္စတွေ ဖြော ထွက်လာတာ”

ချစ်သူ ပြောတာကို ဒေါ်သင်းမြတ်ကြူက တိတ်ဆိတ်စွာ နားထောင် နေသည်။ လူငယ်တွေ၏ ရှုပ်ထွေးမှုတွေကို ဘယ်လိုမှ လိုက်မမီတော့ပါ၊ တိုက်ဆိုင်စွာဆုံစည်းခဲ့ကြသည့် ရေးရေစက်ဆိုတာကိုပဲ ရိုးမယ်ဖွဲ့ရမည် လား။

လူကြီးတွေကို ဘေးချိတ်ပြီး ထင်တိုင်းကြဲနေကြသည့်အဖြစ်ကိုပဲ ဒေါသထွက် အပြစ်ရှာရမလား။

“ခုချိန်ကျမှတော့ ပြဿနာရဲ့အရင်းအမြစ်ကို ပြန်ရှာပြီး အပြစ်တွေ ခွဲတမ်းချမနေပါနဲ့တော့ မေမေ။ ကိုလေးလဲ ဒီကိုယ်ဝန်ကိုသိတယ်၊ နေရီ့ အပေါ်မှာ သံယောဇဉ်နည်းနည်းနဲ့ ထားရစ်ခဲ့ပေမယ့် လက်ထပ်ပွဲကို တော့ ဖျက်ပစ်လိုက်တာပဲ၊ ခုလောက်ဆို လူမှန်နေရာမှန်ကို မေမေ မြင် လောက်ပါပြီ၊ နေရီ့ကို မေမေ ခေါ်ထားလိုက်ပါ၊ သူ လွယ်ထားရတာ မေမေ့သားရဲ့ရင်သွေးအမှန်ပါ မေမေ၊ ကျွန်တော်တို့ရဲ့သွေးသားကို မျက်နှာ ငယ်ဆင်းရဲစွာနဲ့ မွေးဖွားရတဲ့အထိ မာနတွေ မထားပါနဲ့တော့”

“မေမေ မယုံကြည်နိုင်ဘူးဆိုရင်ရော ...”

“ယုံကြည်နိုင်အောင် လုပ်လို့ရတဲ့နည်းလမ်းတွေ အများကြီးရှိတယ် မေမေ။ လောကက လူတွေကို သစ္စာနဲ့စီရင်နေတာပါ၊ အမှန်တရား ပျောက်ကွယ်နေတတ်တာရှိပေမယ့် မမှန်ကန်ခြင်းကလဲ ကြာရှည်မခံ ဘူး။ မေမေ ခုနကပြောသလို ခေတ် က သူ့သူငယ်ချင်းအတွက်





ကျွန်တော့်ကိုလက်ထပ်ခဲ့တာမျိုးဖြစ်ခဲ့ရင်တောင် အမှန်တရားအတိုင်းဖြစ် ဖို့ သူ ရပ်တည်တာပါ။ သူ့သူငယ်ချင်းဆိုတဲ့ နေရီကလဲ တကယ်ဆို ကျွန်တော်တို့နဲ့ သွေးမျိုးတော်ရမယ့်မိန်းကလေး ...”

“တော်ပြီ ... တော်ပြီ၊ အခု အဲဒီမိန်းကလေး ဘယ်မှာလဲ”

“ကျွန်တော် မသိဘူး မေမေ၊ ခေတ်ပဲသိလိမ့်မယ်”

“သူက ဒီလောက်ဖြစ်စေချင်နေရက်နဲ့ ဘာဖြစ်လို့ မေမေတို့နဲ့ ဒီ မိန်းကလေးကို ပေးမတွေ့တာလဲ”

“ကာယကံရှင် ပျော်ကိုနေလို့ပါ။ ကိုလေးနဲ့ လက်ထပ်ခွင့်ရမှ မေမေ့ ချွေးမဖြစ်မှာ၊ သူ ဖြစ်စေချင်တာက ကျွန်တော်တို့ဘက် ထောက်ပံ့ဖို့ မဟုတ်ဘူး။ ကိုလေးနဲ့ လက်ထပ်နိုင်ဖို့ ...”

ဩော်.. ဒေါ်သင်းမြတ်ကြူ ခေါင်းတညိတ်ညိတ်ဖြစ်သွား၏။ နား လည်လက်ခံလို့တော့မဟုတ်ပါ၊ ‘ကျလဲကျပါပေ့’လို့ ညည်းလိုက်တာမျိုး။ သက်ပြင်းချ၍ မျက်ခုံးတွေပင့်လျက်ဖြစ်သည်။

ဒါရိုက်တာ တော်လို့လား၊ ဇာတ်ပို့တွေကောင်းနေလို့လား၊ နှစ်ပါး သွားလေးနှင့် ဇာတ်သိမ်းရဖို့တော့ ရှိနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၁)

"ဒေါက် ဒေါက်"

"ခဏလေး"

တံခါးခေါက်သံကြားလိုက်သဖြင့် ခေတ် အင်္ကျီကို ကမန်းကတန်း လက်သွင်းဝတ်ကာ ကျပ်နေကပ်နေတာတွေကို အကျိတ်အနယ်ဆွဲချ မြုပြင် ၊ခဲ…

"ဟာ"

"အမလေး"

တံခါးက ရုပ်ခနဲပွင့်သွားကာ ချစ်သူ က ပေါ့ပါးစွာလှမ်းဝင်လာ၏။ အင်္ကျီဝတ်နေရင်း တိုးလိုးတန်းလန်းနှင့် ခေတ် မျက်လုံးပြူးလျက်…

"ဘာလို့ဝင်လာတာလဲ၊ ပြန်ထွက်၊ ဟိုဘက်လှည့်လေ"





အသံပြာအောင်အော်ကာ ဗီရိုအကွယ်ထဲသို့ ကဆုန်ပေါက်ပြေး၏။ ခေတ် ဖြစ်သွားတာကိုကြည့်ကာ ချစ်သူ ရယ်ချင်ပက်ကျိဖြစ်လျက် နောက်ပြန်လှည့်ရပ်၏။

"ဘာဖြစ်တာလဲကွာ၊ လင်မယားချင်းပဲဟာ"

"လင်မယားချင်းချင်း၊ မချင်းချင်း မသိဘူး။ 'ခဏလေး'လို့လှမ်းပြော နေသားနဲ့ ရှင် သက်သက်ယုတ်မာတာ"

"မဟုတ်ပါဘူး ခေတ်ရာ၊ မင်း 'ခဏလေး'ဆိုတာကို ကိုယ်က 'ဝင်လာလေ'လို့ကြားလိုက်တာ၊ တကယ် နားကြားလွဲတာပါ"

"ဟွန်း … နားခေါင်းတင်မကဘူး နားကပါ မီးလောင်နေတာ"

"ဟား ဟား ဟား'

ကျောခိုင်းထားရင်း ချစ်သူက မျက်နှာမော့ရယ်၏။ ခေတ် ကိုယ့်ကိစ္စကို အမြန်ပြီးအောင်လုပ်ကာ ထွက်လာခဲ့၏။ နှုတ်ခမ်းကတော့ ရှေ့ကို အလံတစ်ရာလောက်စူထွက်နေနိုင်တာ ကိုယ့်ကိုယ်ကို သိနေသည်။

"ပြော … ပြန်ချိန်မဟုတ်ဘဲနဲ့ ဘာကိစ္စ ပြန်လာတာလဲ"

သူမအသံလေး ကျောနောက်ကနေကြားလိုက်ရမှ ချစ်သူ က ဒီဘက်ပြန်လှည့်လာသည်။ နှုတ်ခမ်းကပြုံးစိစိ၊ မျက်လုံးတွေက ခေတ် ၏ကိုယ်လေးပေါ်မှာ စူးစူးရဲရဲ။

နောက်ထပ် မျက်စောင်းတစ်စင်းပစ်ဝင်လာမှ မျက်နှာမိုးသေတ်လိုက်ရကာ …

"ပိုးကောင်ကိုက်လိုက်တာ ကျနေတာပဲ၊ လင်မယားချင်းကို အဲဒီလောက်ရှက်ရသလား"

"ရှင့်ကို အဲဒါမေးနေတာမဟုတ်ဘူး"

"မဟုတ်ပေမယ့် မင်း အဲဒီလောက်ဖျတ်ဖျတ်လူးနေတာ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



မရင်းနှီးလို့ပေါ့၊ မင်းနဲ့ကိုယ် ဒီထက်မက ရင်းနှီးနေရမှာ၊ မင်းရဲ့ကိုယ်ခန္ဓာမှာ ဘယ်နေရာမှာ မှဲ့ရှိတာက အစ ကိုယ် သိနေတာပဲ"

"ရှင်နော် ..."

ခေတ် ပါးမို့လေးတွေ ပန်းရင့်ရောင်တက်လျက် သူ့ရင်ဘတ်ကို ပြေးထွန်းပစ်၏။

ချစ်သူ က ခေတ် လက်ကလေးတွေကို ဖမ်းကိုင်ထားလိုက်ရင်း ရယ်နေသည်။ ပြီးတော့ ရေချိုးပြီးစ နုသစ်နေသည့်မျက်နှာလေးကို မြတ်နိုးစွာ နမ်းရှိုက်ရင်း ...

"ဒီမှာ မင်း စိတ်ချမ်းသာစေချင်လို့ မင်္ဂလာစကားပြောရအောင် ပြန်ပြေးလာတာ၊ နားမထောင်ချင်ဘူးလား"

"ဘာလဲ"

ချစ်သူ က ရယ်လက်စနှင့် ခေတ် ပခုံးလေးကို တင်းခနဲဆွဲဖက်လျက်...

"မေမေက ပြောလိုက်တယ်၊ နေရီ ဆီကိုသွားရင် သူ့ကို ဝင်ခေါ်တဲ့"

"ဟင် ..."

ခေတ် မျက်နှာပေါ်က ပေါ့ပါးသည့်ရယ်မြူးရိပ်လေးတွေ ပျောက်ကွယ်သွား၏။ မယုံနိုင်သည့်မျက်ဝန်းလေးတွေ ချစ်သူ ထံစူးစိုက်ကျရောက် လာကာ ...

"အန်တီက နေရီ ကို ဘာလုပ်ဖို့လဲ"

"သူ့ချွေးမလေးအဖြစ် အိမ်မှာထားပြီး စောင့်ရှောက်ဖို့ပေါ့၊ ကိုလေးကိုရှာတွေ့တာနဲ့ လက်ထပ်ပေးဖို့စီစဉ်မယ်တဲ့။ တစ်ခုတော့ရှိတယ်ကွာ ထိုလေးဆီက ကြင်နာစွာလက်ခံခြင်းကို ရဖို့ , မရဖို့ကတော့ သူတို့ချင်း ဘယ်လိုချည်နှောင်ခဲ့ကြသလဲဆိုတဲ့အပေါ်မှာ မူတည်တယ်၊ ဒါက ကိုယ်





တို့ ကြားဝင်ဖော်စပ်ဖို့ မလွယ်တဲ့အပိုင်းလေ"

ခေါင်းညိတ်လိုက်ရင်း ခေတ် မျက်နှာလေးမှာ တဖြည်းဖြည်း ပြုံးယောင်သမ်းလာ၏။ မွေးဖွားခါနီးမှာ နေရီ ဒီသတင်းကြားလိုက်ရင် အင်အားတွေပြည့်လာမှာပါ။

ဒီလိုအခြေအနေမျိုးကို အိပ်မက်တောင်မမက်ဖူးခဲ့ပါဟု ပြောခဲ့ဖူးသည့် စကားသံလေးကိုကြားယောင်ကာ သတင်းကောင်းကို ပြေးပြောလိုက်ချင်မိသည်။

ပြီးတော့ ချစ်သူ ကို လေးစားအထင်ကြီးစိတ်တို့ဖြစ်ရင်း ရင်ခွင်ကျယ်မှာ မျက်နှာလေးဖေးကပ်မှီနွဲ့ကာ ...

"ရှင့်ကို ကျေးဇူးတင်ပါတယ်"

ဟု လှိုက်လှဲစွာပြော၏။ ထို့ပြင် ချစ်သူ့ ခါးဆီမှာ ဖွဖွလေးသိုင်းဖက်ထားလိုက်သဖြင့် ချစ်သူ က ထိုလက်ကလေးပေါ်ကနေ ထပ်အုပ်ကိုင်ကာ ...

"ကျေးဇူးတင်ပါတယ်လို့ အပြောခံချင်တာမဟုတ်ဘူးကွ၊ ကိုယ်လိုချင်တာ အဲဒါမဟုတ်ဘူး"

ပြော၍ ချစ်သူ က ရင်ခွင်ထဲမှာနွဲ့မှီနေသည့်ကိုယ်လေးကို ဆွဲခွာသည်။ မျက်နှာချင်းဆိုင်အောင်ကြည့်၍ ...

"ကိုယ့်ကို နည်းနည်းတော့အထင်ကြီးလို့ရပြီထင်တယ်၊ ဟင်... ပြောလေ"

ခေတ် က အမှန်းမပါသည့်မျက်စောင်းလေးရွယ်လျက် ခေါင်းငုံ့ပစ်၏။ ချစ်သူ က မေးဖျားဖလေးကနေ ပြန်မော့ယူကာ ...

"ကိုယ့်ကိုချစ်လား"

"ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်မဆိုင်ဘူးပေါ့"

ဂျစ်ကန်ကန်မဲ့ပြီးမေးတော့ ခေတ် က ရယ်သည်။ ပြီးတော့ မေးဖျား မှာကိုင်ထားသည့် သူ့လက်ကို ဖယ်ချပစ်လိုက်ကာ...

"ဟုတ်တယ်၊ မမေးသင့်တော့တာကို မေးနေရင် တကယ်ပြောသင့်တာကို ဒီကမပြောဘဲနေလိုက်တော့မှာ"

"ဘယ်လို"

ခေတ် က ရှောင်ထွက်သွားရင်းပြောတော့ ချစ်သူ က လက်ကို အမိအရပြန်ဆွဲထားလိုက်၏။ သူ့ဘက်ပြန်လှည့်လာသည့် ခေတ် မျက်နှာလေးကို နားမလည်နိုင်သလိုစိုက်ကြည့်ရင်း ...

"ဘာပြောလိုက်တာလဲ၊ ကိုယ့်ကိုပြောဖို့ရှိတယ်၊ ဟုတ်လား"

"အင်း"

ခေတ် နှုတ်ခမ်းလေးတွေပြုံးနေတာကိုကြည့်ရင်း သူ့အတွက် ကြေကွဲဖွယ်မဖြစ်နိုင်တာကိုတော့ နားလည်သွား၏။ ဒါပေမယ့်...

"ဘာလဲဟင်၊ မင်းဆီက အချစ်တစ်ခုထက်ပိုပြီး ကိုယ်မက်မောတာ ဘာမှမရှိဘူးလို့ သတ်မှတ်ခဲ့တာ၊ မင်းပြောမှာက ချစ်တယ်ဆိုတဲ့အဖြေထက် ပိုလေးနက်နေသလား"

"ဟုတ်တယ် လေးနက်တယ်"

လို့ပြောကာ ခေတ် က သူ့လက်တွေကိုဖယ်ချလိုက်ပြီး မှန်တင်ခုံ အံဆွဲတစ်ခုကို သွားဖွင့်၏။ ဒီဘက်ပြန်လှည့်လာတော့ သူမလက်ထဲမှာ စာရွက်ခေါက်လေးတစ်ခုပါလာလျက်...

"အင်း"

မျှော်လင့်ချက်များ လိုက်ငေးနေသည့် ချစ်သူ့ လက်ထဲသို့ ထည့်လိုက်သည်။ ချစ်သူ က စာရွက်ကိုဖြန့်၍ ဖတ်၏။





"ဟင် ..."

သူ့မျက်ခုံးတွေ တွန့်ခနဲဖြစ်သွား၏။ ရင်ထဲမှာ လျှောင်ယယ်လေးတစ်ခု သိမ့်ခနဲခါသွားသလိုဖြစ်လျက် မယုံနိုင်။ နောက်ထပ် နှစ်ခေါက်လောက် စာရွက်ပေါ်မှာ သူ့မျက်လုံးတွေ ခေါက်တုံ့ခေါက်ပြန် ပြေးလွှားသွားပြီးမှ...

"ခေတ်"

မျက်နှာ ဖျတ်ခနဲမော့လာ၏။ ခေတ် က မျက်ခုံးလေးပင့်ကြည့် ကာ...

"ဘာလဲ၊ စာမဖတ်တတ်ဘူးလား"

"မင်း... မင်းမှာ ကိုယ်ဝန်နှစ်လ ဟုတ်လား၊ ဟင်... တကယ်လား"

ခေတ် က ရှက်လည်းရှက်ကာ ကြည်နူးရိပ်လေးတွေ ဖြတ်ပြေးနေသော မျက်နှာလေးကို ငုံ့ချပစ်လိုက်ရင်း ...

"တစ်ဖွဲစီလိုချင်သလား၊ တစ်ခုလုံးယူမလား၊ အဲဒါ စဉ်းစား"

"ဘယ်လို"

"ကလေးကိုလား၊ အချစ်ကိုလားလို့"

"ဟာ မဟုတ်ဘူး၊ အဲဒီလိုမဟုတ်တော့ဘူး၊ တစ်ခုလုံးယူမှာပေါ့၊ ဝမ်းသာလိုက်တာကွာ"

ချစ်သူ က ခေတ် တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်ထားလိုက်ကာ ကတုန်ကယင်ဆို၏။ ခေတ် က သူ့ခါးကိုပြန်ဖက်ထားကာ ...

"ရှင် ကလေးလိုချင်တယ်လို့ပြောကတည်းကပဲ သိလား"

"စောစောက ပြောလိုက်ပါလားကွာ၊ တကယ်ပဲနေနိုင်တယ်"

"မသိလို့ပေါ့၊ နေထိုင်မကောင်းဖြစ်နေတာ နေရဲ့စိတ်ကြောင့်ထင် နေတာ၊ စစ်ကြည့်လိုက်မှ သိတာကို"

"ဒါဆို မင်း... မင်း ကိုယ့်ကိုချစ်နိုင်လို့ ကိုယ့်ရဲ့ကိုယ်ဝန်ကို လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပေါ့နော်"

"လူလည်မကျနဲ့ မဖြေဘူး တစ်ခုပဲရမယ်လို့ ပြောပြီးသား"

ချစ်သူ က ရယ်သည်။ ခေတ် ပါးလေးတစ်ဖက်ကို ကိုက်ပစ်မလို့ ပြင်ပြီးမှ ပြန်လွှတ်သည်။ ကမ္ဘာပေါ်မှာ ချစ်သူ့အပြုံးလောက် လှပ်ရှားရင်ခုန်ဖွယ်ကောင်းတဲ့အလှ ဘယ်မှာရှိနိုင်မလဲ။

တသိမ့်သိမ့်ကြည်နူးသောအနမ်းများဖြင့် ကြင်နာစွာထွေးပွေ့ရင်း...





အခန်း(၃၂)

"မဟုတ်ဘူး သေချာဖုန်းဆက်ထားတာ၊ သေချာကိုမှာထားတာ"

ပြောနေရင်း ခေတ် အသံလေးတိမ်ဝင်သွား၏။ မျက်တောင်တွေ တဖျပ်ဖျပ်ခတ်၍ နေရီ့အခန်းထဲကို ပြေးဝင်သည်။

သူမနောက်ကနေ နှာ့စ်မလေး ပြေးလိုက်လာ၏။ ပြီးတော့ ချစ်သူ ဒေါ်သင်းမြတ်ကြူ။

တိုက်ခန်းဆိုပေမယ့် တစ်ယောက်တည်းအတွက်တော့ အကျယ်ကြီးဖြစ်နေပါသေးသည်။ ထို့ပြင် တီဗီနဲ့အောက်စက်တွေ ပါရှိနေသဖြင့် နေရီ့ကို ခေတ် ဘယ်လိုဂရုစိုက် စောင့်ရှောက်ထားမှန်းလည်း သိသာ၏။

တစ်ခန်းလုံးကို လိုက်ဝေ့ကြည့်ရင်း ခေတ် မျက်နှာလေးပေါ် ပြန်ကြည့်မိတော့ ဒေါ်သင်းမြတ်ကြူ အံ့သြသွား၏။ ခေတ် သည် အသံတိတ် ကျလာသည့်မျက်ရည်တွေကို လက်ခုံနဲ့သုတ်လိုက်၊ လက်ချောင်းလေးများနှင့်ဖျက်ချလိုက်ဖြစ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဖုန်းဆက်တော့ ဆရာမ မရှိဘူးလား"

"ရှိ..."

"ဆရာမကို ကျွန်မ ဒီမှာထားတာ သူ့ကို ဂရုစိုက်ဖို့မဟုတ်ဘူးလား"

"ဟိုလေ ..."

"သူ့စိတ်ကို ကျွန်မ သိတယ်၊ သိလို့ အရမ်းဂရုစိုက်နေရတာ၊ အခု ထွက်သွားတဲ့အထိ သူလုပ်တာကို ဆရာမ မသိဘူးဆိုတော့ လုံးဝ အိပ်ပျော်နေတာ"

ဆရာမကို ဘာမှပြောခွင့်မပေးဘဲ ခေတ် က မေးခွန်းတွေချည်းမေး ပြီး အပြစ်တင်ရင်း ငိုရင်းနှင့် ...

"သူ အရမ်းစိတ်ညစ်နေတယ်၊ မလာပါနဲ့ဦးလို့ ကျွန်မကို အတင်းတား နေလို့ ကျွန်မ မလာဘဲနေရတာ၊ အဲဒါကြောင့် ဆရာမကို ပိုပြီးဂရုစိုက်ဖို့ မှာခဲ့တာ"

"ဟုတ်ပါတယ် ညီမရယ်၊ သူလေ ညီမဆီက ဖုန်းလာပြီးကတည်းက တို့ကိုလဲ သိပ်အကာပ်မခံတော့ဘူး။ ဆေးတိုက်ရင်လဲ ထားခဲ့ပြီး သွား တော့လို့ ပြောတယ်၊ စမ်းသပ်ရင်လဲ အထိမခံနိုင်လို့ နေပါစေတဲ့။ နေ့ ကလေ ဟို... ညီ...ညီမကို ပြန်မပြောရဘူးလို့ အကျပ်ကိုင်ပြီး ထင်သလို နေတာ၊ သူ တစ်ခုခုလုပ်ပစ်တော့မလိုဟန်ပြင်ပြီး တို့ကိုခြောက်တာ"

ခေတ် နားလည်သွားပါသည်။ တစ်ဆက်တည်းမှာ ရင်နာသွား သည်က 'လာခဲ့မယ် စောင့်နေ၊ ဝမ်းသာစရာသတင်း ပြောမလို့'ဟု စကား ဦးသမ်းခဲ့ပြီး ဘာမှပြောမပြခဲ့မိခြင်းပင်။

အကယ်၍ 'နင့်ဆရာရဲ့အမေက သူ့ချွေးမနဲ့ကလေးကို လာခေါ် တော့မှာ'ဆိုသည့် စကားလေးထည့်ပြောလိုက်မိလျှင် ဒီလိုထွက်သွား မှာမဟုတ်ပေ။





ခုတော့ ကိုယ်ဝန်က နေ့မွေးမလား၊ ညမွေးမှာလား ဖြစ်နေသည့် အချိန်။

တာဝလေးတစ်စောင်၊ စကားလေးတစ်ခွန်းတောင် မချန်ရစ်ခဲ့ဘဲ ထွက် သွားလိုက်တာ ဘယ်အရပ်မျက်နှာကို ပြေးရှာရမှန်းမသိ။

"ခေတ် မငိုနဲ့တော့ကွာ၊ ကျန်ခဲ့တဲ့လူကိုလဲ အပြစ်တင်မနေနဲ့တော့၊ ငိုနေလို့လဲ သူ ပြန်ရောက်လာမှာမှမဟုတ်တာ"

"ဟုတ်တယ် သမီး၊ သူ့ကိုယ်ဝန်က ဂျူးဒိတ်လွန်နေပြီဆိုတော့ ခု လောက်ဆို မွေးချင်မွေးနေမှာ၊ မေမေတို့ ဆေးရုံ ဆေးခန်းတွေမှာ အင်အားသုံးပြီး ဖြန့်ရှာလိုက်ရင် တွေ့မှာပါ"

"မွေးနေပြီဆိုရင်လဲ သူ ချောင်ကြိုချောင်ကြားမှာပဲ မွေးလို့ရမှာ၊ သူ့ မှာ ပိုက်ဆံမပါဘူး၊ ဘာမှကိုယူမသွားဘဲနဲ့ ..."

ပြောနေရင်း ခေတ် က အံကြိတ်၏။ ဒါပေမယ့် မျက်ရည်တို့က မနာ ခံပါ။ စီးမြဲစီး၊ စိုမြဲစိုလျက် ရင်ထဲကပူလောင်မှုကို တိုင်းတာပြနေကြသည်။ ထွက်သွားတာ နှစ်ရက်ရှိပြီဆိုတော့ ဘယ်ကိုရောက်နေပြီလဲ။

"တင်းတောင်"

အိမ်ရှေ့ကလူခေါ်ဘဲလ်သံ မြည်လာသဖြင့် အားလုံး ခေါင်းထောင် သွားကြ၏။

"ကျွန်မ သွားကြည့်လိုက်မယ်"

ဆရာမက အပြစ်ရှိနေသူလို အနေရခက်ခြင်းမှလွတ်မြောက်ခွင့် ရသွားသလို အပြင်ကို ကပျာကယာပြေးထွက်သွား၏။

"ညီမရေ ဒီမှာ လာကြည့်ပါဦး"

ခဏအကြွင်းမှာပင် ဆရာမ၏အော်ခေါ်သံကို ကြားလိုက်ရ၏။ သို့ သော် ခေတ်တို့ပြေးထွက်သွားကြတော့ ပြန်ပြေးဝင်လာသည့် ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



နှင့် အလယ်ခန်းအဝင်ဝမှာပဲဆုံမိသွားကြသည်။ ဆရာမလက်ထဲက အနီးဖြူဖြူလေးနှင့် ကလေးနီကြာရဲလေးတစ်ယောက်ကို ပွေ့လျက်...

"ဒီ...ဒီမှာကြည့်ပါဦး ညီမရယ်၊ သူ မွေးသွားပြီ၊ နေရီ မွေးသွားပြီ"

ဆရာမမျက်နှာက မျက်လုံးတွေပြူး လက်တွေတုန်ကာ စိတ်လှုပ်ရှားနေတာကိုလည်း မဖုံးနိုင်၊ ခေတ် က ကလေးငယ်လေးကို ပြူးကြောင်ကြောင်ငုံ့ကြည့်နေပြီး တုတ်တုတ်မှမလှုပ်။

ပထမဆုံး လက်နှစ်ဖက်ဆန့်ထွက်လာပြီး ကလေးကို လှမ်းယူလိုက်သူက ဒေါ်သင်းမြတ်ကြူပဲဖြစ်၏။

"ကြည့်စမ်း၊ သားကြီးငယ်ငယ်က မျက်နှာလေးအတိုင်းပဲ"

ဟု ဆိုနှင့်စွာပြောရင်း ရင်ခွင်ထဲမှာ တယုတယပွေ့ပိုက်လိုက်၏။ အိမ်ထဲကိုဝင်လာတဲ့အထိ စိတ်ထဲမှာ တစ်စုံတစ်ရာမှ ထူးခြားစွာ မခံစားခဲ့ရပါ။

ကလေးမျက်နှာလေးကို မြင်လိုက်ရသည့်အချိန်တွင် ဒေါ်သင်းမြတ်ကြူ ရင်ထဲမှာ လှိုက်လဲတုန်ယင်လျက်...

"ယောကျ်ားလေးပါလား။ နဖူးထောင့်ပေါ်နေတာတွေ၊ နှာတံပေါ်စုံတွေက ရွှတ်စွပ်ပဲကွယ်၊ သားငယ် ဒီမှာကြည့်စမ်း..."

ဒေါ်သင်းမြတ်ကြူက ကလေးကို ခေတ်နဲ့ချစ်သူ ရှေ့ထိတိုးပြပြီး မျက်နှာလေးကို မထိရက်ထိရက်နှင့် ဟိုတို့ကြည့်၊ ဒီတို့ကြည့်။

ခေတ် ကတော့ ကလေးကိုကြည့်နေရင်း မျက်ရည်တွေ ပြည့်အိုင်လာလျက်...

"ဆရာမ ကလေးကို ဘယ်သူလာပေးသွားတာလဲ"

"ဟင့်အင်း၊ တံခါးလာဖွင့်ပြီး ဘယ်သူ့ကိုမှမတွေ့လို့ လိုက်ကြည့်တော့ ဟိုနား ..."





ဆရာမက ကလေးကိုတွေ့သည့် ပန်းအိုးကြီး၏ဘေးထောင့်အကွယ်လေးဆီကို လက်ညှိုးထိုးလိုက်လျှင် "ကားတ အခုံးမသတ်ဘဲရပ်သွား၏။

ထိုနေရာမှာ စာရွက်ခေါက်လေးတစ်ခု။

ကလေးကို အလျင်စလိုကောက်ယူခဲ့သဖြင့် စာရွက်ခေါက်လေးကို အမှတ်တမဲ့ မမြင်ခဲ့တာဖြစ်သည်။ ခေတ် က စာရွက်ကို အလျင်စလို ပြေးကောက်ပြီး ဖွင့်ဖတ်လိုက်၏။

ခေတ်ရယ် ...

နင် အရမ်းကိုစိတ်ဆိုးသွားမယ်ဆိုတာ ငါသိပါတယ်။ ဒါပေမယ့် ဆိုးလိုက်ပါ။ နင့်သူငယ်ချင်းအဖြစ် စာရင်းထဲကနေ ငါ့ကို ထုတ်လိုက်ပါ။ ငါ့အတွက်ကြောင့် နင် ရင်ဆိုင်နေရတာတွေ ဒီလောက်နဲ့ပဲ ရပ်သင့်ပြီလို့ ငါထင်တယ်။

ငါက ကိုယ့်အမှားနဲ့ကိုယ် ကလေးတစ်ယောက်နဲ့ ဒုက္ခသည်ဖြစ်ခဲ့ပေမယ့် နင့်လို ဂုဏ်သိက္ခာနဲ့အိမ်ထောင်ရေးမျိုး မရှိဘူး၊ ပြိုကွဲပြီးသား ငါ့ဘဝမှာ ထပ်ပြီးပြိုလဲစရာလဲ ဘာမှမရှိဘူးလေ၊ နင် ငါ့ကြောင့် ပြိုလဲသွားမှာမျိုးကို ငါ အဖြစ်မခံနိုင်ခဲ့တာ နားလည်ပေးပါ။ အဲဒါကြောင့် ဒီကလေးကို ငါ တခြားမှာပဲမွေးဖို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါပေမယ့် နင့်မိတ်ဆွေ OG နဲ့ပဲမွေးခဲ့တာမို့ အတိဒုက္ခမရောက်ခဲ့ပါဘူး။ ငါ ဒီလိုမှမလုပ်ရင် မွေးလူနာအဖြစ်နဲ့ ဆက်ပြီး နောက်ထပ် နင့်ကို ဒုက္ခတွေ အများကြီးပေးရဦးမှာ။

ကလေးကို သူ့အဖေလက်ထဲရောက်အောင် ထည့်ပေးပါနော်။ ကလေးရဲ့ နောင်ရေးအတွက် ဒီနေရာမှာတော့ ငါ့ကို ပျော့ညံ့ခွင့်ပေးပါ။ ငါ့သားလေးရဲ့ဘဝက သူ့အဖေလက်ထဲမှာ ရှင်သန်မှ အသက်လှဝမှာ။ သူ ကြည်ဖြူသည်ဖြစ်စေ၊ မကြည်ဖြူသည်ဖြစ်စေ သူ့ရင်



www.burmeseclassic.com

www.burmeseclassic.com



သွေးအဖြစ် အသိအမှတ်ပြုပြီး စောင့်ရှောက်ပေးမယ်ဆိုရင် ဝါ့အတွက် နင်လဲကျေနပ်ပေးပါ။ ကလေးရဲ့ရှေ့ရေးအတွက်မို့လို့ နင့်မာနတွေကို လဲ တစ်ထစ်လောက်လျှော့ပေးပါနော်၊ ဝါ့ကိုချစ်ရင် ကလေးကို ကြင်နာပါ။ ကလေးအတွက် သူ့ရဲ့အဖေကို နင် မမုန်းပါနဲ့နော်။

နောက်ထပ် ဘယ်သူနဲ့မှမတွေ့နိုင်တဲ့နေရာကို ဝါ ထွက်သွားပြီ မို့လို့ ဒုက္ခခံပြီး မရှာပါနဲ့တော့။

အချစ်ဆုံးသူငယ်ချင်း
နေရီ

စာကို ဆုံးအောင်ဖတ်လိုက်နိုင်ပေမယ့် စာရွက်ပေါ်မှာ ကြွေဆင်း စိုစွတ်သွားသည့်မျက်ရည်စက်တို့က မနည်းမနော။

"ခေတ်"

ချစ်သူက ခေတ် ပုခုံးလေးကို ဖွဖွလေးဆုပ်ကိုင်လိုက်ပြီး မော့ကြည့် လာသည့်မျက်နှာလေးထက်က မျက်ရည်တွေကို တယုတယသုတ်ပေး သည်။

"တိတ်တော့၊ ကိုယ်တို့ အခု လိုက်ရှာရင် တွေ့နိုင်သေးတယ်"

"ဟင်..."

ဟုတ်သည်။ ကလေးကို သူမကိုယ်တိုင် ထားသွားခဲ့တာမှန်လျှင် သိပ်ဝေးဝေးရောက်ဦးမှာမဟုတ်။ သို့သော် ...

"မမ ကလေး လာပို့တဲ့အတွက် သမီးကို မုန့်ဖိုးပေးဦးလေ"

စောစောက ဘယ်မှာကွယ်ရပ်နေမှန်းမသိဘဲ ရုတ်တရက် အနား ရောက်လာသည့်ကောင်မလေးတစ်ယောက်ကြောင့် သူတို့ စိတ်ကူးတွေ





အလကားဖြစ်သွားခဲ့ကြ၏။

ရှေ့ပြင်အညိုရောင်၊ တီရှပ်အနီလေးနှင့် ကောင်မလေးက အသက် ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်ခန့်ရှိမည်ဖြစ်ကာ ရုပ်ရည်လေးက သန့်သန့်ပြန့် ပြန့်နှင့် ...

"သမီးက လမ်းထိပ် ပင်မင်းဆိုင်ကလေ၊ မမတို့ကိုသိပါတယ်၊ ဒီက ဆံပင်ရှည်ရှည်နဲ့မမက ကလေး သွားပို့ပေးရင် မုန့်ဖိုးရလိမ့်မယ်၊ ကူညီပါ ဆိုလို့ ..."

ခေတ် မျက်နှာလေး မျှော်လင့်ချက်မဲ့သွားသလို ငေးမှိုင်သွားလေ သည်။ လူတွေဝိုင်းအုံလျက်ရှိသော်လည်း ကျောက်ရုပ်တွေလို ဖြစ်သွားခဲ့ ကြ၏။ ထိုစဉ် ချစ်သူထံမှ ဖုန်းမြည်သံလေး ထွက်ပေါ်လာသည်။

ချစ်သူ က ဖုန်းထုတ်ကိုင်ရင်း အပြင်ကိုလျှောက်ထွက်သွား၏။

"ဟလို"

"ညီ... ကိုလေးပါ"

"ဟင် ... ကိုလေး ..."

ချစ်သူ ကယောင်ကတမ်းထခေါ်လိုက်သလိုဖြစ်သွားသဖြင့် အသံက ကျယ်သွား၏။ ဒေါ်သင်းမြတ်ကြူရော၊ ခေတ်ရော သူ့ဆီကို မျက်လုံး တွေ ရောက်လာကြသည်။

"ကိုလေး ...၊ ကိုလေး အခု ဘယ်မှာလဲ၊ ရန်ကုန်မှာလား၊ တခြားမှာ လား။ ကိုလေး အမြန်ဆုံးပြန်ခဲ့ပါဗျာ၊ ဒီမှာ ပြဿနာတွေတက်နေတာ"

"ညီမေးတာတွေ ကိုလေး မဖြေနိုင်ဘူး ညီ၊ ကိုလေး ပြန်လာမယ်ဆို ရင်တောင် ပြဿနာထဲကို တိုးဝင်ဖို့မဟုတ်ဘူး။ တော်ပြီကွာ၊ ကိုလေး ပြောနေရင် ညီနဲ့ကိုလေး အံဝင်ခွင်ကျဖြစ်လာမှာမဟုတ်တော့ မပြော တာဘဲကောင်းပါတယ်၊ ကိုလေး ရောက်တာနဲ့ ညီနဲ့လာတွေ့မယ်၊ ဒါပဲ



www.burmeseclassic.com

www.burmeseclassic.com



နော်"

"ကိုလေး"

"ကိုလေး"

ဖုန်းကိုင်လျက်နှင့် ခေတ် မျက်ဝန်းတွေဆီ အကြည့်ရောက်သွားမိသည်။ ခေတ် က နားလည်သည့်အကြည့်တစ်ချက်နှင့် မျက်နှာလွှဲ၏။

ချစ်တတ်သူနဲ့ မချစ်ခဲ့သူတို့အကြောင်း ကံကြမ္မာ စာမျက်နှာမှာ ဘယ်လိုကမ္ဘည်းတင်၍ ဘယ်လိုအဆုံးသတ်စေမှာလဲ။

ချစ်တတ်သူက မှန်ပြီး မချစ်တတ်သူက မှားသည်လား။ ဒါမှမဟုတ် ချစ်တတ်သူကို ကြက်ခြေခတ်ကာ မချစ်ခဲ့သူသာ အမှန်ဖြစ်မည်လား။

ဘာပဲဖြစ်ဖြစ် ဘဝအတွက် မေတ္တာခုံရုံးတော်မှာ အယူခံအထပ်ထပ်လျှောက်လွှဲချက်အခါခါနှင့် ငိုချင်းရှည်ကြီးလည်း ညည်းခဲ့ပြီးပါပြီ။

ထို့ကြောင့် ဒီတစ်ခါ ဆုံးစည်းဖို့အတွက် တိုက်ဆိုင်လာခြင်းက စီရင်ချက်တစ်ရပ်သာဖြစ်ဖို့ရှိလျက် ...





## အခန်း(၃၃)

မြေထောက်တွေက လှမ်းနေရင်း ညွတ်ကျချင်လာ၏။ သက်တမ်းရင့် နေရောင်ခြည်ကြောင့် နဖူးကချွေးတွေ မျက်ခုံးစပ်တွေထဲထိ စီးလွန်ကုန်ကြပြီထင်သည်။ အဆိုးဆုံးက မျက်လုံးတွေ ပြာဝေလာခြင်းပင်။

နေရိ ဘေးဘီကို မျက်လုံးဝေ့ကြည့်တော့ ကားမှတ်တိုင်တစ်ခုမှလွဲ၍ လမ်းမကြီး၏တစ်ဖက်တစ်ချက်မှာ နားခိုလို့ကောင်းမည့်နေရာ ဘာမှမရှိ။

ကလေးမွေးဖွားပြီးစ နှစ်ရက်ပဲရှိသေးသည်မို့ သွေးနုသားနုကာလမှာ အိပ်ရာထက်မှာပဲ ငြိမ်ငြိမ်သက်သက်လေး အနားယူလဲလျောင်းနေသင့်တာပါ။

မနေနိုင်သည့်ကိုယ့်ဘက်က ကိုယ့်ဒေသကနဲ့ကိုယ်။

ချစ်သူကို မပိုင်ဆိုင်ရခြင်း၊ ရင်သွေးကို စွန့်ပစ်ခဲ့ရခြင်းနှင့် သွေးသားရင်းချာလို သံယောဇဉ်ကြီးခဲ့သော သူငယ်ချင်းတစ်ယောက်ကိုလည်း ထားရစ်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို မပိုင်ဆိုင်ခဲ့ရတာဟာ အစကတည်းက ကိုယ်ကပဲ တစ်ဖက်သတ်မေတ္တာမျိုးထားခဲ့ရတာမို့ ဖြေသာပါသည်။

ရင်သွေးကိုပစ်ခဲ့ရတာကတော့ ကလေးရဲ့အနာဂတ်လှပဖို့ ပြီးတော့ ကိုယ့်ချစ်သူက ကိုယ်မွေးဖွားခဲ့သည့် သူ့ရင်သွေးကို စောင့်ရှောက်ထားသည့်ကြည့်နူးပီတိကို ရယူချင်လို့ သံယောဇဉ်တွေ တစ်ရက်ပြီးတစ်ရက် တရစ်ရစ်တိုးပွားမလာခင်မှာ မြန်မြန်ဆန်ဆန်ထားရစ်ခဲ့ရသည်။

သူငယ်ချင်းကို ချန်ရစ်ခဲ့ရတာလည်း ကိုယ့်ကြောင့် ဒိတ်ထိပြီး မနစ်နာစေချင်လို့ပါ။ မိမိလုပ်ခဲ့သောလုပ်ရပ်တို့အပေါ်မှာ 'ငါမမှားဘူး' ဆိုသည့် အဖြေပဲထွက်နေအောင် အမျိုးမျိုးသုံးသပ်ကြည့်ခဲ့သည်။

မဖြေသာအောင်ခံစားလာရလျှင် ဖြေသာအောင်ဖြေ၍ အံကြိတ်ထားခဲ့၏။ တကယ်တော့ လက်တွေ့သုံးသပ်ချက်ဆိုတာက သပ်သပ်၊ ဝေဒနာက တခြားပဲဖြစ်၏။

ဦးတည်လျှောက်လှမ်းနေခဲ့တာက ပန်းတိုင်ကိုတည့်မတ်နေသည့် လမ်းမှန်ပင်ဖြစ်လင့်ကစား ဆူးစူးမိလျှင်နာမည်၊ ခလုတ်တိုက်မိလျှင်လည်း လဲမှာပဲဖြစ်၏။

အမှန်တရားနဲ့ခံစားချက်က ဘာမှမဆိုင်။ မှန်တာတွေလုပ်ခဲ့တာပဲဟု အထပ်ထပ်တွေးပြီး ဖြေသိမ့်ဖို့ကြိုးစားနေရင်း ရင်ထဲမှာ နာကျင်မှုက နင့်သည်းနေ၏။

ဘယ်ကိုဦးတည်နေမှန်းမသိဘဲ ခြေထောက်တွေကို နှိုင်းစေလာခဲ့ရင်း ဆလင်းဘက်ခ်ထဲမှာ ပါလာသည့်ငွေကို စိတ်နဲ့ခန့်မှန်းကြည့်မိသည်။

ဒီငွေနဲ့ဆို အမေ့ဆီကို ပြန်လို့တော့ရသည်။ ခေတ်ပြန်လာသည်လို့ ပြောရမလား။ ဖြစ်ကြောင်းကုန်စင်ကို ဝန်ချတောင်းပန်ရမည်လား။

သေချာတာတစ်ခုက အမေ ခွင့်လွှတ်မှာမဟုတ်ပေ။ ဘယ်တုန်းကမှ





နူးညံ့ကြင်နာခဲ့သည်မရှိခဲ့သော အမေ့ပါးစပ်ထဲမှာ သူမအတွက် နားလည်ခွင့်လွှတ်သည့်စကားမျိုး ပြောထွက်လာဖို့ဆိုတာ မဖြစ်နိုင်။

စိတ်ပင်ပန်း လူပင်ပန်းနှင့် အရိပ်မှာထိုင်နားနေသည့်တိုင် အမောမပြေခဲ့ပေ။ တာမွေအဝိုင်းထိပ်ကိုလှမ်းကြည့်ပြီး ဦးတည်ရာအရပ်မျက်နှာ အသီးသီးသို့ သွားလာနေကြသည့်လူတွေ ကားတွေကို ငေးမိသည်။

ကားပေါ်ကလူတွေရော၊ လမ်းပေါ်မှာ လျှောက်နေကြသူတွေရော သူတို့တွေမှာတော့ အိမ်ပြန်မည်၊ ဇနီးသားမယားနှင့် ဆုံမည်၊ လင်ယောကျ်ားက မျှော်နေလိမ့်မည်၊ အိမ်ပြန်နောက်ကျလို့ အဖေဆူမလား၊ အမေ ဆူမလား။

ဤသို့သော မျှော်လင့်ချက်အပေါင်းနှင့် ခြေလှမ်းတိုင်းမှာ အဓိပ္ပာယ်တွေရှိနေကြမည်ပေါ့။ သူမမှာတော့ မျှော်မည့်သူလည်းမရှိ၊ ဆူမည့်သူလည်းမရှိ။

နှုတ်ခမ်းဖျားက ချွေးစတို့ကို လက်ခုံလေးနှင့်အသာသုတ်၍ နေရှိန်ရာမှထရပ်လိုက်မိသည်။

ဆံပင်တွေကို နောက်မှာကျစ်လျစ်စွာစုစည်းထားတာတောင် ပွလောင်အိုက်စပ်နေ၏။ တစ်သောင်းကျော်ကျော်ငွေလေးနှင့် မှတ်ပုံတင်ကတ်တစ်ခု၊ ထီးတစ်ချောင်းသာပါသော ဆလင်းဘက်ခ်ကလည်း မနိုင်မနင်းလေးလံနေသလို ခံစားနေရ၏။

နေရှိ အဝိုင်းထိပ်ကိုလျှောက်လာခဲ့ရင်း လမ်းတစ်ဖက်ကိုကူးခါနီးမှ ရှေ့ကို မျက်လွှာပင့်ကြည့်လိုက်မိသည်။ ထိုအခါ မျက်လုံးထဲမှာဝင်လာသည့် ပုံရိပ်တစ်ခု ...။

"ဟင် ... ဆရာ ..."

မျက်လွှာချလျှောက်လာရင်း ကိုယ့်ဆီကိုတည့်တည့်ကြီးလာတာမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိပါလျက်နှင့် နေရီ ရှောင်လိုက်ဖို့မေ့နေသည်။

အပြာရောင်ရှပ်လက်ရှည်အစင်းနှင့် ဘောင်းဘီရှည်နက်ပြာရောင် ဝတ်ထားသည့် မော်ကွန်းက ဘာမှမပြောင်းလဲဘဲ ချောမွေ့သန့်လျက်ပင် ...

လမ်းကိုဖြတ်ကူးလာပြီး ငေးနေသည့် သူမပခုံးတစ်ဖက်ကို တိုက်ပစ်လိုက်ကာ ချက်ချင်းပင်ငြိသွားသည့်အတိုင်း ...

"အ"

"ဟာ... ဆောရီး"

အစကတည်းက နွမ်းယဲ့နေသည့် နေရီ့ကိုယ်လေးက သူ ဝင်တိုက်ပစ်လိုက်သဖြင့် လမ်းမပေါ်သို့ ဖင်ထိုင်လျက်လေးလဲကျသွား၏။

"ဟင်... နေရီ"

သူ့ကြောင့် တစ်ဖက်သား ပုံပျက်ပန်းပျက်ဖြစ်သွားသဖြင့် ပျာပျာသလဲပြန်ထူမိစဉ် မော်ကွန်း မျက်နှာပျက်သွားသည်။

"ဆရာ"

နေရီ လဲကျသွားပေမယ့် သူ့မျက်နှာကိုငေးကြည့်ခြင်းမှ မျက်ဝန်းတို့ကို တစ်ချက်မှမလွှဲ။ လမ်းပေါ်မှာဖြစ်သော်လည်း နေရီ့ကိုဆွဲထူပေးရင်း တစ်ယောက်ကိုတစ်ယောက် ငေးစိုက်ကြည့်နေမိကြ၏။

မော်ကွန်း သည် မကြင်နာလိုသော်လည်း ကရုဏာလက်ကျန်တို့နှင့် မျက်ဝန်းတွေမှာ မငြိမ်မသက်လှုပ်ရှားနေခဲ့သည်။

နေရီ ကတော့ 'သခင်ကြိုက်သလိုစီစဉ်ပါတော့'ဟု လည်စင်းပေးနေသည့် သမင်ပျိုမကဲ့သို့ မျက်ဝန်းမှာ ပြုံဆင်းလုလု မျက်ရည်တွေ ဖြိုးဖြက်လက်လျက် ...

"နေရီ မင်း ... မင်း နေကောင်းရဲ့လား"





ဝါကြန့်ကြန့်ဖျော့တော့သည့်မျက်နှာနှင့် အပြာရောင်သမ်းနေသည့် နှုတ်ခမ်းသားလေးတွေကို သတိထားမိသွားကာ မော်ကွန်း က မေး...

မလွှတ်ဧသးဘဲဖိဆုပ်ထားဆဲရှိသည့် လက်မောင်းက သူ့လက်ပေါ်မှာ နေရီ က မရဲတရဲလေးထပ်ဆုပ်ကိုင်ကာ ...

"ဆရာနဲ့နေရီ ဒီပုံစံမျိုးနဲ့ပဲ စပြီးဆုံစည်းခဲ့တာနော်"

နှုတ်ခမ်းတို့မှာ ပြုံးယောင်သမ်းလျက် ပါးတစ်ဖက်မှာ မျက်ရည်တစ်စက်ကြွေ၏။ မေးတာကိုမပြောဘဲ သူမစိတ်ထဲရှိတာကို ပြောကာ သွားလေးတွေပေါ်အောင်ရယ်၏။

"နေရီ... နေရီ့ရှေ့မှာ အခုလို ဆရာ ဘွားခနဲပေါ်လာလိမ့်မယ်လို့ ကယောင်ကတမ်းတွေးမိတဲ့စိတ်မှာတောင် မပါခဲ့ဘူး သိလား။ ဆရာ ပြန်လာတာလားဟင်၊ ရန်ကုန်မှာပဲ မတွေ့အောင်နေခဲ့တာလား"

ထိုမေးခွန်းကျမှ မော်ကွန်း မျက်နှာတည်မလို၊ တင်းမလို ပြောင်းလဲသွား၏။ နေရီ့ပခုံးနှစ်ဖက်မှာ ထိန်းမှတ်ဆုပ်ကိုင်ထားဆဲရှိသည့်လက်တွေ ခပ်ဖြည်းဖြည်းပြေကျသွားခဲ့ပြီး ...

"ကိုယ်ပြန်လာတာမဟုတ်ဘူး နေရီ၊ ဒါပေမယ့် မင်းအတွက် အဆင်ပြေအောင် မေမေနဲ့ ..."

"မလိုပါဘူး ဆရာ"

ဒီလိုပေါ့ပါးစွာပြောထွက်သွားလိမ့်မည်ဟု နေရီ ကိုယ့်ကိုယ်ကိုတောင် မထင်ခဲ့ပါ။ ဒါပေမယ့် ဒီတိုင်းပဲပြောဖြစ်သွားခဲ့သည်။ လှိုက်ခနဲနှင့် သွားသည့် ရင်ဘတ်ထဲမှာ မကြားချင်ဆုံးသောစကားသံတို့နှင့် အဝေးဆုံးအရပ်မျက်နှာကို ထွက်သွားချင်စိတ်တို့က ချက်ချင်းရုန်းကြွလာကြ၏။

"ဆရာ ပြန်လာတာလားလို့ နေရီ မေးတာက နေရီ့ဆီကိုပြန်လာတယ်ထင်လို့မေးတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အပြုံးမပျက်ပြန်ပြောရင်း သူမရင်ထဲမှာ ဒီတိုင်းတကယ်ရှိခဲ့တာကို ထပ်၍သန့်စင်မိ၏။ ပြီးမှ မျက်လွှာလေးပင့်ကြည့်၍ ...

"အဝေးကြီးကိုထွက်သွားပြီဆိုတဲ့အသိကနေ ဒီအနီးအနားကို ပြန်ရောက်နေပြီလားလို့ တွေးမိပြီး အမှတ်တမဲ့ဝမ်းသာသွားတာ၊ နေရီရဲ့ မဆိုင်မှန်းသိပါတယ်ဆရာ၊ ဆရာ့ကို စိတ်ဆင်းရဲစေမယ့်စကား နေရီ ပါးစပ်က ဘယ်တော့မှမပြောပါဘူး။ အဲဒါကို ယုံပါ။ နေရီ့အဖြစ်ကို ခေါင်းထဲထည့်ပေးခဲ့လို့ ဆရာ မင်္ဂလာပွဲကိုဖျက်ပေးခဲ့တာနဲ့တင် ပြည့်စုံနေပါပြီ။ အဲဒါလဲ နေရီ့အတွက်မဟုတ်ဘူး သားလေးအတွက်ပါ"

"ဟင် ..."

နေရီသည် လမ်းမကြီးနံဘေး လူတွေကြည့်နေနိုင်တာလည်းသိလျက်နှင့် မျက်ရည်တွေ အဆက်မပြတ်ကျနေတာကို တားဆီးရမှန်းမသိ။

"ဆရာ အိမ်ထောင်မပြုသေးဘူးဆိုတော့ နေရီ့သားလေးမှာ အဖေရှိနေတဲ့အဖြစ်ကို စိတ်ကူးယဉ်ခွင့်လေးရခဲ့တယ်၊ အဲဒါပါပဲ၊ သားလေးကို တော့ ဆရာ စောင့်ရှောက်ပေးပါနော်"

နေရီ က မျက်နှာလေးငုံ့ပစ်လိုက်ပြီး မျက်ရည်သုတ်သည်။ 'သား' ဆိုသည့်အသံကြားရုံနှင့် မောင်ကွန်း ၏တုန်လှုပ်သွားသည့်မျက်နှာကြီး က ပါးစပ်တပြင်ပြင်နှင့် ဘာမှလည်းမပြောနိုင်။

"နေရီ သွားတော့မယ်"

နေရီ က နှုတ်ဆက်ပြီး တစ်ချက်မှမော့မကြည့်တော့ဘဲ လမ်းကို ဖြတ်ကူးသွား၏။

"နေရီ"

မောင်ကွန်း လှမ်းခေါ်လိုက်ပေမယ့် နေရီ မကြားတာလား၊ တမင် လှည့်မကြည့်တာလား မသိပါ။





"နေရီ"

သူ ခြေလှမ်းပြင်ရင်း နောက်ထပ်လှမ်းခေါ်မိ၏။ နေရီ ခြေလှမ်းတုံ့သွားသည်။ သူ့ဆီကို ပြန်လှည့်ကြည့်လိုက်တော့ လမ်းလယ်ကောင်မှာ ဖြစ်၏။

"နေရီ ဆက်ကူးလေ၊ ဟိုမှာ ..."

မောင်ကွန်း မျက်လုံးတွေ ပြာခနဲဖြစ်သွားသည်။ ဘာကိုမှဂရုစိုက်မိပုံ မရှိသော နေရီ့ဆီ တအားပြေးသွားကာ အမြန်ဆွဲချဖို့က အချိန်မမီတော့ပေ။

"ဒုန်း"

"အား"

"ဟာ ... တိုက်ကုန်ပြီ"

စည်းကမ်းမဲ့ဖြတ်ကွေ့လာသည့် ကား၏အရှိန်က မသေးပေ။ နှစ်ယောက်စလုံး လွင့်ထွက်သွားကြသည်။

" ဆ ... ဆရာ ..."

ဦးခေါင်းခွဲကွဲသွားသည်အထိ ဖော်ရာက ပြင်းသော်လည်း စွဲလမ်းသည့်စိတ်ကြောင့် နေရီ အသိတရားတွေ ဝေဝါးစွာကျန်နေသေး၏။

ဆရာ သူမကိုကယ်လိုက်သည်။ ဆရာ သူမကိုကယ်လိုက်သည်။ ကားနဲ့လွတ်အောင်တွန်းချပစ်လိုက်ပြီး ဆရာ့ကျတော့ ကားရှေ့မှာ လည်စင်းပေးသလိုဖြစ်သွားခဲ့၏။

လူတွေ ရုတ်ရုတ်သဲသဲအုံခဲလာသည့်ခြေထောက်တွေကြားမှာ သွေးချင်းချင်းနီနေသည့် ဆရာ့မျက်နှာကို နေရီ မြင်နေရ၏။

အလွန်မာနကြီး၍ ရှင်းသန့်ချောမွေ့နေသော နွေမောင်ကွန်း ဆိုသည့် ယောကျ်ားတစ်ယောက်သည် သူ ဘယ်လိုမှအထင်မကြီး၊ မနှစ်သက်နိုင်

www.burmeseclassic.com



ခဲ့သော မိန်းမတစ်ယောက်အတွက် ကတ္တရာလမ်းမကြီးပေါ်မှ ဖုန်းမှုန်းလဲကျ အသက်ပျောက်တဲ့အထိ ပေးဆပ်သွားသတဲ့လား။

လူတွေရဲ့ ခြေထောက်တွေကြားထဲမှာ အသိမဲ့စွာလဲလျောင်းနေခဲ့တာရော ဒီယောက်ျား ဟုတ်ရဲ့လား။ နေရီ ဆရာ့မျက်နှာကိုငေးနေဆဲ ရှုပ်ယှက်ခတ်လာသည့် ခြေထောက်တွေက မမြင်ရအောင်ကွယ်လာ၏။

ပြီးတော့ ခြေထောက်တွေကလည်း တဖြည်းဖြည်းဝေးလာခဲ့သည်။

"ဒီလူကတော့ သွားပြီကွ၊ ဟိုအမျိုးသမီးကို ကြည့်ပါဦး"

"အတူတူပဲပေါ့၊ သွားမှာပဲ"

စကားသံတွေကို အဝေးကြီးကနေ ကြားရသလိုလို၊ အနားမှာ ပြောနေသလိုလို။

"ဟုတ်တယ် အတူတူပါပဲ၊ ဆရာနဲ့နေရီ အတူတူသွားခွင့်ပေးပါ"

နေရီ အရူးတစ်ယောက်လိုအော်နေခဲ့သည်။ တုတ်တုတ်မျှမလှုပ်နိုင်တော့သည့် ကိုယ်ခန္ဓာမှာ သူမ မနေနိုင်။ ဆရာ့ကို သိမ်းပွေ့ခေါ် တင်နေကြသည့်ကားတစ်စီး၏နောက်မြီးမှာ ဟိုပြေးဆွဲ၊ ဒီပြေးဆွဲ။

ဘယ်သူ့ကိုမှ ထိကိုင်ကြည့်လို့မမီ။ ဆရာ့မျက်နှာကိုလည်း မမြင်ရက်တော့ပါ။ နောက်ထပ် သူမ၏ခန္ဓာကိုယ်ကို ပွေ့တင်ကြတော့မှ ကားပေါ် အပြေးအလွှားလိုက်တက်မိသည်။

ပြီးတော့ သွေးတို့ဖြင့် မျက်နှာကို မသဲကွဲအောင်ဖြစ်နေသည့် ဆရာ့ဘေးမှာ သူမထိုင်ကာ လက်ဖဝါးနှစ်ဖက်ကို တယုတယ ဆုပ်ကိုင်မိသည်။

"မချစ်နိုင်ဘူးဆိုပြီးတော့ ဆရာရယ်... ဘာဖြစ်လို့ နေရီ့ကြောင့် အသေခံခဲ့တာလဲ"

"နေရီကတော့ ဆရာ့ရဲ့ဥပေက္ခာမထားနိုင်ခဲ့တဲ့အကြင်နာလေး တစ်ချက်ကို ရလိုက်လို့ သေပျော်တယ်။ ရှင်သန်ခဲ့တဲ့ကာလရှည်ကြီးမှာ ဒုက္ခ





တွေ ပင်လယ်ဝေခဲ့ပေမယ့်လဲ နေပျော်ပါတယ်"

"ဆရာ့အတွက်တော့ စိတ်မကောင်းဘူး ဆရာ၊ မေးလဲမေးချင်တယ်၊ အရမ်းကို သိချင်မိတယ် ဆရာရယ်၊ ဆရာ ဘာဖြစ်လို့ နေရီ့ကို အသက်စွန့်ကယ်လိုက်တာလဲ"

"ချစ်လို့လားဟင်"

မဖျော်လင့်ရဲပေမယ့် မျှော်လင့်ချင်တယ်၊ နေရီ့ကို မသိစိတ်ကလေးနဲ့များ သံယောဇဉ်ရှိမိသွားခဲ့တာလား၊ ဖြေပါ ဆရာ"

"ဆရာ မဖြေရင် နောက်ဘဝအထိ နေရီ မေးနေမိမှာ"

"နေရီ့ကို ဆရာ ချစ်နေခဲ့သလား ... လို့ ..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၄)

"တစ်မနက်လုံး ဘာမှမစားခဲ့ရဘူး မဟုတ်လား၊ တစ်ခုခုဝင်စားရအောင်၊ ပြီးမှ ဆက်ရှာတာပေါ့"

ကားကို ကျောက်မြောင်းဘက်ကနေ ကွေ့ထွက်လာပြီး တော်တော်ကြာတော့ ချစ်သူ က ခေတ့်မျက်နှာလေးကို လှည့်ကြည့်မေး၏။

ခေတ် သည် မျက်ရည်ရောင်လဲ့နေသည့်မျက်ဝန်းတို့ကို သူလှည့်ကြည့်လိုက်မှ မျက်တောင်တွေ ခတ်ထုတ်ပစ်လိုက်ပြီး ...

"ရှင် ဆာရင် စားမယ်လေ၊ ခေတ် ကတော့ စားချင်စိတ် မရှိဘူး"

"စားချင်စိတ်မရှိပေမယ့် စိတ်နောက် ကိုယ်က နေရာတကာမလိုက်ဘူးကွ၊ အာဟာရဖြစ်အောင်တော့ စားရမှာပဲ၊ ရှေ့နားမှာ ရပ်မယ်နော်"

ခေတ် က ခေါင်းလေးညိတ်ပြသည်။ ပြီးတော့ ...

"ခေတ် တို့ရှာနေတာ အရှေ့နဲ့အနောက်များ ဖြစ်နေမလားလို့ ခေတ်တို့ လူခွဲရှာရင် ကောင်းမလား"

ကားမောင်းရင်း ချစ်သူ က ခေါင်းခါ၏။





"ခွဲစရာမလိုပါဘူးကွာ၊ ဘူတာမှာရော ကားဝင်းထဲတွေမှာပါ ကိုယ်အားလုံး အကြောင်းကြားထားတယ်၊ သူ ဒီအနီးအနားမှာပဲရှိနေရင် တွေ့ကိုတွေ့မှာပါ"

"အားလုံး အဆင်ပြေနေကာမှ လွဲချော်ကုန်တာကို မချင့်မရဲဖြစ်နေမိတယ် သိလား၊ အဲဒါ နေရီ့ကို အန်တီက လာခေါ်မယ်ဆိုတဲ့သတင်း ဖုန်းဆက်တုန်းက ခေတ် တစ်ခါတည်းမပြောလိုက်မိလို့ ဖြစ်ကုန်တာ၊ အချိန်နည်းနည်းလေးမှာ တော့လွဲကလေးလွဲကုန်တာ"

ခေတ် အံကလေးကြိတ်နေတာကို လှည့်ကြည့်ပြီးမှ ချစ်သူ က ရှေ့ပြန်လှည့်ကာ ...

"သူ ဒီလိုမွေးဖွားခါနီးမှ ထွက်သွားမယ်လို့လဲ ဘယ်သူက ထင်မှာလဲကွာ၊ ပြီးတော့ ကိုလေး တိုက်တိုက်ဆိုင်ဆိုင် ဒီအချိန်မှာပဲ ဆက်သွယ်လာမယ်ဆိုတာရော ဘယ်သူ ကြိုသိမှာလဲ'

"သူတို့နှစ်ယောက်တွေ့ရင် ဘယ်လိုဖြစ်သွားမယ်လို့ ကို ထင်လဲဟင်"

"အဆင်ပြေသွားမှာပါ"

ချစ်သူ ပေါ့ပါးစွာပြုံး၍ပြောသည်။

"အဲဒါ ကိုယ်နှစ်သိမ့်တာမဟုတ်ဘူး၊ တကယ်ပြောတာ၊ ကိုလေး က အနေတည်ပေမယ့် ငယ်ငယ်ကဆို ပန်းပင်စိုက်တာ၊ တိရစ္ဆာန်တွေမွေးတာ အရမ်းဝါသနာပါတယ်၊ စာတွေ အရမ်းကျက်ပြီး သူ နားနေပြီဆိုရင် သူ့ရင်ခွင်ထဲမှာ ကြောင်ကလေးဖြစ်ဖြစ် ခွေးကလေးဖြစ်ဖြစ်တော့ ရှိနေတာပဲ၊ တစ်ခါတလေ စကိုင်းနဲ့ပန်းပင်တွေကြားထဲမှာ လမ်းလျှောက်လိုက်၊ ထိုင်ဆော့လိုက်နဲ့"

"စကိုင်း ဆိုတာက ခွေးလေးလား"

"ဟုတ်တယ်၊ ပိုမာရိန်နီးယားမျိုးလေး၊ အရုပ်ကလေးနဲ့တူပြီး အရမ်း

www.burmeseclassic.com



ချစ်ဖို့ကောင်းတာ၊ ကိုယ့်ရင်သွေးဆိုတာက တိရစ္ဆာန်တွေနဲ့တူတာမှမဟုတ်တာ၊ ကလေးမျက်နှာလေးမြင်လိုက်ရင် နေရီ့ကိုလဲ ကြင်နာလာမှာပါ”

“တိုလေးကို မြန်မြန်ရှာတွေ့ဖို့ရော ကို ကြိုးစားလို့ လွယ်ပါ့မလား”

“ကြိုးစားမှာပေါ့”

ချစ်သူ က ကားတန်းကြီးညပ်နေတာကို စိတ်ပျက်စွာကြည့်ပြီး ကားရပ်လိုက်၏။ ပြီးမှ ခေတ် ဘက်ကိုလှည့်ကာ ...

“မပူပါနဲ့ ခေတ်ရာ၊ ကိုလေးနဲ့နေရီ အမြန်ဆုံးပြန်ဆုံကြမှာပါ၊ ကိုယ်လဲ အစွမ်းကုန်ကြိုးစားမှာပဲ၊ နောက်ပြီး နေရီ က မွေးဖွားပြီးသွားပြီ မမွေးဖွားရသေးတဲ့ မင်းက သူ့ထက်ပိုအရေးကြီးတယ်။ ဟိုလူနာကို လိုက်ကယ်ရင်း ကိုယ့်မိန်းမ လူနာပြန်ဖြစ်သွားမှာမျိုးတော့ ကိုယ် အဖြစ်မခံနိုင်ဘူး။ ခုတည်းကမှာထားမယ်နော် ခေတ်၊ ကိုယ်မသိဘဲ အပြင်ထွက်ပြီး နေရီ့ကို လိုက်ရှာတာ၊ စုံစမ်းတာ လုံးဝ မလုပ်ရဘူး”

“ဟင် ... အခုရှာနေတာက မတွေ့နိုင်လို့လား”

“ပြောလို့မရသေးဘူးလေ၊ ဒီနေ့ မတွေ့ရင် မနက်ဖြန်ပေါ့၊ ကိုယ့်မှာက အလုပ်တစ်ဖက်နဲ့ဆိုတော့ နေ့တိုင်း တစ်နေကုန်အောင်လိုက်ရှာပေးနိုင်ဖို့က မလွယ်ဘူး။ မင်း အပြင်ထွက်မှာကို စိတ်မဖြောင့်တာနဲ့ ဘယ်လိုလုပ် အလုပ်ဆင်းမလဲ”

ပြောနေရင်း ဟိုဘက်က လမ်းပွင့်နေသည့်ဘက်ကို တစ်စီးစ နေရာတောင်း၍ လိုင်းကူးလိုက်သည်။

“ဒီကားတန်းထဲမှာ ထိုင်စောင့်နေရင်း ငုတ်တုတ်မေ့မှာ”

သူ့ဘာသာပြောနေရင်း ရှေ့ကို အသာလေးလှိမ့်လာခဲ့စဉ် ...

“ကို ဟိုရှေ့မှာ လူတွေအများကြီးပဲ၊ ကားတိုက်တာထင်တယ်”

“အင်း ... ဒါကြောင့် ကားကြောပိတ်နေတာကိုး”





နှစ်ယောက်သား ကားပေါ်ကနေ လူအုပ်ကြီးဆီလှမ်းကြည့်မိကြ၏။ ကားတိုင်း စိတ်ဝင်စားနေကြသဖြင့် ဘီးလှိမ့်ရုံပဲမောင်းနေကြသည်ဖြစ်ရာ လူအုပ်ထဲက စကားသံတွေ ဒီဘက်ရောက်လာခဲ့သည်။

“နှစ်ယောက်စလုံး ပွဲချင်းပြီးပဲ”

“လင်မယားလား၊ ချစ်သူတွေလားမသိဘူး”

“တစ်ခုခုတော့ပတ်သက်မှာပေါ့၊ မဟုတ်ရင် ဟိုလူက အသေခံပြီး ဝင်မလား”

“အို ...”

စကားသံတွေကြောင့် စိတ်ဝင်စားပြီး ဖင်လေးကြွသွားတဲ့အထိ ခေတ် က လည်ပင်းရှည်ကြည့်သည်။ မျက်လုံးထဲမှာ ကတ္တရာလမ်းပေါ်က စီးဆဲ နေဆဲ သွေးကွက်ကြီးနှစ်ကွက်ကို မြင်လိုက်ရသဖြင့် ကိုယ်လေး ရုတ်ခနဲ ထိုင်ကျသွား၏။ မျက်လုံးတွေမှိတ်ပစ်လိုက်ကာ ကူရှင်မှာမှီနေလိုက်သည့်တိုင် သွေးကွက်ကြီးတွေက မျက်လုံးထဲမှာစွဲသွားသည်။ ဒီလောက်ထိ အသည်းငယ်တတ်တာမဟုတ်ဘဲ ရင်ထဲမှာ တလှပ်လှပ်ဖြစ်ကျန်ရစ်၏။

ချစ်သူ ကလည်း ခေတ် ထိတ်လန့်သွားတာကိုမြင်ကာ ကားကို ဝိုက်ကွေ့ပြီး အမြန်ဆုံးကျော်တက်ပစ်လိုက်၏။ ထိုနေရာသည် နောက်မှာ ကျန်ခဲ့ပြီဖြစ်သော်လည်း ခေတ် ရင်ထဲမှာ ထိခိုက်သွားခဲ့၏။

နိမိတ်မကောင်းလိုက်တာ၊ လှုပ်လီလှုပ်လဲ့လေးပြုံးတတ်သည့် နေရီ့ မျက်နှာဖျော့ဖျော့လေးကို သတိရရင်း စိုးရိမ်စိတ်တွေလည်းဖြစ်လာသည်။

ဒီမှာဖြစ်သွားတာက စုံတွဲမို့ နေရီ့ကို မပူပေမယ့် ကျန်းကျန်းမာမာ ရှိပါစေတော့လို့ ဆုတောင်းနေမိ၏။

“နင်ချစ်တဲ့သူနဲ့ ပေါင်းရတော့မယ် နေရီ၊ ပြန်လာခဲ့ပါ”

လရောင်ကျူးရင့်



www.burmeseclassic.com